အရှင်ကုဏ္ဍလာဘိဝံသ

၏

# မြင်းခြံဆုပေးကျမ်း



၁၄၂၁၃

မြင်းခြံမြို့

ကိုးဆောင်တိုက်-ပခုက္ကူကျောင်းသစ်

**ဂဏဝါစက, ဂန္ထကာရက**

**အရှင်ဣန္ဒကာဘိဝံသ**

(ဓမ္မာစရိယ)

ရေးသားပြုစုသော

ဓမ္မကထိကဂုဏ်ရည်ခေါ်

# မြင်းခြံဆုပေးကျမ်း

“ မှုပိုင် ”

**ဦးတင်အောင်-ဒေါ်ခင်နု**

★

၁၃၃၉-ခုနှစ်၊ သီတင်းကျွတ်လ၊ ၁၉၇၇-ခုနှစ်၊

ခေတ်—[က]

၁၄၂၁၃

# မြင်းခြံဆုပေးကျမ်း

★

* ဘာသာခြေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ်-(၁၀၀၄၉)

* **ထုတ်ဝေသူ** — ဦးစန်းမြ (မြဲ-၀၂၇၆)
**ဦးစန်းမြ အထူးစာပေဌာန၊**
အမှတ်-၄၀၊ ရန်ကင်းလမ်း၊
မှိုလုပ်ဆောင်းကုန်း၊
စမ်းချောင်း၊ ရန်ကုန်။

* **ပုံနှိပ်သူ** — ဒေါ်အေးမြိုင် (၀၂၂၇၆)
**ခေတ်-စာပုံနှိပ်လုပ်ငန်း၊**
အမှတ်-၉၀၊ ကွမ်းရွဲတန်း၊
ကြည့်မြင်တိုင်။

* **မျက်နှာဖုံးရိုက်** — ဗွဲ-ပုံနှိပ်တိုက်၊

* **စာတည်းမှူး** — ဦးထွန်းသိန်း (မမ္မာစရိယ)

* **အကြိမ်** — ဒုတိယအကြိမ်။
(၁၉၇၇-ခုနှစ်၊ အောက်တိုဘာလ)

* **စာအုပ်ရေ** — ၂၀၀၀-အုပ်။

* **ဈေးနှုန်း** — တအုပ် ၁၀ိ။

* **ချုပ်လုပ်သူ** — မဟော်သဓာ၊ ၃၂-လမ်း၊ ရန်ကုန်။

●



အရှင်ဇနကာဘိဝံသ

## အရှင် ဇာနကာဘိဝံသ

မြင်းခြံမြို့၊ အမှတ် (၁၁) ရပ်ကွက်၊ (၁၀) လမ်း၊ နွားကူးတန်း၊ အိမ်အမှတ်(၅၈)နေ၊ ဆေးရိုးစက်ပိုင်ရှင် **ဦးကြည်-ဒေါ်ပန်းရင်**တို့မှ ၁၂၉၅-ခုနှစ်၊နယုန်လဆန်း (၅)ရက် တနင်္ဂနွေနေ့ ညဥ့်သန်းခေါင်ကျော်(၁)နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။

မြင်းခြံမြို့၊ အမှတ် (၁၅) ရပ်ကွက်၊ မိတ္ထီလာလမ်း၊ တိုက်အမှတ်(၃၂၉)နေ၊မင်္ဂလာသိရိ-ဆေးရိုးစက်ပိုင်ရှင် ဆေးကုန်သည်နှင့်ပွဲစား **ဦးဘမောင်-ဒေါ်ကျင်ရွှေ**တို့၏ ညီအရင်း ဖြစ်သည်။

ဆုတောင်း

* ဘဒ္ဒကပ် ထူးမြတ်တဲ့ ဤကမ္ဘာ၊

* ငါးဆူပင် မြတ်ဘုရား ပွင့်ငြားသေချာ။

* လေးဆူမှာ လွန်ကာ ပွင့်သွား၊

* မေတ္တေးရှင် ကျန်ဘုရားကို ဖူးရစေသား။

# မာတိကာ


| ဦးစရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်းကထာ | ၁ |
| ၂။ | ပဏာမဒါဒိ | ၇ |
| | **သီလ ပေးပုံ-ယူပုံ** | |
| ၃။ | ငါးပါးသီလ ပေးဖုံ-ယူပုံ | ၁၁ |
| ၄။ | ရှစ်ပါးသီလ ပေးပုံ-ယူပုံ | ၁၄ |
| ၅။ | ဆယ်ပါးသီလ ပေးပုံ-ယူပုံ | ၁၇ |
| | **တရားဆုပေးများ** | |
| ၆။ | အပြစ်ပ အကျိုးရ ဆုပေး | ၂၀ |
| ၇။ | လိုဆပ်ရာရ ရကြောင်း ဆုပေး | ၂၂ |
| ၈။ | အမြတ်သုံးတန် ရရန် ဆုပေး | ၂၄ |
| ၉။ | ကံဝေဘန်သမျှ အကျိုးရ ဆုပေး | ၂၈ |
| ၁၀။ | ရှုပ်နှာမ်ငြိမ်းမှ ချမ်းသာရ ဆုပေး | ၂၉ |
| ၁၁။ | အပါယ်မလား နတ်ပြည်သွား ဆုပေး | ၃၂ |
| ၁၂။ | ခုရေနေ့ောင်ပါ ချမ်းသာရန် ဆုပေး | ၃၆ |
| ၁၃။ | ဩဃလေးတန် ကူးမြောက်ရန် ဆုပေး | ၄၀ |
| ၁၄။ | ဆင်းရဲချုပ်ပျောက် နိဗ္ဗာန်ရောက် ဆုပေး | ၄၁ |
| ၁၅။ | သန္ဒေမနေရ မသေရကြောင်း ဆုပေး | ၄၃ |
| ၁၆။ | ဂုဏ်တော်အောက်မေ့ ဘေးမတွေ့ ဆုပေး | ၄၇ |
| ၁၇။ | သရဏဂုံတည်မြဲ ကျိုးလွန်ကဲ ဆုပေး | ၅၀ |
| ၁၈။ | ဒုက္ခပိုင်းခြား သိဉာဏ်ပွား ဆုပေး | ၅၂ |
| ၁၉။ | အနုသတိပွားက ချမ်းသာရ ဆုပေး | ၅၆ |
| ၂၀။ | ဘေးကြီးလွတ်မြောက် နိဗ္ဗာန်ရောက် ဆုပေး | ၆၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၁။ | သက်ဝင်ယုံကြည် ပါယ်မလားပြီ ဆုပေး | ၆၂ |
| ၂၂။ | အမြတ်၌ကြည်ညိုမှ မြတ်သောအကျိုးရ ဆုပေး | ၆၃ |
| ၂၃။ | ကံငါးပါးရှောင်ကြဉ် သုဂတိဘုံဝင် ဆုပေး | ၆၉ |
| ၂၄။ | တောင့်တ၍မရ ငါးဌာနရရန် ဆုပေး | ၇၂ |
| ၂၅။ | သေခြင်းကိုပွား နိဗ္ဗာန်သွား ဆုပေး | ၇၄ |
| ၂၆။ | သီလရန့် ဝန်းကျင်ပြန့် ဆုပေး | ၇၇ |
| ၂၇။ | သီလရန့် နတ်ပြည်ပြန့် ဆုပေး | ၈၀ |
| ၂၈။ | အရိယာရှိခိုး အကျိုးလွန်မြတ် ဆုပေး | ၈၃ |
| ၂၉။ | ကြီးသူရိုသေ လေးထွေကျိုးရ ဆုပေး | ၈၅ |
| ၃၀။ | ရတနာဆည်းကပ်လျှင် သစ္စာသိမြင် ဆုပေး | ၈၈ |
| ၃၁။ | မင်္ဂသရဏဂုံ ကိုယ်လုံးထုံရကျိုး ဆုပေး | ၉၀ |
| ၃၂။ | ရွှေအိုးမြှုပ်နှံ ဉာဏ်ငါးတန်ရ ဆုပေး | ၉၅ |
| ၃၃။ | သီလပြည့်ငြား ကျိုးငါးပါးရ ဆုပေး | ၉၆ |
| ၃၄။ | အမြတ်ဆုံးကြည်ညိုက အမြတ်ဆုံးကျိုးရ ဆုပေး | ၁၀၁ |
| ၃၅။ | ပူဇော်ရကျိုးဖလာ စကြာမင်းစည်းစိမ်ထက်သာ ဆုပေး | ၁၀၈ |
| ၃၆။ | ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ ဆုပေးများ | ၁၀၉ |

နောက်ဆက်တွဲ

| | | |
| --- | --- | --- |
| ၃၇။ | ဂုဏ်တော် ဘုရားရှိခိုး | ၁၈၁ |
| ၃၈။ | ရေစက်ချအမျိုးမျိုး | ၁၉၈ |
| ၃၉။ | ဒါနတရား ၃-ပုဒ် | ၂၂၇ |
| ၄၀။ | နိဂမကထာ | ၂၇၇ |

# နိဒါန ကထာ

**ဓမ္မကထိကဂုဏ်ရည်**

ဓမ္မ　　ကထိကော သမ္ဗုဒ္ဓေါ၊
ကထိ　　ကော ပိဋကတ္တယံ။
က　　ရူဏံပညာ တမ္ဗုလံ၊
ဂုဏ်ရည်　　နာမ တိပေဋကံ။

ပိဋကတ္တယံ၊ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို။ ကထိကော၊ ကန့်သတ်ပိုင်းခြား စည်းကမ်းထား၍ ဟောကြားတော်မူသော။ သမ္ဗုဒ္ဓေါ၊ သစ္စာလေးဆိုင် မြတ်ပန်းခိုင်ကို ကိုယ်တိုင်သိတော်မူ သယမ္ဘူဖြင့် ဆွတ်ချူပန်ဆင် ဘုရားရှင်သည်။ ဓမ္မကထိကော၊ အမွန်အစ တုမရသည့် ဓမ္မကထိကအစစ် ဖြစ်ကြီး ဖြစ်ပေ၏။ ကရူဏာပညာ၊ မြတ်စွာဗုဒ္ဓအစ မဟာကရူဏာ ဆုံးရာအမွန် အရ ဟတ္တမဂ်ဉာဏ်, သဗ္ဗ ညု တ ဉာဏ် တော် သည် ၎င်း။ တမ္ဗုလံ၊ ထိုကရူဏာပညာလျှင် အကြောင်းရင်းမူလရှိသော။ တိပေဋကံ၊ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံသည်၎င်း။ ဂုဏ်ရည်နာမ၊ ဂုဏ်ရည် မည်၏။

ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရ နိကာယ်, ခုဒ္ဒကနိကာယ်အားဖြင့် နိကာယ်ငါးရပ်၊ ဝိနည်း, သုတ်, အဘိဓမ္မာအားဖြင့် ပိဋကတ်သုံးဖြာ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်၊ ဤအလုံးစုံသော

တရားများကို ဟောကြားတော်မူသော ဘုရားရှင်သည် အမှန်အစ "ဓမ္မကထိက"ပင် ဖြစ်ပေ၏။

ဘုရားတဆူ၏ အစကား "မဟာကရုဏာ"တော်တည်း၊အဆုံးစကား "အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်"ပင်ဖြစ်၏။

"မှန်၏" သံသရာဝဋ်အတွင်း၌ ဇာတိ, ဇရာ,မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသဆိုတဲ့ ဒုက္ခ သစ္စာစက်ကွင်းမှ မလွတ်ကင်းနိုင်ကြတဲ့ သတ္တဝါတို့၏ ဆင်းရဲဒုက္ခကို ပယ်ရှားလိုတဲ့ မဟာကရုဏာတော်ကြောင့် သာလျှင် သမ္မာသမ္ဗောဓိဆုကိုပန်ဆင်ပြီး များစွာသောကပ် ကုဋေအသင်္ချေတို့ ပတ်လုံးသံသရာဝဋ်အတွင်း၌ ခန္ဓာကိုယ် ပင်ပန်းဆင်းရဲခြင်းကို မရေတွက်မူဘဲ ပါရမီသမ္ဘာရများကို မနားမနေ ဆည်းပူးရှာဖွေတော်မူခဲ့တယ်၊ ဒါကြောင့် မဟာကရုဏာတော်သည် အလုံးစုံသော ဘုရားရှင်၏ ဂုဏ်တော်တို့၏ အရင်းမူလ အမှန်အစပင် ဖြစ်ပေ၏။

အရဟတ္တမဂ်ဉာဏ်တော်ဖြင့် ဝါသနာနှင့်တကွသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်တော်မူတယ်၊ သဗ္ဗညုတဉာဏ်တော်ဖြင့် သစ္စာလေးပါး ဓမ္မဉာဉ် အလုံးစုံကို အကုန်အစင် သိမြင်တော်မူတယ်၊ ဒါကြောင့် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်သည် အလုံးစုံသော ဘုရားရှင်၏ ဂုဏ်တော်တို့၏ အပြီးအဆုံးပင် ဖြစ်ပေ၏၊ ဤကရုဏာ, - သီလအစ, ပညာအဆုံးကို ပြခြင်းဖြင့် အလယ်သမာဓိကိုလည်း "မိဂပဒဝဠဉ္ဇန" နည်းဖြင့် သိအပ်၏၊ ဤ ကရုဏာပညာ, သီလ - သမာဓိ - ပညာတို့သည်ပင် အမှန်အစ ဓမ္မကထိကထွင်ရှတင် ဘုရားရှင်၏ ဂုဏ်တို့ပင် ဖြစ်ပေ၏၊ ထိုဂုဏ်တို့

ကိုပင် အမြိုက်ရည်ဖြင့် "ရူပက"ပြု၍ ကိလေသာတည်းဟူသော မွတ်သိပ် ဆာလောင်ခြင်းဖြင့် ပြင်း စွာ နှိပ် စက် အပ် ကုန် သော ဥပနိဿယသမ္ပတ္တိဂုဏ်နှင့် ပြည့်စုံကြသူ နတ်,လူ, ဗြဟ္မာ, သတ္တဝါတို့ အကျင့်တည်းဟူသော ခံတွင်းနှင့် သောက်သုံးခြင်းဖြင့် ကိလေသာတည်းဟူသော မွတ်သိပ်ဆာလောင်ခြင်း ပျောက်ကင်းရကားဂုဏ်ရည်လို့ဆိုသည်။

ထိုကရုဏာ,ပညာကို အကြောင်းရင်းမူလပြုကာ ဖြစ်ပေါ်လာသော နိကာယ်ငါးရပ်, ပိဋကတ်သုံးဖြာ, အင်္ဂါကိုးတန်, ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့သည်လည်း "ကာရဏူပစာရ" အားဖြင့် ဂုဏ်ရည်မည်၏။

"မှန်၏"ဝိနည်းပိဋကဌ် "ကရုဏာ" ပြဋ္ဌာန်း၏၊ အဘိဓမ္မာပိဋကဌ် "ပညာ" ပြဋ္ဌာန်း၏၊ သုတ္တန်ပိဋကဌ် "ကရုဏာ ပညာ" နှစ်ပါးစုံပြဋ္ဌာန်း၏။

## ကျမ်းအမည်

ထိုရှင်တော်ဗုဒ္ဓ ဓမ္မကထိက၏ နိကာယ်ငါးရပ် ပိဋကတ် ဂုဏ်ရည်တည်ရာဖြစ်သော ဤကျမ်းသည်ကား "ဌာနျူပစာရ"အားဖြင့် "ဓမ္မကထိကာဂုဏ်ရည်"မည်၏။

## ရှိခိုးဦးချ ဆုပေးကြ

ဆုပေး-ဟူသည် ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကအပေါင်းသူတော်ကောင်းတွေ ပြုကျင့်ကြတဲ့ အကျင့်ကောင်းတခုပင်ဖြစ်၏၊ ပါဠိ,အဋ္ဌကထာ ဋီကာကျမ်းဂန်တို့၌ အထင်အရှားပင်လာ၏။

"မွန်၏" ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝက အပေါင်း သူတော်ကောင်းတို့သည် မိမိသို့ ရှိခိုးဦးချလာသူ, ကန်တော့ လာသူ, တောင်းဆုဆိုလာသူတို့အား "သုခီဟောတု" "သုခိနီဟောဟိ" "စိရံဟောတု" "ဒီဃာယုကောဟောဟိ" စသည်ဖြင့် ဆုပေးတော်မူကြသည်။

**ရှေးရိုးမပျက် ခုခေတ်ဆက်**

ခုခေတ် ရဟန်းသာမဏေတို့လည်း ရှေးရိုးမပျက် ဘ,ဘုရားလက်ထက်မှ ဆက်ကာဆက်ကာ ဆင်းသက်လာသည့်အတိုင်းပင် မိမိသို့ ရှိခိုးဦးချလာသူ, ကန်တော့လာသူ, တောင်းဆုဆိုလာသူတို့အား ဆုပေးတော်မူကြသည်။

**ဆုပေးကြပြန် အကျင့်မှန်**

ခုခေတ် သက်ကြီးပူဇော်ပွဲတွေ, ဆရာ-မိဘ ကန်တော့ပွဲတွေမှာလည်း—

"ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အန္တရာယ်အမျိုးမျိုးကင်းပါစေ"

စသည်ဖြင့် ဆုပေးသံတွေကြားရသည်၊ အလွန်ကောင်းမြတ်မှန်ကန်တဲ့ အကျင့်ကောင်းတခုပင် ဖြစ်ပေသည်။

**ဤကျမ်း၌ပါ ဆုတရာ**

ဤကျမ်း၌ပါသော ဆုပေးပုဒ်(၁၀၀)မှာ ဆုပေးသက်သက်မဟုတ်ဘဲ နိကာယ်ငါးရပ်, ပိဋကတ်သုံးဖြာ, ပါဠိ, အဋ္ဌကထာ, ဋီကာများမှ ကောင်းနိုးရာရာ ရတနာသုံးပါး, ဂုဏဝုဒ္ဓိ, ဝယဝုဒ္ဓိ

ရှိသူတို့အား ရှိခိုးဦးချ ကန်တော့ရသော အကျိုးနှင့်စပ်ဆိုင်သော ဒေသနာများ၊ အခြားသော သာရေး နာရေးနှင့် စပ်ဆိုင်သော ဒေသနာများကို ရွေးချယ်စိစစ်၍ "ဒေသနာပုဗ္ဗင်္ဂမ"ဆုပေးများ အဖြစ် ရေးသားထားပါသဖြင့် ဆုပေးလျှင်ပင် တရားလည်း ဟောပြီးဖြစ်၍ အကျိုးစီးပွား ပိုမိုများမည်ပင် ဖြစ်ပေ၏။

**သန္ဒေသကထာ**

အယုတ္တ မိခ စေ ကိဥ္စိ၊
ပဿေ ဣတ္ထာန သောခနံ။
ဟိတတ္ထိကေန စိတ္တေန၊
သမ္မာ ပေက္ခန္တု သဇ္ဇနာ။

အရှင်ဣန္ဒကာဘိဝံသ
ကိုးဆောင်တိုက်၊
ပခုက္ကူကျောင်း-မြင်းခြံမြို့။

၁၃၃၁-ခု၊တန်ဆောင်မုန်းလ။

# ပဏာမဂါဌ

ဘာသိတံ ပဋ္ဌတာလီသံ၊
ဓမ္မံ ဓမ္မံ မိတာ မိတံ။
ဟိတာ ဟိတံ ကရံ ဘဉ္ဇံ၊
ဗုဒ္ဓံ ဝန္ဒာမျ ဟာဒရံ။
တဏှံ ဇဟံ ဓမ္မက္ခန္ဓော၊
မဂ္ဂေါ ဖလံ အသင်္ခတံ။
အတ္ထိံ ဝဋ္ဋုဒ္ဓရံ တော၊
ဓမ္မံ ဝန္ဒာမျ ဟာဒရံ။
သစ္စံ ဒိဋ္ဌံ လောကံ တိဏ္ဏံ၊
ဂတံ ဗုဒ္ဓဿ ဩရသံ။
အနုတ္တရံ ပုညက္ခေတ္တံ၊
သံဃံ ဝန္ဒာမျ ဟာဒရံ။

စောဒိတော ကရုဏာယာ ဟံ၊
ပဟာယ တေနုပဒ္ဒဝံ။
သာဓူနုတ္ထာယိမံ ဂန္ထံ၊
ကရိဿာမိ ယထာဗလံ။

ဓမ္မကထိကာဂုဏ်ရည်နာ၊
မာယံ ဂန္တော မတံ ပဒံ။
ဒီပေန္တော သာဓုဇနာနံ၊
ဉာတု စန္ဒော ဝိယမ္ဗရေ။

(က) အဟံ၊ "ဉာန္ဒကာဘိဝံသ" ဟု သမုတိ သစ္စာ သညာ ဘွဲ့ချည်ငါသည်။ (ဘဂဝတာ၊ ခြောက်ဆူ ဘုန်းတော် ဘဝဂ် ကျော်၍ အံ့သော်မကုန် သုံးဘုံထွဋ်ထားတင် ဘုရားရှင်သည်။) ဓမ္မံ၊ ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ ယင်းနှစ်ဝ၏ ဥပနိဿယကောင်း အကြောင်းဖြစ်သော။ ဓမ္မံ၊ နိကာယ်ငါးဖြာ အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်စွာလှ ပရိယတ္တိသဒ္ဓမ္မကို။ ပဉ္စတာလီသံ၊ လေးဆယ့်ငါးဝါ ကာလကြာအောင်။ ဘာသိတံ၊ ဝေဖန်ပိုင်းခြားစည်းကမ်းထား၍ ဟောကြားတော်မူအပ်ပြီ။ မိတံ၊ သဗ္ဗဉ်ဉာဏ်ကျော် အမော်ထွဋ်ထား ရှေးဘုရားတို့နှင့်သာ ပုံထားခိုင်းတင် နှိုင်းယှဉ် အပ်ထသော။ အမိတံ၊ လူ, နတ်, ဗြဟ္မာ သုံးဘုံရွာတွင် တူလာသူကင်း ပြိုင်ဘက် ရှင်း၍ နှိုင်းခြင်းငှာလည်း မအပ်ထသော။ ဟိတံ၊ လောကုတ်,လောကီ နှစ်လီနှစ်စား အစီးအပွားကို။ ကရံ၊ ကရုဏာရှေးရှု ပညာစုဖြင့် ပြုတော်မူထသော။ အဟိတံ၊ လောကုတ်, လောကီ နှစ်လီချို့တဲ့ စီးပွားမဲ့ကို။ ဘဉ္ဇံ၊ ကရုဏာရှေ့ထွက် ပညာစက်ဖြင့် ချိုးဖျက်တော်မူထသော။ ဗုဒ္ဓံ၊ ထူးကဲမောက်ချွန် အမွန်အစ တုမရသည့် ဓမ္မကထိကထွဋ်ထားတင် ဘုရားရှင်ကို။ အာဒရံ၊ ကိုယ်ရောစိတ်ပါ ရိုသေစွာ။ ဝန္ဒာမိ၊ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်အောင် စောင့်ရှောက်စေငှာ ရှိခိုးပါ၏။

(ခ) အဟံ၊ သည်။ တဏှံ၊ ခန္ဓာအပင်ကို ရှင်စေတတ်စွာ အဝိဇ္ဇာအမြစ်ပါသည့် မျိုးစေ့တဏှာကို။ ဇဟံ၊ ဥပနိဿယ သတ္တိမျှဖြင့် လှလှသတ်ဖြတ် စွန့်ပယ်တတ်သော။ ဓမ္မက္ခန္ဓော၊ နိကာယ်ငါးဖြာ အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်

မြားမြောင်စွာလှ ပရိယတ္တိဓမ္မသည်ရှင်း။ တဏှာ၊ကို။ဇဟံ၊သမုစ္ဆေဒ
ပဟာနဖြင့် လှလှသတ်ဖြတ် စွန့်ပယ်တတ်သော။ မဂ္ဂေါ၊ လေးပါး
အပြား မဂ်တရားသည်ရှင်း။ တဏှာ၊ ကို။ ဇဟံ၊ ပဋိပဿမ္ဘန သတ္တိ
မျှဖြင့် လှလှသတ်ဖြတ် စွန့်ပယ်တတ်သော။ ဖလံ၊ လေးပါးအပြား
ဖိုလ်တရားသည်ရှင်း။ တဏှာ၊ ကို။ ဇဟံ၊နိဿရဏ ပဟာနဖြင့် လှလှ
သတ်ဖြတ် စွန့်ပယ်တတ်သော။ အသင်္ခတံ၊ ဥပါဒ်၊ဋ္ဌီ,ဘင် ကင်းစင်
လွတ်လပ်နိဗ္ဗာနဓာတ်သည်ရှင်း။အတ္ထိ၊အမှန်တိတိရှိပေ၏။ဝဋ္ဋုဒ္ခရုံ၊
မိမိမည်ရ သဒ္ဓမ္မကို အရအမိ ဆောင်ခြင်းရှိစွာ သတ္တဝါကို သံသရာ
ဝဋ္ဋ ဒုက္ခညွတ်မှ ကျွတ်လွတ်သွားအောင် ထုတ်ဆောင် ကယ်တင်
တတ်သော။ ဓော်ဓမ္မံ၊ထိုမဂ်,ဖိုလ်,နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ပိုင်း
ဖြတ် ဆယ်ပါးသောတရားတော်မြတ်ကို။ အာဒရံ၊စွာ။ဝန္ဒာမိ၊၏။

(၈) အဟံ၊ သည်။ သစ္စံ ဒုက္ခ,သမုဒယ,နိရောဓနှင့် မဂ္ဂတဖြာ
လေးသစ္စာကို။ ဒိဋ္ဌံ၊ လေးဉာဏ် လေးမဂ်ဖြင့် ပြက်ပြက် ထင်ထင်
မြင်ပြီးထသော။ လောကံ သတ္တောကာသ သင်္ခါရဟု သုံးလောက
ကို။ တိဏ္ဏံ၊ တရားလက်စွဲ ဇွဲနပဲဖြင့် လွန်ဆဲလွန်ပြီးလည်း ဖြစ်ထ
သော။ဗုဒ္ဓဿ၊သစ္စာလေးဆိုင်မြတ်ပန်းခိုင်ကို ကိုယ်တိုင်သိတော်မူ
သယမ္ဘူဖြင့် ဆွတ်ချူပန်ဆင် များဖြင့်ဝေနေ ပန်ဆင်စေငြား
မြတ်ဘုရား၏။ ဩရသံ၊ ရွှေရင်တော်နှစ် သားတော်စစ်အဖြစ်သို့။
ဂတံ၊ စင်စစ် မဖောက် ရောက်တော်မူ ပြီး ထ သော။ အနုတ္တရံ၊
သာလွန်သူ ကင်း ပြတ် ၍ မြင့် မြတ် စွာ ထ သော။ ပုညက္ခေတ္တံ၊
ကောင်းမှုခေါ်ရိုး မျိုးစေ့မျိုးတို့ စိုက်ပျိုးကြရာ လယ်ယာမြေ
ကောင်းပမာလည်း ဖြစ်တော်မူထသော။ သံဃံ၊ရှစ်ယောက် အရိ
ယာ မြတ်သံဃာကို။ အာဒရံ၊ စွာ။ ဝန္ဒာမိ၊ ၏။

(ဃ) အဟံ၊ သည်။ ကရုဏာသယ၊ သတ္တဝါများ သနားကယ်ဆယ်ဆင်းရဲပယ်လိုပြဲပွမ်စိုရှိခေါ် ရာကရုဏာဖြင့်။ ဝါ၊သည်။ စေဒိတော၊ ကောင်းစွာပြည့်ဆုံ တိုက်တွန်း နှိုးဆော်အပ်သည် ဖြစ်၍။ ဝါ၊ သော။ အဟံ၊သည်။ တေန၊ ထိုသို့ရတနာသုံးပါး ဂုဏ်တော်များကို လေး စား ကော်ရော် ပူဇော် မြတ်နိုး ရှိခိုးခြင်းပြု မြတ်ကောင်းမှုဖြင့်။ ဥပဒ္ဒဝံ၊ အန္တရာယ်အတန်တန် ခိုက်ဘေးရန်ကို။ ပဟာယ၊ ကိုယ်သို့မရောက်အောင် ဖြတ်တောက် စွန့်ပယ်ပြီး၍။ သာဓူနံ၊ ဗုဒ္ဓသြဝါ နာခံကြတောင်း သူတော်ကောင်း တို့၏။ အတ္ထာယ၊ လောကုတ်, လောကီ နှစ်လီခံစား စီးပွားအကျိုးငှာ။ ဣမံ ဂန္ထံ၊ ဤမမ္မကထိကဂုဏ်ရည် အမည်တင့်ဆန်း မြင်းခြံဆုပေးကျမ်းကို။ ယထာဗလံ၊ လွှံ့လညာဏ်သွား စွမ်းပကား အားလျော်စွာ။ ကရိဿာမိ၊ ဘုရားဒေသနာ လွယ်ကူစွာဖြင့် ဟောနာစေမှုစေတနာစုဖြင့် ပြုစီရင်ပေအံ့။

(င) မမ္မကထိက ဂုဏ်ရည်နာမ၊ မမ္မကထိကဂုဏ်ရည် အမည်ရှိသော။ အယံ ဂန္ထော၊ ဤ ဆုပေးကျမ်းသည်။ သာဓုဇနာနံ၊ ဗုဒ္ဓသြဝါ နာခံကြတောင်း သူတော်ကောင်း တို့အား။ အမတံ၊ ဖြစ်,ပျက်ပြတ်ရှင်းသေခြင်းကင်းသော။ပဒံ၊နိဗ္ဗုတိမတ္တ သုခအမှန်မြတ်နိဗ္ဗာန်ကို။ ဒီပေန္တော၊ သေချာ ဂ,န ညွှန် ကာ ပြ လျက်။ အမ္ဗရေ၊ ညစ်မျိုးကင်းစင် မိုဃ်းကောင်း ကင်၌။ စန္ဒောဝိယ၊ ကလာပြည့်တင်း လပြည့်ဝန်းကဲ့သို့။ ဌာတု၊ ကြက်သရေတမြမြ နိစ္စမသေ့ တည်ပါစေသတည်း။

# မြင်းခြံဆုပေးကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## သီလ ပေးပုံ-ယူပုံ

### အစီအစဉ်ဖြင့် သရဏဂုံနှင့်တကွ
### ငါးပါးသီလ ပေးပုံ-ယူပုံ

**ခွင့်တောင်းခြင်း**

ဩကာသ, ဩကာသ, ဩကာသ,

**ကန်တော့ခြင်း**

ကာယကံ, ဝစီကံ, မနောကံ၊ ဤသုံးပါးသော ကံတို့တွင် တပါးပါးသောကံဖြင့် တရံတဆစ် ပြစ်မှား ကျူးလွန်မိသည် ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ တကြိမ်,

၂၁၉၀

## (၁၂) မြင်းခြံဆုပေးကျမ်း

နှစ်ကြိမ်, သုံးကြိမ်မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ၊ ဤရတနာမြတ်သုံးပါးတို့ကို အကျွန်ုပ်လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏။

**ဆုတောင်းခြင်း**

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာတရားကို ရပါလို၏ အရှင်ဘုရား။

**ဆုပေးခြင်း**

ဧဝံ ဟောတု။

**သရဏဂုံနှင့် ငါးပါးသီလတောင်းခြင်း**

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
ဒုတိယမ္ပိ, တတိယမ္ပိ။

**စကားပျိုးခြင်း**

ယ-မဟံ ဝဒါမိ၊ တံ ဝဒေထ။

**ဝန်ခံခြင်း**

အာမ ဘန္တေ။

**ဦးခါန်းကျူးခြင်း(ဘုရားရှိခိုးခြင်း)**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**သရဏဂုံ ပေးပုံ-ယူပုံ**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ-တတိယမ္ပိ။

**သရဏဂုံ ပြည့်စုံပြီ မိန့်ခြင်း**

သရဏာဂမနံ ပရိပုဏ္ဏံ။

**ဝန်ခံခြင်း**

အာမ ဘန္တေ။

**ငါးပါးသီလ အစိတ်အစိတ် ပေးပုံ-ယူပုံ**

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၁၄) **မြင်းခြံဆုပေးကျမ်း**

**အပ္ပမာဒ မိန့်ဟခြင်း**

တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

**ဝန်ခံခြင်း**

အာမ ဘန္တေ။

**ငါးပါးသီလအပေါင်း ပေးပုံ-ယူပုံ**

ပဉ္စင်္ဂသမန္နာဂတံ သီလံ သမာဒိယာမိ။

---

**အစီအစဉ်ဖြင့် သရဏဂုံနှင့်တကွ ရှစ်ပါးသီလ ပေးပုံ-ယူပုံ**

{ခွင့်တောင်းခြင်း,ကန်တော့ခြင်း,ဆုတောင်းခြင်း,ဆုပေးခြင်းတို့ကို ငါးပါးသီလ၌ကဲ့သို့ပြု။}

**သရဏဂုံနှင့် ရှစ်ပါးသီလတောင်းခြင်း**

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**စကားပျိုးခြင်း**

ယ-မဟံ ဝဒါမိ၊ တံ ဝဒေထ။

**ဝန်ခံခြင်း**

အာမ ဘန္တေ။

**ဥဒါန်းကျူးခြင်း (ဘုရားရှိခိုးခြင်း)**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**သရဏဂုံ ပေးပုံ-ယူပုံ**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

**သရဏဂုံပြည့်စုံပြီမိန့်ခြင်း**

သရဏဂမနံ ပရိပုဏ္ဏံ။

**ဝန်ခံခြင်း**

အာမ ဘန္တေ။

**ရှစ်ပါးသီလ အစိတ်အစိတ် ပေးပုံ-ယူပုံ**

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၈။ ဉစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

**အပ္ပမာဒ မိန့်ဟခြင်း**

တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

**ဝန်ခံခြင်း**

အာမ ဘန္တေ။

**ရှစ်ပါးသီလအပေါင်း ပေးပုံ-ယူပုံ**

အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ **သမာဒိယာမိ။**

**ရှစ်ပါးသီလအစိဋ္ဌာန် ဆောက်တည်ပုံ**

ဗုဒ္ဓပညတ္တံ ဥပေါသထံ အဓိဋ္ဌာမိ။

---

## အစီအစဉ်ဖြင့် သရဏဂုံနှင့်တကွ ဆယ်ပါးသီလ ပေးပုံ-ယူပုံ

[ခွင့်တောင်းခြင်း,ကန်တော့ခြင်း,ဆုတောင်းခြင်း,ဆုပေးခြင်း တို့ကို ငါးပါးသီလ၌ကဲ့သို့ပြု။]

**သရဏဂုံနှင့် ဆယ်ပါးသီလတောင်းခြင်း**

အဟံ ဘန္တေ တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ ဂဟဋ္ဌ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ, တတိယမ္ပိ။

**စကားပျိုးခြင်း**

ယ-မဟံ ဝဒါမိ၊ တံ ဝဒေထ။

**ဝန်ခံခြင်း**

အာမ ဘန္တေ။

ခေတ်—၂

## (၁၈) မြင်းခြံ ဆုနှပေးကျမ်း

### ဥဒါန်းကျူးခြင်း(ဘုရားရှိခိုးခြင်း)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### သရဏဂုံ ပေးပုံ-ယူပုံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ, တတိယမ္ပိ။

### သရဏဂုံ ပြည့်စုံပြီမိန့်ခြင်း

သရဏဂမနံ ပရိပုဏ္ဏံ။

### ဝန်ခံခြင်း

အာမ ဘန္တေ။

### ဆယ်ပါးသီလ အစိတ်စိတ် ပေးပုံ-ယူပုံ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိ သိက္ခာ ပဒံ သမာဒိယာမိ။

**အပ္ပမာဒမိန့်ဟခြင်း**

တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ ဂဟဋ္ဌသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

**ဝန်ခံခြင်း**

အာမ ဘန္တေ။

**ဆယ်ပါးသီလအပေါင်း ပေးပုံ-ယူပုံ**

ဒသင်္ဂသမန္နာဂတံ ဂဟဋ္ဌသီလံ သမာဒိယာမိ။

# တရားဆုပေးများ

●

## အပြစ်ပေးအကျိုးရ ဆုပေး

ဝုဒ္ဓိဟေသာ မဟာရာဇ အရိယဿ ဝိနယေ ယော
အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောတိ၊
အာယတိံ သံဝရံ အာပဇ္ဇတိ။

(ဒီဃနိကာယ် သီလက္ခန္ဓဝဂ် သာမညဖလသုတ်)

မဟာရာဇ၊ ဒကာတော်ရှင်မင်းမြတ်။ အရိယဿ၊ ဖြူစင် မြင့်မြတ် အညစ်အကြေးမကပ်သော ငါဘုရား၏။ ဝိနယေ၊ အဆုံးအမဖြစ်သော သာသနာတော်၌။ ယော၊အကြင်သူသည်။အစ္စယံ၊ ကိုယ်,နှုတ်,စိတ်ဖြင့် ပြုကျင့်မိမှား အပြစ်များကို။ အစ္စယတော၊ အပြစ်အားဖြင့်။ ဒိသွာ၊ မြင်၍။ ယထာဓမ္မံ၊ အပြစ်သဘောအား လျော်စွာ။ ပဋိကရောတိ၊ ကုစားခြင်းကို ပြု၏။ အာယတိံ၊ နောင်အခါ၌။သံဝရံ၊ စောင့်စည်းခြင်းသို့။အာပဇ္ဇတိ၊ ရောက်၏။ ယော၊ ဤသို့ အပြစ်ကို အပြစ်အားဖြင့် မြင်၍ အပြစ်သဘော အားလျော်စွာ ကုစားခြင်း,အာယတိံ သံဝရသို့ရောက် ခြင်းသည်။ (တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။) ဝုဒ္ဓိ၊ ကြီးပွားကြောင်းမည်၏။

ဒကာတော်ရှင်မင်းမြတ်....ငါဘုရားသာသနာတော်၌ အကြင်သူသည် ကိုယ်ဖြင့် ပြုမှားမိသော အပြစ်များ, နှုတ်ဖြင့် ပြုမှားမိသောအပြစ်များ,စိတ်ဖြင့်ပြုမှားမိသော အပြစ်များကို အပြစ်ဟု သိမြင်ပြီး အပြစ်အားလျော်စွာ ကုစားခြင်း၊ နောင်အခါ ဒီလို

အပြစ်မျိုးတွေ မဖြစ်ရအောင် စောင့်စည်းခြင်းသည် ထိုသူ၏ ပစ္စုပ္ပန်, တမလွန် ကြီးပွားကြောင်းပင် ဖြစ်၏ဟု အဇာတသတ်မင်းအား ရှင်တော်ဘုရား ဟောကြားတော်မူသောကြောင့်—

မပြစ်မှားသင့် မပြစ်မှားထိုက် မပြစ်မှားကောင်းသော ရတနာသုံးပါး, မိဘ, ဆရာ, ဂုဏဝုဍ္ဍိ, ဝယဝုဍ္ဍိရှိသူတို့အား ကိုယ်, နှုတ်, စိတ်တို့ဖြင့် ပြစ်မှား ကျူးလွန်မိသည်ရှိသော် ပစ္စုပ္ပန်ဝယ် ဒဏ်ဆယ်မျိုးတို့တွင် တမျိုးမျိုးကျရောက်ခြင်း-ဒဏ္ဍဘေး။ တမလွန်ဝယ် အပါယ်လေးပါးသို့ ကျရောက်ခြင်း—ဒုဂ္ဂတိဘေး-

တို့ ဖြစ်ပွား၍ ကာယသုခ, စိတ္တသုခမရ သဂ္ဂသမ္ပတ္တိ, မောက္ခ သမ္ပတ္တိ တို့ဖြင့် မကြီးပွားနိုင်ရကား ထိုကာယကံမှု, ဝစီကံမှု, မနောကံမှု အပြစ်စုတို့ ပပျောက်စေခြင်း အကျိုးငှာ ကန်တော့ တောင်းပန်သည်းခံစေကြကုန်၏။

ဤသို့အပြစ်ကို အပြစ်ဟုသိ၍ အပြစ်အားလျော်စွာ ကုစားခြင်း၊ နောင်အခါ ဒီလိုအပြစ်မျိုးတွေ မဖြစ်ရအောင် စောင့်စည်းခြင်းရှိသော သင်တို့သည် ဒဏ်အမျိုးမျိုး ဘေးဆိုးဥပဒ်မဖြစ်လတ်ဘဲ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ကိုယ်အားဉာဏ်အား နှစ်ပါး တိုးပွားခြင်းဟူသော မျက်မှောက်ထင်ရှား အကျိုးလေးပါးတို့နှင့် ပြည့်စုံကြကုန်ပြီးလျှင် ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာဟု ဆိုအပ်သော သုံးရပ်သော သာသနာတော်မြတ်ကို ချီးမြှင့်နိုင်ကြ, ထောက်ပံ့နိုင်ကြ, မျက်မှောက်ပြုနိုင်လွယ်ကြသည်ဖြစ်စေ။

## (၂၂) မြင်းခြံ ဆုပေးကျမ်း

ဝုဍ္ဎိဟောသာ+ဝုဍ္ဎိသော၊ပဒသိလိဋ္ဌအကျိုးငှာ ယ-အာဂုမ်။
ဝုဍ္ဎိ ဟိ သော၊ ဟိ-နိပါတ်ပုဒ်။

ဝုဍ္ဎိဟောသာတိ ဧတ္ထ ဟကာရော ပဒသိလိဋ္ဌတာယ အာဂမော၊ ဟိသဒ္ဒေါ ဝါနိပါတမတ္တံ။ (ဋီကာ)။ ဝဍ္ဎတိ သဂ္ဂမောက္ခသမ္ပတ္တိ ဧတာယာတိ ဝုဍ္ဎိ။ (ဋီကာ)

မှတ်ရန်။ ။ဤကျမ်းပါ တရားဆုပေးများကို သာမှု,နာမှု ကိစ္စ ကိုရှု၍ သင့်သလို အသုံးပြုပါ၊ သက်သက်လာရောက် ကန်တော့သူတို့အား ဒေသနာကိုရှု၍ သက်ဆိုင်ရာဆု ကိုပေးပါ၊အလှူဒါနပွဲဖြစ်လျှင် အလှူနှင့်ဆိုင်ရာ,ဆွမ်း စဉ်ဖြစ်လျှင် ဆွမ်းစဉ်နှင့် ဆိုင်ရာ, အသုဘမသာဖြစ် လျှင် ၎င်းနှင့် ဆိုင်ရာ,ဥပုသ်သီလယူရာအခါဖြစ်လျှင် ၎င်းနှင့် ဆိုင်ရာ ဒေသနာကို ရှုဆင်ခြင်၍ ဆုပေးပါ၊ ဆက်ဆံသော ဆု ပေး များ ကို နေ ရာ တိုင်း တွင် အသုံးပြု။

---

## လိုအပ်ရာရာ ရကြောင်း ဆုပေး

[(မဇ္ဈိမနိကာယ် မူလပဏ္ဏာသ စူဠယမကဝဂ် သာလေယျကသုတ်မှ)]

အာကင်္ခေယျ စေ ဂဟပတယော ဓမ္မစာရီ သမစာရီ အဟောဝတာဟံ-စသည်ဖြင့် သာလေယျသုတ်၌ ကာယ ကံမှု, ဝစီကံမှု, မနောကံမှုတို့၌ တရားမျှတစွာ ပြုလေ့ ရှိသော သူသည်-

* ငါသည် သေသည်၏ အခြားမဲ့၌ မင်းမျိုး၌ ဖြစ်ရမူ ကောင်းလေစွဟု မင်းမျိုး၌ ဖြစ်ခြင်းကို အလိုရှိခဲ့မူ သေသည်၏ အခြားမဲ့၌ မင်းမျိုး၌ ဖြစ်ရ၏။

* ပုဏ္ဏားမျိုး၌ ဖြစ်ခြင်းကို အလိုရှိခဲ့မူ ပုဏ္ဏားမျိုး၌ ဖြစ်ရ၏။

* သူကြွယ်မျိုး၌ ဖြစ်ခြင်းကို အလိုရှိခဲ့မူ သူကြွယ်မျိုး၌ ဖြစ်ရ၏။

* ငါသည် သေသည်၏ အခြားမဲ့၌ စာတုမဟာရာဇ် နတ်ပြည်၌ ဖြစ်ရမူ ကောင်းလေစွဟု စာတုမဟာရာဇ် နတ်ပြည်၌ ဖြစ်ခြင်းကို အလိုရှိခဲ့မူ သေသည်၏ အခြားမဲ့၌ စာတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ရ၏။

* တာဝတိံသာနတ်ပြည်၌ ဖြစ်ခြင်းကိုအလိုရှိခဲ့မူ တာဝတိံသာနတ်ပြည်၌ ဖြစ်ရ၏။

* ယာမာနတ်ပြည်၌ ဖြစ်ခြင်းကို အလိုရှိခဲ့မူ ယာမာ နတ်ပြည်၌ ဖြစ်ရ၏။

* တုသိတာ နတ်ပြည်၌ ဖြစ်ခြင်းကို အလိုရှိခဲ့မူ တုသိတာ နတ်ပြည်၌ ဖြစ်ရ၏။

* နိမ္မာနရတိနတ်ပြည်၌ ဖြစ်ခြင်းကို အလိုရှိခဲ့မူ နိမ္မာနရတိ နတ်ပြည်၌ ဖြစ်ရ၏။

* ပရနိမ္မိတဝသဝတ္တီ နတ်ပြည်၌ ဖြစ်ခြင်းကို အလိုရှိခဲ့မူ ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ ဖြစ်ရ၏။

* ဗြဟ္မာပြည်၌ ဖြစ်ခြင်းကို အလိုရှိခဲ့မူ ဗြဟ္မာ ပြည် ၌ ဖြစ်ရ၏။

* ငါသည် မဂ်-ဖိုလ်-နိဗ္ဗာန်ကို မျက်မှောက်ပြုရမူ ကောင်းလေစွဟု မဂ်-ဖိုလ်-နိဗ္ဗာန်ကို အလိုရှိခဲ့မူ မဂ်-ဖိုလ်-နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။

ဟု ဟောတော်မူသည်နှင့်အညီ ဘုရား, တရား, သံဃာ ရတနာ သုံးပါး ဂုဏ်တော်များကို ကိုယ်ဖြင့်ရှိခိုးခြင်း, နှုတ်ဖြင့်ရှိခိုးခြင်း, စိတ်ဖြင့်ရှိခိုးခြင်း, ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက်လေးပါး, မနောဒုစရိုက်သုံးပါးတို့မှ ရှောင်ကြဉ်ခြင်း, ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့၌ တရားမျှတစွာ ပြုကုန်သော သင်သူတော်ကောင်းတို့အား အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း, ကိုယ်အား ဉာဏ်အား နှစ်ပါး တိုးပွားခြင်းဟူသော မျက်မှောက်ထင်ရှား အကျိုးများနှင့် သင်တို့အလိုရှိအပ်သော လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို ရရှိကုံလုံ ပြည့်စုံကြသည်ဖြစ်စေ....။

---

## အထက်ဖိုလ်နှစ်တန် ရရန်ဆုပေး

သဒ္ဓါယ ဘိက္ခဝေ သာဝကဿ သတ္ထုသာသနေ ပရိယော ဂါဟိယ ဝတ္တတော ဒွိန္နံ ဖလာနံ အညတရဖလံ ပါဋိကင်္ခံ၊ "ဒိဋ္ဌေဝ ဓမ္မေ အညာ-သတိ ဝါ ဥပါဒိ သေသေ အနာ ဂါမိတာ။

(မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ဘိက္ခုဝဂ် ကိဋာဂိရိသုတ်)

မဇ္ဈိမပဏ္ဏာသ ကီဋာဂိရိသုတ်၌ ရဟန်းတို့.... ရတနာသုံးတန် ကံ့ကံ၏အကျိုးကို ယုံကြည်ပြီး ငါဘုရားအဆုံးအမ၌ သက်ဝင်၍ ကျင့်သောတပည့်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရခြင်းဟူသောအကျိုး၊ အနာဂါမိဖိုလ်ကို ရခြင်းဟူသော အကျိုး၊ ဤနှစ်ပါးသော အကျိုးတို့တွင် တပါးပါးသော အကျိုးသည် ကေန်ဖြစ်ရမည်ဟု ဟောတော်မူသည်နှင့်အညီ—

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးသည် ဆင်းရဲကို ဖျောက်၍ ချမ်းသာသို့ ရောက်အောင် စောင့်ရှောက်ကယ်မ တတ်၏ဟု ယုံကြည်ပြီး ထိုရတနာသုံးပါး၌ လက်အုပ်ချီခြင်း, ရှိခိုး ခြင်း, အရိုအသေပြုခြင်း, ဘုရားအဆုံးအမကို လိုက်နာပြုကျင့် ခြင်းအမှုကို ပြုကုန်သော သင်သူတော်ကောင်းတို့အား ငါးပါး သောရန်, ဆယ်ပါးသောဒဏ်, တဆယ့်ခြောက်တန်သော ဥပဒ္ဒဝေါ နှစ်ဆယ့်ငါးပါးသော ဘေး, သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ, ကိုးဆယ့်ခြောက်ဖြာသော အနာရောဂါတို့မှ ကင်းလွတ်ကြပြီး အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်း, ကိုယ်အားဉာဏ်အား နှစ်ပါး တိုးပွားခြင်းဟူသော အကျိုး တို့ကို ရကြ၍ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်အားဖြင့် နှစ်ပါးသော ဖိုလ်တို့တွင် တပါးပါးသော ဖိုလ်ကိုရကြသည်ဖြစ်စေ။....

## အမြတ်သုံးတန် ရရန်ဆုပေး

အာရောဂျံ ပရမာ လာဘာ၊
နိဗ္ဗာနံ ပရမံ သုခံ။
အဋ္ဌင်္ဂိကော စ မဂ္ဂါနံ၊
ခေမံ အမတဂါမိနံ။

(မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ပရိဗ္ဗာဇကဝဂ် မာဂဏ္ဍိယသုတ်)

အာရောဂျံ၊ ကိုးဆယ့်ခြောက်သွယ် ရောဂါကွယ်ရှင်း အနာကင်းသည်၏ အဖြစ်သည်။ ပရမာ၊ ထူးကဲမောက်ချွန် လွန်မြတ်သော။ လာဘာ၊ လာဘ်ပေတည်း။နိဗ္ဗာနံ၊ ခန္ဓာဇာတ်သိမ်း အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သည်။ ပရမံ၊ ထူးကဲမောက်ချွန် လွန်မြတ်သော။သုခံ၊ ချမ်းသာပေတည်း။ ခေမအမတဂါမိနံ၊ ဘေးရန်ပြတ်ရှင်း သေခြင်းကင်းရာ နိဗ္ဗာန်ရွာသို့ ကောင်းစွာ ရောက်ကြောင်း ဖြစ်ကုန်သော။မဂ္ဂါနံ၊ကာယာနုပဿနာ စသည် အပြားမဂ်ခရီးများတို့တွင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ခွင် မဂ္ဂင်ခရီးသည်။ ပရမော၊ ထူးကဲမောက်ချွန် လွန်မြတ်၏။

လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်း လာဘ်သည် အမြတ်ဆုံးဖြစ်၏၊ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်ချမ်းသာသည် အမြတ်ဆုံးဖြစ်၏၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးဟောင်းဟူသမျှတို့တွင် အဋ္ဌင်္ဂိကမဂ်ခရီးသည် အမြတ်ဆုံးဖြစ်၏-ဟု ဟောတော်မူသည်နှင့် အညီ—

အမြတ်ဆုံးဖြစ်သော အနာကင်းခြင်း လာဘ်, နိဗ္ဗာန်ချမ်းသာ မြတ်ကို လိုလားတောင့်တ အမြတ်ဆုံးဖြစ်သော အဋ္ဌင်္ဂိကမဂ်ခရီး ဖြင့် ရောက်လိုလှသောကြောင့် ဘုရား,တရား,သံဃာ ရတနာ မြတ်သုံးပါးတို့အား အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြ ကုန်သော သင်ဒကာ,ဒကာမတို့အား အန္တရာယ်ကင်း, ကိုးဆယ့် ခြောက်ပြာ အနာရောဂါရှင်း၍ ကျန်းမာခြင်း လာဘ်မြတ်ကိုရ-

အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာချမ်းသာ ခြင်း,ကိုယ်အား ဉာဏ်အား နှစ်ပါးတိုးပွားခြင်းဟူသော မျက် မှောက်ထင်ရှား အကျိုးများနှင့် ပြည့်စုံကြ၍ သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပ,သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိ-ဟူသော အဋ္ဌင်္ဂိကမဂ်ခရီးဖြင့် ချမ်းသာ ဟူသမျှတို့တွင် အမြတ်ဆုံးဖြစ်သည့် နိဗ္ဗာန်မြတ်သို့ ရောက်ကြ သည်ဖြစ်စေ....။

မှတ်ရန်။ ။ခေမံ အမတဂါမိနံ၌ "ခေမံ"ပုဒ်ဝယ် ဝိဘတ်မချေဘဲ ညွှန်ပြထားသည်၊ အတ္ထယောဇနာရာ၌ ဝိဘတ်ချေ၍ "ခေမအမတဂါမိနံ"ဟု ယောဇနာရာ၏၊ခေမ,အမတ နှစ်ပုဒ်လုံးပင် နိဗ္ဗာန်ဟော ပရိယာယ် ပုဒ်များ ဖြစ် သည်၊ ထို့ကြောင့် အဋ္ဌကထာ၌—

"ခေမံ အမတဂါမိနန္တိတ္တေ ခေမန္တိပိ အမတန္တိပိ နိဗ္ဗာနဿေဝ နာမံ၊(လ)သဗ္ဗေသံ တေသံ ခေမအမတ ဂါမိနံ မဂ္ဂါနံ အဋ္ဌင်္ဂိကော ပရမော ဥတ္တမောတိ အယမေတ္ထ အတ္ထော"—ဟု မိန့်ပြီ ရင်းဋီကာ၌လည်း-

"ခေမအမတဂါမိနန္တိ ဇလမိနာ ဟိ ခေမံ အမတဂါမိ နန္တိ ဝိဘတ္တိအလောပေန နိဒ္ဒေသော၊ အတ္ထော ပန ဝိဘတ္တိလောပေန ဒဋ္ဌဗ္ဗောတိ ဒသေတိ"ဟု မိန့်ပြီ။

---

## ကံဝေဖန်သမျှ အကျိုးရ ဆုပေး

ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မ ယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ။

(မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ဝိဘင်္ဂဝဂ် သုဘသုတ်)

**မာဏဝ**၊ သုဘလုလင်၊ **သတ္တာ**၊ **သတ္တဝါ**တို့သည်။ **ကမ္မဿ ကာ**၊ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏။ ကမ္မဒါယာဒါ၊ ကံသည် ပေးအပ်သော အမွေကို ခံယူကြရကုန်၏။ ကမ္မယောနီ၊ ကံသာ လျှင် ဖြစ်ကြောင်းရှိကုန်၏။ ကမ္မဗန္ဓူ၊ ကံသာလျှင် ဆွေမျိုး ရှိကုန်၏။ ကမ္မပ္ပဋိသရဏာ၊ကံသာလျှင် မှီခိုအားထားရာရှိကုန်၏။ **သတ္တေ**၊ သတ္တဝါတို့ကို။ ဟီနပ္ပဏီတတာယ၊ အယုတ်အမြတ်၏ အဖြစ်ဖြင့်။ ယဒိဒံ-ယံဣဒံဝိဘဇနံ၊ အကြင်ခွဲခြမ်း ဝေဖန်ခြင်း သည်။ အတ္ထိ၊ ရှိ၏။ တံဝိဘဇနံ၊ ထိုခွဲခြမ်း ဝေဖန်ခြင်းကို။ကမ္မံ၊ ကံသည်။ ဝိဘဇတိ၊ ခွဲခြမ်း ဝေဖန်၏။

ဤကဲ့သို့ သုဘလုလင်အား ဟောတော်မူအပ်သော ဒေသနာ တော်နှင့်အညီ-ရှုခိုးအပ် ရှိခိုးသင့် ရှိခိုးထိုက်၊ မြတ်နိုးအပ် မြတ်နိုး သင့် မြတ်နိုးထိုက်၊ ရိုသေအပ် ရိုသေသင့် ရိုသေထိုက်၊ လေးမြတ်

အပ် လေးမြတ်သင့် လေးမြတ်ထိုက်၊ပူဇော်အပ် ပူဇော်သင့် ပူဇော်ထိုက်ကုန်သော ဘုရားအစရှိကုန်သော သူတော်ကောင်းတို့အား ရှိခိုးခြင်း, မြတ်နိုးခြင်း, ရိုသေခြင်း, လေးမြတ်ခြင်း, ပူဇော်ခြင်းကို ပြုခြင်း၊ ကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက်လေးပါး, မနောဒုစရိုက်သုံးပါးတို့မှ ရှောင်ကြဉ်ခြင်း ကုသိုလ် ကာယကံ, ဝစီကံ, မနောကံနှင့် ပြည့်စုံကုန်သော သင်သူတော်ကောင်း အပေါင်းတို့အား ယခုဘဝ ယခုအချိန်မှစ၍ နိဗ္ဗာန်ရသည့်ဘဝပစ္ဆိမ စိတ္တက္ခဏကျအောင် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး,ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်းကြကုန်ပြီးလျှင် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း, ဘုန်းတန်ခိုးကြီးခြင်း, အမျိုးမြတ်ခြင်းဟူသော အကျိုးတို့ကိုရ၍ အဆုံးဘဝ၌ မိမိတို့အလိုရှိအပ်, တောင့်တအပ်, ပန်ဆင်အပ်သော ဆုမြတ်ဆုကောင်း ဆုအပေါင်းဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုရ၍ သန္တိသုခဖြင့် ချမ်းသာကြသည်ဖြစ်စေ....။

---

## ရပ်ရွာငြိမ်းမှ ချမ်းသာရ ဆုပေး

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

(သံယုတ္တနိကာယ် သဂါထာဝဂ္ဂ ဒေဝတာသံယုတ် နန္ဒနသုတ်)

သင်္ခတသင်္ခါရာ၊ ပြုပြင်စီမံ ရုပ်,နာမ်ဓမ္မ အလုံးစုံသော တေဘူမက သင်္ခါရတို့သည်။ အနိစ္စာ၊ ဖြစ်ပြီးမြောက်က ချုပ်ပျောက်ကုန်ဘိ တစိုးတစိမျှ မရှိခြင်းအနက်ကြောင့် အမြဲမရှိကုန်။ ဥပ္ပါဒဝယမ္မိနော၊ ဥပါဒ်, ဌီ, ဘင် အစဉ်မပြတ် ထပ်တလေလာလော ဖြစ်ခြင်း,ပျက်ခြင်းသဘော ရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဥပါဒ်တိုင်း ဥပါဒ်တိုင်း မဆိုင်းမတွ ဖြစ်ကုန်ကြပြီး၍။ နိရုဇ္ဈန္တိ၊ ဘင်သို့ ရောက်ကာရောက်ကာ မကြာခဏ ချုပ်ပျောက်ကြကုန်၏။ တေသံ—သင်္ခတသင်္ခါရာနံ၊ ထိုပြုပြင်စီမံ ရုပ်,နာမ်ဓမ္မ အလုံးစုံသော တေဘူမက သင်္ခါရတို့၏။ ဝူပသမော၊ ဖြစ်ပျက်ပြေငြိမ်း လက်စသိမ်း၍ ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သည်။ သုခေါ၊ ဘယ်သော အခါ ဘယ်ကမ္ဘာမှ ဘယ်ဟာဒုက္ခ မရှိပ-၍ ချမ်းသာကြီး ချမ်းသာလှပေ၏။

ဘုံသုံးပါးမှာ ဖြစ်ဖြစ်သမျှ သင်္ခတဝါအနန္တ ရုပ်,နာမ်,သင်္ခါရ တရားတွေဟာ ဖြစ်ပြီးလျှင် ချုပ်ကြတယ်၊ ဒါ့ကြောင့် ဒီသင်္ခါရ တရားတွေကို ဥပါဒ်,ဌီ, ဘင် မပြတ်ယှဉ်တဲ့ တရားတွေလို့ဆိုတယ်၊ ဒီလို ဥပါဒ်,ဌီ, ဘင် မပြတ်ယှဉ်ခြင်းကြောင့် ဒီသင်္ခါရ တရားတွေမှာ ဘယ်ဟာတစိ မြဲတယ်လို့မရှိဘူး၊ မမြဲသော တရား၌ ချမ်းသာစစ် ချမ်းသာမှန်ရယ်လို့လဲ မရှိဘူး၊ စင်စင်မှာတော့ ဒုက္ခသက်သက်သာ ဖြစ်တယ်၊ မမြဲခြင်း, ဆင်းရဲခြင်းသည်လည်း အလိုမကျ အစိုးမရသောကြောင့်ပင် ဖြစ်တယ်။

ဒါကြောင့် ဒီတေဘူမက ရုပ်,နာမ်သင်္ခါရတရားတွေကို အနိစ္စ, ဒုက္ခ, အနတ္တ တရားတွေ ဟု သိမှတ်ထင်ထင် ရှုဆင်ခြင် ရမည်။ ဒီတေဘူမက ရုပ်,နာမ်သင်္ခါရတရားတွေ ချုပ်ငြိမ်းရာနိဗ္ဗာန်သည် ကား- ဖြစ်လည်းမဖြစ်,ပျက်လည်းမပျက် ငြိမ်းအေးခြင်းသက်သက် သာ ဖြစ်သောကြောင့် ချမ်းသာစစ် ချမ်းသာမှန် ကေန်ဖြစ်တယ် ဟု ဒေသနာတော်မှာ အဓိပ္ပာယ် လာချေသည်။

ဤသို့ဒေသနာပါဠိလာရှိသည်နှင့်အညီ သုံးလီသောရတနာကို ရိုသေစွာ ရှိခိုးပူဇော်ရသော ကောင်းမှုကြောင့် ယခုဘဝ ပစ္စက္ခ ဌ်ပင် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းအဝ၀ အာယု, ဝဏ္ဏ, သုခ, ဗလ လေး၀အကျိုး နေ့တိုင်းတိုးလျက် ကောင်းကျိုး ထင်ရှား သူတော်ကောင်းတရားကို ကြိုးစား အားထုတ်နိုင်ကြ၍ ပြုပြင်စီမံ ရုပ်,နာမ်ဓမ္မ အလုံးစုံသော တေဘူမက သင်္ခါရတို့၏ ချုပ်ငြိမ်းရာဌာန၊ ဖြစ်ခြင်း,ပျက်ခြင်းကင်းခြင်းကြောင့် ပဋိသန္ဓေ လည်း မနေရ, အိုလည်းမအိုရ, နာသည်းမနာရ, သေလည်းမသေ ရသော အသခ်တဓာတ် သုခမြတ်ကို ကိုယ်စီကိုယ်င ရရှိကြသည် ဖြစ်စေ။

ဥပ္ပါဒ, ဝယသဒ္ဒါဖြင့် အလည် ဌိတိက္ခဏကိုလည်း ယူ။ ဥပ္ပါဒဝယဂ္ဂဟဏေန စေတ္ထ တဒန္တရဝေမဇ္ဈဋ္ဌာနံ ဂဟိတ မေဝ ဟောတိ။ [အဋ္ဌကထာ]

(၃၂) **မြင်းခြံ ဆုပေးကျမ်း**

## အပါယ်မလား နတ်ပြည်သွား ဆုပေး

* ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

* ယေကေစိ ဓမ္မံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

* ယေကေစိ သံဃံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

{သံယုတ္တနိကာယ် သဂါထာဝဂ္ဂ ဒေဝတာသံယုတ် သမယသုတ်}

* ယေကေစိ၊ သမ္မာအယူ သဒ္ဒါဖြူသည့် အလုံးစုံသော လူတို့သည်။ ဗုဒ္ဓံ၊ သစ္စာလေးအင် ကိုယ်တိုင်မြင်သည့် သုံးခွင်ထွဋ်ထား မြတ်ဘုရားကို။ သရဏံ-သရဏံဂတိ၊ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကယ်မတတ်၏ ဟူ၍။ ဂတာသေ၊ မှီဝဲဆည်းကပ် အသိအမှတ်ပြုကြကုန်၏။

* ယေကေစိ၊ သမ္မာအယူ သဒ္ဓါဖြူသည့် အလုံးစုံသော လူတို့သည်။ ဓမ္မံ၊ မဂ်,ဖိုလ်,နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သောတရားတော်မြတ်ကို။ သရဏံ-သရဏံဂ္ဂတိ၊ ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကယ်မတတ်၏ ဟူ၍။ ဂတာ၊ မှီဝဲဆည်းကပ် အသိအမှတ်ပြုကြကုန်၏။

* ယေဒကစိ၊ သမ္မာအယူ သဒ္ဓါဖြူသည့် အလုံးစုံသော လူတို့သည်။ သံဃံ၊ ရှစ်ယောက်အရိယာမြတ်သံဃာကို။ သရဏံ-သရဏံဂ္ဂတိ၊ ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကယ်မတတ်၏ဟူ၍။ ဂတာ၊ မှီဝဲ ဆည်း ကပ် အသိအမှတ်ပြုကြကုန်၏။

* တေ၊ ထို မြတ် ဘုရား နှင့် တရား သံဃာ ရတနာ သုံးရပ် အမြတ်ဇာတ်ကို ကိုးကွယ် ဆည်းကပ်ကြကုန်သော လူတို့သည်။ အပါယဘူမိံ၊ ချမ်း သာ ကင်း ပ ဒုက္ခ ရိပ် မြုံ အပါယ် ဘုံ သို့။ နဂမိဿန္တိ၊ မှားမှား မှောက်မှောက် မလားရောက်ကြရ ကုန်လိမ့်လတ္တံ့။ မာနုသံ၊ ကြောင်းကျိုးသိတတ် အမြတ်ဇာတ်ဟု လူတို့၌ ဖြစ်သော။ ဒေဟံ၊ ခန္ဓာငါးဝ ရုပ်,နာမ်မျှကို အတ္တဆိုသည့်ကိုယ်ကို။ ပဟာယ၊ မရှုမငဲ့စွန့်ပစ်ခဲ့၍။ ဒေဝကာယံ၊ နတ်မြတ်,နတ်ကောင်း နတ်တို့၏ အပေါင်းကို။ ဝါ၊အာရုံငါးလီ ထွန်းတောက်စည်သည့် နတ်တို့၏ပြည်ကို။ ပရိပူရေဿန္တိ၊ မချွတ်ကုံလုံ ပြည့်စေကြ ကုန်လတ္တံ့။

သဒ္ဓါပညာ အထုံပါပြီး သမ္မာဒိဋ္ဌိ ဂုဏ်တူးရှိတဲ့ လူတွေဟာ ဘုရား, တရား, သံဃာ, ရတနာသုံးရပ် အမြတ်ဇာတ်ကို ကိုးကွယ် ဆည်းကပ်ကြတယ်၊ ဒီလူတွေဟာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသု

ရကာယ် အပါယ်လေးရွာသို့ မှားမှား မှောက်မှောက် မလား ရောက်ကြရ ဘူး တဲ့၊ စုတိစိတ်ကျ လူ့ဘဝကို စွန့်ကြရလျှင်ပင် နတ်ပြည်ကြီးတွင် သွားပြီး နတ်သား, နတ်သမီးများ ဖြစ်ကြရပါ လိမ့်မည် ဟု ဒေသနာတော်မှာ အစိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ ယခုအခါ သမ္မာ ဒိဋ္ဌိ ဂုဏ်ထူးရှိကြတဲ့ ဒါယကာ, ဒါယိကာမ အပေါင်း သူတော် ကောင်းတို့သည် ဘုရား,တရား,သံဃာ အားဖြင့် သုံးပါးရတနာကို ကိုးကွယ်ရာဟု စိတ်မှာသိမှတ် ဆည်းကပ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြ ကုန်၏။ ဤသို့ ရတနာသုံး အမြတ်ဆုံးကို ထိပ်လုံးပန်ဆင် ကြည်လင် ဝန္ဒနာ ကိုးကွယ်ရာပြု မြတ်ကောင်းမှုကြောင့် ယခုဘဝ ပစ္စက္ခ၌ ဘေးပ ရန်ရှင်း အန္တရာယ်ကင်း၍ ကောင်းခြင်းဖြာဖြာ ရတနာ ရွှေ, ငွေ ဆန်,ရေ,စပါး ကျွဲ, နွား, ဆင်, မြင်း လုပ်ခင်းကျေးကျွန် စိတ်မွန် မိတ်ကောင်း အပေါင်းများစွာ မကွာပြည့်စုံ ကုံလုံကြွယ်ဝ ချမ်းသာရ၍ ဗုဒ္ဓမြတ်စွာသာသနာဝယ် ဆယ်ဖြာပါရမီ သုံးလီ ယုက်မြတ် အဆပ်ဆပ်မျှ ဖြည့်ကျင့်ရ၍ ခုဘဝကျွ တမလွန်၌ လေးခွင်းအပါယ်ကင်းကွယ်ပလယ် ကောင်းမြတ်ချမ်းသာငါးဖြာ အာရုံ ကာဂုဏ်တို့ ပြည့်စုံများစွာ နတ်တို့ရွာသို့ ကောင်းစွာလုလှ ကပ်ရောက်ရ၍ သုခရိပ်ငြိမ် နတ်စည်းစိမ်ကို တင်းတိမ်အောင် ခံစားစံစားကြရလျက် ဘဝအဆက်ဆက် မပျက်သောပါရမီဖြင့် အဆုံး၌တည်သော် ဉာဏ်ရည်အမော် သူတော်တကာ ရရာမှန်လှ ပဋိဝေဓကို မုချမသွေ ရကြသည်ဖြစ်စေ။

မှတ်ရန်။ ။ ဂမိဿ ကောကမ္မတ္တာ၊
ဋ္ဌတိလောပံ ဝိဇာနိယာ။
ပဠိဃာတပ္ပသင်္ဂတ္တာ၊
နစ တုလျတ္တတာ သိယာ။
တသ္မာ ဂမနိယတ္တဿ၊
ပုဗ္ဗပဒံဝ ဇောတကံ။
ဂမနာကာရဿ ပရံ၊
ဋ္ဌတျုတ္တံ သရဏတ္တယေ။

* ဂတာ၌ မုခခေါတ်သည် ကောကမ္မကခေါတ်ဖြစ်၍ ဗုဒ္ဓံ+သရဏံ၊ ဓမ္မံ+သရဏံ၊ သံဃံ+သရဏံ ဟု ကံနှစ်ပုဒ်မလိုသောကြောင့် သရဏံပုဒ်၌ ဋ္ဌတိ ကြေသည်ဟု သိပါ၊ သရဏံ-သရဏံ ဋ္ဌတိမှတ်ပါ၊ ပဋိဃာတစိတ်ဖြင့် ဆည်းကပ်မှု၌ ယိုမှားဘွယ် ရှိသောကြောင့် ရှေ့နောက် နှစ်ပုဒ်တို့သည် တုတျုတ္တ မဟုတ်ဟု မှတ်ပါ၊ ရှေ့ဗုဒ္ဓံ, ဓမ္မံ, သံဃံ ပုဒ်တို့ဖြင့် ဆည်း ကပ် အပ်သောရတနာသုံးပါးကိုပြ၍ နောက်သရဏံပုဒ်တို့ဖြင့် ဆည်းကပ်ပုံအခြင်းအရာကို ပြသည်မှတ်ပါ။

'ဂတာသောတိဒွေ့ သောတိ နိပါတမတ္တံ'ဟု ဋီကာဆိုသောကြောင့် ဂါထာသော်၌-'သော' ကား အနက်မဲ့နိပါတ်တည်း။ မာ ၃ ဿ ဣ ၈ ဂါ ထာပဒ္ဓဝ သောနဝိသဇ္ဇောဂ နိ [illegible] ေသဿသု ဇာဘန္တိ အတ္ထော၊ ဒေဝကာယန္တိဒေဝ သံဃံ၊ ဒေဝ ပုရံဝါ၊ ဒေဝါနံကာယော သမူဟော တ္တောတိကတွာ။ (ဋီကာ)

## ခုရောနှောင်ပါ ချမ်းသာရန် ဆုပေး

(က) ယေဓ လဒ္ဓါ မနုဿတ္တံ၊
ဝဒညူ ဝီတမစ္ဆရာ။
ဗုဒ္ဓေ ပသန္နာ ဓမ္မေစ၊
သံဃေစ တိဗ္ဗဂါရဝါ။
ဧတေ သဂ္ဂါ ပကာသန္တိ။
ယတ္ထ တေ ဥပပဇ္ဇရေ။

( ခ ) သစေ ဧတ္တိ မနုဿတ္တံ၊
အစ္ဆေအာဇာယရေ ကုလေ။
စေ၀ဏ္ဏံ ပိဏ္ဍော ရတီ ခိဍ္ဍာ၊
ယတ္ထာကိစ္ဆေန လဗ္ဘတိ။

( ဂ ) ပရ သမ္ဘတေသု ဘောဂေသု!
ဝသတ္တိဝ မောဒရေ။
ဒိဗ္ဗေ ဓမ္မေ သဝိပါကော၊
သမ္ပရာယေစ သုဂ္ဂတိ။

(သံယုတ္တနိကာယ် သဂါထာဝဂ္ဂ ဒေဝတာသံယုတ် မစ္ဆရိယသုတ်)

(က) ဣဓ၊သင်တို့မျက်မြင်အထင်ကရ ဤပစ္စုပ္ပန်လောက၌။ ယေ၊ အကြင်သူတို့သည်။ မနုဿတ္တံ၊ ကြောင်းကျိုး သိ တ တ် မြတ်သော လူအဖြစ်ကို။ လဒ္ဓါ၊ အခွင့်တော်စွ ရကုန်ကြ၍။ ဝဒညူ၊ အလှူခံများ၏ ပြောစကားကို လေးစားကြည်ယုံ သိတတ်

ကုန်၏။ ဝီတမစ္ဆရာ၊ မသုက်မသို ဝန်တိုခြင်း ကင်းကုန်၏။ ဗုဒ္ဓေစ၊ သစ္စာလေးအင် ကိုယ်တိုင်မြင်သည့် သုံးခွင်ထွင့်ထား မြတ်ဘုရား၌ရှင်း။ ဓမ္မေစ၊ မဂ်, ဖိုလ်, နိဗ္ဗာန် ဓမ္မက္ခန် ဟု ဆယ်တန်ပိုင်းဖြတ် ဆယ်ပါးသော တရားတော်မြတ်၌ရှင်း။ သံဃေစ၊ ရှစ်ယောက် အရိယာမြတ်သံဃာ၌ရှင်း။ပသန္နာ၊သဒ္ဓါကဲပို ကြည်ညိုကြကုန်၏။ တိဗ္ဗဂါရဝါ၊ အလွန်အမင်း ရိုသေခြင်း ရှိကြကုန်၏။ တေ၊ ထို အလှူခံလာက သိတတ်လှ၍ ကင်းပမာဒ္ဓ သုံးထွေရတနာ ကြည်ညို စွာပ ရိုသေကြကုန်သော လူတို့သည်။ ယတ္ထ၊ အကြင်ချမ်းသာ ထူးလည် နတ်တို့ပြည်၌။ ဥပပဇ္ဇရေ၊ စွဲကပ်သန္ဓေ ဖြစ်ကြရလေ ကုန်၏။ ခေတသဂ္ဂါ၊ ထိုချမ်းသာထူးလည် နတ် ပြည် တို့ သည်။ ပကာသန္တိ၊ ဗိမာန်ရောင်ဖြင့် တပြောင်ပြောင် ထွန်းတောက်ပ ကုန်၏။

(ခ) မနုဿတ္တံ၊ ကြောင်းကျိုးသိတတ် မြတ်သောလူ၏အဖြစ်သို့။ သစေဧန္တိ၊ အကယ်၍ကား ရောက်ကုန်ငြားအံ့။ အဍ္ဍေ၊ ဥစ္စာ စည်းပွားများပြားကြွယ်ဝသော။ ကုလေ၊အမျိုး၌။အာဇာယရေ၊ ကောင်းမှုအဟုန်ကြောင့် ဖြစ်ကြရကုန်၏။ ယတ္ထ၊ အကြင်ဥစ္စာ ကြွယ်ဖိုး ဖြစ်ကြရသောအမျိုး၌။ ဓောဠံ၊ ဝတ်ဆင်ရန်ဖြစ်အထည် အဝတ်ကိုရှင်း။ ပိဏ္ဍော၊စားသောက်ဖွယ်ရာ ထမင်းအစာကိုရှင်း။ ရတိ၊ ငါးပါးအာရုံ ကာမဂုဏ်ဖြင့် တွေ့ဆုံ ပျော်မွေ့ခြင်းကိုရှင်း။ ခိဍ္ဍာ၊ ကိုယ်,နှုတ်,စိတ်မြူး ရယ်ရွှင်မြူးထူးခြင်းကိုရှင်း။ အကိစ္ဆေန၊ ပင်ပြိုမငြင် မပင်မပန်း ချမ်းသာလွယ်ကူစွာဖြင့်။ လဗ္ဘတိ၊မုချမသွေ ရအပ်ပေ၏။

(၈) ပရသမ္ဘတေသု၊ တံပါးသူအပေါင်း စုဆောင်းအပ်ကုန်သော။ ဘောဂေသု၊ ရွှေ,ငွေ,ရတနာ စည်းစိမ်ဥစ္စာတို့၌။ ဝသဝတ္တိဝ၊ မိမိအလိုသို့သာ ပါကုန်သည်ဖြစ်၍သာလျှင်။ မောဒရေ၊ ကြည်လင်ရွှင်ပျဝမ်းမြောက်ကြရကုန်၏။သေ-သေော ဝိပါကော၊ ဤဆိုခဲ့ပြီးသား အကျိုးများသည်။ ဒိဋ္ဌေဓမ္မေ၊ မျက်မှောက်ထင်ထင် ရှုမြင်ရသော ပစ္စုပ္ပန်အတ္တဘော၌။ဝိပါကော၊ ရရှိခံစားအကျိုးများတည်း။ သမ္ပရာယေစ၊မျက်မှောက်လွန်ကျ တမလွန်ဘဝ၌လည်း။ သုဂ္ဂတိ၊ ကောင်းစွာလားရနတ်ပြည်သို့ ရောက်ကြရသည်။ ဟောန္တိ၊ စင်စစ်မုချ ဖြစ်ကြရကုန်၏။

ဤလောကမှာ အချို့သောပုဂ္ဂိုလ်တွေဟာ ရှေးကောင်းမှုအခွင့်သာ၍ လူ့အဖြစ်ကို ရလာကြပြီး အလှူခံပုဂ္ဂိုလ်တို့၏ စကားကို သိနားလည်ကြတယ်၊ ၎င်းတို့ခြင်းကင်း ပေးကမ်းလှူဒါန်းခြင်းများကြတယ်၊ ဘုရား,တရား,သံဃာ ရတနာမြတ်သုံးပါးတို့အားလေးစားကြည်ညိုကြတယ်၊ ဒီပုဂ္ဂိုလ်တွေဟာ—

* နတ်ပြည်၌ ဖြစ်ကြရမှု အာယု, ဝဏ္ဏ, သုခ, ယသ, အာဓိပတေယျ,ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ-ဟူသော ဆယ်ပါးသောအကြောင်းတို့ဖြင့်တပါးသောနတ်တို့ထက်သာလွန်ပြီး ဗိမာန်ရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းလင်းတောက်ပခြင်းဆိုတဲ့ အကျိုးတို့ကို ရမည်။
* လူ့ပြည်၌ဖြစ်ကြရမှု ကြွယ်ဝချမ်းသာသော အမျိုး၌ ဖြစ်ကြရခြင်း, အဝတ်ထမင်း မွေ့လျော် ရွှင်မြူးခြင်းတို့ကို မငြိုမငြင် မပင်မပန်း ချမ်းသာလွယ်ကူစွာဖြင့် ရရှိကြ

ခြင်း‚တပါးသူတို့၏ ပစ္စည်းဥစ္စာတို့သည်လည်း မိမိအလိုသို့ သာ ပါသည်ဖြစ်၍ ဝမ်းမြောက်ကြရခြင်း-ဆိုတဲ့ မျက်မှောက်အကျိုးများကို ရမည်။

* တမလွန်ဘဝမှာလည်း နတ်ပြည်သို့ လားကြရမည်—ဟု ဒေသနာတော်မှာအဓိပ္ပါယ်လာချေသည်။ ဤသို့ဒေသနာ ပါဠိ လာရှိသည်နှင့်အညီ—

ယခုအခါ ဤလူ့ရွာ၌ ရှေးခါပုည အခွင့်သာကြ၍ လူ့အဖြစ်ကို ရကြကုန်သော သင်သူတော်ကောင်း အပေါင်းတို့သည် အလှူခံပုဂ္ဂိုလ်တို့၏ စကားကို သိနားလည်ကြကုန်၍၊ ဝန်တိုခြင်းကင်း ပေးကမ်းလှူဒါန်းခြင်းကို ပြုကြကုန်၍၊ ဘုရား‚ တရား‚ သံဃာ ရတနာမြတ်သုံးပါးတို့အား အာမိသပူဇာ‚ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြကုန်၍၊ ဤသို့ပေါင်းအပ် များမြတ်သော ကုသိုလ်စေတနာတို့ကြောင့် အပါယ်လေးပါး‚ ကပ်သုံးပါး‚ ရပ်ပြစ်ရှစ်ပါး‚ ရန်သူမျိုးငါးပါး‚ ဝိပတ္တိတရားလေးပါး‚ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ ကုန်သည်သာဖြစ်၍ အသက်ရှည်ခြင်း‚ အဆင်းလှခြင်း‚ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း‚ ကိုယ်အား ဉာဏ်အား နှစ်ပါးကြီးမားခြင်း မြင့်မြတ်ကြွယ်ဝသော အမျိုး၌ ဖြစ်ရခြင်း‚ အဝတ်ထမင်း မွေ့လျော်ရွှင်မြူးခြင်းတို့ကို မငြိုမငြင် မပင်မပန်း ချမ်းသာလွယ်ကူစွာဖြင့် ရရှိခြင်း‚ တပါးသူတို့၏ ပစ္စည်းဥစ္စာတို့သည်လည်း မိမိအလိုသို့သာ ပါသည်ဖြစ်၍ ဝမ်းမြောက်ရခြင်း‚ သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့လားရ

ခြင်းဟူသော မျက်မှောက်, တမလွန်၌ ဖြစ်သောအကျိုးများကို ကိုယ်စီကိုယ်ငရရှိကြကုန်သည် သာဖြစ်၍ အဆုံးဘဝ၌ မိမိတို့အလို ရှိအပ် တောင့်တအပ် ပန်ဆင်အပ်သော ဆုထူးဆုမြတ်ဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်တရားထူးကို ရလွယ်ကြသည်ဖြစ်စေ....။

---

## ဩဃလေးတန် ကူးမြောက်ရန် ဆုပေး

သဗ္ဗဒါ သီလသမ္ပန္နော၊
ပညဝါ သုသမာဟိတော။
အာရဒ္ဓဝီရိယော ပဟိတတ္တော၊
ဩဃံ တရတိ ဒုတ္တရံ။

[(သံယုတ္တနိကာယ် သဂါထာဝဂ္ဂ ဒေဝပုတ္တသံယုတ် စန္ဒနသုတ်)]

ယော၊ အကြင်သူသည်။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါ ခပ်သိမ်း။ သီလသမ္ပန္နော၊ ကိုယ်,နှုတ်လုံခြုံ သီလဂုဏ်နှင့် ပြည့်စုံ၏။ ပညဝါ၊ တတ်သိလိမ္မာ အထွေထွေပညာရှိ၏။ သုသမာဟိတော၊ ဉပစာရ, အပ္ပနာ နှစ်ဖြာသော သမာဓိတို့ဖြင့် ကောင်းစွာ တည်ကြည်ခြင်းရှိ၏။ အာရဒ္ဓဝီရိယော၊ အားထုတ်မှန်မှန် ထက်သန်သော လုံ့လရှိ၏။ ပဟိတတ္တော၊ ဝဋ်ဇာတ်တော်သိမ်း ငြိမ်းရာ အမှန် နိဗ္ဗာန်ပြည်မြတ်သို့ စေလွှတ်အပ်သော စိတ်ရှိ၏။ သော၊ ထိုသူသည်။ ဒုတ္တရံ၊ စွမ်းအားညံ့နဲ့ လူငမဲ့တို့ ကူးမြောက်နိုင်ခဲသော။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ တရတိ၊ ပေါက်ရောက်ပိုင်ပိုင် ကူးမြောက်နိုင်၏။

သီလ,သမာဓိ,ပညာ သိက္ခာသုံးပါး အကျင့်တရားကို နိဗ္ဗာန်ရလိုသောစိတ်ထားဖြင့် ပြည့်စုံအောင် တကယ်တမ်းကြိုးစားကြပါလျှင်။မုချပင် ကူးမြောက်နိုင်ခဲ့တဲ့ ဩဃလေးဖြာသံသရာကြီးကို ကူးမြောက် နိုင်ကြပါလိမ့်မည်-ဟု ဒေသနာတော်မှာ အဓိပ္ပါယ်လာချေသည်။

ဤသို့ ဒေသနာပါဠိလာရှိသည်နှင့်အညီ ဘုရား,တရား,သံဃာ ရတနာမြတ်သုံးပါးတို့အား အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရသော ရတနတ္တယပဏာမ ပူဇာဝန္ဒ ကုသိုလ်ကံစေတနာတို့ကြောင့် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းအဝဝ အာယု,ဝဏ္ဏ,သုခ,ဗလလေး၀အကျိုး နေ့တိုင်းတိုးလျက် ကောင်းကျိုးတွေ့ရ ချမ်းသာကြ၍ ဆောက်တည်လတ္တံ့သော ဝိဝဋ္ဋနိဿိတသီလ၊ ယင်းသီလကို အခြေပြု၍ ရအပ်သော သမာဓိ၊ ယင်းသမာဓိကို အခြေပြု၍ ရအပ်သောပညာ၊ ဤသီလ,သမာဓိ,ပညာ သိက္ခာသုံးရပ် ဥတ္တမပဋိပတ်ဖြင့် ဩဃလေးဖြာ သံသရာမှ မြန်မကြာ ကူးမြောက်နိုင်ကြသည်ဖြစ်စေ....။

---

## ဆင်းရဲချုပ်ပျောက် နိဗ္ဗာန်ရောက် ဆုပေး

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊
ဒုက္ခံ တိဋ္ဌတိ ဝေတိစ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊
နာညံ ဒုက္ခာ နိရုဇ္ဈတိ။
(သံယုတ္တနိကာယ် သဂါထာဝဂ္ဂ ဘိက္ခုနိသံယုတ် ဝဇိရာသုတ်)

ဒုက္ခမေဝ၊ ရုပ်,ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ဒုက္ခတရားသည် သာလျှင်။ သမ္ဘောတိ၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာ၏။ ဒုက္ခံဝေ၊ရုပ်, ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ဒုက္ခတရားသည်သာလျှင်။ တိဋ္ဌတိစ၊ ခဏဋ္ဌိ, ပဗန္ဓဋ္ဌိအားဖြင့် တည်လည်းတည်၏။ ဝေတိစ၊ ခဏနိရောဓ, စုတိနိရောဓအားဖြင့် ချုပ်လည်းချုပ်ပျက်၏။ ဒုက္ခာ၊ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ဒုက္ခတရားကို။ အညတြ၊ ကြဉ်ထား၍။ အညော၊ ခန္ဓာငါးပါး ဒုက္ခတရားမှ တပါးသော ပုဂ္ဂိုလ် သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမဟု ခေါ်ဆိုအပ်သော တစုံတခုသော တရားသဘောသည်။ နသမ္ဘောတိ၊ မဖြစ်။ ဒုက္ခာ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ဒုက္ခတရားမှ။ အညံ၊ တမျိုးတခြား တပါးသော ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမဟု ခေါ် ဆိုအပ်သော တစုံတခုသော တရားသဘောသည်။ နနိရုဇ္ဈတိ၊ မချုပ်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ ယခုအခါ သမ္မာဒိဋ္ဌိဂုဏ်ထူးရှိကုန်သော သူတော်ကောင်း အပေါင်းတို့သည် ရုပ်, ဝေဒနာ, သညာ,သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ဒုက္ခတရားတို့၏ ကင်းပြတ် ချုပ်ငြိမ်း ရုပ်သိမ်း အေးမြရာ မဟာအသခ်တဓာတ် နိဗ္ဗာန် ရွှေပြည် မြတ် သို့ ရောက်လိုသော ဆန္ဒဖြင့် ဘုရား,တရား,သံဃာ ရတနာမြတ်သုံးပါးတို့ အား အာမိသပူဇာ,

ခမ္မပူဇာတို့ဖြင့် ပူဇော်ကြကုန်၏။ ဤသို့ ပူဇော်ရသော ကောင်းမှုကြောင့် ယခုဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝ ပစ္ဆိမစိတ္တက္ခဏကျအောင် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းအဖြာဖြာ မင်္ဂလာကြက်သရေ အထွေထွေအဝဝ တိုးတက်ကြ ကုန်သည်သာဖြစ်၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ဒုက္ခသစ္စာတရား၊ ယင်း ဒုက္ခသစ္စာတရားကို ဖြစ်ပွားစေတတ်သော ရှေးဘဝက တဏှာဟုဆိုအပ်သော သမုဒယသစ္စာတရား၊ ယင်းသစ္စာနှစ်ပါးတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာသို့ မဂ္ဂင်ရှစ်ပါး အကျင့်တရား ဟု ဆိုအပ်သော မဂ္ဂသစ္စာဖြင့် ရောက်လှမ်းကြသည်ဖြစ်စေ။

ဒုက္ခန္တိ ပဋ္ဌက္ခန္ဓဒုက္ခံ။ (အဋ္ဌကထာ)

---

## သန္ဓေမနေရ မသေရကြောင်း ဆုပေး

පုနပ္ပုနံ ဇာယတိ မိယတိစ၊
ပုနပ္ပုနံ သိဝထိကံ ဟရန္တိ။
မဂ္ဂဥ္စ လဒ္ဓါ အပုနဗ္ဘဝါယ၊
နပုနပ္ပုနံ ဇာယတိ ဘူရိပညော။

(သံယုတ္တနိကာယ် သဂါထာဝဂ္ဂ ဗြာဟ္မဏသံယုတ် ဥဒယသုတ်)

ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇာယတိစ၊ ပဋိသန္ဓေလည်း နေရ၏။ မိယတိစ၊ သေလည်းသေရ၏။ ပုနပ္ပုနံ၊အဖန်ဘလဲလဲ။ သိဝထိကံ၊ သုသာန်သင်္ချိုင်းသို့။ ဟရန္တိ၊ ပို့ဆောင်ကြရကုန်၏။ ဘူရိပညော၊

ပညာကြီးသောသူသည်။ အပုနဗ္ဘဝါယ၊ ဘဝသစ်၌ တဖန်မဖြစ်ရခြင်း၏။မဂ္ဂဉ္စ၊ အကြောင်းဖြစ်သော နိဗ္ဗာန်ကိုလည်း။လဒ္ဓါ၊ ရ၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ နဇာယတိ၊ ပဋိသန္ဓေမနေရ။

နိဗ္ဗာန်ကိုမရသေးတဲ့ သတ္တဝါတိုင်းပင် အဖန် တ လဲလဲ ပဋိသန္ဓေလည်း နေ ရ တ ယ်၊ သေ လည်း သေ ရ တ ယ်၊ သေ တိုင်း သေတိုင်းပင် သုသာန်သင်္ချိုင်းသို့ ပို့ဆောင်ကြရတယ်၊ နိဗ္ဗာန်ကိုရသွားတဲ့ပညာရှိပုဂ္ဂိုလ်သည်ကား ပဋိသန္ဓေလည်းမနေရ၊သေလည်းမသေရ ဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည် နှင့် အ ညီ- သုံး လီ သော ရတနာကို ရိုသေစွာ ရှိခိုး ရသော ပဏာ မ ကု သိုလ် စေတနာ၊ ဆောက်တည် လတ္တံ့သော သီလကုသိုလ် စေတနာ၊ ဘဝတပါး ပြောင်းသွား ကွယ်လွန်လေပြီးသော ( သူ )ကို ရည်စူး၍ ပေးလှူ အပ်သော ဒါနကုသိုလ်စေတနာ၊ သေခြင်းတရားကို အောက်မေ့ ဆင်ခြင်ရခြင်း မရဏာဿတိ ကုသိုလ်စေတနာ၊ သူတော်ကောင်း တရားကို နာကြားရခြင်း ဓမ္မဿဝန ကု သိုလ် စေ တ နာ၊ ဤသို့ ပေါင်းအပ် များမြတ်သော ကုသိုလ်စေတနာတို့ကြောင့် အနိဋ္ဌ ရန်စွယ် အန္တရာယ်အပေါင်း မကောင်းဟူသမျှ ကင်းဝေးကြ၍ အာယု, ဝဏ္ဏ, သုခ, ဗလ လေးဝအကျိုး နေ့ တိုင်း တိုး လျက် ကောင်း ကျိုး သေ သ အကြွင်းမဲ့ဖြင့် ပဋိ သ န္ဓေ လ ည်း မနေရ, သေလည်းမသေရသော နိဗ္ဗာန်ကို ရကြသည်ဖြစ်စေ။

## ကျောင်း၊ ကန်၊ ဘုရားသွား အကျိုးများ ဆုပေး

သတံဟတ္ထိ သတံအဿာ၊
သတံ အဿတရီ ရထာ။
သတံ ကညာ သဟဿာနိ၊
အာမုက္က မဏိကုဏ္ဍလာ။
ကေဿ ပဒဝီတိဟာရဿ၊
ကလံ နဂ္ဃန္တိ သောဠသိံ။
(သံယုတ္တနိကာယ် သဂါထာဝဂ္ဂ ယက္ခသံယုတ် သုဒတ္တသုတ်)

သတံသဟဿာနိ၊ သချာတွက်ကိန်း တသိန်း အရေအတွက် ရှိကုန်သော။ ဟတ္ထိ၊ ဆင်တို့သည်ငင်း။ သတံသဟဿာနိ၊ သချာ တွက်ကိန်း တသိန်း အရေအတွက် ရှိကုန်သော။ အဿာ၊ မြင်းတို့ သည်ငင်း။ သတံသဟဿာနိ၊ သချာတွက်ကိန်း တသိန်း အရေ အတွက်ရှိကုန်သော။ အဿတရီ၊ အဿတိုရ်မြင်း ကခြင်း ရှိကုန် သော။ ရထာ၊ ရထားတို့သည်ငင်း။ သတံသဟဿာနိ၊ သချာ တွက်ကိန်း တသိန်းအရေအတွက် ရှိကုန်သော။ အာမုက္က မဏိ ကုဏ္ဍလာ၊ ဝတ်ဆင်ထားသည့် ပတ္တမြားနားတောင်း ရှိကုန်သော။ ကညာ၊ ဇမ္ဗူကျွန်းခွင် မြေအပြင်ဝယ် ဂုဏ်အင်လွန်ကြီး မင်းသမီး ငယ်တို့သည်ငင်း။(ဝိဟာရံ၊ ဘုရားစသားသူမြတ်များတို့ ပျော်ပါး ခိုမှီး ကျောင်းတော်ကြီးသို့။ ဂစ္ဆန္တဿ၊ ဘုရားဖူးရန်၊ တရားနာရန်၊ ဆီမီး ပူဇော်ရန်၊ ပန်းပူဇော်ရန်၊ သံဃာ ပင့်ရန်၊ သီလ ယူရန် သွားသော သူ၏။) ကေဿ၊ တခုသော။ ပဒဝီတိဟာရဿ၊ ခြေ လှမ်း၏။ ဝါ၊ ကေဿပဒဝီတိဟာရဿ၊ ခြေတလှမ်း အတွင်း၌

ဖြစ်သော ကုသိုလ်စေတနာ၏။ သော၁ဌသိ၊ တဆယ့်ခြောက်စိတ် မြောက် ဖြစ်သော။ကလံ၊အစိတ်အချို့အဘို့ကို။ နာဂ္ဃတ္တိ နအဂ္ဃတ္တိ၊ မမှိမလိုက် တန်ဘိုးမထိုက်ကုန်။

ဆင်ပေါင်း တသိန်း, မြင်းပေါင်း တသိန်း, အဿတိုရ်မြင်း ကသော ရထားပေါင်း တသိန်း, ပတ္တမြား နားဒွောင်း ဝတ်ဆင် ထားတဲ့ ဇမ္ဗူဒိပ်ကျွန်းအပြင်မှာရှိတဲ့ မင်းသမီးငယ်ပေါင်း တသိန်း ဤလေးသိန်းတို့ကို ရသောတန်ဘိုးဟာ ကျောင်းသို့သွား၍ မဂ်, ဖိုလ်ကိုရလတ္တံ့သောသူ၏ရင်း၊ ဘုရားဖူးရန်, တရားနာရန်, ဆီမီး ပူဇော်ရန်, ပန်းပူဇော်ရန်, သံဃာပင့်၍ အလှူပေးရန်, သရဏဂုံ ဆောက်တည်ရန်, ငါးပါးသီလ ဆောက်တည်ရန်, ရှစ်ပါးသီလ ဆောက်တည်ရန်ရည်ရွယ်ပြီး ကျောင်းသို့သွားသောသူ၏ရင်း ခြေ တလှမ်းကို တဆယ့်ခြောက်စိတ် စိတ်ပြီး တစိတ်သော အဘို့၌ ဖြစ်သော ကုသိုလ်စေတနာလောက် အဘိုးမထိုက်-ဟု ဒေသနာ တော်မှာ အမိန့်ပွာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ-ယခုအခါ သမ္မာဒိဋ္ဌိ ဂုဏ်ထူးရှိတဲ့ သူတော်ကောင်း အပေါင်းတို့သည် သဒ္ဓါစိတ်ထား ဖြင့် ထံတော်ပါးသို့ သွားကာမျှပင် အဘိုးမဟာဂ္ဃ အကျိုးရသည့် ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား သဒ္ဓါပသန္န သဏ္ဍစ္စဖြင့် တုပ်ကုန်ရှိကျိုး မြတ်နိုးကော်ရော် ပူဇော်ကန်တော့ကြ ကုန်၏၊ ဤသို့ ပူဇော် ကန်တော့ ရသော ကောင်းမှုကြောင့် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ကိုယ်အားဉာဏ်အား နှစ်ပါး

တိုးပွားခြင်း, သေသည်၏ အခြားမဲ့၌ နတ်ပြည်၌ ဖြစ်ရခြင်း, မဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရခြင်းတည်းဟူသော မဟဂ္ဃအကျိုး အမျိုးမျိုးကို ကိုယ်စီကိုယ်င ရရှိကြသည်ဖြစ်စေ....။

---

## ဂုဏ်တော်အောက်မေ့ ဘေးမတွေ့ ဆုပေး

ဧဝံ ဗုဒ္ဓံ သရန္တာနံ၊
ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊
လောမဟံသော န ဟေဿတိ။
(သံယုတ္တနိကာယ် သဂါထာဝဂ္ဂ သက္ကသံယုတ် ဓဇဂ္ဂသုတ်)

ဘိက္ခဝေါ၊ သံသရာဘေးလာမည့်အရေးကို မြော်တွေးရှုငြား အို-ချစ်သားတို့။ ဧဝံ၊ ဤသို့။ ဗုဒ္ဓဉ္စ၊ အရဟာတာ အစလာသည့် ကိုးဖြာဂုဏ်ရှင် သဗ္ဗညုဘုရားသခင်ကိုရင်း။ ဓမ္မဉ္စ၊ သွာက္ခာတတာ အစလာသည့် ခြောက်ဖြာဂုဏ်ကပ် မဂ်,ဖိုလ်,နိဗ္ဗာန် ဓမ္မက္ခန် ဟု ဆယ်တန်သော တရားတော်မြတ်ကိုရင်း။ သံဃဉ္စ၊ သုပ္ပဋိပန္နတာ အစလာသည့် ကိုးဖြာဂုဏ်ရှင် ရှစ်ခွင်အရိယာမြတ်သံဃာကိုရင်း။ သရန္တာနံ၊ နေ့,ညမမေ့ အောက်မေ့အမှတ်ရကုန်သောသင်တို့အား။ ဘယံဝါ၊ ကြောက်ရွံ့ထိတ်လန့်ခြင်း စိတ္တုတြာသ ဘေးသည်ရင်း။ ဆမ္ဘိတတ္တံဝါ၊ ကြောက်ရွံ့ ထိတ်လန့်ခြင်းကြောင့်ဖြစ်သော ကိုယ် အလုံး တုန်လှုပ်ခြင်းသည်ရင်း။ လောမဟံသောဝါ၊ ကြောက်ရွံ့ ထိတ်လန့်ခြင်းကြောင့် ဖြစ်သော ကြက်သီးမွေးညှင်း ရှင်ထခြင်း သည်ရင်း။ နဟေဿတိ၊ မုချစင်စစ် မဖြစ်လတ္တံ့ သည်ပင်တည်း။

သဗ္ဗညုဘုရားသခင်သည်....

* အရဟံဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* သုဂတဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* လောကဝိဒူဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* သတ္ထာဒေဝ မနုဿာန ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* ဘဂဝါဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

မဂ်, ဖိုလ်, နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သောတရားတော်မြတ်သည်—

* သွာက္ခာတဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* သန္ဒိဋ္ဌိကဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* အကာလိကဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* ဧဟိပဿိကဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* ဩပနေယျိကဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

မဂ်ပုဂ္ဂိုလ်လေးယောက်, ဖိုလ်ပုဂ္ဂိုလ်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာသည်-

* သုပ္ပဋိပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* ဥဇုပ္ပဋိပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* ဉာယပ္ပဋိပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* သာမီစိပ္ပဋိပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* အာဟုနေယျဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* ပါဟုနေယျဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* ဒက္ခိဏေယျဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* အဉ္ဇလိကရဏီယဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။
* အနုတ္တရပုညက္ခေတ္တဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

ဤကဲ့သို့ ရတနာသုံးပါး ဂုဏ်တော်များကို နှုတ်ဖြင့် ရွတ်ဆို, ကိုယ်ဖြင့်ရှိခိုး, စိတ်ဖြင့်အောက်မေ့ဆင်ခြင်ပြီး နေရမည့်တဲ့၊ ဒီလိုနေတဲ့ သူတော်ကောင်းတိုင်းပင် ကြောက်ရွံ့ ထိတ်လန့်ခြင်း စိတ္တုတြာသဘေး၊ ကိုယ်အလုံးတုန်လှုပ်ခြင်း ဘယဆမ္ဘိတတ္တ၊ ကြက်သီးမွေးညှင်းရှင်ထခြင်း ဘယလောမဟံသနတို့ မဖြစ်နိုင်ဟု ဒေသနာတော်မှာ အမိပ္ပာယ်လာချေသည်။

ဤသို့ဒေသနာပါဠိလာရှိသည်နှင့်အညီ-ယခုသမ္မာဒိဋ္ဌိဂုဏ်ထူးရှိကုန်သော ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည် ဘုရား,တရား,သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို လေးစားကြည်ညိုကြကုန်သည်ဖြစ်၍ ကာယပဏာမ, ဝစီပဏာမ, မနောပဏာမတို့ဖြင့် အလီလီ ပူဇော်ကြကုန်၏။ ဤသို့ ပူဇော်

ရသော ကောင်းမှုကြောင့် ကြောက်ရွံ့ ထိတ်လန့်ခြင်း စိတ်တုန်လှုပ်ခြင်း ဘယဆန္ဒိတတ္တ၊ ကြက်သီးမွေးညင်းရှင်ထခြင်း ဘယလောမဟံသနတို့ မဖြစ်မူဘဲ ကိုယ်ရော စိတ်ပါချမ်းသာကြကုန်သည်ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်းသူတော်ကောင်းတရားကို ဘဝမခြား ကြိုးစားအားထုတ်နိုင်လွယ်ကြသည် ဖြစ်စေ....။

---

## သရဏဂုံတည်မြဲ ကျိုးလွန်ကဲ ဆုပေး

* သာဓု ခေါ ဒေဝါနမိန္ဒ ဗုဒ္ဓသရဏဂမနံ ဟောတိ၊ ဗုဒ္ဓသရဏဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။

* သာဓု ခေါ ဒေဝါနမိန္ဒ ဓမ္မသရဏဂမနံ ဟောတိ၊ ဓမ္မသရဏဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။

* သာဓု ခေါ ဒေဝါနမိန္ဒ သံဃသရဏဂမနံ ဟောတိ၊ သံဃသရဏဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။

* တေ အညေ ဒေဝေ ဒသဟိ ဌာနေဟိ အဓိဂဏှန္တိ ဒိဗ္ဗေန အာယုနာ ဒိဗ္ဗေန ဝဏ္ဏေန ဒိဗ္ဗေန ယသေန

ဒိဗ္ဗေန အာဒိပတေယျေန ဒိဗ္ဗေဟိ ရူပေဟိ ဒိဗ္ဗေဟိ
သဒ္ဒေဟိ ဒိဗ္ဗေဟိ ဂန္ဓေဟိ ဒိဗ္ဗေဟိ ဖောဋ္ဌဗ္ဗေဟိ။

[(သံယုတ္တနိကာယ် သဠာယတနဝဂ္ဂ မောဂ္ဂလ္လာနသံယုတ်သက္ကသုတ်)]

သဠာယတနဝဂ် မောဂ္ဂလ္လာနသံယုတ် ပါဠိတော်မှာ ဤဒေသနာလာတယ်၊ ဤဒေသနာတော်၏ ဆိုလိုရင်း အကျဉ်း အဓိပ္ပာယ်ကား—

ဘုရား, တရား, သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို ကိုးကွယ် ဆည်းကပ် အသိအမှတ် ပြုရခြင်းသည် ချမ်းသာများကြောင်း အလွန်ကောင်းတဲ့ ကုသိုလ်တရပ်ပင် ဖြစ်တယ်၊ ဤလောကမှာ အချို့သော သတ္တဝါတွေဟာ ရတနာသုံးပါး ဂုဏ်တော်များကို ကိုးကွယ်ဆည်းကပ် အသိအမှတ် ပြုကြပြီး သေသည်၏အခြားမဲ့မှာ ချမ်းသာများရာနတ်တို့ရွာသို့ လားရောက်ကြရတယ်၊ ရတနာသုံးပါး ဂုဏ်တော်များကို ကိုးကွယ်ဆည်းကပ် အသိအမှတ်ပြုခဲ့တဲ့နတ်တွေဟာ တပါးသော နတ်တွေထက် အသက် လည်း ပိုရှည်တယ်၊ အဆင်းလည်း ပိုလှတယ်၊ ချမ်းသာမှုလည်း ပိုတယ်၊ အခြံအရံလည်းပိုတယ်၊ အစိုးရခြင်းလည်းပိုတယ်၊ ရူပါရုံလည်း သာတယ်၊ သဒ္ဒါရုံလည်း သာတယ်၊ ဂန္ဓာရုံလည်း သာတယ်၊ ရသာရုံလည်းသာတယ်၊ ဖောဋ္ဌဗ္ဗာရုံလည်း သာတယ်၊ ဒီဆယ်ဌာနမှာ အပိုအသာရတယ်ဟု ဆိုတယ်။

ဤသို့သောပါဠိ လာရှိသည်နှင့်အညီ- သုံးလီသောရတနာကို ကိုးကွယ်ရာမှတ် မှီဝဲဆည်းကပ် အသိအမှတ်ပြု ရှိသေစွာရှိခိုး ရသောကောင်းမှုကြောင့် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကိုယ်၏

ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံခြင်း၊ **စည်းပွား** ချမ်းသာ တိုးတက်ခြင်း၊ **သေသောအခါ** နတ်ပြည် **လားရခြင်း၊** အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာများခြင်း, အခြံအရံ များခြင်း, အစိုးရခြင်း၊ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ တို့နှင့် သာလွန် ပြည့်စုံခြင်း၊ မဂ်, ဖိုလ်,နိဗ္ဗာန်ကို ရခြင်း ဟူသော မွန်မြတ်သော လောကီအကျိုးစီးပွား၊လောကုတ္တရာအကျိုးစီးပွား တို့ကို ကိုယ်စီကိုယ်င ရရှိကြသည်ဖြစ်စေ....။

(ရတနတ္တယပဏာမ စေတနာသည် အန္တရာယ်ကို ပယ်သတ်ခြင်းအစ, အနုပါဒိသေသနိဗ္ဗာန် တိုင်အောင် အကျိုးများကို ပေးစွမ်းနိုင်သည်။)

---

## ဒုက္ခပိုင်းခြား သိဉာဏ်ပွား ဆုပေး

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဗ္ဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

(သံယုတ္တနိကာယ် မဟာဝဂ္ဂ သစ္စသံယုတ် ဓမ္မစက္ကပ္ပဝတ္တနသုတ်)

ဇာတိပိ၊ပဋိသန္ဓေတည်နေရခြင်းသည်လည်း။ဒုက္ခာ၊ဆင်းရဲ၏။ ဇရာပိ၊ ဆံဖြူ,သွားကျိုး ဆိုးရွား ဟောင်းမြင်း အိုမင်းရခြင်း သည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ မအီမသာ ကျင်နာ ထန်ပြင်း ဖျားနာရခြင်းသည်လည်း။ ဒုက္ခော၊ဆင်းရဲ၏။ မရဏမ္ပိ၊ ချုပ်,နာမ် ပျက်သွေ ခန္ဓ ကြွေ၍ သေရခြင်း သည်လည်း။ ဒုက္ခံ၊

ဆင်းရဲ၏။ အပ္ပိယေဟိ၊ မချစ်ခင်မစုံမက် မနှစ်သက်အပ်ကုန်သော သတ္တဝါ သင်္ခါရတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ပေါင်းသင်း နေထိုင်ရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်ခင်စုံမက် နှစ်သက်အပ်ကုန်သော သတ္တဝါသင်္ခါရတို့နှင့်။ဝိပ္ပယောဂေါ၊သေ ကွဲ၊ ရှင်ကွဲ မပေါင်းဖော် မယှဉ်တွဲရခြင်းသည်။ ဒုက္ခော၊ဆင်းရဲ၏။ ယမ္ပိစ္ဆံ၊ အကြင်အိုခြင်းသဘောသည် ငါ့အား မဖြစ်ပါစေလင့်၊ နာခြင်းသဘောသည် ငါ့အားမဖြစ်ပါစေလင့်၊ သေခြင်းသဘော သည် ငါ့အား မဖြစ်ပါစေလင့် စသည်ဖြင့် တောင့်တခြင်းကို။ နလဗ္ဘတိ၊ မရအပ်။ တမ္ပိ၊ ထိုသို့ တောင့်တသို့မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊အကျဉ်းအားဖြင့်။ ပဉ္စ၊ ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် အားဖြင့် ငါးပါးကုန်သော။ ဥပါဒါ နက္ခန္ဓာ၊ ဥပါဒါန်၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

ပဋိသန္ဓေ နေရခြင်းဒုက္ခသစ္စာ၊ အိုရခြင်းဒုက္ခသစ္စာ၊ နာရခြင်း ဒုက္ခသစ္စာ၊ သေရခြင်းဒုက္ခသစ္စာ၊ မချစ်မနှစ်သက်သော သတ္တဝါ သင်္ခါရတို့နှင့်အတူတကွနေထိုင် ရခြင်းဒုက္ခသစ္စာ ချစ်ခင်နှစ်သက် သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းရခြင်းဒုက္ခသစ္စာ၊ ငါ့အား အိုခြင်းသဘော, နာခြင်းသဘော, သေခြင်းသဘောသည် မဖြစ် ပါစေလင့်စသည်ဖြင့် တောင့်တသို့ မရခြင်း ဒုက္ခသစ္စာ၊ အကျဉ်း အားဖြင့် ဥပါဒါန်၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါးလုံး ဒုက္ခသစ္စာ၊ ဒီ ဒုက္ခသစ္စာ တရားတွေဟာ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝ တဏှာဆိုတဲ့ တဏှာသုံးပါး သမုဒယသစ္စာတရားကြောင့်ဖြစ်ပေါ် လာရတယ်၊ ဒီဒုက္ခသစ္စာ,သမုဒယသစ္စာနှစ်ပါးတို့မဖြစ်ပေါ်ခြင်း,

ချုပ်ငြိမ်း အေးမြခြင်း နိဗ္ဗာန်သည် နိရောဓသစ္စာ မည်တယ်၊ ဒီ နိရောဓသစ္စာသို့ရောက်ကြောင်းမဇ္ဈိမပဋိပဒါသမ္မာပဋိပတ်အကျင့် မြတ်ဖြစ်တဲ့—

* မှန်ကန်စွာ မြင်ခြင်း၊
* မှန်ကန်စွာ ကြံခြင်း၊
* မှန်ကန်စွာ ဆိုခြင်း၊
* မှန်ကန်စွာ ပြုလုပ်ခြင်း၊
* မှန်ကန်စွာ အသက်မွေးခြင်း၊
* မှန်ကန်စွာ အားထုတ်ခြင်း၊
* မှန်ကန်စွာ အောက်မေ့ခြင်း၊
* မှန်ကန်စွာ တည်ကြည်ခြင်း။

ဤမဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်တယ်၊ ဤသစ္စာလေးတန် ကို ရတနာသုံးပါးအား ရှိခိုးရသော ကုသိုလ်စေတနာ၊ ပေးလှူ အပ်သော ဒါနကုသိုလ်စေတနာ၊ ဆောက်တည်အပ်သော သီလ ကုသိုလ်စေတနာ၊ ပွားများအပ်သော ဘာဝနာကုသိုလ်စေတနာ၊ ဤသို့ပေါင်းအပ် များ မြတ်သော ကုသိုလ် စေတနာတို့၏ အစွမ်း သတ္တိကြောင့် သစ္စာဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်, တဆယ့်နှစ်တန် သော အခြင်းအရာအားဖြင့် ကောင်းစွာပိုင်ပိုင် ထိုးထွင်း သိမြင် နိုင်လွယ်ကြသည်ဖြစ်စေ....။

ကာမတဏှာဒီသု ပဉ္စကာမဂုဏ်ကော ရာဂေါ ကာမ တဏှာနာမ၊ ရူပါရူပဘဝရာဂေါ စျာနနိကန္တိ သဿတ

ဒိဋ္ဌိသဟဂတော ရာဂေါတိ အယံ ဘဝ တဏှာနာမ၊
ဥစ္ဆေဒဒိဋ္ဌိသဟဂတော ရာဂေါ ဝိဘဝတဏှာနာမ။
[သံယုတ်အဋ္ဌကထာ]

ဣဒံ ဒုက္ခံ အရိယသစ္စံ,ဣဒံ ဒုက္ခသာ သမုဒယန္တိ ဧဝံ စတူသု သစ္စေသု ယထာဘူတံ ဉာဏံ သစ္စဉာဏံနာမ၊ တေသုယေဝ ပရိညေယျံ ပဟာတဗ္ဗန္တိ ဧဝံ ကတ္တဗ္ဗကိစ္စံ ဇာနနဉာဏံ ကိစ္စဉာဏံနာမ၊ ပရိညာတံ ပဟာနန္တိ ဧဝံ တဿ ကိစ္စဿ ကတဘာဝဇာနနဉာဏံ ကတဉာဏံနာမ၊
[သံယုတ်အဋ္ဌကထာ]

သစ္စဉာဏ်(၄)ပါး

ဤတေဘူမက ရုပ်,နာမ် သင်္ခါရတရား အပေါင်းသည်ကား- ဒုက္ခသစ္စာတည်း၊ ဤကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ သည်ကား—ဒုက္ခချုပ်ရာ နိရောဓသစ္စာတည်း၊ ဤမဂ္ဂင်ရှစ်ပါး အကျင့်တရားသည်ကား- ဒုက္ခချုပ်ရာ နိရောဓသစ္စာသို့ ရောက်ကြောင်း မဂ္ဂသစ္စာတည်း၊ ဤကဲ့သို့ သစ္စာလေးပါးတို့၌ မဖောက်မပြန် သိသောဉာဏ်သည် သစ္စဉာဏ်မည်၏။

ကိစ္စဉာဏ် (၄)ပါး

ဒုက္ခသစ္စာကို ပိုင်းခြား၍သိအပ်၏။ သမုဒယသစ္စာကိုပယ်အပ်၏။ နိရောဓသစ္စာကို မျက်မှောက်ပြုအပ်၏။ မဂ္ဂသစ္စာကိုပွားများအပ်၏။ ဤကဲ့သို့ သစ္စာလေးပါးတို့၌ ပြုအပ်သော ပရိညေယျကိစ္စ, ပဟာတဗ္ဗကိစ္စ, သစ္ဆိကာတဗ္ဗကိစ္စ, ဘာဝေတဗ္ဗ ကိစ္စကို သိသောဉာဏ်သည် ကိစ္စဉာဏ်မည်၏။

## ကတဉာဏ်(၄)ပါး

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိအပ်ပြီ၊ သမုဒယသစ္စာကို ပယ်အပ်ပြီ၊ နိရောဓသစ္စာကို မျက်မှောက်ပြုအပ်ပြီ၊ မဂ္ဂသစ္စာကို ပွားများအပ်ပြီ၊ ဤကဲ့သို့ သစ္စာလေးပါးတို့၌ ပြုအပ်သော ကိစ္စလေးရပ်ကို ပြုအပ်ပြီးသည်၏ အဖြစ်ကို သိသောဉာဏ်သည် ကတဉာဏ်မည်၏။

---

## အနုဿတိပွားက ချမ်းသာရ ဆုပေး

* ကေဝမ္ပော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ကေန္တနိဗ္ဗိဒါယ ဝိရာဂါယ, နိရောဓာယ, ဥပသမာယ, အဘိညာယ, သမ္ဗောဓာယ, နိဗ္ဗာနာယ သံဝတ္တတိ။

* ကတမော ကေဝမ္ပော ဗုဒ္ဓါနုဿတိ။

* ကတမော ကေဝမ္ပော ဓမ္မာနုဿတိ။

* ကတမော ကေဝမ္ပော သံဃာနုဿတိ။

* အယံ ခေါ ဘိက္ခဝေ ကေဝမ္ပော ဘာဝိတော ဗဟုလီကတော ကေန္တနိဗ္ဗိဒါယ, ဝိရာဂါယ, နိရောဓာယ, ဥပသမာယ, အဘိညာယ, သမ္ဗောဓာယ, နိဗ္ဗာနာယ သံဝတ္တတိ။

(အင်္ဂုတ္တရနိကာယ် ဧကကနိပါတ် ပဌမဧကဓမ္မဝဂ် ဧကဓမ္မပါဠိ)

ဧကကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဤဒေသနာလာတယ်၊ ဤဒေသနာတော်၏ ဆိုလိုရင်း အကျဉ်းအဓိပ္ပာယ်ကား—

* ဘုရားရှင်၏ အရဟတာ အစလာတဲ့ ကိုးဖြာသောဂုဏ်တော်တွေကို ရှိခိုးခြင်း,ရွတ်ဘတ်သရဇ္ဈာယ်ခြင်း, ဆင်ခြင်အောက်မေ့ခြင်း-ဗုဒ္ဓါနုဿတိ။
* တရားတော်၏ သွာက္ခာတတာ အစလာတဲ့ ခြောက်ဖြာသောဂုဏ်တော်တွေကိုရှိခိုးခြင်း,ရွတ်ဘတ်သရဇ္ဈာယ်ခြင်း ဆင်ခြင်အောက်မေ့ခြင်း-ဓမ္မာနုဿတိ။
* သံဃာတော်၏ သုပ္ပဋိပန္နတာ အစလာတဲ့ ကိုးဖြာသောဂုဏ်တော်တွေကို ရှိခိုးခြင်း, ရွတ်ဘတ်သရဇ္ဈာယ်ခြင်း, ဆင်ခြင်အောက်မေ့ခြင်း - သံဃာနုဿတိ။

ဒီတရားသုံးပါးတွင် တပါးပါးကို ပွားများအားထုတ်ပြုလုပ်ခဲ့ပါလျှင် ကြိမ်ဖန်များစွာ အလေ့အလာပြုခဲ့ပါလျှင် ဝဋ္ဋ်အတွင်းမှာ ပျင်းရိငြီးငွေ့ မပျော်မွေ့ခြင်းအကျိုး, ဝဋ္ဋ်ဆင်းရဲ၌ တပ်နှစ်သက်ခြင်းကင်းခြင်းအကျိုး, ဝဋ္ဋ်ဆင်းရဲချုပ်ငြိမ်းခြင်း အကျိုး, ကိလေသာ အပူငြိမ်းအေးခြင်းအကျိုး,ဝိပဿနာဉာဏ်ဖြင့် အထူးသိမြင်ရခြင်းအကျိုး, သစ္စာလေးပါးကို ထိုးထွင်းသိမြင်ရခြင်း အကျိုး, နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုးတို့ကို ရမည်ဟု ဆိုတယ်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ—

သုံးလီသောရတနာ၏ ဂုဏ်တော် ကျေးဇူးတော်တွေကို ရှိခိုးခြင်း,ရွတ်ဘတ်သရဇ္ဈာယ်ခြင်း,ဆင်ခြင်အောက်မေ့ခြင်းကို ပြုကြရသော ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ ကုသိုလ်စေတနာတို့ကြောင့် အနိဋ္ဌဖလ ဒုက္ခဝေဒနာ ရန်ဘယာအသွယ်

သွယ် အန္တရာယ်ကင်းပ၍ ဣဋ္ဌဖလ သုခဝေဒနာ အဖြာဖြာ အထွေထွေ ကြက်သရေ မင်္ဂလာ အခါခါ ရကြပြီးလျှင် ဝဋ်အတွင်းမှာ ပျင်းရိငြီးငွေ့ မပျော်မွေ့ခြင်းအကျိုး, ဝဋ်ဆင်းရဲ၌ တပ်နှစ်သက်ခြင်း ကင်းခြင်းအကျိုး, ဝဋ်ဆင်းရဲ ချုပ်ငြိမ်းခြင်း အကျိုး, ကိလေသာ အပူငြိမ်းအေးခြင်း အကျိုး, ဝိပဿနာဉာဏ်ဖြင့် အထူးသိမြင်ရခြင်း အကျိုး, သစ္စာလေးပါးကို ထိုးထွင်းသိမြင်ရခြင်း အကျိုး, နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုးတို့ကို ကိုယ်စီကိုယ်င ဆောလျင်စွာ ရကြသည်ဖြစ်စေ....။

---

## သီတင်းနေ့တိုင်း ဉပုသ်စောင့်ရန် ဆုပေး

စာတုဒ္ဒသိံ ပဥ္စဒသိံ၊
ယာစ ပက္ခဿ အဋ္ဌမီ။
ပါဋိဟာရိယပက္ခဉ္စ၊
အဋ္ဌင်္ဂသုသမာဂတံ။
ဥပေါသထံ ဥပဝသေယျ၊
ယောပ-ဿ မာဒိသော နရော။

[(အင်္ဂုတ္တရနိကာယ်တိကနိပါတ် ဒေဝဒူတဝဂ် စာတုမဟာရာဇသုတ်)]

ယောပိနရော၊ အကြင်သူသည်လည်း။ မာဒိသော၊ ငါကဲ့သို့ပင် ရဟန္တာ၏အဖြစ်ကို လိုချင်သောသဘောရှိသည်။ အဿ၊ ဖြစ်ရာ၏။ သောပိနရော၊ ထိုသူသည်လည်း။ ပက္ခဿ၊ လဆန်းလဆုတ်ပက္ခ၏။ စာတုဒ္ဒသိံစ၊ တဆယ့်လေးရက်မြောက်နေ့၌ ၎င်း။ ပဥ္စဒသိံစ, တဆယ့်ငါးရက်မြောက်နေ့၌၎င်း။ ယာအဋ္ဌမီ၊

အကြြင်ရှစ်ရက်မြောက်နေ့သည်။ အတ္ထိ၊ ရှိ၏။ တဿံအဌမိယံစ၊ ထိုရှစ်ရက်မြောက်နေ့၌ရှင်း။ ပါဋိဟာရိယပက္ခဥ္စ၊ ပါဋိဟာရိယ ပက္ခဥပုသ်နေ့၌ရှင်း။အဌင်္ဂသုသမာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ သော။ ဥပေါသထံ၊ ဥပုသ်သီလကို။ ဥပဝသေယျ၊ ဆောက်တည် ရှင်ပြုံးကျင့်သုံးရာ၏။

အာသဝေါကုန်းခန်း ရဟန္တာ၏အဖြစ်ကို လိုချင်တဲ့ ပုဂ္ဂိုလ် တိုင်းပင် လဆန်းရှစ်ရက်, လဆုတ် ရှစ်ရက်နေ့များ၌ရှင်း၊ လဆန်း တဆယ့်လေးရက်, လဆုတ် တဆယ့်လေး ရက် နေ့ များ ၌ ရှင်း၊ လဆန်းတဆယ့်ငါးရက်, လဆုတ် တဆယ့်ငါးရက်နေ့များ၌ရှင်း၊ ဝါတွင်းသုံးလပတ်လုံးရှင်း၊ သို့မဟုတ် သီတင်းကျွတ် လဆုတ် ပက္ခ, တန်ဆောင်မုန်းလဆန်းပက္ခ တလပတ်လုံးရှင်း၊ သို့မဟုတ် သီတင်းကျွတ် လဆုတ် ပက္ခပတ်လုံးရှင်း၊ စောင့်သုံးအပ်သော ပါဋိဟာရိယပက္ခ ဥပုသ်နေ့များ၌ရှင်း ရှစ်ပါးသီလ ဆောက်တည် ရမည်ဟု ဟောတော်မူသည်။

ဤသို့ဟောတော်မူသည်နှင့်အညီ - ယနေ့ယခု ရတနာသုံးပါး ဦးထိပ်ထား၍ ရှစ်ပါးဥပုသ် သီလကို ခံယူဆောက်တည်ရသော ကောင်းမှုကြောင့် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ အသက်ရှည် ခြင်း, အဆင်းလှခြင်း,ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ကိုယ်အား ဉာဏ်အားနှစ်ပါး တိုးပွားခြင်းဟူသော အကျိုးတို့ကိုရကြပြီးလျှင် အာသဝေါကုန်ခန်း ရဟန္တာယောကျ်ား,ရဟန္တာမိန်းမ အဖြစ်ကို လည်း ရကြသည်ဖြစ်စေ....။

## ဘေးကြီးလွှတ်မြောက် နိဗ္ဗာန်ရောက် ဆုပေး

တိဏ္ဏိမာနိ ဘိက္ခဝေ အမာတာ ပုတ္တိကာနိ ဘယာနိ၊
ကတမာနိ တီဏိ၊ ဇရာဘယံ ဗျာဓိဘယံ မရဏဘယန္တိ။
(အင်္ဂုတ္တရနိကာယ် တိကနိပါတ် မဟာဝဂ် ဘယသုတ်)

ဟု ဟောတော်မူသောကြောင့် အမာတာပုတ္တိက အမည်ရတဲ့ ဘေးကြီးသုံးမျိုးရှိတယ်။

၁။ အိုဘေးကြီး၊

၂။ နာဘေးကြီး၊

၃။ သေဘေးကြီး၊

ဒီဘေးကြီးသုံးမျိုးမှာ အမေကလည်း သားကိုမကယ်နိုင်၊ သားကလည်း အမေကိုမကယ်နိုင်ခြင်းကြောင့် အမာတာပုတ္တိက အမည်ရတယ်တဲ့၊ အမေကလည်း အိုမင်းမစွမ်း ဖြစ်နေတဲ့သား, နာမကျန်းဖြစ်နေတဲ့သား, သေဆုံးသွားတဲ့သားကိုမြင်လျှင် ချစ်ခင်သော စိတ်ထားဖြင့် သား၏ကိုယ်စား အမေအိုပါရစေ၊ သား၏ကိုယ်စား အမေနာပါရစေ၊ သား၏ကိုယ်စား အမေသေပါရစေ၊ ငါ့သား မအိုပါစေလင့်၊ ငါ့သား မနာပါစေလင့်၊ ငါ့သားမသေပါစေလင့်ဟု စောင့်ရှောက်ကယ်မခြင်းငှာ မစွမ်းနိုင်ဘူးတဲ့၊ သားကလည်း အိုမင်းမစွမ်းဖြစ်နေတဲ့ အမေ, နာမကျန်းဖြစ်နေတဲ့အမေ, သေဆုံးသွားတဲ့ အမေကိုမြင်လျှင် ချစ်ခင်သော စိတ်ထားဖြင့် အမေ့ကိုယ်စား သားအိုပါရစေ၊ အမေ့ကိုယ်စား သားနာပါရစေ၊ အမေ့ကိုယ်စား သားသေပါရစေ၊ ငါ့အမေ မအိုပါစေလင့်၊ ငါ့အမေမနာပါစေလင့်၊ ငါ့အမေမသေပါစေလင့်-ဟု စောင့်ရှောက်ကယ်မခြင်းငှာ မစွမ်းနိုင်ဘူးတဲ့။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ၊ အယံ ခေါ ဘိက္ခဝေ မဂ္ဂေါ အယံ ပဋိပဒါ ဧတေသံ တိဏ္ဏံ အမာတာပုတ္တိကာနံ ဘယာနံ ပဟာနာယ သမတိက္ကမာယ သံဝတ္တတိ။

ဟု ဟောတော်မူသောကြောင့်–

၁။ မှန်ကန်စွာမြင်ခြင်း၊
၂။ မှန်ကန်စွာကြံခြင်း၊
၃။ မှန်ကန်စွာဆိုခြင်း၊
၄။ မှန်ကန်စွာပြုလုပ်ခြင်း၊
၅။ မှန်ကန်စွာ အသက်မွေးခြင်း၊
၆။ မှန်ကန်စွာ အားထုတ်ခြင်း၊
၇။ မှန်ကန်စွာ အောက်မေ့ခြင်း၊
၈။ မှန်ကန်စွာ တည်ကြည်ခြင်း—

ဆိုတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် အမာတာပုတ္တိက အမည်ရတဲ့-

၁။ အိုဘေးကြီး၊
၂။ နာဘေးကြီး၊
၃။ သေဘေးကြီး၊

ဒီဘေးကြီးသုံးမျိုးတို့မှ လွတ်မြောက်ကြောင်းဖြစ်တယ်၊ဤသို့ ဟောတော်မူသောကြောင့် ဘုရား,တရား,သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို ကြည်ညိုမြတ်နိုး ရှိခိုးရသော ပဏာမကုသိုလ်

စေတနာ၊ သေသူ့အတွက် ရည်စူး၍ ပေးလှူအပ်သော ဒါနကုသိုလ်စေတနာ၊ ဆောက်တည်အပ်သော သီလကုသိုလ်စေတနာ၊ သေခြင်းတရားကို အောက်မေ့ဆင်ခြင်ရခြင်း မရဏာနုဿတိ ကုသိုလ်စေတနာ၊ ဤသို့ပေါင်းအပ် များမြတ်သော ကုသိုလ်စေတနာတို့ကြောင့် ယခုဘဝ ယခုအချိန်မှစ၍ နိဗ္ဗာန်ရသည့်ဘဝ ပစ္ဆိမစိတ္တက္ခဏကျအောင် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြကုန်သည်သာဖြစ်၍ အဆုံးဘဝ၌ အဋ္ဌင်္ဂိကမဂ်ကိုရကာ အမာတာပုတ္တိက အမည်ရသော–

၁။ အိုဘေးကြီး၊
၂။ နာဘေးကြီး၊
၃။ သေဘေးကြီး၊

ဤ ဘေးကြီးသုံးမျိုးတို့မှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်စေ....။

---

## သက်ဝင်ယုံကြည် ပါယ်မလားပြီ ဆုပေး

* ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော၊
* ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော၊
* သံဃေ အဝေစ္စပ္ပသာဒေန သမန္နာဂတော၊
အရိယသာဝကော နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ ပေတ္တိဝိသယံ ဝါ ဥပပဇ္ဇိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။
(အင်္ဂုတ္တရနိကာယ် တိကနိပါတ် အာနန္ဒဝဂ် နိဒ္ဒေသကသုတ်)

ဘုရား, တရား, သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို မဖောက်မပြန် အမှန်သိမြင်ပြီး မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း ရှိတဲ့ အရိယာဖြစ်သော တပည့်သည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အပါယ်ရွာသို့ မလားမရောက်နိုင် ဟု ဟောတော်မူသည်။

ဤသို့ ဟောတော်မူသည်နှင့်အညီ- ဘုရား, တရား, သံဃာ, ရတနာသုံးပါး ဂုဏ်တော်များကို အားထားယုံကြည် လောကီ သရဏဂုံ ကိုယ်လုံးထုံရသော ကောင်းမှုကြောင့် ဘေးပ, ရန်ရှင်း အန္တရာယ်ကင်း၍ ကောင်းခြင်းအထွေထွေ ရွှေငွေရတနာ လိုရာဆန္ဒ ပြည့်စုံကြ၍ ထိုမှဆင့်တက် မဂ်သရဏဂုံ ကိုယ်လုံးထုံနိုင်ကြကုန်သည်ဖြစ်၍ ငရဲ, တိရစ္ဆာန်, ပြိတ္တာ အပါယ်ရွာမှ ကောင်းစွာလုလု လွတ်မြောက်နိုင်ကြသည်ဖြစ်စေ....။

---

## အမြတ်၌ကြည်ညိုမှ မြတ်သောအကျိုးရ ဆုပေး

* ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယေ ဘိက္ခဝေ ဓမ္မေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယေ ဘိက္ခဝေ သံဃေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

[အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် စက္ကဝဂ် အဂ္ဂပ္ပသာဒသုတ်]

* ဘိက္ခဝေ၊ သံသရာဘေးလာမည့်အရေးကိုမြော်တွေးရှုငြား အို ချစ်သားတို့။ ယေ၊ အမှတ်မထင် အကြင်သူတို့သည်။ ဗုဒ္ဓေ၊ အရဟတာ အစလာသည့် ကိုးဖြာဂုဏ်ရှင် ဘုရားသခင်၌။ ပသန္နာ၊

သဒ္ဒါထက်ချွန် ကဲလွန်မောက်မို ကြည်ညိုကြကုန်၏။ တော၊ ထို ကိုးဂုဏ်အရှင် ဘုရားသခင်၌ ချစ်ခင်ကြည်ညို သဒ္ဒါစိုက်ကုန်သော သူတို့သည်။ အဂ္ဂေ၊ ပြိုင်ဘက်ကင်းလတ် ပသာဒ ဝတ္ထု အမြတ်၌။ ပသန္နာ၊ သဒ္ဒါမောက်မို ကြည်ညိုသည်မည်ကုန်၏။ အဂ္ဂေ၊ ပြိုင်ဘက်ကင်းလတ် ပသာဒဝတ္ထု အမြတ်၌။ ပသန္နာနံ၊ သဒ္ဒါမောက်မို ကြည်ညိုကြကုန်သော သူတို့အား။ အဂ္ဂေါ၊ ပြိုင်ဘက်ကင်းလတ် မြတ်သော။ ဝိပါကော၊ ကြည်ညိုဆပ္ပွား အကျိုး တရား သည်။ ဟောတိ၊ မုချမသွေဖြစ်ရပေ၏။

* ဘိက္ခဝေ၊ သံသရာဘေးလာမည့်အရေးကိုမြှော်တွေးရှုငြား အိုချစ်သားတို့။ ယေ၊ အမှတ်မထင် အကြင်သူတို့သည်။ ဓမ္မေ၊ သွာက္ခာတတာ အစလာသည့် ခြောက်ဖြာ ဂုဏ်ဟပ် မဂ်, ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်၌။ ပသန္နာ၊ သဒ္ဒါထက်ချွန် ကဲလွန်မောက်မို ကြည်ညို ကြ ကုန်၏။ တော၊ ထို ခြောက်ဂုဏ်ပြည့်ငြား မြတ်တရား၌ လေးစားကြည်ညို သဒ္ဒါစိုက်ကုန်သော သူတို့သည်။ အဂ္ဂေ၊ ပြိုင်ဘက် ကင်းလတ် ပသာဒ ဝတ္ထု အမြတ်၌။ ပသန္နာ၊ သဒ္ဒါမောက်မို ကြည်ညိုသည် မည်ကုန်၏။ အဂ္ဂေ၊ ပြိုင်ဘက်ကင်းလတ် ပသာဒဝတ္ထု အမြတ်၌။ ပသန္နာနံ၊ သဒ္ဒါမောက်မို ကြည်ညို ကြ ကုန် သော သူ တို့ အား။ အဂ္ဂေါ၊ ပြိုင်ဘက် ကင်း လတ် မြတ် သော။ ဝိပါကော၊ ကြည်ညိုဆပ္ပွား အကျိုးတရားသည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။

* ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မြှော်တွေး ရှုငြား အိုချစ်သားတို့။ ယေ၊ အမှတ်မထင် အကြင် သူတို့သည်။ သံဃေ၊ သုပ္ပဋိပန္နတာအစလာသည့် ကိုးဖြာဂုဏ်ရှင် ရှစ်ခွင်အရိယာ

မြတ်သံဃာ၌။ ပသန္နာ၊ သဒ္ဓါထက်ချွန် ကဲလွန်မောက်မို ကြည်ညို ကြကုန်၏။ တေ၊ ထိုကိုးဂုဏ်ပြည့်စွာ ရှစ်သံဃာ၌ ချစ်ကာကြည်ညို သဒ္ဓါစိုကုန်သော သူတို့သည်။ အဂ္ဂေ၊ ပြိုင်ဘက်ကင်းလတ် ပသာဒ ဝတ္ထုအမြတ်၌။ ပသန္နာ၊သဒ္ဓါမောက်မို ကြည်ညိုသည်မည်ကုန်၏။ အဂ္ဂေ၊ ပြိုင်ဘက်ကင်းလတ် ပသာဒဝတ္ထု အမြတ်၌။ ပသန္နာနံ၊ သဒ္ဓါမောက်မို ကြည်ညိုကြကုန်သောသူတို့အား။အဂ္ဂေါ၊ပြိုင်ဘက် ကင်းလတ် မြတ်သော။ ဝိပါကော၊ကြည်ညိုဆပွား အကျိုးတရား သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။

ဒေသနာတော်လာ အဓိပ္ပာယ်သော်ကား—သဒ္ဓါပညာ အထုံ ပါပြီး သမ္မာဒိဋ္ဌိ ဂုဏ်ထူး ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ဘုရား, တရား, သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို လေးစား ကြည်ညို ကြတယ်၊ ဒီပုဂ္ဂိုလ်တွေဟာ ဂုဏ်အမြတ်တွင် ပြိုင်ဘက်ကင်းမြတ်တဲ့ ပသာဒဝတ္ထု အမြတ်ကို လေးစား ကြည်ညိုကြသည် မည်တယ်။ ပသာဒ ဝတ္ထု အ မြတ် ကို လေးစားကြည်ညိုတဲ့ ပုဂ္ဂိုလ်တိုင်းပင် မွန်မြတ်တဲ့ လောကီအကျိုးစီးပွား, လောကုတ္တရာ အကျိုးစီးပွား တို့ကို ရကြတယ်ဟု ဆိုတယ်။

ဤသို့ ဘုရားမြတ်စွာဒေသနာ လာသည်နှင့်အညီ- ယခုအခါ သမ္မာဒိဋ္ဌိ ဂုဏ်ထူးရှိကုန်သော ဒါယကာ, ဒါယိကာမ အပေါင်း သူတော်ကောင်းတို့သည်၊အရဟာဘာဒိဂုဏ်,သွာက္ခာတတာဒိဂုဏ်, သုပ္ပဋိပန္နတာဒိဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဘုရား, တရား, သံဃာရတနာ မြတ်သုံးပါးတို့အား လေးစား ကြည်ညိုကြကုန် သည်ဖြစ်၍ အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြ ကုန်၏။ ဤသို့ ပူဇော်ရသော ကောင်းမှုကြောင့် မျက်မှောက် ဘဝ၌ပင်

**အန္တ**ရာယ်ကင်း ရန်စွယ် ရှင်း၍ ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံခြင်း၊ တမလွန်ဘ၀၌လည်း နတ်ပြည်သို့ လားရခြင်း၊ အသက်ရှည်ခြင်း,အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း၊ အစိုးရခြင်း၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့နှင့် သာလွန်ပြည့်စုံခြင်း၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရခြင်း ဟူသော မွန်မြတ်သော လောကီအကျိုးစီးပွား, လောကုတ္တရာ အကျိုးစီးပွားတို့ကို ကိုယ်စီကိုယ်င ရရှိကြသည်ဖြစ်ခဲ့စ....။

ဤ အဂ္ဂပ္ပသာဒသုတ်၌ ဓမ္မအရာ အရိယာမဂ် နိဗ္ဗာန်မျှသာ ဟောတော်မူသော်လည်း—

နကောဝလဉ္စ အရိယမဂ္ဂေါစေဝ နိဗ္ဗာနဉ္စ၊ အပိစခေါ<br>
အရိယဖလေဟိ သဒ္ဓိံ ပရိယတ္တိဓမ္မောပိ—

ဟု အဋ္ဌကထာမှာ လာသောကြောင့်ရင်း၊

ရာဂဝိရာဂမနေဇမသောကံ၊<br>
ဓမ္မမသင်္ခတမပ္ပဋိကူလံ။<br>
မဓုရ မိမံ ပဂုဏံ သုဝိဘတ္တံ၊<br>
ဓမ္မ မိမံ သရဏတ္တ မုပေဟိ။

ဟု ဆတ္တမာဏဝက ဝိမာနဝတ္ထု ပါဠိတော်၌ ဟောတော်မူသောကြောင့်ရင်း၊ အရိယာဖိုလ်လေးပါး, ပရိယတ္တိဓမ္မပါ ဓမ္မ ဆယ်ပါးလုံးယူပါ၊ "သေဋ္ဌဝစနော ဟောတ္တ အဂ္ဂသဒ္ဒေါ" ဟု ဋီကာဆိုသောကြောင့် အဂ္ဂသဒ္ဒါ ဤနေရာ၌ အမြတ်ဟောယူပါ။

## ဥာဏ်ဖြင့်လျှောက် နိဗ္ဗာန်ရောက် ဆုပေး

ယတ္ထ ခေါ အာဝုသော န ဇာယတိ နဇီယတိ န မီယတိ န စဝတိ န ဥပပဇ္ဇတိ၊ နာဟံ တံ ဂမနေန လောကဿ အန္တံ ဉာတေယျံ ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ၊ န စာဟံ အာဝုသော အပ္ပတွာဝ လောကဿ အန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ၊ အပိစာ ဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောက နိရောဓ ဂါမိနိဉ္စ ပဋိပဒံ။

(အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ရောဟိတဿဝဂ် ရောဟိတဿသုတ်)

အာဝုသော၊ ရောဟိတဿနတ်သား။ယတ္ထ၊ အကြင် ရုပ်,နာမ် သင်္ခါရလောက၏ ဆုံးရာနိဗ္ဗာန်၌။ န ဇာယတိ၊ ပဋိသန္ဓေမနေရ။ န ဇီယတိ၊ မအိုရ။ န မီယတိ၊ မသေရ။ န စဝတိ၊ မစုတေရ။ န ဥပပဇ္ဇတိ၊ ပဋိသန္ဓေမနေရ။ လောကဿ၊ ရုပ်, နာမ် သင်္ခါရ လောက၏။ တံ အန္တံ၊ ထိုဆုံးရာနိဗ္ဗာန်သို့။ ဂမနေန၊ ခြေဖြင့်သွား သဖြင့်။ ဉာတေယျံ၊ သိအပ်၏။ ဒိဋ္ဌေယျံ၊ မြင်အပ်၏။ ပတ္တေယျံ၊ ရောက်အပ်၏။ ဣတိ၊ ဤသို့။ အဟံ ငါဘုရားသည်။ နဝဒါမိ၊ ဟောတော်မမူ။ အာဝုသော၊ရောဟိတဿနတ်သား။ လောကဿ၊ ၏။ အန္တံ၊ ဆုံးရာနိဗ္ဗာန်သို့။ အပ္ပတွာဝ၊ မရောက်မူ၍သာလျှင်။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယံ၊ အဆုံးကိုပြုခြင်းကို။ အဟံ၊ ငါဘုရားသည်။ နဝဒါမိ၊ ဟောတော်မမူ။ အာဝုသော၊ သား။

**အပိစ**၊ စင်စစ်သော်ကား။ သသညိမ့်၊ သညာရှိသော။ သမနကေ၊ စိတ်ရှိသော။ ဗျာမမတ္တေ၊ တလံမျှလောက်သော။ ဣမသ္မိံ ယေဝ ကဠေဝရေ၊ ဤ ခန္ဓာငါးပါး အပေါင်းဖြစ်သော ကိုယ်ကောင်၌ သာလျှင်။ လောကဉ္စ၊ ဒုက္ခသစ္စာ ဖြစ်သော သင်္ခါရ လောကကို ၎င်း။လောကသမုဒယဉ္စ၊ သမုဒယသစ္စာဖြစ်သော သင်္ခါရလောက ဖြစ်ကြောင်းကို၎င်း။ လောကနိရောဓဉ္စ၊ နိရောဓသစ္စာ ဖြစ်သော သင်္ခါရ လောက ချုပ်ခြင်း ကို၎င်း။ လောကနိရောဓ ဂါမိနိ ပဋိပဒဉ္စ၊ မဂ္ဂသစ္စာဖြစ်သော သင်္ခါရလောက၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို၎င်း။ အဟံ၊ သည်။ ပညပေမိ၊ပညတ် ဟောကြားပါ၏။

သင်္ခါရလောက၏ အဆုံးမှာ နိဗ္ဗာန်ရှိတယ်၊ အဲဒီ နိဗ္ဗာန်မှာ ပဋိသန္ဓေမနေရ, မအိုရ, မနာရ,မသေရဘူး၊ အဲဒိနိဗ္ဗာန်သို့ 'ကာယဂမန'ခြေဖြင့်သွားလို့တော့ မရောက်နိုင်ဘူးတဲ့၊ နိဗ္ဗာန်သို့မရောက်သေးသမျှ ဝဋ္ဋဆင်းရဲလည်းမဆုံးသေးဘူးတဲ့။ ဒါ့ကြောင့် ဝဋ္ဋဆင်းရဲဆုံးအောင် နိဗ္ဗာန်သို့ အရောက်သွားကြရမယ်။ ဘာနဲ့သွားကြမလဲ၊ "ဉာဏဂမန"မဂ္ဂသစ္စာဖြင့်သွားကြရမယ်၊ ဒီတလံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်ကြီးအတွင်းမှာပင် သင်္ခါရလောကကြီး တည်နေတယ်၊ သင်္ခါရလောကကို ဖြစ်အောင်ဖန်တီး တည်ထောင်ပေးတဲ့ တဏှာလောဘလည်း တည်နေတယ်၊ နိဗ္ဗာန်ကြီးလည်း တည်နေတယ်၊ မဂ္ဂသစ္စာလည်း တည်နေတယ် ဟု ဟောတော်မူတယ်။

ဤသို့ ဟောတော်မူသည်နှင့်အညီ– ယနေ့ယခု ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည် ဝဋ္ဋဆင်းရဲ ဆုံးအောင် ဉာဏဂမနမဂ္ဂသစ္စာဖြင့် နိဗ္ဗာန်သို့အရောက်သွားဘို့ရန်

ရည်စူး၍ ပါရမီအလုပ်ကို အားထုတ်ကြကုန်၏။ ဤသို့ အားထုတ်ပြုလုပ်ရသော ပါရမီကုသိုလ်ကြောင့် ယခုဘဝ ယခုအချိန်မှစ၍ နိဗ္ဗာန်ရသည့်ဘဝ ပစ္ဆိမစိတ္တက္ခဏကျအောင် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုး ငါးပါး, ဝိပတ္တိတရား လေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြကုန်ပြီးလျှင် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း, ဘုန်းတန်ခိုးကြီးခြင်း, အမျိုးမြတ်ခြင်း ဟူသော အကျိုးတို့ကို ရကြ၍ အဆုံးဘဝ၌ မဂ္ဂသစ္စာခရီးကိုရကာ ဝဋ္ဋဆင်းရဲဆုံးရာနိဗ္ဗာန်သို့ အရောက် သွားနိုင်ကြသည်ဖြစ်စေ....။

---

## ကံငါးပါးရှောင်ကြဉ် သုဂတိဘုံဝင် ဆုပေး

ယာဗ္ဗတ္တိဝါ၊ အကြင် မိန်းမသည်ငှင်း။ ယောပုရိသောဝါ၊ အကြင် ယောကျ်ားသည်ငှင်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ-သရဏံဂ္ဂတိ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ မှီဝဲဆည်းကပ်၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ-သရဏံဂ္ဂတိ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ မှီဝဲဆည်းကပ်၏။ သံဃံ၊ သံဃာတော်ကို။ သရဏံ-သရဏံ ဂ္ဂတိ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ မှီဝဲဆည်းကပ်၏။ ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။ အဒိန္နာဒါနာ၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။ ကာမေသုမိစ္ဆာစာရာ၊ အဂမနီယ ဝတ္ထုကာမတို့၌ မှားယွင်းခြင်း အကျင့်မှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။ မုသာဝါဒါ၊ လိမ်လည်လှည့်စား မုသား ပြောခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။

သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ၊ မူးယစ် မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်တို့ကို သောက်စားခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၍။သော၊ထိုသရဏဂုံ ကိုယ်လုံးထုံပြီး ငါးစုံသီလ စောင့်ထိန်းကြသည့် မိန်းမ, ယောကျ်ား သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ပျက်စီးသည်မှ။မရဏာ၊သေသည်မှ။ပရံ၊နောက်ကာလ၌။ သုဂတိညေဝ၊ လူ့ပြည်,နတ်ရွာသုဂတိဘုံသို့သာလျှင်။ ဥပပဇ္ဇတိ၊ ကပ်ရောက်တည်နေ ဖြစ်ရပေ၏။ ဒုဂ္ဂတိံ၊ အပါယ် လေးဖြာ ဒုဂ္ဂတိရွာသို့။ နေဝ ဥပပဇ္ဇတိ၊ မကပ်သန္ဓေ မဖြစ်ရပေ၊

(အင်္ဂုတ္တရနိကာယ် ပဥ္စကနိပါတ် သုမနဝဂ်စုန္ဒီသုတ်)

ဤသို့မိန့်မှာ ဒေသနာပါဠိ လာရှိသည်နှင့်အညီ- သုံးလီသော ရတနာကို ကိုးကွယ်ရာမှတ် မိဂ်ဆည်းကပ် လေးမြတ်ရှိသေ ဦးနှိမ်ချ၍ ငါးထွေသောသီလကို ဆောက်တည်ရသော ကောင်းမှုကြောင့် ဒိဋ္ဌမမှ ဘယအာသွယ်သွယ် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းအဖြာဖြာ မင်္ဂလာ ကြက်သရေ ရွှေ, ငွေ, ရတနာ လယ်, ယာ, ဆင်, မြင်း, သင်းပင်း ခြွေရံ ကုံထံရိပ်ငြိမ် စည်းစိမ်ကြွယ်ဖြိုး တန်ခိုးထင်လင်း ကောင်းခြင်းကျေညာ လူ့ရွာတလွှား ဂုဏ်ဝင့်ကြွား၍ အများမေတ္တာ ကြည်စွာစိတ်ထား သူခမျှားကို တင်းတိမ်အောင် ခံစားစံစားပြီးမှ သဂ္ဂဋ္ဌာနီ နတ်တို့ပြည်သို့ လှမ်းချီစံမြန်း တဆင့်လှမ်း၍ နိဗ္ဗာန်နန်းတိုင် အကျိုးလှိုင် နိုင်ကြသည် ဖြစ်စေ....။

(သုတ်ပါဠိ အတ္ထယောဇနာ၌ ဟောလွယ် သိဖွယ်စေရန် ဝေါဟာရ အနက်များကို ငွဲကွက်ယောဇနာထားသည်။)

## သက်ရှည်ဆင်းလှ တောင့်တအတန်တန် ရရန်ဆုပေး

အာယုံ ဝဏ္ဏံ ယသံ ကိတ္တိံ၊
သဂ္ဂံ ဥစ္စာကုလီနတံ။
ရတိယော ပတ္ထယမာနေန။
ဥဠာရာ အပရာပရာ။

(အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် မုဏ္ဍရာဇဝဂ် ဇူဠသုတ်)

အာယုံ၊ ရုပ်၊နာမ်၊နှစ်ထွေ ဇီဝိတိန္ဒြေတည် အသက်ရှည်ခြင်းကိုလည်းကောင်း။ ယသံ၊ ကျိုးပြုသင်းပင်း အခြံအရံများခြင်းကိုလည်းကောင်း။ ဝဏ္ဏံ၊ ကိုယ်အရေအဆင်း လှပပြည့်ဖြိုးခြင်းကိုလည်းကောင်း။ ကိတ္တိံ၊ ကျေးဇူးသတင်း ကျော်စောခြင်းကိုလည်းကောင်း။ သဂ္ဂံ၊ ရူပ, သဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့ဖြင့် ပြည့်စုံလွန်မြတ် နတ်ပြည်ရပ်ကို လည်းကောင်း။ ဥစ္စာကုလီနတံ၊ ကြီးပွားမြင့်မြတ် ကောင်းသော အမျိုးဇာတ်ရှိသည်၏ အဖြစ်ကိုလည်းကောင်း။ ဥဠာရာ၊ အထူးအချွန် မွန်မွန် မြတ်မြတ်ဖြစ်ကုန်သော။ အပရာပရာ၊ ဆန်းထူးလွန်တင့် အဆင့်ဆင့်ဖြစ်ကုန်သော။ ရတိယော၊ နှလုံးစိတ်ဝမ်း ရွှင်လန်းမွေ့လျော်ဘွယ်တို့ကိုလည်းကောင်း။ ပတ္ထယမာနေန၊ တောင့်တလိုလား အမျိုးကောင်းသမီး,သားသည်။ (အပ္ပမာဒေ၊ ကုသိုလ် အစုစု ကောင်းမှုတို့၌ မမေ့မလျော့ခြင်းကို။ ကာတဗ္ဗော၊ အခါမလင့် အခွင့်သာခိုက် ပြုထိုက်လှပေ၏။)

ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း, အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဘာဝနာအလုပ်ကိုအားထုတ်ခြင်း ဆိုတဲ့ ကုသိုလ်ကောင်းမှုကို များများကြီးပြုကြပါလျှင် အသက်ရှည်

ခြင်း, အဆင်းလှခြင်း, အခြံအရံများခြင်း, ကျော်စောခြင်း, သေခါနတ်ပြည်လားရခြင်း, အမျိုးမြတ်ခြင်း, နှလုံးစိတ်ဝမ်း ရွှင်လန်းစေတတ်တဲ့ မွေလျော်ဘွယ်ဟူသမျှကို ရခြင်းဟူသော အကျိုးတို့ကို ကေန်မုချရမည်ဟု ဒေသနာတော်မှာ အမိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့် အညီ — သုံးလီသောရတနာကို ကိုးကွယ်ရာမှတ် ဆည်းကပ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးချ ဒါန, သီလ, ဘာဝနာအစု ယခုပြုရ မြတ်ပုညကြောင့် ဘေးပရန်ကင်း အန္တရာယ်ရှင်း၍ ကောင်းခြင်းအထွေထွေ ကြက်သရေမင်္ဂလာ ကောင်းစွာသက်ရှည် လှသည်အဆင်း များခြင်းခြံရံ ကျော်စောသံနှင့် သေပြန်နတ်ပြည် မြတ်သည်အမျိုး တန်ခိုးထင်လင်း ကောင်းခြင်းအဝဝ မွေလျော်ဘွယ်ဟူသမျှတို့ အကြိမ်ကြိမ်ရပြီးမှ သုခပင်္ဂပဒါခိပ္ပါဘိညဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်စေ....။

[တောနိ အာယုအာဒိနိ ပတ္ထယန္တေန အပ္ပမာဒေါကာတဗ္ဗော။ အာယုသံဝတ္တနိကာ ပဋိပဒါတိ ဒါနသီလာဒိကာ ပုညပဋိပဒါ၊ သေသေသုပိ ဧသေဝနယော။]

---

## တောင့်တမရ ငါးဌာနရရန် ဆုပေး

ပဥ္စိမာနိ ဘိက္ခဝေ အလဗ္ဘနီယာနိ ဌာနာနိ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ။

[(အင်္ဂုတ္တိုရနိကာယ် ပဉ္စကနိပါတ် မုဏ္ဍရာဇဝဂ် ဌာနသုတ်)]

စသည်ဖြင့် ဟောတော်မူသောကြောင့် လောကမှာ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါမှ တောင့်တလို့မရတဲ့ အရာဌာနငါးမျိုးရှိတယ်၊ အဲဒီငါးမျိုးကား—

၁။ အိုခြင်းသဘောကို မအိုပါစေနဲ့လို့ တောင့်တလို့ မရတာလဲ တဌာန၊

၂။ နာခြင်းသဘောကို မနာပါစေနဲ့လို့ တောင့်တလို့ မရတာလဲ တဌာန၊

၃။ သေခြင်းသဘောကို မသေပါစေနဲ့လို့ တောင့်တလို့ မရတာလဲ တဌာန၊

၄။ ကုန်ခန်းခြင်း သဘောကိုမကုန်ခန်းပါစေနဲ့လို့ တောင့်တလို့ မရတာလဲ တဌာန၊

၅။ ပျက်စီးခြင်းသဘောကို မပျက်စီးပါစေနဲ့လို့ တောင့်တလို့ မရတာလဲ တဌာနအားဖြင့် အရာဌာနငါးမျိုးရှိတယ်။

ဒီအရာဌာနငါးမျိုးမှာ ဘယ်လူ,ဘယ်နတ်, ဘယ်ဗြဟ္မာ,ဘယ်သတ္တဝါမှ တောင့်တလို့ မရဘူးတဲ့။ ဒီကနေ့ ဒကာ,ဒကာမတွေ ဒီအရာဌာနငါးမျိုးကို တောင့်တလို့ မရခြင်းကြောင့် အိုရမှု, နာရမှု,သေရမှု,ကုန်ခန်းမှု,ပျက်စီးမှုတွေနှင့် ကြုံရတယ်၊အိုရတာလဲ ဆင်းရဲတယ်၊ နာရတာလဲ ဆင်းရဲတယ်၊ သေရတာလဲ ဆင်းရဲတယ်၊ ကုန်ခန်းတာလဲ ဆင်းရဲတယ်၊ ပျက်စီးတာလဲ ဆင်းရဲတယ်၊ဒီဆင်းရဲတွေမှ လွတ်မြောက်ရာ ဌာနဟာ နိဗ္ဗာန်ဖြစ်တယ်။

အဲဒီနိဗ္ဗာန်မှာ အိုလဲမအိုရတော့ဘူး၊ နာလဲမနာရတော့ဘူး၊ သေလဲမသေရတော့ဘူး၊ ကုန်ခန်းပျက်စီးမှုလဲ မရှိတော့ဘူး၊ သန္တိ

သုခ ငြိမ်းအေးခြင်း သဘောသက်သက်မျှ ဖြစ်တဲ့ ချမ်းသာထူး ချမ်းသာမြတ် ကေန်အမှန်ဖြစ်တယ်။

အဲဒီချမ်းသာထူး ချမ်းသာမြတ်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ယနေ့ ယခု ပြုစုအားထုတ် ပြုလုပ်ရသော ရတနတ္တယ ပဏာမ ကုသိုလ်စေတနာ၊သေသူ့အတွက် ရည်စူး၍ ပေးလှူအပ်သော ဒါန ကုသိုလ်စေတနာ၊ ဆောက်တည်အပ်သော သီလကုသိုလ်စေတနာ၊ သေခြင်းတရားကို အောက်မေ့ ဆင်ခြင် ရ ခြင်း - မရဏာဿတိ ဘာဝနာ ကုသိုလ်စေတနာ၊ ဤသို့ပေါင်းအပ် များမြတ်သော ကုသိုလ်စေတနာတို့ကြောင့် ဆောလျင်စွာ ရရှိကြသည်ဖြစ်စေ....။

---

## သေခြင်းကိုပွား နိဗ္ဗာန်သွား ဆုပေး

မရဏာဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယော-သာနာ။

[(အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ် သာရဏီယဝဂ် မရဏာဿတိသုတ်)]

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ပွားစေအပ်သော။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ အလေ့အလာ ပြုလုပ်အပ်သော။ မရဏာဿတိ၊ သေခြင်းတရားကို အောက်မေ့ခြင်း သတိသည်။ မဟပ္ဖလာ၊ ကြီးသောအကျိုးရှိသည်။ မဟာနိသံသာ၊ ကြီးသော အာနိသင်ရှိသည်။ အမတောဂဓာ၊ အမြိုက်နိဗ္ဗာန်လျှင် တည်ရာ ရှိသည်။ အမတပရိယောသာနာ၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့မိန့်မှာ ဒေသနာပါဠိ လာရှိသည်နှင့်အညီ-သုံးလီသော ရတနာကို ရိုသေစွာရှိခိုးရသော ပဏာမကုသိုလ်စေတနာ၊ ဘဝတပါး ပြောင်းသွား ကွယ်လွန်လေပြီးသော (သူ)ကို ရည်စူး၍ ပေးလှူအပ်သော ဒါနကုသိုလ်စေတနာ၊ ဆောက်တည် လတ္တံ့သော သီလကုသိုလ်စေတနာ၊ သေခြင်းတရားကို အောက်မေ့ဆင်ခြင်ခြင်း မရဏာဿတိ ဘာဝနာကုသိုလ်စေတနာ၊ ဤသို့ပေါင်းအပ် များမြတ်သော ကုသိုလ်စေတနာတို့ကြောင့် ယခုဘဝ, ယခုအချိန်မှစ၍ နိဗ္ဗာန်ရသည့်ဘဝ, ပစ္ဆိမ စိတ္တက္ခဏ ကျအောင် အန္တရာယ်ကင်း ရန်အသွယ်သွယ်ရှင်း၍ ကောင်းခြင်း အထွေထွေ ရွှေငွေရဘနာ လိုရာဆန္ဒ ပြည့်စုံကြလျက် အဆုံးဘဝ၌ မသေရာမှန် အမြိုက်နိဗ္ဗာန်ကို လွယ်သောအကျင့် လျင်သော အသိဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ကြသည် ဖြစ်စေ....။

---

## ဂုဏ်တော်ပွားများ ညစ်ကြေးပါး ဆုပေး

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ အရိယသာဝကော၊ ငါးဘုရား၏ တပည့်သားသည်။ တထာဂတံ၊ အရဟာဘာ အစ လာတုံ ကိုးပါးသော ငါဘုရား၏ ဂုဏ်ကို။ အနုဿရတိ၊ အဖန်ဖန်လေ့ ဆင်ခြင်အောက်မေ့၏။ ဓမ္မံ၊ သွာက္ခာတတာ အစလာတုံ ခြောက်ပါးသော တရားတော်၏ ဂုဏ်ကို။ အနုဿရတိ၊ အဖန်ဖန်လေ့ ဆင်ခြင်အောက်မေ့၏။ သံဃံ၊ သုပ္ပဋိပန္နတာ အစလာတုံ ကိုးပါးသော သံဃာတော်၏ ဂုဏ်ကို။ အနုဿရတိ၊ အဖန်ဖန်လေ့ ဆင်ခြင်အောက်မေ့၏။ တသ္မိံ သမယေ၊ ရတနာသုံးပါး ဂုဏ်တော်များကို ပွားများလေ့လေ့

အောက်မေ့နေရာ ထိုအခါ၌။ အဿ၊ ရတနာသုံးပါး ဂုဏ်တော်များကို ပွားများကြည်ညို ထိုပုဂ္ဂိုလ်အား။ ရာဂပရိယုဋ္ဌိတံ၊ ရာဂထိုးကျင့်သော။ စိတ္တံ၊ စိတ်သည်။ နေဝဟောတိ၊ မဖြစ်သည်သာတည်း။ ဒေါသပရိယုဋ္ဌိတံ၊ ဒေါသ ထိုးကျင့်သော။ စိတ္တံ၊ စိတ်သည်။ နေဝဟောတိ၊ မဖြစ်သည်သာတည်း။ မောဟပရိယုဋ္ဌိတံ၊ မောဟထိုးကျင့်သော။ စိတ္တံ၊ စိတ်သည်။ နဧဝဟောတိ၊ မဖြစ်သည်သာတည်း။ တသ္မိံသမယေ၊ ရတနာသုံးပါး ဂုဏ်တော်များကို ပွားများလေ့လေ့ အောက်မေ့နေရာ ထိုအခါ၌။ အဿ၊ ရတနာသုံးပါး ဂုဏ်တော်များကို ပွားများကြည်ညို ထိုပုဂ္ဂိုလ်အား။ ဥဇုဂတမေဝ၊မကွေ့မထောင့် ဖြောင့်သည်သာလျှင် ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဂေဓမှာ၊ ငါးဝအာရုံ ကာမဂုဏ်မှ။ နိက္ခန္တံ၊ ထွက်မြောက်သည်။ မုတ္တံ၊ လွတ်သည်။ ဝုဋ္ဌိတံ၊ ထမြောက်သည်။ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒမ္ပိ၊ ဤရတနာသုံးပါး ဂုဏ်တော်များကို ပွားများဆင်ခြင်ခြင်း၏ အစွမ်းဖြင့် ရအပ်သော ဥပစာရသမာဓိကိုလည်း။ အာရမ္မဏံကရိတွာ၊ အကြောင်းပြု၍။ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဧဝံ၊ ဤသို့။ ဝိသုဇ္ဈန္တိ၊ ကိလေသာမှ စင်ကြယ်ကုန်၏။ ဝါ၊ အလွန်စင်ကြယ်သော နိဗ္ဗာန်သို့ ရောက်ကုန်၏။

[(အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ်အနုတ္တရိယဝဂ် အနုဿတိဋ္ဌာနသုတ်)

ဤသို့ဒေသနာတော်မြတ် မိန့်မှတ်သည်နှင့်အညီ-သုံးလီသော ရတနာ၏ ဂုဏ်တော် ကျေးဇူးတော် တွေကို ယုံယုံကြည်ကြည် လေးလေး စား စား အားထားမှီခို ကြည်ညိုပူဇော် ကော်ရော်

ဆည်းကပ် သတိချပ်လျက် အသိအမှတ်ထား အဖန်ဖန်ပွားများ ကြကုန်သော ကလျာဏမွေ့ သပ္ပုရိသ နွယ်ဝင် စိတ်စဉ် ပျော့ ပျောင်း သူတော်ကောင်းဖြစ်ကုန်သောသင်တို့အား လက်ငင်းမုချ သေးရန်-ပ၍ ရာဂ, ဒေါသ,မောဟနှိပ်စက် စိတ်စက်မစင် မဖြစ် လျှင်ဘဲ ကြည်လင် ဖြောင့်မတ် ရတနာသုံးရပ် ဂုဏ်တော်မြတ်၌ သာလျှင် စိတ်အစဉ်သွား သမာဓိတရားမှ ဆင့်ပွား တက်လတ် နိဗ္ဗာန် မြတ်တိုင် အကျိုး လှိုင်၍ သုံးခရိုင်ဘုံ ဝဋ္ဋဇာတ် မြုံမှ လွတ် ကုန် ကြ လျက် ချမ်းမြရိပ်ငှ သီတဂူစန်း ခေမာ နန်းသို့ အရောက်လှမ်းနိုင်ကြသည် ဖြစ်စေ....။

## သီလရနံ့ ဝန်းကျင်ပြန့် ဆုံးပေး

န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊
န စန္ဒနံ တဂ္ဂရမလ္လိကာဝါ။
သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊
သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ။

(ခုဒ္ဒကနိကာယ် ဓမ္မပဒ ပုပ္ဖဝဂ်)

ပုပ္ဖဂန္ဓော၊ ယူဇနာတရာ အနံ့ဖြာနိုင်သည့် ဝတိ သာဘုံ နန်းမှ ပင်လယ်ကသစ်ပန်းတို့၏ အနံ့သည်။ ပဋိဝါတံ၊ပမာနှိုင်းဆ လက်ရှစ်သစ်ခန့်မျှပင် လေတင်လေညာ အရပ်သို့။ နဧတိ၊ မဆန် မပေါက် မသွားရောက်နိုင်။ စန္ဒနံဝါ၊ရနံ့သင်းပြန့် စန္ဒကူးအနံ့ သည်လည်းကောင်း။တဂ္ဂရမလ္လိကာဝါ၊ရနံ့သင်းပြန့် တောင်ဇလပ် ပန်းအနံ့, ကြက်ရိုးပန်းအနံ့သည်လည်းကောင်း။ ပဋိဝါတံ၊ ပမာ နှိုင်းဆ လက်ရှစ်သစ်ခန့်မျှပင် လေတင်လေညာ အရပ်သို့။ နဧတိ၊

မဆန်မပေါက် မသွားရောက်နိုင်။ သတံ၊ကိုယ်,နှုတ်လုံခြုံ သီလဂုဏ်နှင့် ပြည့်စုံပေတောင်း သူတော်ကောင်းတို့၏။ ဂန္ဓောစ၊ကိုယ်,နှုတ်စောင့်စည်း သီလတည်း ဟူသော အနံ့သည်ကား။ ပဋိဝါတံ၊ လေတင်လေညာ အရပ်မျက်နှာသို့။ ဧတိ၊ဆန်တက်ပေါက်မြောက်သွားရောက် နိုင်၏။ သပ္ပုရိသော၊ ကိုယ်,နှုတ်လုံခြုံ သီလဂုဏ်နှင့် ပြည့်စုံ ပေတောင်း သူတော်ကောင်းသည်။ (သီလဂန္ဓေန၊ ကိုယ်,နှုတ် စောင့် စည်း သီလ တည်းဟူသော အနံ့ဖြင့်။ ) သဗ္ဗာဒိသာ၊ ဝန်းကျင်ပတ်ချာ အလုံးစုံသော အရပ်မျက်နှာတို့သို့။ ပဝါယတိ၊ သွားရောက်မွှေးကြိုင်လှိုင်၏။

တာဝတိံသာနတ်ပြည်မှာ အခက်အလက် ယူဇနာတရာတိုင် ကျယ်ပြန့်ပြီး အမြင့်ယူဇနာ တရာရှိတဲ့ ပင်လယ်ကသစ်ပင်ကြီး ရှိတယ်၊ အဲဒီပင်လယ်ကသစ်ပင်ကြီး၏ အပွင့်နံ့တွေဟာ ယူဇနာ တရာတိုင်အောင်ပင် မွှေးကြိုင်သတဲ့၊ ဒီပင်လယ် ကသစ်ပန်း အနံ့ဟာလဲ လေအောက် အရပ်ကိုသာ မွှေး ကြိုင် နိုင် ပြီး လေတင်လေညာအရပ်ကိုကား လက်ရှစ်သစ်ခန့်မျှပင် မဆန်တက်နိုင်,မမွှေးကြိုင်နိုင်ဘူးတဲ့၊ထို့အတူပင် စန္ဒကူး,တောင်ဇလပ်ပန်း,ကြက်ရုံးပန်းတို့၏ အနံ့တွေဟာလဲ လေအောက်အရပ်ကိုသာ မွှေးကြိုင် နိုင်ပြီး လေတင်လေညာ အရပ်ကိုကား မမွှေးကြိုင်နိုင်ဘူး၊ သီလရှိသော သူတော်ကောင်း တို့၏ သီလ တည်းဟူသော အနံ့ သည် ကား လေအောက်လေညာ အရပ်ဆယ်မျက်နှာလုံးပင် မွှေးကြိုင်လှိုင်၏-ဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိလာရှိသည်နှင့်အညီ-ဘုရား,တရား,သံဃာ ရတနာမြတ် သုံးပါးတို့အား ကိုယ်,နှုတ်,စိတ် တို့ဖြင့် ရှိခိုးရသော

ပဏာမကုသိုလ်စေတနာ၊ ဆောက်တည်လတ္တံ့သော သီလကုသိုလ်စေတနာတို့ကြောင့် အန္တရာယ်ကင်းပ သုခအထွေထွေ ကြက်သရေမင်္ဂလာ ကောင်းစွာ ရခြင်း သီလ ဂုဏ် သ တင်း လည်း အရပ်ဆယ်မျက်နှာလုံးသင်းလျက် လွတ်ကင်းဒုက္ခ ဝဋ္ဋဘဝကုန် နိဗ္ဗာန်ဘုံ၌ ခိုလှုံနိုင်ကြသည် ဖြစ်စေ....။

---

## သီလရနံ့ ပန်းထက်ပြန့် ဆုပေး

စန္ဒနံ တဂရံ ဝါပိ၊
ဥပ္ပလံ အထ ဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊
သီလဂန္ဓော အနုတ္တရော။

(ခုဒ္ဒကနိကာယ် ဓမ္မပဒ ပုပ္ဖဝဂ်)၊

စန္ဒနံဝါ၊ စန္ဒကူး အနံ့သည် လည်း ကောင်း။ တဂရံဝါပိ၊ တောင်ဇလပ်ပန်း အနံ့သည် လည်းကောင်း။ ဥပ္ပလံဝါ၊ ကြာညိုပန်း အနံ့သည် လည်းကောင်း။ အထ၊ ထိုမှတပါး။ ဝဿိကီဝါ၊ မုလေးပန်းအနံ့သည်လည်းကောင်း။ ဣတိ၊ ဤသို့။ယေဂန္ဓဇာတာ၊ အကြင် နံ့သာမျိုး တို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဧတေသံ ဂန္ဓဇာတာနံ၊ဤနံ့သာမျိုးတို့ထက်။သီလဂန္ဓော၊ သီလတည်းဟူသော အနံ့သည်။ အနုတ္တရော၊ အတုမရှိမြတ်၏။

လောကမှာ မွှေးကြိုင် သင်းပြန့် ရနံ့ ကောင်း တဲ့ စန္ဒကူး, တောင်ဇလပ်ပန်း, ကြာညိုပန်း, မုလေးပန်း စတဲ့ နံ့သာမျိုးတွေ ရှိတယ်၊ အဲဒီနံ့သာမျိုးတို့ထက် သီလ တည်းဟူသော အနံ့သည် မြတ်တယ်ဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့် အညီ-မြတ်သော သီလတည်းဟူသော နံ့သာကို လိမ်းကျံလိုကြကုန်သည် ဖြစ်၍ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား ကိုယ်, နှုတ်, စိတ်တို့ဖြင့် ရှိခိုးပူဇော် ဖူးမျှော်ကန်တော့ကြကုန်၏။ ဤသို့ကန်တော့ရသော ကုသိုလ် စေတနာ၊ လိမ်းကျံလတ္တံ့သော သီလနံ့သာ ကုသိုလ်စေတနာတို့ကြောင့် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်း အဝဝ အာယု, ဝဏ္ဏ, သုခ, ဗလ လေးဝအကျိုး နေ့တိုင်းတိုးလျက် ဆယ်မျိုးအရပ် မွှေးကြိုင်လတ်ပြီး ကိလေသာ တည်းဟူသော မကောင်းသော အနံ့ကြီးကို အပြီးပယ်နိုင်ကြသည် ဖြစ်စေ....။

(ဂန္ဓာဝေ ဂန္ဓဇာတာ၊ ဋီကာ)

---

## သီလရနံ့ နတ်ပြည်ပြန့် ဆုပေး

အပ္ပမတ္တော အယံ ဂန္ဓော၊
ယွာယံ တဂရ စန္ဒနီ။
ယော စ သီလဝတံ ဂန္ဓော၊
ဝါတိ ဒေဝေသု ဥတ္တမော။

(ခုဒ္ဒကနိကာယ် ဓမ္မပဒ ပုပ္ဖဝဂ်)

ယွာယံတဂရစန္ဒနီ၊ အကြင်ရနံ့သင်းပြန့် တောင်ဇလပ်, စန္ဒကူး အနံ့သည်။အတ္ထိ၊ရှိ၏။အယံဂန္ဓော၊ ဤရနံ့သင်းပြန့် တောင်ဇလပ် စန္ဒကူး အနံ့သည်။ အပ္ပမတ္တော၊ မပြောလောက်ပ အနည်းငယ် မျှသာတည်း။ သီလဝတံ၊ သီလရှိသောသူတို့၏။ ယောစဂန္ဓော၊ အကြင်ကိုယ်, နှုတ်စောင့်စည်းသီလတည်းဟူသောအနံ့သည်လည်း။ အတ္ထိ၊ ရှိ၏။ သောစဂန္ဓော၊ ထို ကိုယ်, နှုတ် စောင့်စည်း သီလ

တည်းဟူသော အနံ့သည်ကား။ဒေဝေသု၊လူ့ဌာန်, နတ်ရပ်အမြတ် ဇာတ်တို့၌။ဥတ္တမော၊ပြိုင်ဘက်ကင်းပြတ် မြတ်သည်ဖြစ်၍။ ဝါတိ၊ ပျံ့နှံ့မြိုင်မြိုင် တကြိုင်ကြိုင် လှိုင်၏။

လောကမှာ မွှေးကြိုင်သင်းပျံ့တဲ့ တောင်ဇလပ်,စန္ဒကူးအနံ့တို့ ရှိကြတယ်၊ အဲဒီ အနံ့တွေရဲ့ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်နိုင်သော အရပ်တို့မှာ မပြောလောက်ပ အနည်းငယ်မျှသာ ဖြစ်တယ်၊ သီလ ရှိကုန်သော သူတို့၏ ကိုယ်,နှုတ်စောင့်စည်း သီလတည်းဟူသော အနံ့သည်ကား ပြိုင်ဘက်ကင်းပြတ် မြတ်သည်ဖြစ်၍ လူ့ဌာန်, နတ်ရပ်တို့၌ ပျံ့နှံ့ မြိုင်မြိုင် တကြိုင်ကြိုင် လှိုင်တယ်ဟု ဒေသနာ တော်မှာ အမိန့်ရှိသည်။

ဤသို့ဒေသနာပါဠိလာရှိသည်နှင့်အညီ ယခုအခါ ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည် မြတ်သော သီလ တည်းဟူသော နံ့သာကို လိမ်းကျံလိုကြကုန်သည် ဖြစ်၍ ဘုရား, တရား,သံဃာ ရတနာမြတ်သုံးပါးတို့အား ကိုယ်,နှုတ်စိတ်တို့ဖြင့် ရှိခိုးကြကုန်၏၊ ဤသို့ ရှိခိုးရသော ပဏာမ ကုသိုလ် စေတနာ၊ လိမ်းကျံ လတ္တံ့သော သီလနံ့သာ ကုသိုလ် စေတနာ တို့ကြောင့် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းအဝဝ အာယု,ဝဏ္ဏ, သုခ,ဗလလေးဝအကျိုးခန္ဓတိုင်းတိုးပျက် တန်ခိုးကြီးမြတ် လူ့ရပ်, နတ်တိုင် ပျံ့နှံ့မွှေးကြိုင် ရနံ့လှိုင်ပြီး ကိလေသာ တည်းဟူသော မကောင်းသောအနံ့ကြီးကို အပြီးပယ်နိုင်ကြသည် ဖြစ်စေ....။

---

## သီလဝန္တသွားလမ်း မာရ်နတ်မမှန်းနိုင် ဆုပေး

တေသံ သမ္ပန္နသီလာနံ၊
အပ္ပမာဒ ဝိဟာရိနံ။
သမ္မ ဒညာ ဝိမုတ္တာနံ၊
မာရော မဂ္ဂံ န ဝိန္ဒတိ။

(ခုဒ္ဒကနိကာယ် ဓမ္မပဒ ပုပ္ဖဝဂ်)

သမ္ပန္နသီလာနံ၊ ကိုယ်နှုတ်စိတ်ကို ထိန်းချုပ်လုံခြုံ သီလဂုဏ်နှင့် ပြည့်စုံကုန်သော။ အပ္ပမာဒဝိဟာရိနံ၊ ကုသိုလ်ဓမ္မ၌ နေ့ညမမေ့ အမြဲထင်သော သတိဖြင့် နေလေ့ ရှိကုန်သော။ သမ္မ-သမ္မာ၊ သင့်သော အကြောင်းဖြင့်။ အညာ-အညာယ၊ သိ၍။ ဝိမုတ္တာနံ၊ တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိ, သမုစ္ဆေဒဝိမုတ္တိ, ပဋိပဿဒ္ဓိဝိမုတ္တိ, နိဿရဏဝိမုတ္တိဟုဆိုအပ်သောငါးပါးသောဝိမုတ္တိတို့ဖြင့် လွတ်ကုန်ပြီးသော။ တေသံ၊ ထို အာသဝေါကင်းစင် ရဟန္တာ အရှင်မြတ်တို့၏။ မဂ္ဂံ၊ ဂတိလွတ်ပြီး သွားရာခရီးကို။ မာရော၊ မာရ်နတ်သားသည်။ နဝိန္ဒတိ၊ မရမသိနိုင်။

သီလလုံခြုံ သတိသမ္ပဇဉ်ဂုဏ်တို့နှင့် ပြည့်စုံစွာနေတော်မူကြတဲ့ ဝိမုတ္တိငါးပါးတို့ဖြင့် လွတ်ကုန်ပြီး ရဟန္တာ အရှင်မြတ်ကြီး တို့၏ သွားရာခရီးကို မာရ်နတ်သားသည် မသိနိုင်ဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိလာရှိသည်နှင့်အညီ-ယခုအခါ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည် သီလနှင့်ပြည့်စုံလို ကြကုန်သည်ဖြစ်၍ ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးပါး

တို့အား ကိုယ်,နှုတ်,စိတ်တို့ဖြင့် ရှိခိုးကြကုန်၏။ ဤသို့ရှိခိုးရသော ပဏာမ ကုသိုလ်စေတနာ၊ ပြည့်စုံလတ္တံ့သော သီလကုသိုလ် စေတနာတို့ကြောင့် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်း အဝ၀ အာယု,ဝဏ္ဏ,သုခ,ဗလ, လေး၀အကျိုး နေ့တိုင်းတိုးလျက် တန်ခိုးထင်ထင် သတိသမ္ပဇဉ် ဉာဏ်အမြင်ဖြင့် အမှန်ပင်သိ၍ ငါးပါးသော ဝိမုတ္တိတို့ဖြင့် လွတ်ကြပြီး နိဗ္ဗာန်ကြီးကို ရကြသည် ဖြစ်စေ....။

သမ္မဒညာ ဝိမုတ္တာနန္တိ သမ္မာဟေတုနာဉာယေန ကာရဏေန ဇာနိတွာ တဒင်္ဂဝိမုတ္တိယာ ဝိက္ခမ္ဘနဝိမုတ္တိယာ သမုစ္ဆေဒဝိမုတ္တိယာ ပဋိပဿဒ္ဓိဝိမုတ္တိယာ နိဿရဏ ဝိမုတ္တိယာတိ ဣမာဟိ ပဉ္စဟိ ဝိမုတ္တိဟိ ဝိမုတ္တာနံ။

(အဋ္ဌကထာ)

---

## အရိယာရှိခိုး အကျိုးလွန်မြတ် ဆုပေး

ယံကိဉ္စိ ယိဋ္ဌံ့ ဟုတဉ္စ လောကေ၊
သံဝစ္ဆရံ ယဇေထ ပုညပေက္ခော။
သဗ္ဗံပိ တံ န စတုဘာဂ မေတိ၊
အဘိဝါဒနာ ဥဇ္ဇုဂတေသု သေယျော။

(ခုဒ္ဒကနိကာယ် ဓမ္မပဒ သဟဿဝဂ်)]

လောကေ၊ လောကၥ၌။ ယံကိဉ္စိ၊ ခပ်သိမ်းကုံခြုံ အလုံးစုံသော။ ယိဋ္ဌံ၊ မင်္ဂလာပွဲသောနေ့တို့၌ ပေးကမ်းပူဇော်ခြင်းကို လည်းကောင်း။ ဟုတဉ္စ၊ ကံ,ကံ၏အကျိုးကို ယုံကြည်၍ ပေးလှူခြင်းကို လည်းကောင်း။ သံဝစ္ဆရံ၊ တနှစ်ပတ်လုံး။ ပုညပေက္ခော၊ ကောင်း

မှုကိုအလိုရှိ၍။ ယာစေထ၊ ယိဋ္ဌ, ဟုတ ဒါနမျိုးကို စကြဝဠာတိုက်ကုန် ဖျင်းနိုလူအပေါင်းကို ပေးလှူပူဇော်ရာ၏။ တတော၊ ထိုယဇ်ပူဇော်ခြင်းထက်။ ဥဇုဂတေသု၊ ဖြောင့်မတ်သော အကျင့်ရှိကုန်သော အရိယာပုဂ္ဂိုလ်တို့၌။ အဘိဝါဒနာ၊ ရိုသေမြတ်နိုးရှိခိုးခြင်းသည်။ သေယျော၊ မြတ်၏။ တတော၊ ထို ရိုသေမြတ်နိုးရှိခိုးရသော စေတနာ၏အကျိုးမှ။ စတုဘာဂံပိ၊ လေးဘို့တဘို့ကိုမျှလည်း။ တံသဗ္ဗံ၊ ထို ယဇ်ပူဇော်ခြင်း၏ အလုံးစုံသော အကျိုးသည်။ နစတိ၊ မမှီနိုင်။

မင်္ဂလာပြုသောနေ့တို့၌ ပေးကမ်းပူဇော်ခြင်း၊ ကံ,ကံ၏အကျိုးကိုယုံကြည်၍ ပေးကမ်းပူဇော်ခြင်း၊ ကောင်းမှုကိုအလိုရှိ၍ တနှစ်ပတ်လုံး အမြဲမပြတ်ပင် စကြဝဠာ တိုက်ကုန် ဖျင်းနိုသော လူအပေါင်းကို ပေးကမ်းပူဇော်ခြင်း၊ ဤ ယဇ်ပူဇော်ခြင်း တို့ထက် အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့၌ ကြည်ညိုစွာဖြင့် ရှိခိုးရခြင်းသည် မြတ်၏။ ထို ကြည်ညိုစွာဖြင့် ရှိခိုးရသော စေတနာ၏ အကျိုးကို လေးဘို့ ဘို့ပြီး တဘို့ကိုမျှလည်း ထို ယဇ်ပူဇော်ခြင်း၏ အကျိုးအားလုံးသည် မမှီဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိလာရှိသည်နှင့်အညီ-ဘုရား,တရား,သံဃာရတနာ မြတ်သုံးပါး၏ ဂုဏ်တော် ကျေးဇူးတော် တွေကို သဒ္ဒါရိုးကျိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရသော ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းကြကုန်သည်သာဖြစ်၍ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်

နှစ်ဖြာချမ်းသာခြင်း, ကိုယ်အား ဉာဏ်အားနှစ်ပါး ကြီးမားခြင်း ဤ မျက်မှောက်ခံစား အကျိုးလေးပါးတို့နှင့် ပြည့်စုံကြ ကုန်ပြီး လျှင် မဂ်,ဖိုလ်ရကြောင်း သူတော်ကောင်းတရားကို နေ့ညမယုတ် ကြိုးစားအားထုတ်နိုင်ကြ၍ မဂ်,ဖိုလ်, နိဗ္ဗာန်ကို လျင်မြန်စွာ မျက် မှောက်ပြုလွယ်ကြသည်ဖြစ်စေ....။

---

## ကြီးသူရိုသေ လေးထွေကျိုးရ ဆုပေး

အဘိဝါဒနသီလိဿ၊
နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။

(ခုဒ္ဒကနိကာယ် ဓမ္မပဒ သဟဿဝဂ်)

နိစ္စံ၊ နေ့ရောညဉ့်ပါဘယ်ခါမဆဲ အမြဲမပြတ်။ ဝုဍ္ဎာပစာယိနော၊ သုံးပါးရတနာ ဆရာမိဘ မိမိထက် တနေ့တရက်မျှ အသက်သိက္ခာ ဂုဏ်ဝါကြီးမား ပုဂ္ဂိုလ်များကို လေးစားရိုသေလေ့ ရှိထသော။ အဘိဝါဒနသီလိဿ၊ ရိုသေမြတ်နိုးရှိခိုးလေ့ရှိထသော။(ပုဂ္ဂလဿ၊ အသိဉာဏ်ပို သဒ္ဓါမိုသည့် ပုဂ္ဂိုလ်မျိုးအား)။ အာယုစ၊ ရုပ်,နာမ် နှစ်ထွေ ဇီဝိတိန္ဒြေမည် အသက်ရှည်ခြင်းသည် လည်းကောင်း။ ဝဏ္ဏောစ၊ လှပပြည့်တင်း အဆင်းလှခြင်းသည် လည်း ကောင်း။ သုခဥ္စ၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာချမ်းသာခြင်းသည် လည်းကောင်း။ ဗလဥ္စ၊ ကိုယ်အား, ဉာဏ်အား, နှစ်ပါးကြီးမားခြင်းသည် လည်း ကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ အမျိုးအစား အရေအတွက်

အားဖြင့် လေးပါးကုန်သော။ ဓမ္မာ၊ မျက်မှောက်ခံစား အကျိုး တရားတို့သည်။ ဝစုန္တိ၊ တနေ့တခြား တိုးပွားကုန်၏။

"ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော" ဟု မိန့်ဟောဖော်ပြ ဂုဏ်တော်အနန္တ ဖြစ်တော်မူကြသည့် ဘုရား, တရား, သံဃာ, မိဘ, ဆရာ, အတိရေက ဂုဏဝုဍ္ဍိ ပုဂ္ဂိုလ်များ၊ ထိုမှတပါး မိမိ ထက် သီလ, သမာဓိ, ပညာ ဂုဏ် အားဖြင့်ကြီးမြင့်သောဂုဏဝုဍ္ဍိပုဂ္ဂိုလ်များ၊ မိမိထက် တနေ့တရက် တနာရီမျှလည်း အသက်အရွယ်အားဖြင့် ကြီးမြင့်သော ဝယဝုဍ္ဍိ ပုဂ္ဂိုလ်များ၊ ဤ ဂုဏဝုဍ္ဍိ, ဝယဝုဍ္ဍိ ဂုဏ်ထူးရှိသည့် ပုဂ္ဂိုလ်များကို ခရီးဦး ကြိုဆိုခြင်း, ရှိခိုးခြင်း, လက်အုပ်ချီခြင်း, နေရာခင်းခြင်း စသည်ကို ပြုခြင်းသည် ဂါရဝမင်္ဂလာ, ပူဇနီယာနံ ပူဇာမင်္ဂလာ "အပစာယန" ပုညကြိယဝတ္ထု မည်၏။ ထိုကုသိုလ်၏ အစွမ်းသတ္တိကြောင့် ယခုဘဝမှာပင်—

၁။ အသက်ရှည်ခြင်း အကျိုးလည်းတပါး၊

၂။ အဆင်းလှခြင်း အကျိုးလည်းတပါး၊

၃။ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း အကျိုးလည်းတပါး၊

၄။ ကိုယ်အား,ဉာဏ်အားနှစ်ပါး တိုးပွားခြင်း အကျိုးလည်းတပါး။

ဤမျက်မှောက်ခံစား အကျိုး လေးပါး တို့ကို ရကုန်၏ဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ— ဘုရား, တရား, သံဃာ, မိဘ, ဆရာ, မိမိထက် တနေ့တရက်, တနာရီမျှ အသက် သိက္ခာဂုဏ်ဝါကြီးမားသော "ဂုဏဝုဍ္ဍိ-ဝယဝုဍ္ဍိ" ပုဂ္ဂိုလ်များကို ရှိသေမြတ်နိုး ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရသော ဂါရဝမင်္ဂလာ, ပူဇနီယာနံပူဇာမင်္ဂလာ, အပစာယန ပုညကြိယဝတ္ထု ကောင်းမှုကုသိုလ်၏ အစွမ်းသတ္တိကြောင့်—

၁။ အသက်ရှည်ခြင်း အကျိုးလည်းတပါး၊

၂။ အဆင်းလှခြင်း အကျိုးလည်းတပါး၊

၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကျိုးလည်းတပါး၊

၄။ ကိုယ်အား, ဉာဏ်အားနှစ်ပါး တိုးပွားခြင်းအကျိုးလည်း တပါး။

ဤ မျက်မှောက်ခံစား အကျိုးလေးပါးတို့ကို ကိုယ်စီကိုယ်င ရရှိကြကုန်သည်သာဖြစ်၍ မဂ်,ဖိုလ် ရကြောင်း သူတော်ကောင်းတရားကိုနေ့,ညမယုတ် ကြိုးစားအားထုတ်နိုင်လွယ်ကြသည်ဖြစ်စေ။

ယေန ဟိ ပညာသဝဿံ အာယုသံဝတ္တနိကံ ကုသလံ ကတံ၊ ပဋိသန္ဓိဝိညာဏ ဝသေန ဇီဝိတန္တရာယော ဥပ္ပဇ္ဇေယျ၊ သော အဘိဝါဒနသီလတာယ ပဋိပဿမ္ဘတိ၊ သော ဟိ ယာဝတာယုကမေဝ တိဋ္ဌတိ၊ ဝဏ္ဏာဒယော ပိဿ အာယုနာ သဒ္ဓိံ ဝဍ္ဎန္တိ။ (အဋ္ဌကထာ)

ဂုဏဝုဍ္ဍိ, ဝယဝုဍ္ဍိရှိသူတို့အား ရှိခိုးခြင်း, အရိုအသေပေးခြင်း ကုသိုလ်သည် အမှန်တကယ် အသက်၏အန္တရာယ်ကို ကာကွယ်တားမြစ်နိုင်သည်၊ ဝဏ္ဏ,သုခ,ဗလတို့လည်း အသက်ရှည်သမျှပင်

အားဖြင့် လေးပါးကုန်သော။ ဓမ္မ၊ မျက်မှောက်ခံစား အကျိုး တရားတို့သည်။ ဝစ္စန္တိ၊ တနေ့တခြား တိုးပွားကုန်၏။

"ဗုဒ္ဓဂုဏောအနန္တော၊ ဓမ္မဂုဏောအနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော" ဟု မိန့်ဟောဖော်ပြ ဂုဏ်တော်အနန္တ ဖြစ်တော်မူကြသည့် ဘုရား, တရား, သံဃာ, မိဘ, ဆရာ, အတိရေက ဂုဏဝုဍ္ဎိ ပုဂ္ဂိုလ်များ၊ ထိုမှတပါး မိမိ ထက် သီလ, သမာဓိ, ပညာ ဂုဏ် အားဖြင့်ကြီးမြင့်သောဂုဏဝုဍ္ဎိပုဂ္ဂိုလ်များ၊ မိမိထက် တနေ့တရက် တနာရီမျှလည်း အသက်အရွယ်အားဖြင့် ကြီးမြင့်သော ဝယဝုဍ္ဎိ ပုဂ္ဂိုလ်များ၊ ဤ ဂုဏဝုဍ္ဎိ ဝယဝုဍ္ဎိ ဂုဏ်ထူးရှိသည့် ပုဂ္ဂိုလ်များကို ခရီးဦး ကြိုဆိုခြင်း, ရှိခိုးခြင်း, လက်အုပ်ချီခြင်း, နေရာခင်းခြင်း စသည်ကို ပြုခြင်းသည် ဂါရဝမင်္ဂလာ, ပူဇနီယာနံ ပူဇာမင်္ဂလာ "အပစာယန" ပုညကြိယဝတ္ထု မည်၏။ ထိုကုသိုလ်၏ အစွမ်းသတ္တိကြောင့် ယခုဘဝမှာပင်—

၁။ အသက်ရှည်ခြင်း အကျိုးလည်းတပါး၊
၂။ အဆင်းလှခြင်း အကျိုးလည်းတပါး၊
၃။ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း အကျိုးလည်းတပါး၊
၄။ ကိုယ်အား ဉာဏ်အားနှစ်ပါး တိုးပွားခြင်း အကျိုးလည်းတပါး။

ဤမျက်မှောက်ခံစား အကျိုး လေးပါး တို့ကို ရကုန်၏ဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ– ဘုရား, တရား, သံဃာ, မိဘ, ဆရာ, မိမိထက် တနေ့တရက်, တနာရီမျှ အသက် သိက္ခာဂုဏ်ဝါကြီးမား“ဂုဏဝုဍ္ဍိ-ဝယဝုဍ္ဍိ” ပုဂ္ဂိုလ်များကို ရိုသေ မြတ်နိုး ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရသော ဂါရဝမင်္ဂလာ, ပူဇနီယာနံပူဇာမင်္ဂလာ, အပစာယန ပုညကြိယ ဝတ္ထု ကောင်းမှုကုသိုလ်၏ အစွမ်းသတ္တိကြောင့်–

၁။ အသက်ရှည်ခြင်း အကျိုးလည်းတပါး၊
၂။ အဆင်းလှခြင်း အကျိုးလည်းတပါး၊
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကျိုးလည်းတပါး၊
၄။ ကိုယ်အား, ဉာဏ်အားနှစ်ပါး တိုးပွားခြင်းအကျိုးလည်း တပါး။

ဤ မျက်မှောက်ခံစား အကျိုးလေးပါးတို့ကို ကိုယ်စီကိုယ်င ရရှိကြကုန်သည်သာဖြစ်၍ မဂ်,ဖိုလ် ရကြောင်း သူတော်ကောင်း တရားကိုနေ့,ညမယုတ် ကြိုးစားအားထုတ်နိုင်လွယ်ကြသည်ဖြစ်စေ။

> ယေန ဟိ ပညာသဝဿံ အာယုသံဝတ္တနိကံ ကုသလံ ကတံ၊ ပဥ္စဝီသတိဝဿကာလေဝဘာ ဇီဝိတန္တရာယော ဥပ္ပဇ္ဇေယျ၊ သော အဘိဝါဒနသီလတာယ ပဋိပဿမ္ဘတိ၊ သော ဟိ ယာဝတာယုကမေဝ တိဋ္ဌတိ၊ ဝဏ္ဏာဒယော ပိဿ အာယုနာ သဒ္ဓိံ ဝဍ္ဍန္တိ။ (အဋ္ဌကထာ)

ဂုဏဝုဍ္ဍိ, ဝယဝုဍ္ဍိရှိသူတို့အား ရှိခိုးခြင်း, အရိုအသေပေးခြင်း ကုသိုလ်သည် အမှန်တကယ် အသက်၏အန္တရာယ်ကို ကာကွယ် တားမြစ်နိုင်သည်၊ ဝဏ္ဏ,သုခ,ဗလတို့လည်း အသက်ရှည်သမျှပင်

တိုးပွားကြသည်၊ ထို့ကြောင့် ထိုအာယု, ဝဏ္ဏ,သုခ,ဗလ အကျိုး လေးပါးကို ရအောင် ဂုဏဝုဍ္ဍိ,ဝယဝုဍ္ဍိရှိသူတို့အား ရှိခိုးမှု, အရို အသေပေးမှုကို အမြဲပြုရာ၏။

## ရတနာဆည်းကပ်လျှင် သစ္စာသိမြင် ဆုပေး

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊
သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊
သမ္မပ္ပညာယ ပဿတိ။

(ခုဒ္ဒကနိကာယ် ဓမ္မပဒ ဗုဒ္ဓဝဂ်)

ယော၊ နတ်နှင့်လူတွင် အကြင်သူသည်။ ဗုဒ္ဓဉ္စ၊ အရေဟတာ အစလာသည့် ကိုးဖြာဂုဏ်ရှင် ဘုရားသခင်ကိုလည်းကောင်း၊ ဓမ္မဉ္စ၊ သွာက္ခာတတာ အစလာသည့် ခြောက်ဖြာဂုဏ်ကပ် တရားတော် မြတ်ကိုလည်းကောင်း၊ သံဃဉ္စ၊ သုပ္ပဋိပန္နတာ အစလာသည့်ကိုးဖြာ ဂုဏ်ကပ် သံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ-သရဏံဂတိ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာဟူ၍။ ဂတော၊ မှီငဲ ဆည်းကပ် အသိအမှတ်ပြု၏။ သော၊ ထိုသုံးပါးရတနာ ကိုးကွယ် ရာဟု စိတ်မှာသိမှတ် ဆည်းကပ်သော သူသည်။ စတ္တာရိ၊ အမျိုး အစား အရေအတွက် အားဖြင့် လေးပါးကုန်သော။ အရိယ သစ္စာနိ၊ အရိယာပုဂ္ဂိုလ်အဖြစ်ကို ပြုကြောင်းသစ္စာတရားတို့ကို။ သမ္မ- သမ္မာ၊ မဖောက်မပြန် အမှန်အားဖြင့်။ ပညာယ၊ ပညာစက္ခု မဂ် ဉာဏ်စုဖြင့်။ ပဿတိ၊ ပိုင်းခြားထင်ထင် သိမြင်ရ၏။

သဗ္ဗညုဘုရားရှင်သည် အရဟံဂုဏ်တော်, သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်, ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်, သုဂတဂုဏ်တော်, လောကဝိဒူဂုဏ်တော်, အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်, သတ္ထာဒေဝ မနုဿာနဂုဏ်တော်, ဗုဒ္ဓဂုဏ်တော်, ဘဂဝါဂုဏ်တော် ဤကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေ၏။

မဂ်,ဖိုလ်,နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်သည် သွာက္ခာတဂုဏ်တော်, သန္ဒိဋ္ဌိကဂုဏ်တော်, အကာလိကဂုဏ်တော်, ဧဟိပဿိက ဂုဏ်တော်, ဩပနေယျိက ဂုဏ်တော်, ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော် ဤခြောက်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေ၏။

မဂ်ပုဂ္ဂိုလ်လေးယောက်, ဖိုလ်ပုဂ္ဂိုလ်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာသည် သုပ္ပဋိပန္နဂုဏ်တော်, ဥဇုပ္ပဋိပန္နဂုဏ်တော်, ဉာယပ္ပဋိပန္နဂုဏ်တော်, သာမီစိပ္ပဋိပန္န ဂုဏ်တော်,အာဟုနေယျဂုဏ်တော်,ပါဟုနေယျဂုဏ်တော်,ဒက္ခိဏေယျဂုဏ်တော်, အဉ္ဇလိကရဏီယဂုဏ်တော်, အနုတ္တရပုညက္ခေတ္တဂုဏ်တော် ဤကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေ၏။

ဤကဲ့သို့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း, ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း, သံဃာနုဿတိကမ္မဋ္ဌာန်းကို မှီငြမ်းပြုပြီး ဘုရား, တရား, သံဃာ, ရတနာသုံးရပ်ကို အမြတ်စိတ်ထားဖြင့် ကိုးကွယ်ဆည်းကပ်ကြတဲ့ သူတော်သူမြတ်တွေဟာ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟု ဆိုအပ်သော သစ္စာလေးပါး မြတ်တရားကို

မဂ်ဉာဏ်ဖြင့် သိမြင်ရကုန်၏ဟု ဒေသနာတော်မှာ အဓိပ္ပာယ် လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့် အညီ-ဘုရား, တရား, သံဃာ, ရတနာသုံးရပ် ဂုဏ်တော်မြတ်၌ အမြတ်စိတ်ထား လေးစားချစ်ခင် ကြည်လင်သဒ္ဓါ ရှိခိုးပါရ ဤပုညကြောင့် ယခုဘဝ ပစ္စက္ခမှစ၍ နိဗ္ဗာန်ရသည့်ဘဝ ပစ္ဆိမစိတ္တက္ခဏကျအောင် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို အပြည့်အဝရရှိကြကုန်ပြီးလျှင် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟု ဆိုအပ်သော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်နိုင်လွယ်ကြသည် ဖြစ်စေ....။

---

## မဂ်သရဏဂုံ ကိုယ်လုံးထုံရကျိုး ဆုပေး

တံခေါ သရဏံ ခေမံ၊
တံ သရဏ မုတ္တမံ။
တံ သရဏ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စတိ။

(ခုဒ္ဒကနိကာယ် ဓမ္မပဒ ဗုဒ္ဓဝဂ်)

တံခေါသရဏံ၊ ဤသရဏဂုံ ကိုယ်လုံးထုံရခြင်းသည် သာလျှင်။ ခေမံ၊ ဇာတိအစ များလှသောင်းပြောင်း ဘေးအပေါင်း မရှိ။ တံခေါသရဏံ၊ ဤသရဏဂုံ ကိုယ်လုံးထုံရခြင်းသည် သာလျှင်။ ဥတ္တမံ၊ ထူးကဲမောက်ချွန် ဂုဏ်မွန်လွန်လေ မြတ်လှပေ၏။ တံခေါသရဏံ၊ ဤသရဏဂုံ ကိုယ်လုံးထုံရခြင်း ကိုသာလျှင်။ အာဂမ္မ၊ စွဲယူသမှု အကြောင်းပြု၍။ (သတ္တော၊ အာဂဇာနည်

သတ္တဝါသည်။) သဗ္ဗဒုက္ခာ၊ ကြွင်းမဲ့ချက်ကုန် အလုံးစုံသော ဝဋ္ဋဆင်းရဲမှ။ ပမုစ္စတိ၊ ကောင်းစွာမသွေ လွတ်မြောက်ရပေ၏။

မဂ်သရဏဂုံ ကိုယ်လုံးထုံနိုင်ပါလျှင် ဇာတိ, ဇရာ, ဗျာဓိ,မရဏ အစရှိတဲ့ ဘေးအပေါင်းမှ ကင်းလွတ်မည်၊ ဂုဏ်အားဖြင့်လည်း ထူးမြတ်မည်၊ ဤမဂ်သရဏဂုံ ကိုယ်လုံးငုံခြင်းကို အစွဲပြုပြီး အလုံးစုံသော ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရသည်ဟု ဒေသနာ တော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ-သုံးလီသော ရတနာ ကို ရိုသေစွာ ရှိခိုးရသော ကုသိုလ်စေတနာတို့ကြောင့် အန္တရာယ် ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းထွေရာ မင်္ဂလာ ကြက်သရေ တက်နေ့ပမာ ရက်ရှည်စွာတိုးပြီးလျှင် ကောင်းကျိုးအမြတ် ဘေး မကပ်သည့် မဂ်မြတ်သရဏဂုံ ကိုယ်လုံးထုံနိုင်ကြကုန်သည်ဖြစ်၍ လုံးစုံသဗ္ဗ ဝဋ္ဋဒုက္ခမှ လွတ်မြောက်နိုင်လွယ်ကြသည် ဖြစ်စေ....။

---

## ကောင်းမှုပုည လိုတိုင်းရ ဆုပေး

သော ဒေဝမနုဿာနံ၊
သဗ္ဗကာမဒဒေါ နိဓိ။
ယံယဒေဝါ ဘိပတ္ထေန္တိ၊
သဗ္ဗ မေတေန လဗ္ဘတိ။
(ခုဒ္ဒကနိကာယ် ခုဒ္ဒကပါဌ နိဓိကဏ္ဍသုတ်)

သော-သောနိဓိ၊ ဤအနုဂါမိက ပုညပြည့်ဖြိုး မြတ်ရွှေအိုး သည်။ ဒေဝမနုဿာနံ၊ ကောင်းမှုရှင်ဟူ သဒ္ဓါပြုသည့် နတ်,လူတို့ အား။ သဗ္ဗကာမဒဒေါ၊ 'လိုချင်တောင့်တ အလုံးစုံသော အလို

ဆန္ဒကို ပေးတတ်လှပါ၏။ ယံယဒေဝ၊ အကြင်အကြင် လောကုတ္တရာ လောကီ နှစ်လီသော ချမ်းသာကိုသာလျှင်။ (ဒေဝမနုဿာ၊ ကောင်းမှုရှင်ဟူ သဒ္ဒါပြုသည့် နတ်, လူတို့သည်။) အဘိပတ္ထေန္တိ၊ လိုချင်ပြင်းပြ တောင့်တကြကုန်၏။ သဗ္ဗံ၊ အလုံးစုံသော။ တံတံ၊ ထိုထို ကောင်းမှုရှင်ဟူ နတ်နှင့်လူတို့ စိတ်မူ တောင့်တ ချမ်းသာဟူသမျှကို။ ဧတေန၊ ဤအနုဂါမိက ပုညပြည့်ဖြိုး မြတ်ရွှေအိုးဖြင့်။ လဗ္ဘတိ၊ မုချဆတ်ဆတ် ရအပ်ပါ၏။

ဘုရား, တရား, သံဃာ, ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိ ရှိသူတို့အား အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ရခြင်းသည် ကောင်းမှုရှင် သွားရာ တမလွန်ရွာသို့ အစဉ်တစိုက် လိုက်ပြီး ကောင်းမှုရှင် အလို ကျအောင် ကောင်းကျိုး ချမ်းသာကို ပေးတတ်လှသောကြောင့် အနုဂါမိက ပုညရွှေအိုးမည်၏။ ဤအနုဂါမိက ပုညရွှေအိုးဖြင့် ကောင်းမှုရှင် နတ်, လူတို့ လိုချင်တောင့်တတဲ့ လောကီ ချမ်းသာ, လောကုတ္တရာ ချမ်းသာဟူသမျှကို မုချပင်ရသည်ဟု ဒေသနာ တော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ-ပရိဘောဂ စေတီ, ဥဒ္ဒိဿကစေတီ, ဓာတုစေတီတော်မြတ် တို့အားငှင်း၊ မဂ်လေး တန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိအားဖြင့် ဆယ်ပါးသော တရားတော်မြတ်အားငှင်း၊ ပရမတ္ထသံဃာ, သမုတိသံဃာအား ဖြင့် နှစ်ပါးသော သံဃာတော်မြတ်အားဖြင့်ငှင်း၊ အခြားသော ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိ ရှိသူတို့အားငှင်း အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြရသော အနုဂါမိက ပုညရွှေအိုးဖြင့် သင်သူတော် ကောင်းအပေါင်းတို့ အလိုရှိအပ်, တောင့်တအပ်သော ပစ္စုပ္ပန်

ဝယ် အနန္တရာယ်ကင်း၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်, စိတ်နှစ်ဖြာချမ်းသာခြင်း၊ ကိုယ်အားဉာဏ်အား နှစ်ပါးတိုးပွားခြင်း၊ စီးပွားချမ်းသာ တိုးတက်ခြင်းဟူသော လောကီအကျိုးများ တမလွန်ဝယ် လူ့ပြည်နတ်ရပ် အမြတ်ဇာတ်၌ ဖြစ်ရ၍ အသက်ရှည်ခြင်းစသော လောကီအကျိုးများ၊ အဆုံးဘဝ၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကိုရခြင်းဟူသော လောကုတ္တရာ အကျိုးများကို ကိုယ်စီကိုယ်ငရရှိကြ၍ ဘဝဇာတ်သိမ်း အေးငြိမ်းကြသည်ဖြစ်စေ။

[ပူဇော်အပ်သောကြောင့်ရင်း၊ အုဋ်, ကျောက်, အင်္ဂတေ တို့ဖြင့် စီအပ်, စုပုံ၍ ထားအပ်သောကြောင့်ရင်း စေတီမည်၏။ ထိုစေတီသည်ကား- ပရိဘောဂစေတီ, ဥဒ္ဒိဿက စေတီ, ဓာတုစေတီဟူ၍ သုံးမျိုးပင်ပြား၏။ ဗောဓိပင်သည် ပရိဘောဂစေတီမည်၏။ ကိုယ်တော်စား ရုပ်ပွားဆင်းတု တော်များ သည် ဥဒ္ဒိဿကစေတီမည်၏။ မွေ့သရီရဓာတ် ရှိသောစေတီသည် ဓာတုစေတီမည်၏။]

## ကုသိုလ်ရွှေအိုး ကောင်းကျိုး ဆုပေး

မာနုဿိကာ စ သမ္ပတ္တိ၊
ဒေဝလောကေ စ ယာ ရတိ။
ယာ စ နိဗ္ဗာနသမ္ပတ္တိ၊
သဗ္ဗ မေတေန လဗ္ဘတိ။

[ခုဒ္ဒကနိကာယ် ခုဒ္ဒကပါဠ် နိဓိကဏ္ဍသုတ်]

မာနုဿိကာ၊ ကြောင်းကျိုးသိတတ် အမြတ်ဇာတ်ဟူ လူ၌ ဖြစ်သော။ ယာသမ္ပတ္တိစ၊ အကြင် စည်းစိမ်ချမ်းသာ သည်ရင်း။

ဒေဝလောကေ၊ အာရုံငါးလီ ထွန်းတောက်စည်သည့် နတ်ပြည်၌။ ယာရတိစ၊ အကြင်အမျိုးမျိုးအဖုံဖုံ အလုံးစုံသော မွေ့လျော်ဘွယ် သည်ရှင်း။ ယာနိဗ္ဗာနသမ္ပတ္တိစ၊ အကြင် အမတ ရိပ်ငြိမ် နိဗ္ဗာန် စည်းစိမ်သည်ရှင်း။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊အလုံးစုံသော။ တံသမ္ပတ္တိံ၊ ထိုလူ့,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ ဧတေန၊ ဤအနုဂါမိက ပုညပြည့်ဖြိုး မြတ်ရွှေအိုးဖြင့်။ လဗ္ဘတိ၊ မုချဆတ်ဆတ် ရအပ်ပါ၏။

ဘုရား,တရား,သံဃာ, ဂုဏဝုဍ္ဍိ,ဝယဝုဍ္ဍိ ရှိသူတို့အား အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ရခြင်းသည် ကောင်းမှုရှင် သွားရာ တမလွန်ရွာသို့ အစဉ်တစိုက်လိုက်ပြီး ကောင်းမှုရှင်အလိုကျအောင် ကောင်းကျိုးချမ်းသာကို ပေးတတ်လှသောကြောင့် အနုဂါမိက ပုညရွှေအိုးမည်၏။ ဤအနုဂါမိကပုညရွှေအိုးဖြင့် လူ့,နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကို မုချပင်ရသည်ဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ-ဘုရား, တရား, သံဃာ ရတနာသုံးပါး, ဂုဏဝုဍ္ဍိ, ဝယဝုဍ္ဍိ ရှိသူတို့အား အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ရသော အနုဂါမိက ပုညရွှေအိုးဖြင့် ပစ္စုပ္ပန်ဝယ် အန္တရာယ်ကင်း ရန်အ သွယ်သွယ် ရှင်း၍ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ကိုယ်အား, ဉာဏ်အားနှစ်ပါးတိုးတက်ခြင်းဟူသော အကျိုးများ၊ တမလွန်ဝယ် သရီရသမ္ပတ္တိ, ဘောဂသမ္ပတ္တိ, ပရိဝါရသမ္ပတ္တိ, သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်, စကြာ, မန္ဓာတ်,သိကြား နတ်မင်းတို့၏ စည်းစိမ်ချမ်းသာ၊ ရုပ်နှင့်နာမ်မျှ ချုပ်ငြိမ်းအေးမြ

ခြင်းဟူသော နိဗ္ဗာန်ချမ်းသာ၊ ဤလူ့နတ်၊နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ကိုယ်စီကိုယ်င ရရှိကြသည်ဖြစ်စေ....။

## ရွှေအိုးမြှုပ်နှံ့ ဥာဏ်ငါးတန် ဆုံပေး

ပဋိသမ္ဘိဒါ ဝိမောက္ခာစ၊
ယာစ သာဝက ပါရမီ။
ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊
သဗ္ဗ မေတေန လဗ္ဘတိ။

(ခုဒ္ဒကနိကာယ် ခုဒ္ဒကပါဌနိဓိကဏ္ဍသုတ်)

ပဋိသမ္ဘိဒါစ၊ လေးပါးသော ပဋိသမ္ဘိဒါဉာဏ် သည်၎င်း။ ဝိမောက္ခာစ၊ ရှစ်ပါးသော ဝိမောက္ခသည်၎င်း။ ယာသာဝက ပါရမီစ၊ အကြင်သာဝကပါရမီဉာဏ်သည်၎င်း။ ပစ္စေကဗောဓိစ၊ ပစ္စေကဗောဓိဉာဏ်သည်၎င်း။ဗုဒ္ဓဘူမိစ၊သဗ္ဗညုတဉာဏ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ ခပ်သိမ်းကြုံးခြုံ ဤအလုံးစုံကို။ ဧတေန၊ ဤအနုဂါမိက ပုညပြည့်ဖြိုး မြတ်ရွှေအိုးဖြင့်။ လဗ္ဘတိ၊ မုချဆတ်ဆတ် ရအပ်ပါ၏။

ဘုရား, တရား, သံဃာ, ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိ, ရှိသူတို့အား အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ရခြင်းသည် ကောင်းမှုရှင် သွားရာ တမလွန်ရွာသို့ အစဉ်တစိုက်လိုက်ပြီး ကောင်းမှုရှင် အလို ကျအောင် ကောင်းကျိုးချမ်းသာကို ပေးတတ်လှသောကြောင့် အနုဂါမိက ပုညရွှေအိုးမည်၏။ ဤ အနုဂါမိက ပုညရွှေအိုးဖြင့် လေးပါးသောပဋိသမ္ဘိဒါဉာဏ်, ရှစ်ပါးသောဝိမောက္ခ, သာဝက ဗောဓိဉာဏ်, ပစ္စေက ဗောဓိဉာဏ်, သမ္မာ သမ္ဗောဓိ ဉာဏ်တို့ကို မုချပင်ရ၏ ဟု ဒေသနာတော်မှာ အခိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ— ဘုရား, တရား, သံဃာ ရတနာသုံးပါး, ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိ ရှိသူတို့အား အာမိသ ပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ရသော အနုဂါမိက ပုညရွှေအိုးဖြင့် ယခုဘဝ ယခုအချိန်မှစ၍ နိဗ္ဗာန်ရသည့်ဘဝ ပစ္ဆိမစိတ္တက္ခဏ ကျအောင် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူ မျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါ ခပ်သိမ်း ကင်းငြိမ်းကြ ကုန်ပြီးလျှင် အသက်ရှည်ခြင်း, အဆင်း လှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း, ဘုန်းတန်ခိုးကြီးခြင်း, အမျိုးမြတ်ခြင်း အကျိုးတို့ကိုရ၍ အဆုံး ဘဝ၌ သာဝကဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိ ဉာဏ်တို့တွင် မိမိတို့အလိုရှိအပ်, တောင့်တအပ်, ပန်ဆင်အပ်သော ဉာဏ်ကိုရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လွယ်ကြသည်ဖြစ်စေ....။

---

## သီလပြည့်ခြင်း ကျိုးငါးပါးရ ဆုပေး

ပဉ္စိမေ ဂဟပတယော အာနိသံသာ သီလဝတော သီလ သမ္ပဒါယ။ ကတမေ ပဉ္စ-

၁။ ဣဓ ဂဟပတယော သီလဝါ သီလသမ္ပန္နော အပ္ပမာ ဒါဓိကရဏံ မဟန္တံ ဘောဂက္ခန္ဓံ အဓိဂစ္ဆတိ၊ အယံ ပဌမော အာနိသံသော သီလဝတော သီလသမ္ပဒါယ။

၂။ ပုန စ ပရံ ဂဟပတယော သီလဝတော သီလသမ္ပန္နဿ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ အယံ ဒုတိယော အာနိသံသော သီလဝတော သီလသမ္ပဒါယ။

၃။ ပုန စ ပရံ ဂဟပတယော သီလဝါ သီလသမ္ပန္နော ယည္ဒေဝ ပရိသံ ဥပသင်္ကမတိ ယဒိ ခတ္တိယ ပရိသံ ယဒိ ဗြာဟ္မဏပရိသံ ယဒိ ဂဟပတိပရိသံ ယဒိ သမဏပရိသံ ဝိသာရဒေါ ဥပသင်္ကမတိ အမင်္ကုဘူတော၊ အယံ တတိယော အာနိသံသော သီလဝတော သီလသမ္ပဒါယ။

၄။ ပုန စ ပရံ ဂဟပတယော သီလဝါ သီလသမ္ပန္နော အသံမူဠှော ကာလံ ကရောတိ၊ အယံ စတုတ္ထော အာနိ-သံသော သီလဝတော သီလသမ္ပဒါယ။

၅။ ပုန စ ပရံ ဂဟပတော သီလဝါ သီလသမ္ပန္နော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ အယံ ပဉ္စမော အာနိသံသော သီလဝတော သီလသမ္ပဒါယ။

ဣမေ ခေါ ဂဟပတယော ပဉ္စ အာနိသံသာ သီလဝတော သီလသမ္ပဒါယ။

(ခုဒ္ဒကနိကာယ် ဥဒါန ပါဠိလိဂါမိယဝဂ် ပါဋလိဂါမိယသုတ်)

ဂဟပတယော၊ ဒါယကာတို့။ သီလဝတော၊ ကိုယ်နှုတ်စောင့်စည်း အကျင့်တည်းဟူသော သီလရှိသောသူအား။ သီလသမ္ပဒါယ၊ ကိုယ်နှင့်နှုတ်ကို ထိန်းချုပ်လုံခြုံ သီလဂုဏ်နှင့် ပြည့်စုံခြင်းကြောင့်။ အာနိသံသာ၊ မျက်မှောက်တမလွန် ရအပ်သော အကျိုးအာနိသင် တို့သည်။ ဣမေ ပဉ္စ၊ အမျိုးအစား အပြားအားဖြင့် ဤငါးပါးတို့ပင်တည်း။ ပဉ္စ၊ သီလအကျိုး ငါးမျိုးတို့ဟူကုန်သည်။ ကတမေ၊ အဘယ်သည်တို့နည်း။

၁။ ဂဟပတော၊ ဒါယကာတို့။ ဤခေါကြည့်လူ့ခွင်ဌာန လူလော ကဌ်။ သီလဝ ါ၊ ကိုယ်, နှုတ် စောင့်စည်း အကျင့်တည်း ဟူသော သီလရှိသော။ သီလသမ္ပန္နော၊ ကိုယ်နှင့်နှုတ်ကို ထိန်းချုပ် လုံခြုံ သီလဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။ အပ္ပမာဒါဓိ ကရဏံ၊ အကျင့်၌လေ့ မမေ့ခြင်းဟူသော အကြောင်းကြောင့်။ မဟန္တံ၊ ကြီးကျယ်ထင်ရှား များပြားသော။ ဘောဂက္ခန္ဓံ၊ သုံးစားဘွယ်ဟု ဥစ္စာစုကို။ အဓိဂစ္ဆတိ၊ လက်ငင်းမုချ ကေန်ရ၏။ အယံ၊ ဤသို့ ကြီးကျယ်များပြား စည်းစိမ် ဥစ္စာများကို ရခြင်းသည်။ သီလ ဝတော၊ အား။ သီလသမ္ပဒါယ၊ ကြောင့်။ ပဌမော၊ ရှေးဦးစွာ သော။ အာနိသံသော၊ မျက်မှောက်ထင်ထင်ရအပ်သော အကျိုး အာနိသင်ပေတည်း။

၂။ ဂဟပတယော၊ ဒါယကာတို့။ ပုန၊ တဖန်။ အပရဋ္ဌ၊ သီလအကျိုးတမျိုးကိုလည်း။(အဟံ၊ ငါဘုရားသည်။ ဘာသိဿာ မိ၊ ဟောပေဦးအံ့။) သီလဝတော၊ သော။ သီလသမ္ပန္နဿ၊ ၏။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ နှုတ်,လူ အံ့ခြီး ကောင်းခြီးပေးသံ ကျော်စောသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ ဒိသာဆယ် ချက် ပျံ့နှံ့တက်၏။ အယံ၊ ဤသို့ကောင်းသော သတင်းကျော် စောခြင်းသည်။သီလဝတော၊ အား။ သီလ သမ္ပဒါယ၊ ကြောင့်။ ဒုတိယော၊ နှစ်ခုမြောက် ဖြစ်သော။ အာနိသံသော၊ မျက်မှောက် ထင်ထင် ရအပ်သော အကျိုးအာနိသင်ပေတည်း။

၃။ ဂဟပတယော၊ ဒါယကာတို့။ ပုန၊ တဖန်။ အပရဋ္ဌ၊ ကို လည်း။(အဟံ၊ သည်။ ဘာသိဿာမိ၊အံ့။) သီလဝ ါ၊သော။ သီလ သမ္ပန္နော၊ သည်။ ယညဒေဝပရိသံ၊ လေးပါး လူ့,ရှင် အကြွင်

အကြင် ပရိသတ်သို့သာလျှင်။ ဥပသင်္ကမတိ၊ သွားလာလည်ပတ် ချဉ်းကပ်ငြားအံ့။ ခတ္တိယ ပရိသံ၊ အာဏာတန်ခိုး ကြီးစိုးမြင့်မြတ် မင်းပရိသတ်သို့မူလည်း။ ယဒိဥပသင်္ကမတိ၊ အကယ်၍ကား ချဉ်းကပ်ငြားအံ့။ ဗြာဟ္မဏပရိသံ၊ ဗေဒင်ရွတ်ဘတ် ပုဏ္ဏားပရိသတ် သို့မူလည်း။ ယဒိဥပသင်္ကမတိ၊ အံ့။ ဂဟပတိပရိသံ၊ တောင်သူ လယ်သမား ပွဲစားကုန်သည် သူကြွယ်ပရိသတ်သို့မူလည်း။ ယဒိ ဥပသင်္ကမတိ၊ အံ့။ သမဏပရိသံ၊ သာသနာ့ ဝန်ထမ်း ရဟန်း ပရိသတ်သို့မူလည်း။ ယဒိဥပသင်္ကမတိ၊ အံ့။ဝိသာရဒေါ၊ကြောက် ရွံ့ခြင်းကင်း ရဲတင်းသည်ဖြစ်၍။ အမင်္ကုဘူတော၊ ရှက်နိုးကင်း ကွာ ကြည်သာရွှင်ပျ မျက်နှာလှသည်ဖြစ်၍။ ဥပသင်္ကမတိ၊ သွား လာလည်ပတ် ချဉ်းကပ်ရ၏။ အယံ၊ ဤသို့ရဲရင့် ကြည်ရွှင် လှူရှင် လေးရပ် ပရိသတ်သို့ ချဉ်းကပ်ရခြင်းသည်။ သီလဝတော၊ အား။ သီလသမ္ပဒါယ၊ ကြောင့်။ တတိယော၊ သုံးခုမြောက်ဖြစ်သော။ အာနိသံသော၊ မျက်မှောက်ယင်ထင် ရအပ်သောအကျိုး အာနိ သင်ပေတည်း။

၄။ ဂဟတပယော၊ ဒါယကာတို့။ ပုန၊ တဖန်။ အပရဥ္စ၊ ကိုလည်း။ (အပရံ၊ သည်။ ဘာသိဿာမိ၊ အံ့။) သီလဝါ၊ သော။ သီလသမ္ပန္နော၊ သည်။ အသမ္မူဠော၊ ကုသိုလ်အာရုံ ဇောစိတ်ထုံ၍ ကြည်တုံစိတ်နေ မတွေဝေသည် ဖြစ်၍။ ကာလံကရောတိ၊ သက် မြတ်ပျက်ကြွေ ခန္ဓာသေ၍ စုတေရ၏။ အယံ၊ ဤသို့ ကုသိုလ် စိတ်နေ မတွေမဝေ သေရခြင်းသည်။ သီလဝတော၊ အား။ သီလ သမ္ပဒါယ၊ ကြောင့်။ စတုတ္ထော၊ လေးခုမြောက် ဖြစ်သော။

အာနိသံသော၊ မျက်မှောက်ထင်ထင် ရအပ်သော အကျိုးအာနိသင်ပေတည်း။

၅။ ဂဟပတယော၊ ဒါယကာတို့။ ပုန၊ တဖန်။ အပရဉ္စ၊ ကိုလည်း။ (အဟံ၊ သည်။ ဘာသိဿာမိ၊ အံ့။) သီလဝ ါ၊သော။ သီလသမ္ပန္နော၊ သည်။ကာယဿ၊ ရုပ်,နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ၏။ ဘေဒါ၊ စုတိသို့သက် ပျက်သည်ဟု ဆိုအပ်သော။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်ကာလ၌။ သုဂတိံ၊ ကောင်းသော အလားဖြစ်သော။ သဂ္ဂံ၊ ရူပ, သဒ္ဒ စသည့် အာရုံ ကာမဂုဏ်တို့ဖြင့် ပြည့်စုံလွန်မြတ်သော။လောကံ၊သုခရိပ်မြုံ နတ်ဘုံလောကသို့။ဥပပဇ္ဇတိ၊ စုံကပ်သန္ဓေ ဖြစ်ရပေ၏။ အယံ၊ ဤသို့ သေခါ နတ်ပြည် ဖြစ်ရခြင်းသည်။ သီလဝတော၊ အား။ သီလသမ္ပဒါယ၊ ကြောင့်။ ပဉ္စမော၊ ငါးခုမြောက် ဖြစ်သော။ အာနိသံသော၊ တမလွန်တွင် ရအပ်သော အကျိုးအာနိသင်ပေတည်း။

ဂဟပတယော၊ တို့။ သီလဝတော၊ အား။ သီလသမ္ပဒါယ၊ ကြောင့်။ အာနိသံသာ၊ မျက်မှောက်တမလွန် ရအပ်သော အကျိုးအာနိသင်တို့သည်။ ဣမေပဉ္စ၊ ပင်တည်း။

သီလကို မကျိုး, မပေါက်, မကျား, မပြောက်အောင် စောင့်ရှောက်သောက်တည်သူတွေ ရရှိနိုင်တဲ့ သီလ၏ အကျိုးငါးပါးကို ရှင်တော်ဘုရား ဟောကြားတော်မူခဲ့တယ်။

၁။ ပဌမအကျိုးကား - မျက်မှောက်ဘဝမှာပင် ပစ္စည်းဥစ္စာ တိုးတက်ချမ်းသာမည်တဲ့။

၂။ ဒုတိယအကျိုးကား—ကောင်းသောသတင်း ကျော်စောခြင်းရှိမည်တဲ့။

၃။ တတိယအကျိုးကား-ကြည်လင်ရွှင်ပျ မျက်နှာလှလှနှင့် ပရိသတ်လေးပါးသို့ ချဉ်းကပ်နိုင်မည်တဲ့။

၄။ စတုတ္ထ အကျိုးကား – မတွေမဝေ ကုသိုလ်တွေကို အောက်မေ့ပြီး သေရမည်တဲ့။

၅။ ပဥ္စမအကျိုးကား – သေပြီးနောက် တမလွန်ဝယ် နတ်ပြည်သို့ ရောက်ရမည်တဲ့။

ဒီ သီလအကျိုးငါးပါးကို သီလကို မကျိုး,မပေါက်,မကျား မပြောက်အောင် စောင့်ရှောက်ဆောက်တည်သူတွေ ရမည်တဲ့။

ဤသို့ ဟောတော်မူခဲ့သည့် ဥဒါန်းပါဠိတော်နှင့် အညီ-ရတနာသုံးပါး ဦးထိပ်ထား၍ သီလကို ကြိုးစားကြကုန်သော သင်တို့အား အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ ချမ်းသာခြင်း နှင့် ပြည့်စုံကြကုန်ပြီလျှင် သီလ၏အကျိုး ငါးပါးကိုရ၍ မဂ်,ဖိုလ်,နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင် လွယ်ကြသည် ဖြစ်စေ....။

---

## အမြတ်ဆုံးကြည်ညိုက အမြတ်ဆုံးကျိုးရ ဆုပေး

အဂ္ဂေ ဗုဒ္ဓေ ပသန္နာနံ၊
ဒက္ခိဏေယျေ အနုတ္တရေ။
အဂ္ဂေ ဓမ္မေ ပသန္နာနံ၊
ဝိရာဂူပသမေ သုခေ။
အဂ္ဂေ သံဃေ ပသန္နာနံ၊
ပုညက္ခေတ္တေ အနုတ္တရေ။

(ခုဒ္ဒကနိကာယ် ဇာတိဝုတ် တိကနိပါတ်ပဥ္စမဝဂ် အဂ္ဂပ္ပသာဒသုတ်)

အနုတ္တရေ၊ ပြိုင်ဘက်ကင်းဘိ အတုမရှိသော။ ဒက္ခိဏေယျေ၊ သဒ္ဓါကြည်ဖြူ မြတ်သောအလှူကို ခံတော်မူထိုက်သော။ အဂ္ဂေ၊ အသဒိသ အစရှိတုံ ဂုဏ်တို့ကြောင့်မြတ်သော။ ဗုဒ္ဓေ၊ သုံးလူ့သခင် ဘုရားရှင်၌။ ပသန္နာနံ၊ သဒ္ဓါကဲပို ကြည်ညိုကြကုန်သော သူတို့ အားရင်း။ ဝိရာဂူ-ပသမေ၊ ကိလေသာပေါင်း ရာဂကင်းငြိမ်း ကြောင်းဖြစ်သော။ သုခေ၊ ဝဋ္ဋဒုက္ခက္ခယ,သင်္ခါရူပသမ, သုခ၏ အကြောင်းဖြစ်သော။ အဂ္ဂေ၊ အသဒိသ အစရှိလတ် ဂုဏ်ပေါင်း ထင်၍ မြတ်စွာသော။ ဓမ္မေ၊ သုံးလူ့မြတ်ဖျား အလေးထားသည့် တရားတော်၌။ ပသန္နာနံ၊ သဒ္ဓါကဲပို ကြည်ညိုကြကုန်သော သူတို့ အားရင်း။ အနုတ္တရေ၊ ပြိုင်ဘက်ကင်းပြတ် အတုမရှိမြတ်သော။ ပုညက္ခေတ္တေ၊ ကောင်းမှုတည်း ဟူသော မျိုးစေ့၏ စိုက်ပျိုး ကြဲချရာ လယ်ယာမြေကောင်းပမာ ဖြစ်တော်မူသော။ အဂ္ဂေ၊ အသဒိသ အစရှိလတ် ဂုဏ်ပေါင်းထပ်၍ မြတ်စွာသော။ သံဃေ၊ ဘုရားသားကျော် သံဃာတော်၌။ ပသန္နာနံ၊ သဒ္ဓါကဲပို ကြည်ညို ကြကုန်သော သူတို့အားရင်း။ အဂ္ဂေါ၊ ပြိုင်ဘက်ကင်းပြတ် ထူးမြတ်သော။ ဝိပါကော၊ ကြည်ညိုဆပွား အကျိုးတရားသည်။ ဟောတိ၊ ချမှုမသွေ ဖြစ်ရပေ၏။

ဤကဲ့သို့ ဒေသနာတော်မြတ် မိန့်မှတ်သည်နှင့်အညီ-လောက တခွင်တွင် တုဘက်မမြင်သည့် မြတ်သောအလှူကို ခံတော်မူထိုက် သည့် ဘုရားရှင်၊ ရာဂကင်းငြိမ်းကြောင်း ဝဋ္ဋဒုက္ခက္ခယ, သင်္ခါ ရူပသမ, သုခ၏ အကြောင်း ကောင်းကောင်းကြီး မှန်လှတဲ့ တရားတော်၊ တုဘက်ကင်းကွာ ကောင်းမှုတည်းဟူသော မျိုးစေ့ ၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းပမာ ဖြစ်တော်မူတဲ့

သံဃာတော်၊ ဤရတနာမြတ်သုံးပါး ဂုဏ်တော်များကို လေးစားကြည်ညို မောက်မိုသဒ္ဒါ အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ရသော ကောင်းမှုကြောင့် ကိုယ်တွင်းကိုယ်ပ အန္တရာယ်မခတဲ ဣဋ္ဌမင်္ဂလာ သမ္မာသက်ပ္ပ အာယု, ဝဏ္ဏ, သုခ, ဗလ လက်ငင်းပင်ပြည့်စုံကြ၍အဂ္ဂဝိပါကံ နိဗ္ဗာန်မင်္ဂ ဖိုလ်ကို လွယ်သော အကျင့်လျင်သော အသိဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြသည် ဖြစ်စေ....။

[အဂ္ဂေါဝိပါကောဟောတိ၌ စပ်ထည့်။]

## အမြတ်ဆုံးချီးမြှောက် အမြတ်ဆုံး ဆုပေး

အဂ္ဂသ္မိံ ဒါတာ မေဓာဝီ၊
အဂ္ဂဓမ္မသမာဟိတော။
ဒေဝဘူတော မနုဿော ဝါ၊
အဂ္ဂပ္ပတ္တော ပမောဒတိ။

[(ခုဒ္ဒကနိကာယ် ဇာတိဝုတ် တိကနိပါတ်ပဥ္စမဝဂ် အဂ္ဂပ္ပသာဒသုတ်)]

အဂ္ဂဓမ္မသမာဟိတော၊ ရတနာသုံးရပ် ကျေးဇူးမြတ်၌ လေးမြတ်ကြည်ညိုခြင်းနှင့်ပြည့်စုံသော။ အဂ္ဂသ္မိံ၊ ရတနာသုံး အမြတ်ဆုံးအား။ ဒါတာ၊ ကြည်ဖြူလေးမြတ် ပေးလှူတတ်သော။ မေဓာဝီ၊ အသိအလိမ္မာ ပညာနှင့်ပြည့်စုံသော။ ဒေဝဘူတော ဝါ၊ နတ်ပြည်,နတ်ရပ် အမြတ်ဇာတ်၌ နတ်ဖြစ်သော သူသည်၎င်း၊ မနုဿော ဝါ၊ လူ့ပြည်,လူ့ရပ် အမြတ်ဇာတ်မှ လူဖြစ်သောသူသည်၎င်း။ အဂ္ဂပ္ပတ္တော၊ ကောင်းကျိုးကြီးလတ် မြတ်သည်၏အဖြစ်သို့

ရောက်သည်ဖြစ်၍။ ဝါ၊ အထွင်အမြတ်ဆို မဂ်,ဖိုလ်ကို ရသည်ဖြစ်၍။ ပမောဒတိ၊ ကြည်သာရွှင်ပျ မွေ့လျော်ရ၏။

ဤကဲ့သို့ ဒေသနာတော်မြတ် မိန့်မှတ်သည်နှင့်အညီ - ဘုရားရှင်၏ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်၊ တရားတော်၏ သွာက္ခာတ အစရှိသော ခြောက်ပါးသော ဂုဏ်တော်၊ သံဃာတော်၏ သုပ္ပဋိပန္နအစရှိသော ကိုးပါးသော ဂုဏ်တော်၊ဤရတနာမြတ်သုံးပါး ဂုဏ်တော်များကို လေးစားကော်ရော် အာမိသ, ဓမ္မ နှစ်ဌာနဖြင့် ပူဇော်ရသော ကောင်းမှုကြောင့် အန္တရာယ်ကင်းပ အာယု, ဝဏ္ဏ, သုခ, ဗလ လေးပအကျိုး နေ့တိုင်းတိုးလျက် ဟန်ခိုးကြီးမြတ် လူရပ်နတ်ထံ ပျော်စံပြီးမှ မဂ္ဂ, ဖလ, နိဗ္ဗာနကို စင်စစ်မုချ ကိုယ်စိကိုယ်င ရရှိကြသည်ဖြစ်စေ....။

## အစိတ္တိယ အကျိုးရ ဆုပေး

ဧဝံ အစိတ္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓဓမ္မာ အစိတ္တိယာ။
အစိတ္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိတ္တိယော။

(ခုဒ္ဒကနိကာယ် ဗုဒ္ဓဝံ ဗုဒ္ဓအပဒါန်)

ဧဝံ၊ ဤသို့။ ဗုဒ္ဓါ၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူသွားကြသည့် သုံးလောကသခင် ဘုရားရှင်တို့ကို။ အစိတ္တိယာ၊ အဝိသယ ဌာနရပ်မို့ တပ်အပ်ပိုင်ပိုင် မကြံအပ် မကြံစည်နိုင်ကုန်၊ ဗုဒ္ဓဓမ္မာ၊ ပွင့်ကြတွေ့တွေ့ ဘုရားတွေ၏ တွက်ရေမကုန် ကျေးဇူးဂုဏ်တို့ကို။ အစိတ္တိယာ၊ အဝိသယ ဌာနရပ်မို့ တပ်အပ်ပိုင်ပိုင်

မကြုံအပ်မကြုံစည်နိုင်ကုန်။ အစိန္တိယေ၊ အဝိသယဌာနမှု တပ်အပ်ပိုင်ပိုင် မကြုံအပ်နိုင် မကြုံနိုင်တုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံပေလတ်ဘုရားမြတ်၌။ ပသန္နာနံ၊ သဒ္ဓါရွှမ်းစို ကြည်ညိုကြကုန်သောသူတို့အား။ အစိန္တိယော၊ အဝိသယ ဌာနရပ်မှု တပ်အပ်ပိုင်ပိုင် မကြုံအပ် မကြုံစည်နိုင်သော။ ဝိပါကော၊ ကြည်ညိုဆပ္ပွား အကျိုးတရားသည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။

သုံးဆယ့်နှစ်ပါးသောယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီးရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာ ဆင်ထားတဲ့ဘုရားရှင်၏ ရူပကာယတော်, သဗ္ဗညုတဉာဏ်စသော နာမကာယတော်၊ ဤဗုဒ္ဓဝိသယကို မကြုံအပ် မကြုံစည် နိုင် ဘူး တဲ့၊ ဤဗုဒ္ဓဝိသယ အစိန္တေယျကိုကြည်ညိုကြတဲ့ ကလျာဏဂိုဏ်းဝင် သူတော်စင်အပေါင်းတို့အား ရရှိအပ်သော ကံ၏ အကျိုးတရားကိုလည်း "ကမ္မဝိပါကော အစိန္တေယျော"ဟု ဟောတော်မူသည်နှင့် အညီ-မကြုံအပ် မကြုံစည်နိုင်ဟု ဒေသနာ တော် မှာ အမိပ္ပာ ယ် လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည့်နှင့်အညီ- ဗုဒ္ဓ ဘာ သာ ဝင်အပေါင်း သူတော်ကောင်းတို့သည် အစိန္တေယျ ဖြစ်တော်မူသောဘုရားရှင်၊ ထိုဘုရားရှင်သည် ထိုးထွင်းသိမြင် ဟောကြားတော်မူအပ်သော တရားတော်၊ ထိုဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော်အစစ် ဖြစ်တော်မူသော သံဃာတော်၊ ဤ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား အာမိသပူဇာ,ဓမ္မပူဇာတို့ဖြင့်ပူဇော်ကြကုန်၏။ ဤသို့ပူဇော်ရသော ပူဇဝန္တ ကုသိုလ်စေတနာတို့ကြောင့် ယခုဘဝ ယခုအချိန်မှစ၍ နိဗ္ဗာန်ရသည့်ဘဝ ပန္တိမ

စိတ္တက္ခဏကျအောင် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး, ဝိပတ္တိတရား လေးပါး, ဗျသနတရား ငါးပါး, နှစ်ဆယ့်ငါးပါးသောဘေး, တဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ, သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ, ကိုးဆယ့်ခြောက်ပါးသော အနာရောဂါတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြကုန်သည်သာ ဖြစ်၍ ကောင်းကျိုးချမ်းသာ ကြက်သရေမင်္ဂလာ အဖြာဖြာ တို့သည် အခါခပ်သိမ်း တိုးပွားကြကုန်လျက် ဘဝ အဆက်ဆက် မရေမတွက်နိုင်အောင်သော အကျိုးတို့ဖြင့်တင့်၍ ပါရမီရင့်ရာ နောက်ဆုံးအခါ၌ မဂ်လေးတန်, ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္တရာတရားကို ထိုးထွင်းသိမြင်နိုင်ကြသည်ဖြစ်စေ....။

---

## ပူဇော်ထိုက်သူကို ပူဇော်က ရေတွက်မရ အကျိုးအနန္တ ဆုပေး

၁။ ပူဇာရဟေ ပူဇယတော၊
ဗုဒ္ဓေ ယဒိဝ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊
တိဏ္ဏသောကပရိဒ္ဒဝေ။

၂။ တေ တာဒိသေ ပူဇယတော၊
နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊
ဣမေတ္တ မပိ ကေနစိ။

(ခုဒ္ဒကနိကာယ် သုဝဏ္ဏ သုခါဝပိဏ္ဍိယတ္ထေရအပဒါန်)

၁။ ပပဥ္စသမတိက္ကန္တေ၊ တဏှာ, မာန, ဒိဋ္ဌိ, သုံးဖြာ သံသရာ နယ်ချဲ့ တရားအဖွဲ့ကို ကျော်လွန် ကုန်ပြီး သော။ တိဏ္ဏသောက ပရိဒ္ဒဝေ၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း တို့ကို လွန်မြောက်ကုန်ပြီး သော။ ပူဇာရဟေ၊ ဂုဏ်ရည်သိုက်မြိုက် ပူဇော်ထိုက်ကုန်သော။ ဒုဒ္ဓေဝါ၊ သစ္စာသိမြင် ဘုရားရှင်တို့ကိုဎင်း။ ယဒိဝါသာဝကေ၊ တပည့်သား သာဝက တို့ကိုဎင်း။ ပူဇယတော၊ အာမိသ, ဓမ္မ နှစ်ဌာနဖြင့် ပူဇော်ရသောသူ၏ဎင်း။

၂။ နိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုတော်မူကုန်ပြီးသော။ အကုတော ဘယေ၊ တစိုးတစိ ဘေးမရှိကုန်သော။ တေတာဒိသေ၊ ထိုကဲ့သို့ ရှုအပ်သော မြတ်ဘုရားနှင့် တပည့် သာဝက အများတို့ကို။ ပူဇယတော၊ အာမိသ, ဓမ္မ နှစ်ဌာနတို့ဖြင့် ပူဇော်ရသော သူ၏ဎင်း။ ပုညံ၊ ဤ စေတနာအစု ကောင်းမှုကုသိုလ်ကို။ ဣတ္ထ၊ ဤ ဣဒ္ဓိ အမျိုးမျိုး တန်ခိုးသတ္တိ အာနုဘော်ရှိသည့် ဗြဟ္မာ,လူ,နတ်ပုဂ္ဂိုလ် မြတ်တို့ဘင်။ ကေနစိအပိ၊ တစုံဘယောက်သော ဗြဟ္မာ,လူ,နတ် သော်မျှလည်း။ သင်္ခါတုံ၊ ဘယ်၍ဘယ်မျှ ပူဇာဖလဟု မှတ်ပြ ပိုင်ပိုင် ရေတွက်၍ ပြနိုင်ခြင်းငှာ။ နသက္ကာ၊ ပူဇာအကျိုး အနန္တ မျိုးမှို တန်ခိုးလက်မှုင် မတတ်နိုင်ပေ။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့် အညီ – သုံးလီသော ရတနာကို အာမိသပူဇာ,ဓမ္မပူဇာတို့ဖြင့် ပူဇော်ရသော ကောင်းမှု ကြောင့် ယခုဘဝ ယခုအချိန်မှစ၍ နိဗ္ဗာန် ရသည့်ဘဝ ပစ္ဆိမ စိတ္တက္ခဏကျအောင် အနိဋ္ဌရန်စွယ် အန္တရာယ်အပေါင်း မကောင်း ဟူသမျှ မြူမခဘဲ ဣဋ္ဌချမ်းသာ မင်္ဂလာ ကြက်သခရေ ရွှေ,ငွေ, ရတနာ အဖြာဖြာတို့ လိုရာပြည့်စုံ ဘုန်းဂုဏ်ကြီးမား ဘုရားစသား

သူမြတ်များတို့ ပျော်ပါးခိုမှီး နိဗ္ဗာန်မြို့တော်ကြီးသို့ အပြီးထုတ် ချောက် မရေမတွက်နိုင် အောင်သော အကျိုးတို့ကို ရပြီး၍ ရောက်ကြသည်ဖြစ်စေ....။

---

## ပူဇော်ရကျိုးဖလာ စကြာမင်းစည်းစိမ်ထက်သာ ဆုပေး

စတုန္န မပိ ဒီပါနံ၊
ဣဿရံ ယော-ဓ ကာရယေ။
ဧကိဿာ ပူဇနာယေတံ၊
ကလံ နာဂ္ဃတိ သောဠသိံ။

(ခုဒ္ဒကနိကာယ် သုမေဓဝဂ် သုမေဓပိဏ္ဍိယတ္ထေရ အပဒါန်)

ဣဓ၊ ဤလောက၌။ ယော၊ အကြင်သူသည်။ စတုန္နံအပိ၊ လေးကျွန်းလုံးလည်း ဖြစ်ကုန်သော။ ဒီပါနံ၊ ကျွန်းကြီးတို့ကို။ ဣဿရံ၊ အစိုးရသော စကြာဝတေးမင်း အဖြစ်ကို။ ကာရယေ၊ ပြုရာ၏။ ဧတံ၊ ထိုလေးကျွန်းပိုင်စိုး တန်ခိုးထိန်လင်း စကြာဝတေး မင်းအဖြစ်သည်။ ဧကိဿာ၊ တကြိမ်သော။ ပူဇနာယ၊ သုံးပါး ရတနာ ကိုးကွယ်ရာကို ကောင်းစွာ ပူဇော်ရခြင်း၏။ သောဠသိံ၊ တဆယ့် ခြောက် စိတ် ခြောက် ဖြစ်သော။ ကလံ၊ အစိတ်အချို အဘိုကို။ နာဂ္ဃတိ၊ မမှီမလိုက် တန်ဘိုးမထိုက်။

ကျွန်းကြီး လေးကျွန်းလုံးကို အစိုးရတဲ့ စကြာဝတေး မင်း၏ စည်းစိမ်သော်လည်း ရတနာသုံးပါးအား တကြိမ်ပူဇော်ရခြင်း၏ အကျိုးကို တဆယ့်ခြောက်စိတ် စိတ်ပြီး တစိတ်သော အဘိုကို မျှလည်း မမှီမလိုက်တန်ဘိုးမထိုက်ဟု ဒေသနာတော်မှာ အမိန့်ရှိ ရှိ လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ— သုံးလီသော ရတနာကို အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ရသောကောင်းမှုကြောင့် ယခုဘဝ ယခုအချိန်မှစ၍ နိဗ္ဗာန်ရသည့်ဘဝ ပစ္ဆိမစိတ္တက္ခဏကျအောင် အနိဋ္ဌဖလ ဒုက္ခဝေဒနာ ရန်ဘယာ အသွယ်သွယ် အန္တရာယ်ဟူသမျှ ကိုယ်မှာမခဘဲ ဣဋ္ဌဖလ သုခဝေဒနာ အပြာပြာအသွယ်သွယ် သာယာဘွယ်ဟူသမျှ ပြည့်စုံကြ၍ အဆုံးဘဝ၌ အလောင်းတကာ သူတော်စဉ်တို့ ရောက်ရာဌာန နိဗ္ဗာန်ခဘတ် သုခမြတ်သို့ လှမ်းကပ်ဝင်ရောက် နိုင်သွယ်ကြသည်ဖြစ်စေ။

[ယောဓဥ္ဇ ယော+ဣတ—ဟု ပဒစ္ဆေဒပြု၊ ဝါပရော အာသရူပါဖြင့် ပဒသန္ဓိပြုထားသည်။]

## သိက္ခာသုံးဖြာ ဝိဇ္ဇာဥာဏ်ရ ဆုပေး

(ထိုထိုပါဠိအဋ္ဌကထာဋီကာမှ)

ဘုရား,တရား,သံဃာ, ရတနာမြတ်သုံးပါးတို့အား ညွှတ်တွား ၁ါ ရ၀ တုပ်ကုန်ရှိကျိုး မြတ်နိုးကော်ရော် ပူဇော်ကန်တော့ကြရသော ရတနတ္တယပဏာမ ပူဇာသန္တ ကုသိုလ် စေတနာတို့ကြောင့် ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလွှင့်ပျောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြ၍ ယခုဆောက်တည်လေ့တ္တောသော ဝိဝဋ္ဋနိဿိတသီလ, ယင်းသီလကိုအခြေပြု၍ရအပ်သော သမာဓိ, ယင်းသမာဓိကို အခြေပြု၍ရအပ်သော ပညာ၊ ဤသီလ,သမာဓိ,ပညာတည်း ဟူသော အကျင့်ပဋိပတ်ကို အမှီပြု၍ ဝိဇ္ဇာသုံးပါး, အဘိညာဉ်ခြောက်ပါး, ပဋိသမ္ဘိဒါလေးပါးတို့ကို ကိုယ်စီကိုယ်င ရရှိကြသည်ဖြစ်စေ....။

## အယုတ်နှစ်သွယ် ပယ်ရန် ဆုပေး

(ထိုထိုပါဠိအဋ္ဌကထာဋီကာမှ)

ဘုရား,တရား,သံဃာ,ရတနာမြတ်သုံးပါးတို့အား ညွတ်တွား ဂါရဝ တုပ်ကွရှိကျိုး မြတ်နိုးကော်ရော် ပူဇော်ကန်တော့ကြရသော ရတနတ္တယပဏာမ ပူဇဝန္ဒ ကုသိုလ်စေတနာ တို့ကြောင့် ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလွှင့်ပျောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြ၍ ယနေ့ဆောက်တည်လတ္တံ့သော ဝိဝဋ္ဋနိဿိတသီလ,ယင်းသီလကို အခြေပြု၍ ရအပ်သော သမာဓိ,ယင်းသမာဓိကိုအခြေပြု၍ ရအပ်သော ပညာ၊ ဤသီလ,သမာဓိ,ပညာ တည်းဟူသော အကျင့်ပဋိပတ်ဖြင့် ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ ဟူသော အကျင့်ယုတ်နှစ်ပါးကို ပယ်ရှားနိုင်ကြ၍ မဇ္ဈိမ ပဋိပဒါသမ္မာလမ်းဖြောင့်မထောင့်မတွေ့ ဘုန်းဟော့မြတ်စွာ သာသနာ၌လေးဖြာသစ္စာ့သိမြင်ကြ၍ ဒုက္ခစုံစွာသံသရာမှမြန်စွာဘဝဖြင့် လွတ်မြောက်နိုင်လွယ်ကြသည်ဖြစ်စေ....။

---

## သိက္ခာသုံးဝ ဒုက္ခလွန် ဆုပေး

[ထိုထိုပါဠိအဋ္ဌကထာဋီကာမှ]

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား ညွတ်တွား ဂါရဝ တုပ်ကွရှိကျိုး မြတ်နိုးကော်ရော် ပူဇော် ကန်တော့ကြရသော ရတနတ္တယပဏာမ ပူဇဝန္ဒ ကုသိုလ်စေတနာ တို့ကြောင့် ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလွှင့်ပျောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြ၍ ယနေ့

ဆောက်တည်လတ္တံ့သော ဝိဝဋ္ဋနိဿိတသီလ, ယင်းသီလကို အခြေပြု၍ ရအပ်သောသမာဓိ, ယင်းသမာဓိကိုအခြေပြု၍ ရအပ်သော ပညာ၊ ဤသီလ,သမာဓိ, ပညာတည်းဟူသော အကျင့်ပဋိပတ်ဖြင့် အပါယ်လေးရပ် ကာမဓာတ်နှင့် သုံးရပ် ဘဝ အလုံးစုံသော ဒုက္ခမှ လွန်မြောက်နိုင်ကြသည် ဖြစ်စေ....။

## ကိလေသာရန် ပယ်ဖျက်နိုင်ရန် ဆုပေး

(ထိုထိုပါဠိအဋ္ဌကထာဋီကာမှ)

ဘုရား,တရား,သံဃာ, ရတနာမြတ်သုံးပါးတို့အား ညွှတ်တွား ဂါရဝ တုပ်ကွရှိကျိုး မြတ်နိုးကော်ရော် ပူဇော် ကန်တော့ကြရသော ရတနတ္တယပမာဏ ပူဇာဝန္ဒ ကုသိုလ်စေတနာ တို့ကြောင့် ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလွင့်ပျောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြ၍ ယခု ဆောက်တည်လတ္တံ့သော ဝိဝဋ္ဋနိဿိတသီလ, ယင်းသီလကိုအခြေပြု၍ ရအပ်သောသမာဓိ, ယင်းသမာဓိကို အခြေပြု၍ရအပ်သော ပညာ၊ ဤသီလ,သမာဓိ, ပညာတည်းဟူသော အကျင့်ပဋိပတ်ကို အမှီပြု၍ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန် တို့၏ အစွမ်းဖြင့် ကိလေသာရန်သဘက်ကို ပယ်ဖျက်နိုင်ကြသည်ဖြစ်စေ။

## အကျင့်ပဋိပတ်ဖြင့် နိဗ္ဗာန်သို့ကပ်ရန် ဆုပေး

(ထိုထိုပါဠိအဋ္ဌကထာဋီကာမှ)

ဘုရား,တရား,သံဃာ ရတနာ မြတ်သုံးပါးတို့အား ညွှတ်တွား ဂါရဝ တုပ်ကွရှိကျိုး မြတ်နိုးကော်ရော် ပူဇော် ကန်တော့ကြရသော ရတနတ္တယပဏာမ ပူဇာဝန္ဒ ကုသိုလ်စေတနာ တို့ကြောင့်

ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, အန္တရာယ်ခပ်သိမ်း ကင်းငြိမ်း လွင့်ပျောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြ၍ ယခုဆောက်တည်လတ္တံ့သော ဝိဝဋ္ဋနိဿိတသီလ, ယင်းသီလကိုအခြေပြု၍ ရအပ်သောသမာဓိ, ယင်းသမာဓိကို အခြေပြု၍ရအပ်သောပညာ၊ ဤသီလ,သမာဓိ,ပညာတည်းဟူသော အကျင့်ပဋိပတ်ဖြင့် ဝီတိက္ကမကိလေသာ, ပရိယုဋ္ဌာနကိလေသာ, အနုသယကိလေသာတို့ကို ဆန့်ကျင်ပယ်သတ် နိဗ္ဗာန်မြတ်သို့ လှမ်းကပ်နိုင် ကြသည်ဖြစ်စေ....။

---

## ကိလေသာစင် နိဗ္ဗာန်ဝင် ဆုပေး

(ထိုထိုပါဠိအဋ္ဌကထာဋီကာမှ)

ဘုရား,တရား,သံဃာ ရတနာ မြတ်သုံးပါးတို့အား ညွတ်တွားဂါရဝ တုပ်ကွရှိကျိုး မြတ်နိုးကော်ရော် ပူဇော် ကန်တော့ကြရသော ရတနတ္တယာမာဏ ပူဇာဝန္တ ကုသိုလ်စေတနာ တို့ကြောင့် ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလွင့်ပျောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြ၍ ယခုဆောက်တည်လတ္တံ့သော ဝိဝဋ္ဋနိဿိတသီလ, ယင်းသီလကို အခြေပြု၍ ရအပ်သောသမာဓိ, ယင်းသမာဓိကို အခြေပြု၍ ရအပ်သောပညာ၊ ဤသီလ, သမာဓိ, ပညာတည်းဟူသော အကျင့်ပဋိပတ်ဖြင့် ဒုစ္စရိတသံကိလေသ, တဏှာသံကိလေသ, ဒိဋ္ဌိသံကိလေသတို့ကို ပယ်ရှားသုတ်သင်နိဗ္ဗာန်ခွင်သို့ ဆောလျင်စွာ ဝင်နိုင်ကြသည်ဖြစ်စေ....။

## မဂ္ဂင်ရှစ်ဖြာ အရိယာဖြစ်ရန် ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဘုရား,တရား,သံဃာ ရတနာ မြတ်သုံးပါးတို့အား ညွတ်တွား ဂါရဝ တုပ်ကွရှိုကျိုး မြတ်နိုးကော်ရော် ပူဇော် ကန်တော့ကြရသော ရတနတ္တယပဏာမ ပူဇဝန္တ ကုသိုလ်စေတနာ တို့ကြောင့် ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, အန္တရာယ်ခပ်သိမ်း ကင်းငြိမ်း လွင့်ပျောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြ၍ ယခုဆောက်တည်လတ္တံ့သော ဝိဝဋ္ဋနိဿိတသီလ,ယင်းသီလကိုအခြေပြု၍ရအပ်သော သမာဓိ, ယင်းသမာဓိကို အခြေပြု၍ရအပ်သော ပညာ၊ ဤသီလ, သမာဓိ, ပညာတည်း ဟူသော ဥတ္တမ ပဋိပတ် အကျင့်မြတ်ဖြင့် သောတာပန်,သကဒါဂါမ်,အနာဂါမ်, ရဟန္တာ အဖြစ်ကို ရကြသည်စေ....။

---

## ရှစ်ပါးမဂ္ဂင် နိဗ္ဗာန်မြင် ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဘုရား,တရား,သံဃာ ရတနာ မြတ်သုံးပါးတို့အား ညွတ်တွား ဂါရဝ တုပ်ကွရှိုကျိုး မြတ်နိုးကော်ရော် ပူဇော် ကန်တော့ကြရသော ရတနတ္တယပဏာမ ပူဇဝန္တ ကုသိုလ်စေတနာတို့ကြောင့် ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလွင့်ပျောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြ၍ ယခုဆောက်တည်လတ္တံ့သော ဝိဝဋ္ဋနိဿိတသီလ, ယင်းသီလကိုအခြေပြု၍ ရအပ်သော သမာဓိ,ယင်းသမာဓိကို အခြေပြု၍ ရအပ်သော

ပညာ၊ ဤသီလ, သမာဓိ, ပညာတည်း ဟူသော ဥတ္တမပဋိပတ် အကျင့်မြတ်ဖြင့် သုဂတိဘုံ၌သာန ဘဝဝိသေသဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်စေ....။

## မဂ္ဂင်ကျင့်စဉ်ဖြင့် နိဗ္ဗာသေစ္စာမြင် ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဘုရား,တရား,သံဃာ ရတနာမြတ်သုံးပါးတို့အား ညွတ်တွား ဂါရဝ တုပ်ကွရှိကျိုး မြတ်နိုးကော်ရော် ပူဇော် ကန်တော့ကြရသော ရတနတ္တယပဏာမ ပူဇဝန္တ ကုသိုလ်စေတနာ တို့ကြောင့် ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, အန္တရာယ်ခပ်သိမ်း ကင်းငြိမ်း လွင့်ပျောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြ၍ ယခုဆောက်တည်လတ္တံ့သော ဝိဝဋ္ဋနိဿိတသီလ,ယင်းသီလကို အခြေပြု၍ ရအပ်သောသမာဓိ, ယင်းသမာဓိကိုအခြေပြု၍ ရအပ်သော ပညာ၊ ဤသီလ, သမာဓိ, ပညာတည်းဟူသော ဥတ္တမ ပဋိပတ် အကျင့်မြတ် စိတ္တုပ္ပါဒ်၌ပါသော မဂ္ဂင်ရှစ်ပါး အကျင့်တရားဖြင့် ရှုပ်,နာမ်ချုပ်ရာ နိရောဓသစ္စာသို့သိမြင်ပေါက်မြောက် ဝင်ရောက်နိုင်ကြသည်ဖြစ်စေ....။

## ဘဏ္ဍာအရှုပ် အမြစ်ဖြုတ် ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဘုရား,တရား,သံဃာ ရတနာမြတ်သုံးပါးတို့အား ညွတ်တွား ဂါရဝ တုပ်ကွရှိကျိုး မြတ်နိုးကော်ရော် ပူဇော် ကန်တော့ကြရသော ရတနတ္တယပဏာမ ပူဇဝန္တ ကုသိုလ်စေတနာ တို့ကြောင့်

ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလွင့် ပျောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြ၍ ယင်း ဆောက်တည်လတ္တံ့သော ဝိဝဋ္ဋနိဿိတသီလတည်းဟူသော မြေ၌ ရပ်တည်၍ ယင်းသီလကို အခြေပြု၍ ရအပ်သောသမာဓိ တည်း ဟူသော ကျောက်၌ မြမြထက်အောင် သွေးအပ်သော ယင်းသမာ ဓိကို အခြေပြု၍ ရအပ်သော ဝိပဿနာပညာလက်နက်ကို အချက် ကျကျ ပါရိဟာရိကပညာလက်ဖြင့်ချီမ၍ ဝါးရုံအရှုပ်ကို ခုတ်ထွင် သကဲ့သို့ မိမိ-မိမိတို့၏ သန္တာန်၌ အဖန်ဖန် ကိန်းလျက် ရှိသော တဏှာတည်းဟူသော အရှုပ်ကို အမြစ်ပါပြုတ်အောင် ခုတ်ထွင် နိုင်ကြသည် ဖြစ်စေ....။

---

## လောကုတ်, လောကီ အကျိုးနှစ်လီရ ဆုပေး

(ထိုသိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ကြရသော ရတနတ္တယ ပဏာမပူဇဝန္တကုသိုလ်စေတနာ တို့ကြောင့် ယခုဘဝ ယခုအချိန်မှစ၍၊ နိဗ္ဗာန်ရသည့် ဘဝတိုင် အောင် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုး ငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါး တို့မှ အခါ ခပ်သိမ်း ကင်းလွတ်ငြိမ်းကြကုန်သည်သာဖြစ်၍ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီး ခြင်း, ဘုန်းတန်ခိုးကြီးခြင်း, အမျိုးမြတ်ခြင်း, မရအပ် သေးသော ရာထူး ဂုဏ်သိရ် စည်းစိမ်ဥစ္စာတို့ကို ရရှိခြင်း, ရရှိပြီးသော ရာထူး

ဂုဏ်သိရ်ိစည်းစိမ်ဥစ္စာတို့သည် အကျိတ်အခဲ အမြဲတည်ခြင်း, မင်္ဂ-ဖိုလ်-နိဗ္ဗာန်တရားထူးကို ရခြင်းဟူသော လောကီ အကျိုးစီးပွား, လောကုတ္တရာ အကျိုး စီးပွားတို့ကို ကိုယ်စီ ကိုယ်င ရရှိကြသည် ဖြစ်စေ....။

## ဇောခုနပ်တန် အကျိုးမှန်ဆုပေး

(ထိုထို ပါဠိအဋ္ဌကထာ ဋီကာမှ)

ဘုရား, တရား, သံဃာ ရတနာမြတ် သုံးပါး၏ ဂုဏ်တော် ကျေးဇူးတော်တွေကို ကိုယ်ဖြင့်ရှိခိုးခြင်း ကာယပဏာမ၊ နှုတ်ဖြင့် ရှိခိုးခြင်း ဝစီပဏာမ၊ စိတ်ဖြင့် ရှိခိုးခြင်း မနောပဏာမ ကုသိုလ်စေတနာ ဇောခုနစ်ဖြာတို့တွင် ပဌမဇောစေတနာဖြင့် ယခု ဘဝမှာပင် အကုသိုလ် ဥပပီဠကကံ, ဥပဃာတကကံ တို့ကို ပယ်ရှား တားမြစ်နိုင်သဖြင့် ထိုကံတို့လျှင် အကြောင်းရင်းရှိသော အနိဋ္ဌ ဖလရုပ် ဒုက္ခဝေဒနာ ဘယာ အသွယ်သွယ် ရောဂါ စသော အန္တရာယ်တို့ မငြိတွယ်မကျရောက် ကိုယ်ရောစိတ်ပါ ချမ်းသာ ခြင်းသို့ရောက်ကြ၍ ဣဋ္ဌမင်္ဂလာ အဖြာဖြာတိုးပွားခြင်း၊ သတ္တမ ဇောစေတနာဖြင့်ဒုတိယဘဝ၌ လူပြည်,နတ်ချပ် အမြတ်ဇာတ်တို့၌ ဖြစ်ရခြင်း, ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း ဟူသော ဘဝ သမ္ပတ္တိ,ဘောဂသမ္ပတ္တိ အကျိုးတို့ကို ဖွံ့ဖြိုးစေခြင်း၊ အလယ်ဇော ငါးချက် စေတနာဖြင့် တတိယ ဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝ တိုင်အောင် လူပြည်,နတ်ရပ် အမြတ်ဇာတ်တို့၌ ဖြစ်ရခြင်း,ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာခြင်းဟူသော ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ အကျိုးတို့ကို ဖွံ့ဖြိုးစေခြင်း၊ဤသို့လျှင် ရတနတ္တယ ပဏာမကုသိုလ်

စေတနာ၏ ပစ္စုပ္ပန်, တမလွန်၌ရထိုက်သောအကျိုးတို့ကို ကိုယ်စီကိုယ်င ရရှိကြသည်ဖြစ်စေ....။

---

## သီလဆောက်တည် ဘေးမသီ ဆုပေး

(ဆိုဆိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး၏ ဂုဏ်တော်ကျေးဇူးတော်တွေကို အရှိအသေအလေးအမြတ်ပြု၍ ရှိခိုးရသော ရတနတ္တယပဏာမ ကုသိုလ်စေတနာ၊ ဆောက်တည် လတ္တံ့သော သီလကုသိုလ်စေတနာ၊ သူတော်ကောင်းတရားကိုကြားနာရခြင်း-ဓမ္မသဝန ကုသိုလ်စေတနာ၊ ဤသို့ပေါင်းအပ် များမြတ်သော ကုသိုလ်စေတနာ တို့ကြောင့် ပစ္စုပ္ပန်၌ဖြစ်သော မိမိကိုယ်ကို မိမိ စွပ်စွဲခြင်းဟုဆိုအပ်သောအတ္တာနုဝါဒဘေး, သူတပါးတို့စွပ်စွဲခြင်းဟုဆိုအပ်သော ပရာနုဝါဒဘေး, ဒဏ်အမျိုးမျိုး ကျရောက်ခြင်းဟုဆိုအပ်သော ဒဏ္ဍဘေး, တမလွန်၌ ဖြစ်သော အပါယ်လေးပါးသို့ လားရခြင်းဟု ဆိုအပ်သောဒုဂ္ဂတိဘေးတို့မှ လွတ်မြောက် ကြကုန်သည်သာဖြစ်၍ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း, ဘုန်းတန်ခိုးကြီးခြင်း, အမျိုးမြတ်ခြင်း,မရသေးသောပစ္စည်းဥစ္စာတို့ကို ရရှိခြင်း, ရရှိပြီးသော ပစ္စည်းဥစ္စာတို့ကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း, မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရခြင်းဟူသော လောကီ အကျိုး စီးပွား, လောကုတ္တရာ အကျိုးစီးပွား တို့ကို ကိုယ်စီ ကိုယ်င ရရှိကြသည် ဖြစ်စေ....။

---

## သီလစောင့်ခြား ချမ်းသာပွား ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဘုရား, တရား, သံဃာ ရတနာမြတ် သုံးပါး၏ ဂုဏ်တော် ကျေးဇူးတော်တွေကို အရိုအသေအလေးအမြတ်ပြု၍ ရှိခိုးရသော ရတနတ္တယပဏာမ ကုသိုလ် စေတနာ၊ ဆောက်တည် လတ္တံ့သော သီလကုသိုလ်စေတနာ၊ ဤသို့ပေါင်းအပ် များမြတ်သောကုသိုလ် စေတနာတို့ကြောင့် အနိဋ္ဌ ရန်စွယ် ရောဂါစသော အန္တရာယ်တို့ ကင်းကွယ်ပလပ် ကောင်းမြတ်ချမ်းသာ ဣဋ္ဌမင်္ဂလာအဖြာဖြာတို့ အခါခါတိုးပွားကြကုန်သည်သာ ဖြစ်၍ နှလုံးစိတ်ဝမ်းသာကြည် ရွှင်လန်းခြင်း, အားနည်းသောဝမ်းမြောက်ခြင်း, အားကြီးသော ဝမ်းမြောက်ခြင်း, ကိုယ်စိတ် ငြိမ်းအေးခြင်း, ကိုယ် စိတ် နှစ်ဖြာ ချမ်းသာခြင်း, တည်ကြည်ခြင်း, တရုဏဝိပဿနာဉာဏ်, ဗလဝ ဝိပဿနာဉာဏ်, မဂ်ဉာဏ်,အရဟတ္တဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ်, အနုပါဒိသေသ နိဗ္ဗာန်ကိုင်အောင်သော အဆင့်ဆင့်သောအကျိုး တို့ကို ကိုယ်စီကိုယ်င ရရှိကြသည်ဖြစ်စေ....။

(ယထာဘူတ ဉာဏဒဿနံ တရုဏဝိပဿနာ၊ နိဗ္ဗိဒါတိ သိခါပ္ပတ္တာ ဝုဋ္ဌာနဂါမိနီ ဗလဝဝိပဿနာ။ သာရတ္ထဋီကာ)

## ဘုရားဆုံးမ ကျင့်ကရန်ကင်း ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်ပြည့်စုံတော် မူသော ဘုရားတည်းဟူသော ရတနာ၊ သွာက္ခာတ အစ ရှိသော ခြောက်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော တရား

တည်းဟူသော ရတနာ၊ သုပ္ပဋိပန္န အစ ရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်ပြည့်စုံတော်မူသော သံဃာတည်းဟူသောရတနာ၊ ဤရတနာ မြတ်သုံးပါးနှင့် တကွ ဘုရားဆုံးမတော်မူတိုင်း ရှိရှိ သေသေ ကျင့်တော်မူကြသည့် သီလဝန္တ, ဂုဏဝန္တ, လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူကြသည့် သမုတိသံဃာတော်ဝင် ရှင်ရဟန်းတို့အား ကာယဝစီ မနောချီလျက် သုံးလီသောပဏာမဖြင့် ရှိသေစွာရှိခိုးရသော ကုသိုလ်ကြောင့်ကပ်ငြိပြီးအန္တရာယ်တို့မကျန် ကွယ်ကာင်းဗျောက် လာရောက်မည့် အန္တရာယ်တွေကို ကာကွယ် ဘွန်းလှန် အဘွင်းရန်, အပြင်ရန် ဟူသမျှတို့ ကင်းပငြိမ်းအေး ရန်အထွေထွေ အန္တရာယ်တွေ ဝေးကြသည် ဖြစ်၍ ရလိုရေး သုခ လက်ငင်းပင် ပြည့်ဝကြလျက် နေ့, ည မအား ကုသိုလ် များကို ကြိုးစားဆည်းပူး ဘဝကူးတင့် အဆင့်ဆင့်ဖြင့် ရင့်ပါရမီ အဆုံး၌ ဘည်သော် သုံးလီဘုံတိုက် အာဏာစိုက်သည့် ဆိုးမိုက်ထန်ပြင်း ချင်သေမင်း၏ ပိုင်းရင်းတော်နက် အာဏာစက်မှ လွတ်ထွက် ခုမှန် တရံဘစ် ရန်မရှိပ ဒုက္ခဇာတ်သိမ်း ခန္ဓာငြိမ်း၍ အေးကိန်း တော်စံ ပြည်နိဗ္ဗာန်သို့ လျင်မြန် ထုတ်ချောက် ရောက်ကြသည် ဖြစ်စေ....။

---

## ကြမ်းတန်းသောကံ ပယ်နိုင်ရန် ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဝန္ဒေတဗ္ဗ ဝန္ဒာရဟာ ပူဇေတဗ္ဗ ပူဇာရဟာ ဖြစ်တော်မူသော ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား ကာယ, ဝစီ မနောချီလျက် သုံးလီသောကံ သုံးတန်စေတနာ သုံးဖြာဒွါရ

သုံးပါးသော ပဏ္ဏာမတို့ဖြင့် တုပ်ကွရိုကျိုး ရှိခိုးပူဇော် ဖူးမျှော်မန်လျှော့ ကန်တော့ကြရသော ရတနတ္တယ ပဏ္ဏာမ ပူဇာဝန္ဒ ကုသိုလ် စေတနာတို့ကြောင့် ယုတ်မာဆိုးသွမ်း ကြမ်းတန်းသော ဥပပီဠကံ, ဥပဃာတကကံတို့၏ အကျိုးဖြစ်သော အနိဋ္ဌရန်စွယ် ရောဂါစသော အန္တရာယ်တို့ မတွယ်မငြိ ပကတိအတိုင်းသာ ကျန်းမာ, ချမ်းသာကြ ကုန်သည်သာဖြစ်၍ မဇ္ဈိမပဋိပဒါ သမ္မာ ပဋိပတ် အကျင့်မြတ်ဖြင့် မဂ်,ဖိုလ်ရကြောင်း သူတော်ကောင်း တရားကို နေ့,ညမယုတ် ကြိုးစားအားထုတ်နိုင်ကြသည်ဖြစ်စေ....။

## ယုံကြည်မြောင့်မတ် ရအပ်သောအကျိုး ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဘုရား, တရား, သံဃာ ရတနာ သုံးပါးသည် ဆင်းရဲကို ဖျောက်၍ ချမ်းသာသို့ရောက်အောင် စောင့်ရှောက်ကယ်မတတ်၏ဟု ယုံကြည်ခြင်းသဒ္ဓါ၊ ထိုရတနာမြတ်သုံးပါးအား ရှိခိုးခြင်း, မြတ်နိုးခြင်း, ပူဇော်ခြင်း, အရိုအသေ ပြုခြင်း အမှုတို့ကို ပြုကုန်သောသူတို့အား အန္တရာယဝိဃာတန, ဣဋ္ဌမင်္ဂလာဒိဝစုန အကျိုးတို့ကို ရရှိခံစားစံစားနိုင်သည်ဟု မှန်စွာသိမြင်ခြင်းကမ္မဿကတာ, သမ္မာဒိဋ္ဌိ၊ ဤနှစ်ပါးနှင့် ပြည့်စုံခြင်းကြောင့် ရတနာသုံးစုံ ဂုဏ်တော် အနန္တဥ္ဍ ရှိသေမြတ်နိုး ရှိခိုးပူဇော်ကြကုန်၏။ ဤသို့ ပြုရသော ကောင်းမှုကြောင့် ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်အပေါင်း မကောင်းဟူသမျှ ကင်းစင်ပ၍ ဣဋ္ဌမင်္ဂလာ အပြာပြာစု အာယု, ဝဏ္ဏ, သုခ, ဗလ လေးဝအကျိုး နေ့တိုင်း တိုးလျက် ကောင်းကျိုးထွေရာ ရတနာ ရွှေ,ငွေ, ဆန်, ရေ, စပါး

ကျွဲ,နွား,ဆင်,မြင်း သင်ပင်းခြွေရံ ကိုတံရိပ်ငြိမ် စည်းစိမ်ကြွယ်ဖြိုး တန်ခိုးထင်လင်း ကောင်းခြင်းကျေညာ လူ့ရွာတလွှား ဂုဏ်ဝင့်ကြွား၍ ဆယ်ပါးပါရမီ ဖြည့်ညီအထပ်ထပ်ပြည့်စုံလတ်၍ ကောင်းမြတ်ချမ်းသာ ဘယာမသန်း ဝဋ္ဋစခန်းပြတ် နိဗ္ဗာန်မြတ်သို့ လှမ်းကပ်နိုင်ကြသည်ဖြစ်စေ....။

---

## ဂုဏ်တော်လေးစား ရန်မပွား ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဘုရား ရတနာ, တရား ရတနာ, သံဃာရတနာ ဤရတနာမြတ်သုံးပါး၏ ဂုဏ်တော်ကျေးဇူးတော်ဘွဲ့ကို ယုံကြည်လေးစားအားထားမှီတွယ် ကိုးကွယ်ဆည်းကပ် တုပ်ဝပ်ရိုးကျိုး ရှိခိုးကြရသော ဒွယင်္ဂသမ္ပတ္တိ ပဏိဓိ မင်္ဂလာ ပဏာမစေတနာကြောင့် ဘေးမလာ ရန်မရှိ ဆံမငြိမ္မူမတင် ကြည်လင်ချမ်းသာ အဖြာဖြာဋ္ဌ သမ္မာသကာ်ပ အာယု, ဝဏ္ဏ, သုခ, ဗလ အစရှိသား အကျိုးများကို ရငြားကုံလုံ ပြည့်စုံကြသည်သာဖြစ်၍၊ ပါရမီရင့် သမ္မာတင့်ရာ အချိန်ခါ၌ မိမိတို့ အလိုရှိအပ်, တောင့်တအပ်, ပန်ဆင်အပ်သော ဆုထူးဆုမြတ်ဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို လျင်မြန်စွာမျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်စေ....။

---

## သံသရာမှ ကူးမြောက်နိုင်ရေး ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဘုရားတည်းဟူသောရတနာ၊သွာက္ခာတအစရှိသော ခြောက်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော တရား

တည်းဟူသော ရတနာ၊ သုပ္ပဋိပန္န အစရှိသော ကိုးပါးသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော သံဃာတည်းဟူသောရတနာ၊ ဤ ဘုရား၊တရား၊သံဃာ ရတနာ မြတ်သုံးပါး ဂုဏ်တော်များကို အမြတ်စိတ်ထား ညွတ်တွားဂါရဝ ကြည်ညိုစွာ ရှိခိုးပူဇော် ကြရသော ကုသိုလ်ကံ စေတနာတို့ကြောင့် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းအထွေထွေ ဣန္ဒြေငါးပါး သူတော်ကောင်းတရားကို ပွားများအားထုတ်နိုင်ကြကုန်သည်သာဖြစ်၍၊သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသ၊ကာမစ္ဆန္ဒ၊ ဗျာပါဒဟူသော ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးကို ဖြတ်တောက် နိုင်ကြ၍ ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာဟူသော ဥဒ္ဓမ္ဘာဂိယ သံယောဇဉ် ငါးပါးကိုလည်း ပယ်စွန့်နိုင်ကြ၍ သဒ္ဓါစသော ဣန္ဒြေငါးပါးကိုလည်း အလွန်အားဖြင့် ပွားများနိုင်ကြ၍ ရာဂသင်္ဂ၊ ဒေါသသင်္ဂ၊ မောဟသင်္ဂ၊ မာနသင်္ဂ၊ ဒိဋ္ဌိသင်္ဂဟူသော သင်္ဂ ငါးပါးတို့ကိုလည်း လွန်မြောက်နိုင်ကြ၍ ကာမောဃ၊ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဟူသော ဩဃလေးဖြာ သံသရာမှ ကူးမြောက်နိုင်ကြသည်ဖြစ်စေ....။

---

## တကျော့ခုတ်ဖြတ် ရအပ်ချမ်းသာ ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ်၊ ဒုလ္လဘုပ္ပါဒဘောဂုဏ်၊ အစ္ဆရိယဘောဂုဏ်၊ ဗဟုဇန ဟိတသုခါဝဟ ဘောဂုဏ်၊ အဒုတိယဘောဂုဏ်၊ အသဟာယ ဘောဂုဏ် အစရှိသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော် မူသော

ဘုရား,တရား,သံဃာ, ရတနာမြတ်သုံးပါးတို့အား ကာယဝန္ဒနာ, ဝစီဝန္ဒနာ, မနောဝန္ဒနာ, သဒ္ဓါပညာ အရင်းခံပါသော ကုသိုလ်စေတနာတို့ကြောင့် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်သာ ဖြစ်၍ သူရဲဗိုလ်မှူးပမာ သီလတည်းဟူသော ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ပြီးလျှင် အရဟတ္တမဂ် ဉာဏ်သန်လျက်ကိုယူကာ သက္ကာယဒိဋ္ဌိမြို့သို့ ချဉ်းကပ်၍ မြို့တံခါး၌ စိုက်ထားအပ်သော တဏှာတည်းဟူသော ဘံခါးတိုင်ကို ခုတ်ဖြတ်၊ ငါးပါးသော ဩရမ္ဘာဂိယ သံယောဇဉ်တည်းဟူသော တံခါး ရွက် ကိုခွာ လှပ်၊ အဝိဇ္ဇာ တည်း ဟူသော တံခါးကျည်မင်းတုတ်ကို နုတ်ပယ်၊ ကမ္မာဘိသင်္ခါရတည်းဟူသော မြို့ဘံတိုင်းကိုဖျက်ဆီး၊ ဇာတိသံသရာတည်းဟူသော ကျုံးကို ဖရိုဖရဲဖြန့်ကြဲ၊ သက္ကာယဒိဋ္ဌိမြို့၌ စိုက်ထား အပ်သော မာနတည်းဟူသော အလံတံခွန်ကိုလှဲ၍ သက္ကာယဒိဋ္ဌိတည်းဟူသော မြို့ကို မီးနှင့်တိုက်ပြီးလျှင် ကိလေသပရိဗ္ဗာန်တည်းဟူသော မြို့သို့ဝင်၍ အမြိုက်နိဗ္ဗာန်လျှင် အာရုံရှိသော ဖလသမာပတ်ချမ်းသာကိုခံစား စံစားသုံးဆောင်နိုင်ကြသည် ဖြစ်စေ....။

## ဘေးရန်ကင်းကွာ မဂ်လာ ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ပူဇာစ ပူဇနေယျာနံ၊
ဧတံမင်္ဂလမုတ္တမံ။

သုတ္တနိပါတ် သုတ္တန်ပါဠိ လာရှိသည်နှင့်အညီ– ပူဇော်အပ်, ပူဇော်သင့်, ပူဇော်ထိုက်ကုန်သော ဘုရား အစရှိကုန်သော သူတို့

အား အာမိသာပူဇာ, ဓမ္မပူဇာတို့ဖြင့်ပူဇော်ရခြင်းသည် မြတ်သော မင်္ဂလာမည်သောကြောင့်—

တောဒိသာနိ ကတ္ဝာန၊
သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ။

သုတ္တနိပါတ် သုတ္တန်ပါဠိ လာရှိပြန်သည်နှင့်အညီ- မြတ်သော မင်္ဂလာကို ပြုကုန်သောသင်တို့အား ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်သောသူ ဟု ဆိုအပ်သော ဗဟိဒ္ဓရန်သူ, အနာရောဂါစသော အဇ္ဈတ္တရန်သူ, တထောင့်ငါးရာ ကိလေသာတည်းဟူသော အဇ္ဈတ္တရန်သူတို့ မနှိပ်စက်နိုင်, မညှဉ်းဆဲနိုင်, မအောင်နိုင် ကုန်သည်ဖြစ်၍ ကိုယ်ချမ်းသာ, စိတ်ချမ်းသာ, မင်္ဂချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို ကိုယ်စီကိုယ်င ရရှိခံစားစံစားသုံးဆောင်နိုင်ကြသည်ဖြစ်စေ....။

---

## သီလစောင့်ဘိ ရဟန္တာဖြစ် ဆုပေး

တယာဝန်ဘာဝေန သုဝိဟာတတ္တရာယော ဟုတွာ။ သတ္ထာ ဟိ ဝေရူပေန ဥပေါသထကမ္မေန ခီဏာသဝသမ္ပတ္တိံ ပါပုဏိတုံ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ကျမ်းဂန်ပါဠိ လာရှိတည်နှင့်အညီ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး၏ ဂုဏ်တော်များကို သဒ္ဓါပသန္န ဉဿာဟဖြင့် ကိုယ်, နှုတ်, စိတ်တို့ဖြင့် ရှိခိုးရသော မဟာပုညာဘိသန္ဒ၏ အစွမ်း

သတ္တိကြောင့် ယခုအချိန်,ယခုဘဝ,မှစ၍ နိဗ္ဗာန်ရသည့်ဘဝ ပစ္ဆိမ စိတ္တက္ခဏကျအောင်ကံကြီးငါးပါး,အပါယ်လေးပါး,ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသန တရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းခြင်း၊ အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ပညာကြီးခြင်း၊ ဘုန်းတန်ခိုး ကြီးခြင်း၊ အစိုးရခြင်း ၊အမျိုးမြင့် မြတ်ခြင်း,အစရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာကြက်သရေ အထွေထွေသော အကျိုးတို့နှင့် ပြည့်ပုံကြကုန်သည်သာ ဖြစ်၍၊ ဆောက်တည်လတ္တံ့သော အဋ္ဌင်္ဂိက ဥပုသ် သီလ ဖြင့် ရဟန္တာ၏ အဖြစ်သို့ ရောက်ကြသည်ဖြစ်စေ....။

## လိုရာတောင့်တ လျင်စွာရ ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊
စန္ဒော ပန္နရသော ယထာ။

ဣစ္ဆိတံ၊မိမိထံမှာရရှိလာကာ ချမ်းသာသုခ တကယ်ရလို့ သုခ ဘုံမက် နှစ်သက်လေးမြတ် အလိုရှိအပ်သော။ ပတ္ထိတံ၊ ချမ်းသာ ကိုမူ လိုလားသူတို့ ကြည်ဖြူဇောကပ် တောင့်တအပ်သော။ ယံ၊ အကြင်ဝတ္ထုပစ္စည်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဝတ္ထုပစ္စည်းသည်။ တုယှံ၊သင့်အား။ ခိပ္ပမေဝ၊မနှေး တွင်တွင် ဆောလျင်စွာသာပင်။

သမိဇ္ဈတု၊ လောက်ကော်လို ပြည့်စုံစေသတည်း။ ပန္နရသော၊ ဆယ်ငါးရက်စေ့ ပြည့်ကြောင်းနေ့၌။ စန္ဒော၊ ယုန်ရေးတံဆိပ် သိကြားနှိပ်သည့်ရောင်ဖိတ်ပဝင်း ဘော်ရောင်လင်းသည့် လမင်းကြီးသည်။ ပူရတိယထာ၊ ကလာစေ့စေ့ ဝန်းဝန်းပြည့် သကဲ့သို့။ တထာ၊ ထို့အတူ။ သဗ္ဗေ၊ ခပ်သိမ်းကုံးခြုံ အလုံးစုံကုန်သော။ သင်္ကပ္ပါ၊ လိုအင်ဆန္ဒ အကြံအစည် ဟူသမျှတို့သည်။ ပူရေန္တု၊ ဆောလျင်မသေ့ ပြည့်ကြစေကုန်သတည်း။

ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိရှိသူတို့အား ပူဇော်ရသော ပူဇနီယာန် ပူဇာမင်္ဂလာ ကုသိုလ်စေတနာကြောင့် တဆယ့်ငါးရက် မြောက်နေ့၌ အရှေ့လောကဓာတ်မှ ပေါ်ထွက်သော သိကြားနှိပ်သည့် ယုန်တံဆိပ်ရှိသော လမင်းကြီးသည် ကလာစေ့စေ့ဝန်းဝန်း ပြည့်သကဲ့သို့ သင်တို့အလိုရှိအပ်, တောင့်တအပ်, ကြံစည်အပ်, ပန်ဆင်အပ်သော ဆုမြတ်, ဆုကောင်း ဆုအပေါင်း လောကီချမ်းသာ, လောကုတ္တရာချမ်းသာ အဖြာဖြာတို့သည် လျင်စွာသာပင် ပြည့်စုံအောင်မြင်ကြသည်ဖြစ်စေ....။

[နှစ်ယောက်မှစ၍ တုယှံနေရာ၌ တုမှံ-ဟု ပြောင်းလဲဆို။ သင်တို့အားဟုပေး။ တုမှမေဟိနံဟူသော ယောဂဝိဘာဂဖြင့် နံဝိဘတ်ကိုအံပြု၊ သဿံသုတ်မှ အံကာရိယလိုက်၍ သုတ်ရင်းဖြင့်လည်းအံပြု။]

# ကြံတိုင်းအောင် ဆောင်တိုင်းမြောက် ဆုပေး

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊
မဏိ ဇောတိရသော ယထာ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဣစ္ဆိတံ၊ ချမ်းသာသိုက်မြိုက် သုခသိုက်မို့ နှစ်ခြိုက်ခုံမင့် ချစ်ခင်လေးမြတ် အလိုရှိအပ်သော။ ပတ္ထိတံ၊ချမ်းသာကိုပေး သိုက်မြတ်ဌေးမို့ ရရေးကြောင့်ကြ အလွန်ပင် ဘောင့်တအပ်သော။ ယံ၊ အကြင်ဝတ္ထုသည်။ အတ္ထိ၊ရှိ၏။တံ၊ထိုဝတ္ထုသည်။တုယှံ၊သင့်အား။ ခိပ္ပမေဝ၊ မနှေးမကြာဆောလျင်စွာသာပင်။ သမိဇ္ဈတု၊လိုလားသည့်အတိုင်းတောင့်တတိုင်းပင် မဆိုင်းပြည့်စုံစေသတည်း။ဇောတိရသော၊ အလိုဟူသမျှ ပေးတတ်လှဘိ ဇောတိရသ အမည်ရသော။ မဏိ၊ကျောက်မြတ်ထွဋ်ထား ပတ္တမြားရတနာသည်။ပူရတိယထာ၊ အလိုဆန္ဒဟူသမျှကို ပြည့်ဝစေသကဲ့သို့။ တထာ၊ထို့အတူ။ သဗ္ဗေ၊ ကြွင်းမဲ့ဉသုံ အလုံးစုံကုန်သော။ သင်္ကပ္ပါ၊ လိုအင်ဆန္ဒ အကြံအစည်ဟူသမျှတို့သည်။ ပူရေန္တု၊ဆောလျင်မသွေ ပြည့်ဝစေကုန်သတည်း။

ဂုဏဝုဍ္ဍိ, ဝယဝုဍ္ဍိ ရှိသူတို့အား ပူဇော်ရသော "ပူဇနီယာနံ ပူဇာ" မင်္ဂလာကုသိုလ် စေတနာကြောင့် ဇောတိရသ အမည်ရသော ပတ္တမြားရတနာသည် အလိုခပ်သိမ်းကို ပြည့်စေသကဲ့သို့ သင်တို့ အလိုရှိအပ်, တောင့်တအပ်, ကြံစည်အပ်, ပန်ဆင်အပ်

သော ဆုမြတ်, ဆုကောင်း, ဆုအပေါင်း လောကီ ချမ်းသာ, လောကုတ္တရာချမ်းသာ အဖြာဖြာတို့သည် လျင်စွာသာပင် ပြည့်စုံအောင်မြင်ကြသည်ဖြစ်စေ....။

(ဤ ဣစ္ဆိတံပတ္ထိတံ-နှစ်ဂါထာသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ အနုမောဒနာပြုသော ဂါထာများဖြစ်သည်၊ ဓမ္မပဒ အဋ္ဌကထာဒေဝဂ် သာမာဝတီဝတ္ထု၌ "ပစ္စေက ဗုဒ္ဓါနံ ကိရ ဣမာဝ ဒွေဂါထာ အနုမောဒနဂါထာ နာမ ဟောန္တိ" ဟု လာ၏၊ ဇောတိရသော့တိ သဗ္ဗကာ မဒိမဏိရတနံ ဝုစ္စတိ။)

## ရတနာ ဆည်းကပ် ဝင်ကျွတ်ရ ဆုပေး

(ထိုသို့ပါဠိ အဋ္ဌကထာ ဋီကာမှ)

ဗုဒ္ဓံ, ဓမ္မံ, သံဃံ, သရဏံ ဂန္တွာ သကလဝဋ္ဋဒုက္ခာ ပမုစ္စတိ။

ကျမ်းဂန်ပါဠိလာရှိသည်နှင့်အညီ-အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဘုရားတည်းဟူသော ရတနာ၊ သွာက္ခာတ အစရှိသော ခြောက်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော တရားတည်းဟူသော ရတနာ၊သုပ္ပဋိပန္န အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သံဃာတည်းဟူသော ရတနာ၊ ဤဘုရား,တရား, သံဃာ ရတနာမြတ်သုံးပါး ဂုဏ်တော်များကို အမြတ်စိတ်ထား ညွတ်တွား ဂါရဝ ကြည်ညိုစွာ ရှိခိုးကြရသော ကုသိုလ်စေတနာတို့ကြောင့် ပဋိသန္ဓေနေရခြင်းဒုက္ခ, အိုရခြင်းဒုက္ခ, နာရခြင်းဒုက္ခ, သေရခြင်း ဒုက္ခ, စိုးရိမ်ရခြင်းဒုက္ခ, ငိုကြွေးရခြင်းဒုက္ခ, ကိုယ်၏ ဆင်းရဲခြင်း

ဒုက္ခ, စိတ်၏ဆင်းရဲခြင်းဒုက္ခ, ပြင်းစွာပင်ပန်းခြင်းဒုက္ခ, မအို, မနာ, မသေရာကို လိုတာမရခြင်းဒုက္ခ, ငါးပါးသော ဥပါဒါနက္ခန္ဓာ ဒုက္ခ ဤအလုံးစုံသော ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ကြသည်ဖြစ်စေ။

---

## သရဏဂုံတည် သုံးလီကျိုးရ ဆုပေး

လောကိယဿ သရဏဂမနဿ ဘဝသမ္ပဒါပိ ဘောဂသမ္ပဒါပိ ဖလမေဝ၊ လောကုတ္တရဿ သရဏ ဂမနဿ စတ္တာရိ သာမညဖလာနိ ဝိပါကဖလံ၊ သဗ္ဗ ဒုက္ခက္ခယော အာနိသံသဖလံ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ရတနာသုံးပါးအား ရှိခိုးခြင်းစသည်ကို ပြုသည်မှစပြီး တိတ္ထိယ ဝန္ဒနာစသည်ကို မပြုသမျှ ကာလပတ်လုံး အသက်ဆုံးအောင်ပင် လောကီသရဏဂုံတည်တယ်၊ တရားကိုယ်အားဖြင့် ရတနာသုံးပါး အား ကိုးကွယ်ဆည်းကပ်လိုသော အခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဓါ,ပညာ,စသော သမ္ပယုတ္တဓမ္မနှင့်တကွဖြစ်သော ကုသိုလ်စိတ် ပင် ဖြစ်တယ်၊သောတာပတ္တိ မဂ်ခဏမှစပြီး လောကုတ္တရာသရဏဂုံ တည်တယ်၊ တရားကိုယ် အားဖြင့် အရိယာ မဂ် လေး ပါး ပင် ဖြစ်တယ်။

လောကီသရဏဂုံ၏ "ဝိပါကဖလ" အကျိုးရင်းကား လူ့အဖြစ် ကိုရခြင်း, နတ်အဖြစ်ကို ရခြင်း ဘဝသမ္ပဒါ၊ "အာနိသံသဖလ" အကျိုးဆက်ကား လူ၌ဖြစ်သော စည်းစိမ်ချမ်းသာနှင့်ပြည့်စုံခြင်း, နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်း ဘောဂသမ္ပဒါ၊ လောကီသရဏဂုံတည်သူတို့အား ဤဘဝသမ္ပဒါ, ဘောဂသမ္ပဒါ

အကျိုးရင်း, အကျိုးဆက်နှစ်ဖြာကိုရမည်၊ လောကုတ္တရာသရဏဂုံ၏"ဝိပါကဖလ"အကျိုးရင်းကား "ဖိုလ်လေးပါး"ပင် ဖြစ်တယ်၊ "အာနိသံသဖလ" အကျိုးဆက်ကား "နိဗ္ဗာန်" ပင်ဖြစ် တယ်၊ လောကုတ္တရာသရဏဂုံ တည်သူတို့အား ဤဖိုလ်လေးပါး နိဗ္ဗာန်တရား အကျိုးရင်း,အကျိုးဆက်များကို ရမည်ဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ-သုံးလီသောရတနာကို ရိုသေစွာ ရှိခိုးလျက် လောကီ သရဏဂုံ ကိုယ်လုံးထုံ ရသောကောင်းမှုကြောင့် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းထွေရာ ဘဝသမ္ပဒါ, ဘောဂသမ္ပဒါ အကျိုးရင်း, အကျိုးဆက်နှစ်ဖြာနှင့် ကောင်းစွာပြည့်စုံ မဂ်သရဏဂုံ ကိုယ်လုံး ထုံနိုင်ကြကုန်သည်ဖြစ်၍ ဖိုလ်လေးပါး,နိဗ္ဗာန်တရားဟူသော အကျိုးရင်း အကျိုးဆက်များကို ကိုယ်စီကိုယ်င ရရှိကြသည်ဖြစ်စေ....။

---

## သောကကင်းဝေး နေနိုင်ရေး ဆုပေး

(ထိုသိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ကြည်ညိုသော စိတ်ထားဖြင့် စေတီ, ပုထိုး, ရုပ်ပွား ဆင်းတုတော်များကို ဖူးမြင်ရခြင်း,သံဃာတော် အရှင်မြတ်များကိုဖူးမြင်ရခြင်းဟု ဆိုအပ်သော ဒဿနာနုတ္တရိယ ကုသိုလ်၊ ဗုဒ္ဓဝစနဓမ္မဒေသနာကို ကြားနာရခြင်းဟု ဆိုအပ်သော သဝနာနုတ္တရိယကုသိုလ်၊ ရတနာသုံးပါး ဂုဏ်တော်များ၌ ကြည်ညိုခြင်း သဒ္ဓါတရားကို ရခြင်းဟုဆိုအပ်သော လာဘာနုတ္တရိယကုသိုလ်၊ရတနာသုံးပါးဂုဏ်တော်များကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရခြင်း

ဟုဆိုအပ်သော အနုသယတာ နုတ္တရိယကုသိုလ်၊ ဤသို့ ပေါင်းအပ် များမြတ်သော ကုသိုလ်စေတနာတို့ကြောင့်....

> တေဒါ နုတ္တရိယံ ဘိက္ခဝေ ဒဿနာနံ, သဝနာနံ, လာဘာနံ, အနုဿတီနံ, သတ္တာနံ ဝိသုဒ္ဓိယာ, သောက ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင် ဂမာယ, ဉာယဿ အဓိဂမာယ, နိဗ္ဗာနဿ သစ္ဆိ ကိရိ ယာယ။

ဟု-ဟောတော်မူသည်နှင့်အညီ-ကိလေသာစင်ကြယ်, စိုးရိမ်ဘွယ်, ငိုကြွေးဘွယ်, လွန်မြောက်၊ ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲ ခြင်းတို့ ချုပ်ပျောက်ပြီးလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်စေ....။

---

## သီလပြည့်ဖြိုး အကျိုးငါးပါးရ ဆုပေး

(တိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

"ပဋိမောက္ခ ဘိက္ခဝေ အာနိသံသာ သီလဝတော သီလသမ္ပဒါယ" စရှိမိန့်မှာ ဒေသနာပါဠိ လာရှိသည်နှင့် အညီ-သုံး လီ သော ရတနာကို ရိုသေစွာ ရှိခိုးရသော ရတနတ္တယ ပဏာမ ကုသိုလ် စေတနာ၊ သူ့အသက်ကိုသတ်ခြင်း, သူ့ဥစ္စာကိုခိုးခြင်း, သူ့အိမ်ရာကို မှားယွင်းခြင်း, မုသားပြောကြားခြင်း, သေအရက်သောက်စား ခြင်း အမှုတို့ကို ရှောင်ကြဉ်ကြောင်း သီလကုသိုလ်စေတနာ၊ သင် ဒကာ,ဒကာမတို့၏ သန္တာန်မှာ အခါခါပေါက်ပွား ကုသိုလ်ဇော စေတနာများ၏ ဇနကသတ္တိ, ဥပထမ္ဘက သတ္တိကြောင့် အန္တရာယ် ကင်း ရန်အသွယ်သွယ်ရှင်း၍ ကိုယ်၏ချမ်းသာခြင်း,စိတ်၏ ချမ်း

သာခြင်းနှင့် ပြည့်စုံခြင်းစသော ပဏာမကုသိုလ်စေ့ာ စေတနာ၏ လောကီ အကျိုးများ၊ စီးပွားချမ်းသာ တိုးတက်ခြင်း, ကောင်းသော သတင်းကျော်စောခြင်း, ပရိသတ်သို့ရဲဝံ့စွာချဉ်းကပ်ရခြင်း, မတွေမဝေသေရခြင်း, သေခါနတ်ပြည် လားရခြင်းဟူသော သီလကုသိုလ်စေ့ာ စေတနာ၏ လောကီအကျိုးငါးပါး၊ အဆုံးဘဝ၌ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရခြင်းဟူသော နှစ်ပါးစုံ၏ လောကုတ္တရာ အကျိုးများကို ကိုယ်စီကိုယ်င ရရှိခံစား, စံစားသုံးဆောင် နိုင်ကြသည်ဖြစ်စေ....။

---

## သီလရှိက လိုတိုင်းရ ဆုပေး

ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဘိက္ခဝေ၊ ရဟန်းတို့။ သီလဝတော၊ ကိုယ်, နှုတ်စောင့်စည်း အကျင့် တည်းဟူသော သီလ ရှိသူအား။ ဝိသုဒ္ဓတ္တာ၊ စိတ် ၏ စင်ကြယ်သန့်ရှင်းသည်၏ အဖြစ်ကြောင့်။ စေတောပဏိဓိ၊ လိုချင် ထန်ပြင်း စိတ်၏တောင့်တခြင်းသည်။ ဣဇ္ဈတိ၊ တောင့်တတိုင်းပင် ပြည့်စုံ၏။

ဤသို့ ဟောတော် မူသည်နှင့် အညီ-ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့အား အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြကုန်သော သင်သူတော်ကောင်း အပေါင်းတို့အား အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်း အထွေထွေ ရွှေ, ငွေ, ရတနာ လိုရာဆန္ဒ အာယု, ဝဏ္ဏ, သုခ, ဗလ မျက်မှောက်ဘဝ၌ပင် ပြည့်စုံ

ကြ၍လိုလားတောင့်တအပ်သောလူ့ဘုံဖြစ်သော စည်းစိမ်ချမ်းသာ, နတ်ဘုံ ဖြစ်သော စည်းစိမ် ချမ်းသာဟု ဆိုအပ်သော လောကီ ချမ်းသာ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္တရာချမ်းသာ၊ဤလောကီ, လောကုတ္တရာ ချမ်းသာတို့ကို ကိုယ်စီကိုယ်င ရရှိကုံလုံပြည့်စုံကြသည် ဖြစ်စေ....။

## အမြတ်၌သဒ္ဓါပို အကျိုးထူးကိုရ ဆုပေး

အဂ္ဂတော ဝေ ပသန္နာနံ၊ အဂ္ဂံ ဓမ္မံ ဝိဇာနတံ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

အဂ္ဂံဓမ္မံ၊ အမြတ်ထွဋ်ဖူး ရတနာသုံးဦး၏ ဂုဏ်ကျေးဇူးကို။ ဝိဇာနတံ-ဝိဇာနန္တာနံ၊ မဖောက်မပြန် အမှန်သိကုန်သည် ဖြစ်၍။ အဂ္ဂတော၊အမြတ်ထွဋ်ဖူး ရတနာသုံးဦး၌။ ဝေ၊စင်စစ်။ပသန္နာနံ၊ သဒ္ဓါကဲပို ကြည်ညိုကြကုန်သော သူတို့အား။(အဂ္ဂေ၊ ပြိုင်ဘက်ကင်းပြတ် ထူးမြတ်သော။ ဝိပါကော၊ ကြည်ညိုဆပ္ပွား အကျိုးတရားသည်။ ဟောတိ၊မုချမသွေ ဖြစ်ရပေ၏။)

ဗုဒ္ဓသုဗောဓိ, ဓမ္မသုဓမ္မ, သံဃသုပ္ပဋိပတ္တိအဖြစ်ကိုရင်း၊ရတနာသုံးပါး၏ အနည်းသာဓရဏဥတ္တမ သဘောကိုရင်း၊မဖောက်မပြန် အမှန်သိ မြင်ပြီး ဘုရား, တရား, သံဃာ ရတနာ မြတ် သုံးပါး၌ အဝေစ္စပ္ပသာဒ, ဩကပ္ပနပ္ပသာဒဖြင့် ကြည်ညိုကြကုန်သော သူတို့အား မြတ်သော အာယု, ဝဏ္ဏ, ယသ, ကိတ္တိ, သုခ,ဗလ ဟူသော လောကီအကျိုးစီးပွား၊ မဂ်, ဖိုလ်, နိဗ္ဗာန် ဟူသော လောကုတ္တရာ အကျိုးစီးပွားတို့ကို ရကြကုန်၏ဟု ဒေသနာတော်မှာ အဓိပ္ပာယ် လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ- ဘုရား, တရား သံဃာ ရတနာ မြတ်သုံးပါး၏ အနညသာဓာရဏ ဂုဏ်တော် များကို ဦးချဝပ်တွား လေးစား ကြည်ညို ရသော ကောင်းမှု ကြောင့် အန္တရာယ်ကင်း ရန်အသွယ်သွယ်ရှင်း ကိုယ်တွင်းကိုယ်ပ ဋ္ဌမင်္ဂလာ အသက် ရှည် ခြင်း အဆင်းလှစွာ များစွာ ခြံရံ ကျော်စောသံနှင့် နှစ်တန်ချမ်းသာ နှစ်ဖြာကြီးမား မြတ်သော လောကီ အကျိုးစီးပွားတို့ကို ကိုယ်စီကိုယ်င ရရှိကုံလုံ ပြည်စုံကြ သည် ဖြစ်စေ....။

[အင်္ဂေါ ဝိပါကော ဟောတိ-စပ်ထည့်။]

---

## မကောင်းမှုရိတ်ဖြတ် မင်္ဂလာမြတ် ဆုပေး

မင်္ဂ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ယံဓမ္မဇာတံ၊ အကြင် တရားသဘောသည်။ မင်္ဂံ ပါပံ၊ အနိဋ္ဌ ကျိုးပြု မကောင်းမှု အကုသိုလ်ကံကို။ လုနာတိ-ဆိန္ဒတိ၊ ပယ် ဖျောက်ကြိတ်ညှပ် မလာမကပ်အောင် ရိတ်ဖြတ်တတ်၏။ ဣတိ၊ ထိုကြောင့်။ တံဓမ္မဇာတံ၊ ထိုတရားသဘောသည်။ မင်္ဂလံ၊ မင်္ဂလာ မည်၏။ ဤသို့ ဝိဂ္ဂဟ်ဝစနတ် မိန့်မှတ်သည်နှင့်အညီ- ဘုရားအစ ရှိသော သူတော်ကောင်းတို့အား မိဝဲဆည်းကပ်ရခြင်း၊ သရဏဂုံ ကိုယ်လုံးထုံရခြင်း၊ အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ရခြင်း၊ ရဟန်းတော်မြတ်တို့ကို ဖူးမြင်ရခြင်း၊ ဘုရားအစရှိသော သူတော် ကောင်းတို့ ဟောပြောပြသ အဆုံးအမစကားကို နာကြားရခြင်း၊ ငါးပါး, ရှစ်ပါး သီလများကို ခံယူဆောက်တည် ကျင့်သုံးရခြင်း

ကုသိုလ်အပေါင်းသည် အနိဋ္ဌကျိုးပြု မကောင်းမှုကံကို ပယ်လှန်ရိတ်ဖြတ်တတ်သောကြောင့် မင်္ဂလာမည်၏။

ထိုမင်္ဂလာအပေါင်းကို ပြုကုန်သောသင်တို့အား ထိုကုသိုလ်မင်္ဂလာအပေါင်းသည် ပစ္စုပ္ပန်ဘဝ ခန္ဓာအစဥ်ဝယ် အန္တရာယ်အမျိုးမျိုးကိုပြုတတ်သောအကုသိုလ်ဥပပီဠကကံ,ဥပဃာတကကံ၊ ဘမလှန်ဘဝခန္ဓာ အစဥ်ဝယ် ဆိုးမွေ့ဆိုးကျိုး အမျိုးမျိုးကို ပေးတတ်သော အကုသိုလ်ကံတို့ကို ရိတ်လှီး ပယ်ဖြတ်တတ်သည်ဖြစ်၍ အန္တရာယ်အမျိုးမျိုး ဘေးဆိုးဥပဒ် ဆိုးကျိုး, ဆိုးရပ်တို့ မလာမကပ်နိုင်မှုတဲ့ သစ္စာလေးရပ်ကိုမြင်ရခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း မင်္ဂလာမြတ်နှင့် ပြည့်စုံကြသည်ဖြစ်စေ....။

---

## ဗုဒ္ဓဓမ္မာ မြတ်သံဃာ ကြီးမြတ်မင်္ဂလာ ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဗုဒ္ဓေါ၊ဘုရားရှင်သည်။မဟာမင်္ဂလော၊အနိဋ္ဌကျိုးပြုမကောင်းမှုအကုသိုလ်တွေကို ပယ်ဖျောက်ကြိတ်ညှပ် မလာ မကပ်အောင် ရိတ်ဖြတ်တတ်သောကြောင့် ကြီးမြတ်သော မင်္ဂလာ မည်တော်မူပါပေ၏။ ဓမ္မော၊တရားတော်သည်။ မဟာမင်္ဂလော၊အနိဋ္ဌကျိုးပြု မကောင်းမှုအကုသိုလ်တွေကို ပယ်ဖျောက်ကြိတ်ညှပ် မလာမကပ်အောင် ရိတ်ဖြတ် တတ် သော ကြောင့် ကြီး မြတ် သော မင်္ဂလာမည်တော်မူပါပေ၏။သံဃော၊သံဃာတော်သည်။မဟာမင်္ဂလော၊အနိဋ္ဌကျိုးပြု မကောင်းမှုအကုသိုလ်တွေကို ပယ်ဖျောက်ကြိတ်ညှပ် မလာမကပ်အောင် ရိတ်ဖြတ်တတ်သောကြောင့် ကြီးမြတ်သော မင်္ဂလာမည်တော်မူပါပေ၏။

ဤသို့ ဘုရားတည်းဟူသော မင်္ဂလာ, တရား တည်း ဟူ သော မင်္ဂလာ, သံဃာတည်းဟူသော မင်္ဂလာကို ကိုးကွယ် ဆည်း ကပ် လေးမြတ်ကော်ရော် ပူဇော်ကန်တော့ကြကုန်သော သင်သူတော် ကောင်းအပေါင်းတို့အားဆိုးမွေ့ဆိုးကျိုး အမျိုးမျိုးကို ပေးတတ် သော အကုသိုလ်ရန်မိစ္ဆာ အမင်္ဂလာဟူသမျှတို့ ကွယ်ပျောက်၍ ကောင်း ကျိုး ချမ်း သာ အဖြာဖြာကို ပေးတတ်သော ကုသိုလ် မင်္ဂလာတို့ ရောက်ပြီးလျှင် အရဟတ္တဖိုလ်, နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်လွယ်ကြသည် ဖြစ်စေ....။

---

## ဘေးလေးမျိုးပျောက် နိဗ္ဗာန်ရောက် ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

"ဟိ ံသတီတိ သရဏံ"ကျမ်းလာဝိဂ္ဂဟ် မိန့်ဆိုသည်နှင့်အညီ- ဘုရား,တရား,သံဃာ ရတနာသုံးပါးသည် မိမိကို ကိုးကွယ်ဆည်း ကပ် အသိအမှတ် ပြုကုန်သော သတ္တဝါတို့၏ ကြောက်ရွံ့ထိတ် လန့်ခြင်း စိတ္တုတြာသဘေး,ထိုဘေးကြောင့်ဖြစ်သော ကိုယ်အလုံး တုန်လှုပ်ခြင်း-ဘယဆမ္ဘိတ, ကြက်သီးမွေးညှင်း ရှင်ထခြင်း-ဘယ လောမဟံသန,အပါယ်ဘေး,ဝဋ္ဋဆင်းရဲဘေးတွေကို ညှဉ်းဆဲပယ် သတ်အမြစ်ပြတ်အောင် ဖျက်ဆီး တတ်သောကြောင့် "သရဏ" တွင်မည် ပညတ်ချီတော်မူ၏။

ဤဘုရား,တရား,သံဃာ သရဏသုံးဖြာကို ကိုးကွယ်ဆည်းကပ် လေးမြတ်ရိုကျိုး ရှိခိုးကုန်သော သင်သူတော်ကောင်း အပေါင်း တို့အား ကြောက်ရွံ့ ထိတ်လန့်ခြင်း-စိတ္တုတြာသဘေး, ထို ဘေး ကြောင့်ဖြစ်သော့ ကိုယ်အလုံး တုန်လှုပ်ခြင်း-သယဆမ္ဘိတ, ကြက်

သီးမွေးညှင်း ရှင်ထခြင်း-ဘယလောမဟံသနှ အပါယ်ဘေး,ဝဋ်ဆင်းရဲဘေးတို့ပျောက်၍ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်း, မဂ္ဂသမာဓိ, ဖလသမာဓိသို့ ရောက်ပြီးလျှင် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်လွယ်ကြသည်ဖြစ်စေ...။

---

## ဂုဏ်တော်ဆည်းကပ် ထူးမြတ်ကျိုးရ ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

* "ဟိတေ ပဝတ္တနေန အဟိတေစ နိဝတ္တနေန သတ္တာနံ ဘယံ ဟိံသတီတိ ဗုဒ္ဓေါ"
* ဘဝကန္တာရဥတ္တရဏေန အဿာသဒါနေနစ ဓမ္မော"
* "အပ္ပကာနမ္ပိ ကာရာနံ ဝိပုလဖလ ပဋိလာဘ ကရဏေန သံဃော"

ဟု-အဟောအမိန့်ရှိသည်နှင့်အညီ - စီးပွားချမ်းသာကိုဖြစ်ပွားစေခြင်း, စီးပွားမဲ့ကို နစ်စေခြင်းဖြင့် သတ္တဝါ အပေါင်း တို့၏ ပစ္စုပ္ပန်၌ဖြစ်သောဘေး, တမလွန်၌ ဖြစ်သောဘေး, ဝဋ်ဆင်းရဲဘေးတွေကို ညှဉ်းဆဲပယ်သတ် အမြစ်ပြတ်အောင် ဖျက်ဆီးတော်မူတတ်သော ဘုရားရှင်၊ သတ္တဝါတွေကို ဘဝတည်းဟူသော ခရီးခဲမှ ထုတ်ဆယ်ကယ်တင်၍ သက်သာရာကို ပေးတော်မူတတ်သော တရားတော်၊ မပြောလောက်ပ အနည်းငယ်မျှလည်း ဒါနပူဇာ ပြုလာသူတို့အား ကြီးကျယ်ပြန့်ပြောသော အကျိုးကို ရစေခြင်းကို ပြုတော်မူတတ်သော သံဃာတော်။

ဤ ဘုရား, တရား, သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို ဦးချဝပ်တွား လေးစားကော်ရော် ပူဇော်ရသော မဟာပုညာဘိ

သန္ဒကြောင့် ယခုဘဝ, ယခုအချိန်မှစ၍ နိဗ္ဗာန်ရသည့်ဘဝ ပစ္ဆိမစိတ္တက္ခဏ ကျအောင် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ချစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရား လေးပါး, ဗျသနတရားငါးပါးတို့မှ အခါ ခပ်သိမ်း ကင်းလွတ်ငြိမ်းကြ ကုန်ပြီးလျှင် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း, ဘုန်းတန်ခိုး ကြီးခြင်း, အစိုးရခြင်း, အမျိုးမြတ်ခြင်း အကျိုးတို့ကိုရ၍ အဆုံးဘဝ၌ မိမိတို့အလိုရှိအပ်, တောင့်တအပ်, ပန်ဆင်အပ်သော ဆုထူး,ဆုမြတ်ဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုနိုင်လွယ်ကြသည် ဖြစ်စေ။

---

**မကောင်းမပြု ကောင်းပြုစိတ်ဖြူ သုံးဆူသာသနာ ဆုပေး**

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

သဗ္ဗပါပဿ၊ ကိုယ်,နှုတ်,စိတ်၌ ပြုလိုက်မိမှား အလုံးစုံသော အကုသိုလ်တရားကို။ အကရဏံ၊ရှောင်ရှားသမှု မပြုကျင့်ခြင်းဧင်း။ ကုသလဿ၊ ကိုယ်,နှုတ်,စိတ်၌ ပြုထိုက်အကျင့်များ အလုံးစုံသော ကုသိုလ်တရားကို။ ဥပသမ္ပဒါ၊ လောက်ကော်လုံ ပြည့်စုံစေခြင်းဧင်း။ သစိတ္တပရိယောဒပနံ၊ အကုသိုလ်မချိတ် မိမိစိတ်ကို ဖိတ်ဖိတ်ကြည်လင် ဖြူစင်စေခြင်းဧင်း။ ဧတံသာသနံ၊ အကုသိုလ် ဟူသမျှ မပြု

ကြနှင့်၊ ကုသိုလ် လုံးစုံပြည့်စုံပါစေ၊ ဖြူစေ ကိုယ့်စိတ် ဟူသော ဤအဆုံးအမတော်သည်။ ဗုဒ္ဓါနံ၊ ဂဏ်ဝါငြ္စ သဲစုမက ပွင့်တော်မူသွားကြသည့် သတ္တမြတ်တင် အဆူဆူသော ဘုရားရှင်တို့၏။ သာသနံ၊ ဟောကြားမြွက်ဖော် အဆုံးအမတော်ပေတည်း။

ဒီဒေသနာတော်ဟာ ကျဉ်းကျဉ်းနှင့် လိုရင်းကိုပြည့်စုံအောင် ဟောကြား ဆုံးမထားတဲ့ ဒေသနာတော် ဖြစ်တယ်၊ ဒီဒေသနာတော်၏ အဓိပ္ပာယ်ကတော့—

* အကုသိုလ်ဟူသမျှကို မပြုရဘူးတဲ့။
* ကုသိုလ်တရားတွေနှင့် ပြည့်စုံစေရမည်တဲ့။
* မိမိစိတ်ကိုလည်း အကုသိုလ် အညစ်အကြေး မတင် ဖွေးလက်ဖြူစင် စေရမည်တဲ့။

အလွန် လိုက်နာပြုကျင့်ထိုက်တဲ့ ဘုရားအဆုံးအမ, ဩဝါဒကထာပေါ့။

အကုသိုလ်ဟူသမျှကို မပြုရဘူးလို့ ဟောကြားရာမှာ အကုသိုလ်ဆိုတာ သူ့အသက်သတ်မှု, သူ့ဥစ္စာကိုခိုးမှု, သူ့အိမ်ရာကိုမှားမှု, ကာယဒုစရိုက်သုံးခု၊ မုသားပြောမှု, ကုန်းချောမှု, ကြမ်းကြုတ်စွာ ဆဲရေးမှု, အကျိုးမရှိ သိမ်ဖျင်းသော စကားကိုပြောကြားမှု ဝစီဒုစရိုက်လေးခု၊ သူ့စည်းစိမ်ကို မတရားလိုချင်မှု, သူတပါး ပျက်စီးမှုကိုကြံစည်မှု, အယူလွဲမှားမှု, မနောဒုစရိုက်သုံးခု၊ ဒီဒုစရိုက်ဆယ်ပါး တရားကိုယ်အားဖြင့် လောဘ,ဒေါသ, မောဟ မူလသုံးပါး အရင်းခံထားတဲ့ အကုသိုလ်ဒွါဒသ,

စေတသိက် သတ္တဝိသပင်ဖြစ်တယ်၊ဒီအကုသိုလ်တရားတွေကို မပြု လုပ်ဘဲ ရှောင်ကြဉ်ရမည်တဲ့။ မိမိသန္တာန်မှာ မဖြစ်စေရဘူးတဲ့။

ကုသိုလ်တရားတွေနှင့် ပြည့်စုံစေရမည်လို့ ဟောကြားရာမှာ ကုသိုလ်ဆိုတာ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်မှု, သူ့ဥစ္စာခိုးမှုမှ ရှောင်ကြဉ်မှု, သူ့အိမ်ရာမှားမှုမှ ရှောင်ကြဉ်မှု, ကာယသုစရိုက် သုံးခု၊ မုသားပြောမှုမှ ရှောင်ကြဉ်မှု, ကုန်းချောမှုမှ ရှောင်ကြဉ်မှု, ကြမ်းကြုတ်စွာ ဆဲရေးမှုမှ ရှောင်ကြဉ်မှု, အကျိုးမရှိ သိမ်ဖျင်းစွာ သောစကားကို ပြောကြားမှုမှ ရှောင်ကြဉ်မှု ဝစီသုစရိုက်လေးခု၊ သူ့စည်းစိမ်ကို မတရားလိုချင်မှုမှ ရှောင်ကြဉ်မှု, သူတပါးပျက်စီး မှုကို ကြံစည်မှုမှ ရှောင်ကြဉ်မှု, အယူဖြောင့်မှန်မှု,မနောသုစရိုက် သုံးခု၊ ဒီသုစရိုက်ဆယ်ပါး တရားကိုယ်အားဖြင့် အလောဘ, အဒေါသ, အမောဟ မူလသုံးပါး အရင်းခံထားတဲ့ကုသိုလ် စေ ဝိသ,စေတသိက် အဋ္ဌတိံသပင်ဖြစ်တယ်၊ ဒီ ကုသိုလ်တရားတွေနှင့် ပြည့်စုံစေရမည်တဲ့၊မိမိသန္တာန်မှာ ဖြစ်စေရမည်တဲ့။

မိမိစိတ်ကိုလည်း အကုသိုလ်အညစ်အကြေးမတင် ဖွေးလက် ဖြူစင်စေရမည်လို့ ဟောကြားရာမှာ စိတ်ကို ဖြူစင် စေမှု ဆိုတာ ကာမကုသိုလ်ဖြင့် အကုသိုလ်တရား တွေကို တဒင်္ဂပဟာန် ဖြင့် ပယ်သတ်ပြီး စိတ်ကို ဖြူစင် စေရမည်တဲ့၊ မဟဂ္ဂုတ် ကုသိုလ်ဖြင့် အကုသိုလ်တရားတွေကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်သတ်ပြီး စိတ်ကို ဖြူစင် စေရမည်တဲ့၊ မဂ်ကုသိုလ်ဖြင့် အကုသိုလ် တရား တွေကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်ပြီး စိတ်ကိုဖြူစင်စေရမည်တဲ့၊ဤကဲ့သို့ အကုသိုလ် ဒုစရိုက်တရားတွေကို ပဟာန်သုံးချက်ဖြင့် ပယ်ဖျက် ပြီး မိမိစိတ်ကလေးကို အကုသိုလ်အညစ်အကြေးမတင် ဖွေးလက်

ဖြူစင် စေရမည်တဲ့၊ ဒီအဆုံးအမ ဩဝါဒကထာဟာ ပွင့်တော်မူသွားကြတဲ့ဘုရားရှင်တိုင်း ဆုံးမ ဟောကြားထားခဲ့တဲ့ အဆုံးအမ ဩဝါဒကထာ ဖြစ်သတဲ့။

ယနေ့ယခု ဒါယကာ ဒါယိကာမ တွေဟာ "အကုသိုလ်ဟူသမျှ မပြုကြနှင့်၊ ကုသိုလ်လုံးစုံ ပြည့်စုံပါစေ၊ ဖြူစေကိုယ်စိတ်" ဟူသော ဘုရား အဆုံးအမတော်ကို လိုက်နာ ပြုကျင့် လိုကြ၍ ရတနာသုံးရပ်ကို ဆည်းကပ် သမုတိသံဃာတော် အရှင်သူမြတ်တို့ ထံမှာ တုပ်ပျပ် ဝပ်လျှိုး လက်ဆယ်ဖြာ ထိပ်မှာ မိုး၍ ရှိခိုးကာ သီလကိုတောင်းခံပြီး ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့ကိုရှောင်ရှား၊ ကာယသုစရိုက်၊ ဝစီသုစရိုက်တို့နှင့် ပြည့်စုံစေခြင်းဟူသော သီလသမ္ပဒါ၊ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာကို ပွားများပြီး အဘိဇ္ဈာ၊ ဗျာပါဒ ဟူသော မနောဒုစရိုက်ကို ရှောင်ရှား၊ အနဘိဇ္ဈာ၊ဗျာပါဒဟူသော မနောသုစရိုက်တို့နှင့် ပြည့်စုံစေခြင်း ဟူသော စိတ္တသမ္ပဒါ၊ ဒါန၊ သီလ၊ ဘာဝနာကို ကြိုးစားပြီး မိစ္ဆာဒိဋ္ဌိဟူသော မနောဒုစရိုက်ကိုရှောင်ရှား သမ္မာဒိဋ္ဌိဟူသော မနောသုစရိုက်နှင့် ပြည့်စုံစေခြင်း ဟူသော ဒိဋ္ဌိသမ္ပဒါ၊ ဒါန၊ သီလ၊ ဘာဝနာ၃ပါသော ကာမာဝစရကုသိုလ်စေတနာဖြင့် အကုသိုလ် အညစ်အကြေးကို တဒင်္ဂပဟာန်ဖြင့် ပယ်ရှား၍ မိမိတို့၏ စိတ်ကို ဖွေးလက်ဖြူစင်စေခြင်း မဟဂ္ဂုတ်ကုသိုလ်စေတနာဖြင့် အကုသိုလ် အညစ်အကြေးကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ရှား၍ မိမိတို့၏စိတ်ကို ဖွေးလက် ဖြူစင်စေခြင်း၊ မဂ်ကုသိုလ် စေတနာဖြင့် အကုသိုလ် အညစ်အကြေးကို သမုစ္ဆေဒပဟာန်ဖြင့်ပယ်ရှား၍ မိမိတို့၏စိတ်ကို ဖွေးလက်ဖြူစင်စေခြင်း၊ ဤသို့လျှင် ဘုရားအဆုံးအမ ဩဝါဒကို

လိုက်နာကျင့်သုံး သံသရာဆုံး ခန္ဓာတုံး၍ ဝဋ်သည်းနိဗ္ဗူ ရယူနိုင်ကြသည် ဖြစ်စေ....။

---

## သီလရှိလျှင် ဘေးဒဏ်စင် ဆုပေး

သီလဝန္တံ န ဗာဓန္တိ၊
အာသဝါ ဒိဋ္ဌဓမ္မိကာ။
သမ္ပရာယိကဒုက္ခာနံ၊
မူလံ ခနတိ သီလဝါ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဒိဋ္ဌဓမ္မိကာ၊ မျက်မှောက်ထင်ထင် ရှုမြင်အပ်သော သဘောရှိသော ပစ္စုပ္ပန် အတ္တဘော၌ ဖြစ်ကုန်သော။ အာသဝါ၊ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေးတို့သည်။ သီလဝန္တံ၊ ကိုယ် နှင့် နှုတ်ကို ထိန်းချုပ် စောင့်စည်း အကျင့် တည်းဟူသော သီလရှိသူကို။ နဗာဓန္တိ၊ ပင်ပန်းဆင်းရဲအောင် မညှဉ်းဆဲနိုင်ကုန်။ သီလဝါ၊ ကိုယ်,နှုတ် စောင့်စည်း အကျင့် တည်းဟူသော သီလရှိသူသည်။ သမ္ပရာယိကဒုက္ခာနံ၊ သီလမဲ့ခြင်းလျှင် အကြောင်းရင်းရှိကုန်သော တမလွန်၌ဖြစ်သော ဆင်းရဲတို့၏။ မူလံ၊ သီလမဲ့ညစ်ပုဂ္ဂိုလ်၏ အဖြစ်ဟူသော အကြောင်းကို။ ခနတိ၊ ဖြတ်တောက်ပိုင်ပိုင် တူးဖို့နိုင်၏။

အဓိပ္ပာယ် သော်ကား – အကြင် သူတို့ သည် သရဏဂုံ သီလ, ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သောသီလကို မကျိုးမပေါက်,မကျားပြောက်အောင် စောင့်

ရှောက် ဆောက်တည်ကြကုန်၏။ သီလရှိသော ထိုပုဂ္ဂိုလ်တို့အား ပစ္စုပ္ပန် အတ္တဘော၌ ဖြစ်ကုန်သော မိမိကိုယ်ကို မိမိစွပ်စွဲခြင်းဟု ဆိုအပ်သော အတ္တာနုဝါဒဘေး, သူတပါးတို့ စွပ်စွဲခြင်းဟု ဆိုအပ်သော ပရာနုဝါဒဘေး, ဒဏ်အမျိုးမျိုး ကျရောက်ခြင်းဟု ဆိုအပ်သော ဒဏ္ဍဘေးတို့သည် မညှဉ်းဆဲ,မနှိပ်စက်နိုင်၊ တမလွန်၌ ဖြစ်ကုန်သော သီလမဲ့ခြင်းလျှင် အကြောင်းရင်း ရှိသော အပါယ် ဆင်းရဲဟူသော ဒုဂ္ဂတိဘေးရန်၏ အကြောင်းဖြစ်သော သီလမဲ့သော ပုဂ္ဂိုလ်၏ အဖြစ်ကို တူးဖြိုဖျက်ဆီးနိုင်၏ဟု ဆိုလိုသည်။

ဤသို့ ဒေသနာ တော်မြတ် မိန့်မှတ်သည်နှင့် အညီ - ပစ္စုပ္ပန် တမလွန်၌ဖြစ်ကုန်သော ဆင်းရဲအပေါင်းမှ လွတ်မြောက်၍ သုခ အဝဝလိုလားကြကုန်သော ကလျာဏန္ဒယ်ဂင်သူတော်စင် သင်တို့သည် ရတနာသုံးပါး၊ သီလဝန္တ, ဂုဏဝန္တပုဂ္ဂိုလ်တို့အား ရှိခိုးသစ္စာ ရှိခိုး၍ သီလကို ခံယူဆောက်တည်ကြကုန်၏။ ဤသို့ ရှိခိုးရသော ပဏာမကုသိုလ်,ဆောက်တည်လတ္တံ့သောသီလကုသိုလ်၊ ပဌမဇော စေတနာတို့ကြောင့် ပစ္စက္ခအတ္တဘော၌ ဖြစ်သော ဥပပီဠကကံ, ဥပဃာတကကံလျှင် အကြောင်းရင်း ရှိသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရ၍၊ မိမိကိုယ်ကို မိမိစွပ်စွဲခြင်းဟုဆိုအပ်သော အတ္တာနုဝါဒဘေး,သူတပါးတို့စွပ်စွဲခြင်းဟုဆိုအပ်သော ပရာနုဝါဒဘေး, ဒဏ်အမျိုးမျိုးကျရောက်ခြင်းဟုဆိုအပ်သော ဒဏ္ဍဘေးတို့ မညှဉ်းဆဲနိုင်ခြင်း၊ သတ္တမဇောကုသိုလ်စေတနာကြောင့် ဒုတိယ တမလွန်ဘဝ၌ အပါယ်လေးပါးသို့ ကျခြင်းဟူသော ဒုဂ္ဂတိဘေးတို့ မညှဉ်းဆဲနိုင်ခြင်း၊ အလယ်ဇော ငါး ချက် ကု သိုလ် စေတ နာ ကြောင့် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် တမလွန်ဘဝတို့၌

သီလမဲ့ခြင်းကြောင့် ဖြစ်သော ဆင်းရဲအပေါင်းမှ လွတ်မြောက်၍ သီလရှိသောပုဂ္ဂိုလ်တို့သည် ရအပ်ခံစားအပ်သော အကျိုးတရားတို့ကို ကိုယ်စီကိုယ်င ရရှိကြသည်ဖြစ်စေ....။

## ရတနာမြတ်နိုး အကျိုးလေးပါးရ ဆုပေး

ရတနတ္တယ ပဏာမေန အာယုဝဏ္ဏ သုခ ဗလာနိ ဝဍ္ဎန္တိ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ရတနတ္တယပဏာမေန၊ ဘုရား,တရား,သံဃာအားဖြင့် သုံးပါးရတနာ ကိုးကွယ်ရာသို့ သုံးဖြာဒွါရ သုံးပါးသော ပဏာမတို့ဖြင့် ရိုသေစွာ ရှိခိုးရသော ပုညာတိသယကြောင့်။ အာယု ဝဏ္ဏ သုခ ဗလာနိ၊ အသက်ရှည်ခြင်း,အဆင်းလှခြင်း,ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ကိုယ်အား - ဉာဏ်အား နှစ်ပါး ကြီးမားခြင်းတို့သည်။ ဝဍ္ဎန္တိ၊ တနေ့တခြား တိုးပွားကုန်၏။

ဤသို့ ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ-သုံးလီသောရတနာကို သုံးဖြာသောဒွါရ,သုံးပါးသောပဏာမတို့ဖြင့် ရိုသေစွာ ရှိခိုးရသော ပုညာတိသယကြောင့် မနုဿပြည် လူ့ဌာနီ၌ ယခုတည်မှန်းအသက်တမ်းကို ရှင်လန်းမှီကျော် အဆင်းသော်ကား ရှင်ပျော်ကြည်မြ ရောင်ဝါကြွ၍ လှပတင့်တယ် ကိုယ်ဝယ်သုခ စိတ္တချမ်းသာ ကိုယ်မှာခွန်အား ဉာဏ်အားနှစ်တန် ပြည့်စုံပြန်၍ လေးတန်အကျိုး နေ့တိုင်းတိုးလျက် တန်ခိုးထင်ထင် လူ့တခွင်၌ ကြည်လင်ရှင်ပျ ဒါန,သီလာ ဘာဝနာကို မကွာနေ့ည အားထုတ်ရ၍ ဘောဂ, ဘဝ, နိဗ္ဗာနဟု သုံးဝသမ္ပတ္တိ ရရှိကုံလုံ ပြည့်စုံကြသည် ဖြစ်စေ....။

## ကောင်းမှုလွန်ကဲ ရမြဲစည်းစိမ် ဆုပေး

ပုညာတိသယာ ပသာဒဝတ္ထုသု ပူဇာ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ပသာဒဝတ္ထုသု၊ ရတနာသုံးရပ် ပသာဒဝတ္ထု အမြတ်တို့၌။ ပူဇာ၊ အာမိသပူဇာ ဓမ္မပူဇာတို့ဖြင့် ပူဇော်ရခြင်းသည်။ ပုညာတိသယာ၊ မနှိုင်းယှဉ်နိုင်သော အစွမ်းသတ္တိရှိသော လွန်ကဲသော ကောင်းမှုပေတည်း။

ပုညာတိသယော ယထာဓိပ္ပေတ ပရိသမာပနူပါယော။

ပုညာတိသယော၊ မနှိုင်းယှဉ် နိုင်သော အစွမ်းသတ္တိ ရှိသော လွန်ကဲသော ကောင်းမှုသည်။ ယထာဓိပ္ပေတပရိသမာပနူပါယော၊ အကြင်အလိုရှိအပ်သော အန္တရာယဝိဃာတန, ဣဋ္ဌမင်္ဂလာဝဓုံန, ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ, နိဗ္ဗာနသမ္ပတ္တိတို့ကို ရခြင်းဟုဆိုအပ်သော အကျိုးပြီးစီးခြင်း၏ အကြောင်းတည်း။

ဤသို့ ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ- ဘုရား, တရား, သံဃာ ရတနာသုံးရပ် ပသာဒဝတ္ထုအမြတ်တို့၌ အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့်ပူဇော်ရခြင်းသည် မနှိုင်းယှဉ်နိုင်သော အစွမ်းသတ္တိရှိသော လွန်ကဲသောကောင်းမှုပင်ဖြစ်၍ ထိုကောင်းမှု၏ အစွမ်းသတ္တိကြောင့် အလိုရှိအပ်သော အကျိုးဖြစ်သော ပစ္စုပ္ပန်ဝယ် အနာရောဂါ ကင်းခြင်း, အသက် ရှည်ခြင်း, အဆင်း လှခြင်း, ချမ်းသာကြီးခြင်း, ခွန်အား ကြီးခြင်း, ပညာကြီးခြင်း, ပစ္စည်းဥစ္စာတိုးတက်ခြင်း, ရန် သူ မျိုး ငါး ပါး တို့ မဖျက်ဆီးနိုင်ခြင်း, တမလွန်ဝယ် လူ့ရွာနတ်ပြည်၌ ဖြစ်ရခြင်း, စည်းစိမ်ချမ်းသာ

ပြည့်ဝခြင်း, မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရခြင်းဟူသော အကျိုးတရားတို့ကို ကိုယ်စီကိုယ်င ရရှိကြ၍ ပြီးစီးပြည့်စုံကြသည်ဖြစ်စေ....။

## ဂုဏ်နှင့်သဒ္ဓါ နှစ်ဖြာစုံငြား အကျိုးကြီးမား ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ပဏာမစေတနာယော　ပဏာမိတဗ္ဗဿ　ရတနတ္တယဿ
ဂုဏ သမ္ပန္နတာ,ဥဠာရသဒ္ဓါ သမ္ပန္နတာတိ ဒွီဟိ အင်္ဂေဟိ
သမ္ပန္နတ္တာ မဟပ္ဖလေ မဟာနိသံသေစ ဒါတုံ သက္ကောန္တိ။

ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ- ရှိခိုးအပ်သော ရတနာသုံးပါး၏ အရဟံ အစရှိသောဂုဏ်, သွာက္ခာတ အစရှိသောဂုဏ်, သုပ္ပဋိပန္နအစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသည်၏အဖြစ်၊ ရှိခိုးတတ်သော သင် ဒကာ, ဒကာမ တို့၏ ရတနာသုံးပါးသည် ဆင်းရဲကို ပယ်ဖျောက်၍ ချမ်းသာသို့ ရောက်အောင် စောင့်ရှောက် ကယ်မ တတ်၏ဟု ယုံကြည်ခြင်း မှန်မြတ်သောသဒ္ဓါတရားနှင့် ပြည့်စုံသည်၏အဖြစ်၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံခြင်းကြောင့် ရတနာသုံးရပ် အမြတ်ဇာတ်ကို လေးမြတ်ကြည်ညို မှီခိုဆည်းကပ် တုပ်ဝပ်ရိုကျိုး ရှိခိုးပူဇော်ကြကုန်သော သင်-ဒကာ, ဒကာမ တို့၏ သန္တာန်ဝယ် ဖြစ်ပွားပေါ်ပေါက် ချုပ်ပျောက် ကုန်သော ပဏာမ စေတနာ တို့၏ အစွမ်းသတ္တိကြောင့် ယခုဘဝ, ယခုနေ့, ယခုအချိန်မှစ၍ နိဗ္ဗာန်ရသည့်ဘဝ ပစ္ဆိမ စိတ္တက္ခဏကျအောင် ကပ်ကြီးသုံး ပါး, အပါယ် လေးပါး, ဝိပတ္တိတရား လေးပါး, ရန်သူမျိုး ငါးပါး, ဗျသနတရားငါးပါး, ရပ်ပြစ်ရှစ်ပါး, ဒဏ်မျိုးဆယ်ပါး, တဆယ့် ခြောက်ပါးသော ဥပဒ္ဒဝေါ, နှစ်ဆယ့်ငါးပါးသော ဘေး,

သုံးဆယ့် နှစ်ပါးသော ကံကြမ္မာ, ကိုး ဆယ့် ခြောက် ပါး သော အနာရောဂါတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြကုန်သည်သာ ဖြစ်၍ မဂ်, ဖိုလ်ရကြောင်း လမ်းကောင်းမှန်လှ မဇ္ဈိမပဋိပဒါ သမ္မာပဋိပတ် အကျင့်မြတ်ဟူ ဆယ်ဆူမယုတ် ပါရမီအလုပ်ကို အားထုတ်ဆည်းပူးနိုင်ကြသည်ဖြစ်စေ....။

---

## စေတနာမှန် အကျိုးပေးသန် ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ပဏာမစေတနာယော ပန အန္တရာယဝိဃာတနာဒိ အနု ပါဒိသေသ ပရိနိဗ္ဗာနပရိယောသာနံ ဗဟုဝိဓံ ပယောဇနံ ဒါတုံ သက္ကောန္တိ။

ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ– ဘုရား, တရား, သံဃာ ရတနာသုံးပါး၏ ဂုဏ်တော် ကျေး ဇူး တော် တွေ ကို ကြည်ညို လေးစား ဝပ်တွားရိုကျိုး ရှိခိုးရသော ရတနတ္တယပဏာမကုသိုလ် စေတနာတို့ကြောင့် သင်-ဒကာ, ဒကာမတို့၏ သန္တာန်ဝယ် စုတိ, ပဋိသန္ဓေ နှစ်ထွေတို့၏အလယ်၌ ဖြစ်ပေါ် ကျရောက်တတ်သော ဥပပီဠကကံ,ဥပဃာတကကံတို့ ကင်းကွယ်ပပျောက်သဖြင့် အကျိုး ဖြစ်သော ရောဂါစသော အန္တရာယ်တို့ မငြိတွယ် မကျရောက်မူ၍ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း, ကိုယ်အား ဉာဏ်အား နှစ်ပါး တိုးပွားခြင်း, စီးပွား ချမ်း သာ တိုးတက်ခြင်း အစရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာကြက် သရေ အထွေထွေတို့ တက်နေပမာ ရက်ရှည်စွာ တိုးပွားကြကုန်

သည်သာဖြစ်၍ အလောင်းတကာ သူတော်စဉ်တို့ ရောက်ရာမှန်လှ နိဗ္ဗာနဓာတ် အမြတ်ရပ်သို့ လှမ်းကပ်နိုင်ကြသည် ဖြစ်စေ....။

## ရတနာ့ပူဇော်သူ ပြည်နိဗ္ဗူစံမြန်းရ ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ရတနတ္တယပူဇာ နိရတိသယပုညက္ခေတ္တ သံဗုဒ္ဓိယာ အပရိမေယျပ္ပဘာဝေါ ပုညာတိသယောတိ ဗဟုဝိဓန္တရာယေပိ လောကသန္နိပါသေ အန္တရာယနိဗန္ဓန သကလ သံကိလေသဝိဒ္ဓံသနာယ ပဟောတိ၊ ဘယာဒိဥပဒ္ဒဝဉ္စ နိဝါရေတိ။

ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ– ဘုရား, တရား, သံဃာ ရတနာသုံးရပ် ဂုဏ်တော်မြတ်၌ လေးမြတ်ရိုကျိုး ရှိခိုး ပူဇော်ရသောသတ္တဝါလွန်ကြူး ကောင်းမှုထူးကြောင့် မကောင်းသောဒဏ်, မကောင်းသောရန်, မကောင်းသော အနာရောဂါ စသော အန္တရာယ်တို့ မတွယ်မဆောက် တားမြစ်ပျောက်၍ မျက်မှောက်၌မှာ ကိုယ်ရောစိတ်ပါ နှစ်ဖြာသုခချမ်းသာရလျက် ဣဋ္ဌအဖြာဖြာ သမ္မာသက်ပွဟူသမျှလည်း ခဏမကြာ လျင်စွာပြည့်စုံ ကောင်းမှုဟုန်ဖြင့် ရန်သူပုန်မည် တထောင့်ငါးရာ ကိလေသာ စစ်သည်တွေကို ပယ်ခွဲညက်ညက် အကြွင်းမဲ့ဖျက်၍ အောင်ချက်ရယူ ပြည်နိဗ္ဗူကို သိမ်းယူစံမြန်း နိုင်ကြသည် ဖြစ်စေ....။

## ခေတ်ပသာဒ ပြည့်စုံက မျက်မှောက်အကျိုးရ ဆုပေး

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဒွယင်္ဂသမ္ပတ္တိယာ ပဏာမစေတနာ အန္တရာယဝိဟနေန ဒိဋ္ဌဓမ္မိကာ။

ကျန်းဂန်ပါဠိ လာရှိသည်နှင့်အညီ- ဘုရား, တရား, သံဃာ, ရတနာမြတ်သုံးပါး ဂုဏ်တော်များကို အားထားမှီတွယ်ကိုးကွယ်ရာမှတ် ဆည်းကပ်မြတ်နိုး ကိုယ်,နှုတ်, စိတ်တို့ဖြင့် ရှိခိုးကြရသော ရတနတ္တယပဏာမ ကုသိုလ်စေတနာသည် ရှိခိုးအပ်သော ရတနာသုံးပါး၏ အရဟံ အစရှိသောဂုဏ်, သွာက္ခာတ အစရှိသောဂုဏ်, သုပ္ပဋိပန္န အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသည်၏ အဖြစ်ဟူသော ခေတ္တာဘာဝသမ္ပတ္တိ၊ ရှိခိုးတတ်သော သင်-ဒကာ, ဒကာမ တို့၏ ဤကဲ့သို့ ရတနာသုံးပါး ဂုဏ်တော်များကို ရှိခိုးရခြင်းဖြင့် အန္တရာယ ဝိဃာတန, ဣဋ္ဌမင်္ဂလာဒိဝစ္စန အကျိုးတို့ကို ရကုန်၏ ဟု ယုံကြည်ခြင်းပသာဒသမ္ပတ္တိ၊ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံခြင်းကြောင့် ယခုဘဝမှာပင် ဥပဃာတကကံတို့၏ အကျိုးဖြစ်သော ရောဂါ အမျိုးမျိုး ဘေးဆိုးဥပဒ် အရပ်ရပ်အန္တရာယ်တို့ ကင်းကွယ်ပပျောက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြီးခြင်း၊ ကိုယ်အား, ဉာဏ်အား နှစ်ပါး တိုးပွားခြင်း စသော ဣဋ္ဌမင်္ဂလာအကျိုးတို့ရောက်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင် လွယ်ကြသည်ဖြစ်စေ....။

---

## ဖြစ်လျှင်ဆင်းရဲ မဖြစ်လျှင်ချမ်းသာ ဆုပေး

ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဥပ္ပါဒေါ၊ ခန္ဓာအသစ်ဖြစ်ရခြင်းသည်။ ဒုက္ခံ၊ အို,နာ,သေရေး တို့နှင့် ရောထွေးယှဉ်တွဲ ဖြစ်စမြဲမို့ ဆင်းရဲလှ၏။ အနုပ္ပါဒေါ၊

ခန္ဓာအသစ် မဖြစ်ရခြင်းသည်။ သုခံ၊ အို, နာ, သေ ရေး·တို့ နှင့် ကင်း‌ဝေးအေးမြ ချမ်းသာလှ၏။

အဝိဇ္ဇာနှင့် တဏှာဆိုတဲ့ ဝဋ်မြစ်မူလနှစ်ပါးကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ မဖြတ်ရသေးသမျှ ကာလပတ်လုံး သတ္တဝါတိုင်းပင် ပဋိသန္ဓေနေရတယ်၊ ပဋိသန္ဓေနေတဲ့ သတ္တဝါတိုင်းပင် အိုခြင်းတရားနှင့် မကင်းနိုင်ဘူး·အိုရတယ်၊ အိုတဲ့သတ္တဝါတိုင်းပင် နာခြင်းတရားနှင့်မကင်းနိုင်ဘူး နာရတယ်၊နာတဲ့သတ္တဝါတိုင်းပင် သေခြင်းတရားနှင့် မကင်းနိုင်ဘူး သေရတယ်၊ သေပြီးပြန် လျှင်လည်း တဖန် ပဋိသန္ဓေနေ ခန္ဓာအသစ် ဖြစ်ရလိမ့်ဦးမည်။ ဖြစ်သောခန္ဓာအိုရလိမ့်ဦးမည်၊အိုသောခန္ဓာနာရလိမ့်ဦးမည်၊နာသောခန္ဓာသေရလိမ့်ဦးမည်၊ ဒီလိုခန္ဓာအသစ်ဖြစ်တိုင်းဖြစ်တိုင်း အိုခြင်း, နာခြင်း,သေခြင်းတို့လည်း ဖြစ်ကြတယ်၊ အိုရတာလဲဆင်းရဲတယ်၊ နာရတာလဲ ဆင်းရဲတယ်၊ သေရတာလဲ ဆင်းရဲတယ်၊ ဒါကြောင့် ခန္ဓာအသစ် ဖြစ်ရခြင်းကို ဆင်းရဲတဲ့ ဒုက္ခတရားလို့ ဟောကြားတော်မူခဲ့တယ်။

အဝိဇ္ဇာနှင့်တဏှာဆိုတဲ့ ဝဋ်မြစ်မူလနှစ်ပါးကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ဖြတ်တောက်လိုက်ခြင်းကြောင့် တဖန် ပဋိသန္ဓေမနေရတော့ဘူး၊ ပဋိသန္ဓေမနေရတဲ့ သတ္တဝါတိုင်းပင် မအိုရတော့ဘူး၊ မအိုရတဲ့သတ္တဝါတိုင်းပင် မနာရတော့ဘူး၊ မနာရတဲ့ သတ္တဝါတိုင်းပင် မသေရတော့ဘူး၊ မအိုရတာလဲ ချမ်းသာတယ်၊ မနာရတာလဲ ချမ်းသာတယ်၊ မသေရတာလဲ ချမ်းသာတယ်၊ ဒါ့ကြောင့် ခန္ဓာအသစ်မဖြစ်ရခြင်းကို ချမ်းသာတဲ့ သုခတရားလို့ ဟောကြားတော်မူခဲ့တယ်။

ဤသို့ ဘုရားမြတ်စွာ ဒေသနာလာသည်နှင့်အညီ– ယခုအခါ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြကုန်သော သူတော်ကောင်း အပေါင်းတို့သည် မျက်မြင်ဘဝမှာပင် အိုခြင်းဆင်းရဲ, နာခြင်း ဆင်းရဲ, သေခြင်းဆင်းရဲ တို့နှင့်တွေ့ကြုံရ၍ ထိုဆင်းရဲတို့၏ အကြောင်းရင်း ဖြစ်သော ခန္ဓာဖြစ်ခြင်း ဒုက္ခကို မနှစ်သက် မလို လား၊ မအိုခြင်းချမ်းသာ,မနာခြင်းချမ်းသာ, မသေခြင်းချမ်းသာ တို့ကို နှစ်သက်လိုလား၊ထိုချမ်းသာတို့၏အကြောင်းရင်းဖြစ်သော ခန္ဓာအသစ် မဖြစ်ခြင်း သုခ တောင့်တသောအားဖြင့် ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား ကာယ, ဝစီ, မနော ချီလျက် သုံးလီသော ပဏာမတို့ဖြင့် တုပ်ကွရှိကျိုး မြတ်နိုးကော် ရော် ပူဇော်ကန်တော့ကြကုန်၏။ တတ်အားသမျှ ဒါနဝတ္ထုအစုစု တို့ဖြင့် လှူဒါန်းပူဇော် ကြကုန်၏၊ ကိုယ်, နှုတ်, ချုပ်တည်း သီလ တည်းဟူသော အကျင့်ကို ခံယူ ကျင့်သုံးကြကုန်၏။ အိုခြင်း သဘော, နာခြင်းသဘော, သေခြင်းသဘောတို့ကိုမြင်၍ ရုပ်,နာမ် သင်္ခါရတို့၏ မမြဲသောသဘော, ဆင်းရဲသောသဘော, အလိုသို့ မလိုက်သော သဘောတို့ကို နှလုံးသွင်းကြကုန်၏။ ထိုပဏာမ ကုသိုလ်စေတနာ, ဒါနကုသိုလ်စေတနာ, သီလကုသိုလ်စေတနာ, ဘာဝနာကုသိုလ်စေတနာ အဖြာဖြာတို့ကြောင့် ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, အန္တရာယ်ခပ်သိမ်း, ကြောင့်ကြခပ်သိမ်း ကင်းငြိမ်း လွင့်ပျောက် ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြ၍ အဝိဇ္ဇာနှင့်တဏှာဟု ဆိုအပ်သော ဝဋ်မြစ်မူလနှစ်ပါးကို အရ ဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ဖြတ်တောက်နိုင်ကြ၍ အိုခြင်း ဆင်းရဲ, နာခြင်းဆင်းရဲ, သေခြင်းဆင်းရဲတို့၏ အကြောင်းရင်းဖြစ်

သော ခန္ဓာအသစ် ဖြစ်ခြင်းဒုက္ခမှ လွန်မြောက်၍ မအိုခြင်းချမ်းသာ, မနာခြင်းချမ်းသာ, မသေခြင်းချမ်းသာတို့၏ အကြောင်းရင်းဖြစ်သော ခန္ဓာအသစ် မဖြစ်ခြင်းသုခသို့ ရောက်ကြသည် ဖြစ်စေ....။

---

## ပဏာမကျိုး ပွားတိုးချမ်းသာ မင်္ဂလာ ဆုပေး

ဒိဋ္ဌေ ဓမ္မေ သမ္ပရာယေ၊
ယာဝ နိဗ္ဗာနစေတနံ။
အန္တရာယေ ဝိဃာတေတွာ၊
ဝဍ္ဎေတိ သုခမင်္ဂလံ။
(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

စေတနံ၊ ဘုရား, တရား, သံဃာ အားဖြင့် သုံးပါးရတနာကိုး ကွယ်ရာဟု စိတ်မှာသိမှတ် ဆည်းကပ်မြတ်နိုး ရှိခိုးရသော ရတနတ္တယ ပဏာမကုသိုလ်စေတနာသည်။ ယာဝနိဗ္ဗာနံ၊ ဝဋ္ဋဒုက္ခသည်း ချုပ်ဆုံးအေးမြ နိဗ္ဗာန်ကျအောင်။ ဒိဋ္ဌေဓမ္မေ၊ မျက်မှောက်ထင်ထင် ရှုမြင်ကြရ ပစ္စုပ္ပန်ဘဝဥ္စရင်း။ သမ္ပရာယေ၊ လာ‌းရောက်အပ်လှ တမလွန်ဘဝဥ္စရင်း။ အန္တရာယေ၊ စုတိ, ပဋိသန္ဓေ နှစ်ထွေအလယ် လာဘွယ်ဟူလတ် ဥပဒ်ဘေးဒဏ် ရန်အသွယ်သွယ် အန္တရာယ်အပေါင်းတို့ကို။ ဝိဃာတေတွာ၊ ပယ်ဖျောက်ကြိတ်ညှပ် မလာမကပ်အောင် ရိတ်ဖြတ်ပြီး၍။ သုခမင်္ဂလံ၊ နှစ်မျိုးဘွယ်တောင်း အကောင်းဟူ၍ သမုတ်အပ်သော လောကီချမ်းသာ, လောကုတ္တရာချမ်းသာ နှစ်ဖြာသောမင်္ဂလာကို။ ဝဍ္ဎေတိ၊ စေတနာရှင်အား ချမ်းသာများအောင် တိုးပွားစေ၏။

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား ကိုယ်,နှုတ် စိတ်ဖြင့် ရှိခိုးရသော ရတနတ္တယ ပဏာမကုသိုလ် စေတနာသည် ယခုဘဝ, ယခုအချိန်မှ စ၍ အနုပါဒိသေသ နိဗ္ဗာန်ကျအောင် ပစ္စုပ္ပန် တမလွန် နှစ်ပါးစုံ၌ပင် စုတိ, ပဋိသန္ဓေ နှစ်ထွေ တို့၏ အလည်၌ဖြစ်ပေါ်ကျရောက်တတ်သော ဥပဒ်ဘေးဒဏ်ရန်အသွယ်သွယ် အန္တရာယ်အပေါင်းတို့ကို ပယ်ဖျောက်ရိတ်ဖြတ်၍ လောကီချမ်းသာ, လောကုတ္တရာ ချမ်းသာ နှစ်ဖြာသော မင်္ဂလာ တို့ကို တိုးပွားစေသည်ဟု ဆိုသည်။

ဤသို့ ဒေသနာအစဉ်တွင် မှတ်တမ်း တင် ခဲ့သည် နှင့် အညီ— ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား ကိုယ်, နှုတ်, စိတ်တို့ဖြင့်ရှိခိုးရသောရတနတ္တယပဏာမကုသိုလ်စေတနာကြောင့် ယခုဘဝ, ယခုအချိန်မှစ၍ အနုပါဒိသေသ နိဗ္ဗာန်ကျ အောင် ပစ္စုပ္ပန်,တမလွန်နှစ်ပါးစုံ၌ပင် အနိဋ္ဌဖလ ဒုက္ခဝေဒနာ ရန်ဘယာ အသွယ်သွယ် အန္တရာယ်ဟူသမျှကင်းစင်ပ၍ ဣဋ္ဌဖလသုခဝေဒနာ လောကီချမ်းသာ, လောကုတ္တရာချမ်းသာ နှစ်ဖြာသော မင်္ဂလာတို့ ပွားတိုးကြသည်ဖြစ်စေ....။

[နိဗ္ဗာနစေတန်-၌ ဆန္ဒာနုရက္ခဏ နိဂ္ဂဟိတလောပ၊ ဗျဉ္ဇနေဧ ဖြင့် ချေထားသည်။]

---

## ရှိခိုးထိုက်သူ ရှိခိုးသူ ကောင်းမှုအကျိုးမြတ် ဆုပေး

ဝန္ဒနေယျံ ဝန္ဒကာနံ၊
ခေတ္တဉ္စာသယသမ္ပဒါ။

ရောဂါဒိအန္တရာယာနံ၊
သာခေတိ အပ္ပဝတ္တိံ သာ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

သာ၊ ထိုရတနတ္တယပဏာမ ကုသိုလ်စေတနာသည်။ ဝန္ဒနေယျဝန္ဒကာနံ၊ ရှိခိုးအပ်သော ရတနာသုံးပါး, ရှိခိုးတတ်သော သင်-ဒကာ- ဒကာမတို့၏။ ခေတ္တဇ္ဈာသယ သမ္ပဒါ၊ ရတနာသုံးပါး၏ ဂုဏ်အပေါင်းဟုဆိုအပ်သော ခေတ္တ, သင်-ဒကာ, ဒကာမ တို့၏ သဒ္ဓါ,ဆန္ဒ,ဝီရိယ,ကမ္မဿကတာဉာဏ်ဟုဆိုအပ်သော အဇ္ဈာသယ၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံခြင်းကြောင့်။ ရောဂါဒိ အန္တရာယာနံ၊ ကိုးဆယ့်ခြောက်သွယ် ရောဂါစသောအန္တရာယ်တို့၏။ အပ္ပဝတ္တိံ၊ မဖြစ်ခြင်းကို။ သာခေတိ၊ ပြီးစေ၏။

ဤသို့ ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ- သုံးလီသော ရတနာကို ရိုသေစွာရှိခိုးရသော ပဏာမကြောင့် ဘဝဤတွင် မသေခင်၌ ကိုယ်တွင်ရောဂါ ဘယာဆမ္ဘိတ အနိဋ္ဌအပေါင်း ဒုက္ခအကြောင်းတို့ ဖယ်ရှောင်းပျောက်လွင့် အာယု, ဝဏ္ဏ, သုခ, ဗလ ဣဋ္ဌအပေါင်း သုခအကြောင်းတို့ အခွင့်ကောင်းရ အခါခါပင် တိုးပွားကြကုန်သည်သာ ဖြစ်၍ ဘဝ တမလွန် အမွန် သုဂတိ သမ္ပတ္တိဖြင့် ဖြည့်ကျင့် ပါရမီ စုံညီ အဇကျော် သူတော် တကာ သူမြတ်လျာတို့ စံရာနိဗ္ဗူ သိတဂူနန်း စံမြန်းနိုင်ကြသည်ဖြစ်စေ....။

[အပဝတ္တိ-၌ ဆန္ဒာနုရက္ခဏအကျိုးငှာ ဗျဉ္ဇနေစ သုတ်ဖြင့် နိဂ္ဂဟိတ်ချေထားသည်။]

# ရုပ်၊နာမ်၊ကာယ ပူဇော်ရကျိုး ဆုပေး

(ထိုသိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ကံ၊ကံ၏အကျိုးကို ယုံကြည်မြှော်ကိုး၍ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ရူပကာယတော်၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်စသော နာမကာယတော်၊ ဤရူပကာယ,နာမကာယနှစ်ပါးနှင့် ပြည့်စုံတော်မူသော လောကတခွင်တွင် တုဘက်မမြင်သည့် ဘုရားရှင်၊ ထိုဘုရားရှင်၏ အရဟံအစရှိသော ဂုဏ်တော်များ ဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာသာဝကအဖြစ်ကို ပြုတတ်သောတရားတော်၊ ထိုတရားတော်၏ သွာက္ခာတအစရှိသော ဂုဏ်တော်များ၊ ဟောတော်မူတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်တော် မူကြခြင်းကြောင့် အရိယာသာဝက အဖြစ်သို့ရောက်တော်မူသော သံဃာတော်၊ ထိုသံဃာတော်၏ သုပ္ပဋိပန္နအစရှိသော ဂုဏ်တော်များ၊ ဂန္ထဓုရ, ဝိပဿနာဓုရကို နေ့,ညမယုတ် အားထုတ်တော် မူနေကြတဲ့ သမုတိ သံဃာတော်၊ ထိုသံဃာတော်၏ သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်များ၊ ဤဘုရား,တရား,သံဃာ ရတနာသုံးပါးဂုဏ်တော်များကို အာမိသပူဇာ,ဓမ္မပူဇာတို့ဖြင့် ပူဇော်ရသော မဟာကုသိုလ်စေတနာ၊ နာနာက္ခဏိကကမ္မသတ္တိကြောင့် ယခုဘဝ, ယခုအချိန်မှစ၍ နိဗ္ဗာန် ရသည့်ဘဝပစ္ဆိမစိတ္တက္ခဏ ကျအောင် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း,ဘုန်းတန်ခိုးကြီးခြင်း, အစိုးရခြင်း, အမျိုးမြတ်ခြင်း အကျိုးတို့ကိုရ၍ အဆုံး

ဘဝ၌ အရဟတ္တမဂ်ကုသိုလ်စေတနာ၊ နာနာက္ခဏိက ကမ္မသတ္တိကို ရကာ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုနိုင်လွယ်ကြသည်ဖြစ်စေ....။

## သီလပြည့်စုံ ကောင်းမှုဂုဏ် ဆုပေး

ယာ မနုဿေသု သမ္ပတ္တိ၊
ယာစ ဒေဝေသု သမ္ပဒါ။
န သာ သမ္ပန္နသီလဿ၊
ဣစ္ဆတော ဟောတိ ဒုလ္လဘာ။
(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

မနုဿေသု၊လူတို့၌။ ယာသမ္ပတ္တိစ၊ အကြင် သူဌေး,သူကြွယ်, ပဒေသရာဇ်, ကောရာဇ်,စကြာ,မန္ဓာတ် သူမြတ်တို့၏ စည်းစိမ်သည် ၎င်း။ ဒေဝေသု၊ နတ်တို့၌။ ယာသမ္ပဒါစ၊ အကြင် သိကြားမင်း စသော နတ်တို့၏ စည်းစိမ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ သာသမ္ပဒါ၊ ထို လူ့ထံ နတ်ရပ် အမြတ်ဇာတ်၌ ဖြစ်သောစည်းစိမ်၏ ပြည့်စုံခြင်းကို။ သမ္ပန္နသီလဿ၊ ကိုယ်, နှုတ်လုံခြုံ ပြည့်စုံသော သီလရှိသူအား။ ဣစ္ဆတော-ဣစ္ဆန္တဿ၊ နှစ်သက်ခင်မင် လိုချင်တောင့်တသည်ရှိသော်။ ဒုလ္လဘာ၊ ပင်ပန်းဆင်းရဲ ရခဲသည်။ နဟောတိ၊ မဖြစ်။

လူ့ပြည်မှာ အလှန်ကောင်းတဲ့ ချမ်းသာများဖြစ်တဲ့ သူဌေး, သူကြွယ်, ပဒေသရာဇ်, ကောရာဇ်, စကြာ, မန္ဓာတ်စတဲ့ စည်းစိမ်ချမ်းသာတွေရှိတယ်၊အဲဒီ လူ့ပြည်,နတ်ရပ် အမြတ်ဇာတ်မှာ ရှိတဲ့ သူဌေးစည်းစိမ်, သူကြွယ်စည်းစိမ်, ပဒေသရာဇ်မင်း စည်းစိမ်, ကောရာဇ်မင်းစည်းစိမ်, စကြာမင်းစည်းစိမ်, မန္ဓာတ်မင်းစည်းစိမ်,

သိကြားမင်းစည်းစိမ်, နတ်မင်းစည်းစိမ် တွေကို သီလ ရှိသော သူသည် လိုချင်တောင့်တသည် ရှိသော် လွယ်ကူစွာ ရနိုင်သည်ဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာတော်မြတ်မိန့်မှတ်သည်နှင့်အညီ-သုံးလီသော ရတနာတို့ကိုရိုသေစွာဦးချ၍ သီလကိုခံယူကြသော သင်ဒါယကာ ဒါယိကာမတို့အား ပဏာမစေတနာကြောင့် အန္တရာယ် ခပ်သိမ်း ကင်းငြိမ်းလွင့်ပျောက် ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ရောက် ကြ၍ သီလနှင့်ပြည့်စုံသော သင်တို့အား လိုလား တောင့်တအပ် သော သူဌေးစည်းစိမ်,သူကြွယ်စည်းစိမ်, ပဒေသရာဇ်မင်းစည်းစိမ်, ဧကရာဇ်မင်းစည်းစိမ်, စကြာမင်းစည်းစိမ်, မန္ဓာတ်မင်းစည်းစိမ်, သကြားမင်းစည်းစိမ်, နတ်မင်းစည်းစိမ်တို့ကို လွယ်လင့်တကူ ရယူ ခံစား အကြိမ်ကြိမ်စံစားပြီးမှ နိဗ္ဗာနဓာတ် သုခမြတ်ကို ဆတ်ဆတ် ခုချ ရကြသည်ဖြစ်စေ....။

---

## ရတနာသုံးသွယ် အန္တရာယ်ကင်း ဆုပေး

စိတ္တီကတံ မဟဂ္ဃဉ္စ၊
အတုလံ ဒုလ္လဘဒဿနံ။
အနောမသတ္တပရိဘောဂံ၊
ရတနံ တေန ဝုစ္စတိ။
(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ယံ သရဏတ္တယံ၊ အကြင် ဘုရား, တရား, သံဃာ အားဖြင့် အထွဋ်မြတ်ထား ကိုးကွယ်ရာ သုံးပါးအပေါင်းသည်။ စိတ္တီက ဘဉ္စ၊ သဒ္ဓါကဲပို ကြည်ညိုလေးမြတ် အထူးအားဖြင့်လည်း ပူဇော်

အပ်၏။ မဟာဂ္ဂုဠ၊ ဘယ်ရှိဘယ်မျှ တန်ဘိုးရဟု နိူင်းဆမကိုက် အဘိုးလည်းထိုက်၏။ အတုလဠ၊ ပြဟ္မာ့လူ့နတ် ဘုံသုံးထပ်တွင် နှိုင်းကပ်မှဲ့လျှင်း အတုလည်းကင်း၏။ ဒုလ္လဘဒဿနဠ၊ တရံတခါ ကပ်ကမ္ဘာ၌ ဖြစ်ကာပေါ် ထွန်းရခဲလှန်းသော ဖူးမြင်ရခြင်းလည်း ရှိ၏။ အနောမသတ္တပရိဘောဂဠ၊ ပြဟ္မာ့လူ့နတ် အမြတ်ဇာတ်တွင် မွန်မြတ်သော သမ္မာဒိဋ္ဌိဂုဏ်ထူးရှိသော သူတို့၏ ဆည်းကပ် ပူဇော် အကျင့်တော်ပြောင် အသုံးအဆောင်လည်းဖြစ်၏။ တေန၊ ထိုသို့ စိတ္တီကတ စသည်ငါးခု သကတ်စုကြောင့်။ တံသရဏတ္တယံ၊ ထိုဘုရား့တရား့ သံဃာ အားဖြင့် အထွဋ်မြတ်ထား ကိုးကွယ်ရာ သုံးပါး အပေါင်းကို။ ရတနံ၊ ရတနာမည်၏ဟူ၍။ ဝုစ္စတိ၊ ဂုဏ် သကတ် လိုက် သမိုက်ပညတ် ခေါ် ဆိုအပ်ပေ၏။

ဤသို့ ဒေသနာမှာ သေအချာ လာရကား-ဖွေရှာ အနန္တ စကြာဝဠာတခွင်မှာ သူထက်သာလွန် ရတနာမွန်မရှိ အတိဥက္ကဋ္ဌ သုံးရတနာကို ကိုယ့်နှုတ့်စိတ်ဤသုံးဖြာဖြင့်ပူဇော်ကာသုံးဆောင် ကြသော သင်ဒကာ့ ဒကာမတို့အား ဘယာမကျ အနိဋ္ဌရန်စွယ် အန္တရာယ်ကင်းပ ဣဋ္ဌချမ်းသာ လိုအပ်ရာဟူသမျှကို တကယ်ပင် ရကြ၍ နန်းအမတ ပြည်နိဗ္ဗာန်ကို အောင်ဣစ္ဆံ့ ဤရတနာဖြင့် ကြည်သာစွာ အရလှမ်းနိုင်ကြသည်ဖြစ်စေ....။

## သီလလှေကား နတ်ပြည်သွား ဆုပေး

သဂ္ဂါရောဟဏသောပါနံ၊
အညံ သီလသမံ ကုတော။

ဒွါရံ ဝါ ပန နိဗ္ဗာန၊
နဂရဿ ပဝေသနေ။
(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

သီလသမံ၊ ကိုယ်,နှုတ်ချုပ်တည်း သီလတည်း ဟူသော စောင်းတန်း လှေကားကြီးနှင့် တူသော။ အညံ၊ တမျိုး,တခြား, တပါးသော။ သဂ္ဂါရောဟဏသောပါနံ၊ နတ်ပြည်တက်ကြောင်း အလွန်ကောင်းသည့် စောင်းတန်းလှေကားသည်။ ကုတော၊ အတ္ထိ၊ တစိုးတစိ အဘယ်မှာရှိချေအံ့နည်း။ နိဗ္ဗာန နဂရဿ၊ သုခလျှံ့ပျို နိဗ္ဗာန်မြို့တော်ကြီးသို့။ ပဝေသနေ၊ မငြိုမငြင် ရောက်ဝင်ခြင်း၌။ သီလသမံ၊ ကိုယ်,နှုတ်ချုပ်တည်း သီလတည်းဟူသော တံခါးမကြီး နှင့်တူသော။ အညံ၊ တမျိုး, တခြား, တပါးသော။ ဒွါရံဝါပန၊ ဝင်ရာဝင်ကြောင်း တံခါးကောင်းသည်သည်း။ ကုတော၊ အတ္ထိ၊ တစိုးတစိ အဘယ်မှာရှိချေအံ့နည်း။

လောကမှာ အနိမ့်မှအမြင့်သို့ တက်တဲ့ အဋ္ဌ, ကျောက်, သံ, သစ်သား စောင်းတန်းလှေကားတွေ ရှိကြတယ်။အဲဒီစောင်းတန်း လှေကားတွေဖြင့် အိမ်, ကျောင်း, ဇရပ်, သစ်ပင်, တောင် စသည် သို့သာ တက် ရောက် နိုင်တယ်၊ နတ်ပြည်သို့ကား မတက်ရောက် နိုင်ဘူး၊ ကိုယ်,နှုတ်ချုပ်တည်း သီလတည်းဟူသော စောင်းတန်း လှေကားကြီးဖြင့်ကား နတ်ပြည်သို့ တက်ရောက်နိုင်တယ်၊လောက မှာ မြို့,ရွာစသည်တို့မှာ တံခါးမကြီးတွေရှိကြတယ်။အဲဒီတံခါးမ ကြီးတွေဖြင့် ထိုထိုမြို့,ရွာစသည်သို့သာ ဝင်ရောက်နိုင်တယ်၊ နိဗ္ဗာန် မြို့သို့ မဝင်ရောက်နိုင်ဘူး၊ ကိုယ်နှုတ်စောင့်စည်း သီလတည်းဟူ

သော တံခါးမကြီးဖြင့်ကား နိဗ္ဗာန်မြို့သို့ ဝင်ရောက်နိုင်တယ်ဟု ဒေသနာတော်မှာ အဓိပ္ပာယ် လာချေသည်။

ဤသို့ဒေသနာပါဠိ လာရှိသည်နှင့်အညီ- ရှေးခါပုည ကိုယ်စီရှိခဲ့ကြသော ကလျာဏနွယ်ဝင်သူတော်စင်သင်တို့သည် သီလတည်းဟူသော စောင်းတန်းလှေကားကြီးဖြင့် နတ်ပြည်သို့ တက်လိုကြ၍ငင်း၊ သီလတည်းဟူသော တံခါးမကြီးဖြင့် နိဗ္ဗာန်မြို့သို့ ဝင်လိုကြ၍ငင်း၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး တို့အား ဦးချဝပ်လျိုး မြတ်နိုး ကော်ရော် ပူဇော်ကန်တော့ကြ ကုန်၏၊ ဤသို့ ရတနာသုံးပါးအား ပူဇော်ရသော ကုသိုလ်စေတနာကြောင့် အန္တရာယ်ပျောက်ကင်း ဘေးရန်ရှင်း၍ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြလျက် ဆောက်တည်လတ္တံ့သော သီလတည်းဟူသော စောင်းတန်းလှေကားကြီးဖြင့် ချမ်းသာလွယ်ကူစွာ နတ်ပြည်သို့ တက်ရောက် နိုင်ကြ၍ သီလတည်းဟူသော တံခါးမကြီးဖြင့် မငြိုမငြင် ဆောလျင်လျင်ပင် နိဗ္ဗာန်မြို့တော်သို့ ဝင်နိုင်ကြသည်ဖြစ်စေ....။

---

## အညစ်အကြေးသုတ်သင် သန့်စင်သီလ ဆုပေး

န သက္ကာ ဝိသောဓေတုံ၊
နဒီ ပဥ္စပိ တံမလံ။
ဝိသောဓယတိ သတ္တာနံ၊
ယံ ဝေ သီလဇလံ မလံ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

သတ္တာနံ၊ များစွာသောင်းပြောင်း သတ္တဝါအပေါင်းတို့၏။ ယံမလံ၊ အကြင်ကိလေသာဟူ မြူအညစ်အကြေးသည်။ အတ္ထိ၊ ရှိ၏။ တံမလံ၊ ထိုကိလေသာဟူ မြူအညစ်အကြေးကို။ ပဉ္စနဒိပိ၊ ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီ, သရဘူ ငါးဆူသော မြစ်ကြီးတို့သည် လည်း။ ဝိသောဓေတုံ၊ အညစ်အကြေး ကင်းအောင် သုတ်သင် ခြင်းငှာ။ နသက္ကောန္တိ၊ မသိမဆိုင် မစွမ်းနိုင်ကုန်။ သီလဇလံ၊ သီလ တည်းဟူသော ရေသည်ကား။ စေ၊ မချွတ်ကေန် အမှန်စင်စစ်။ ဝိသောဓယေတိ၊ ညစ်ကြေးပယ်နှင် သန့်ရှင်းစင်အောင် သုတ်သင် နိုင်၏။

လောကမှာ ဂင်္ဂါ,ယမုနာ,အစိရဝတီ,မဟီ,သရဘူလို မြစ်ကြီး ငါးစင်းရှိတယ်၊ အဲဒီမြစ်ကြီးငါးစင်းရေဖြင့် ပြကတေ့သောအညစ် အကြေး ကိုသာ ဆေးကြော သုတ်သင် ခြင်း ငှာ စွမ်းနိုင်တယ်၊ သတ္တဝါတို့၏ သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ကိလေသာ အညစ် အကြေးကိုတော့ ဆေးကြောသုတ်သင်ခြင်းငှာ မစွမ်းနိုင်ဘူး၊ သီလ တည်းဟူသော ရေသည်ကား သတ္တဝါတို့၏ သန္တာန်မှာ ဖြစ်ပေါ် နေတဲ့ ကိလေသာအညစ်အကြေးကို ဆေးကြောသုတ်သင်ခြင်းငှာ စွမ်းနိုင်တယ်ဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ ဒေသနာမှာ မိန့်မှာသည်နှင့်အညီ-ယခုအခါ ကမ္မဋ္ဌာ ကတာ သမ္မာဒိဋ္ဌိ အရင်းခံရှိကုန်သော ဒါယကာ - ဒါယိကာမ အပေါင်း သူတော်ကောင်းတို့သည် သီလတည်းဟူသော ရေဖြင့် ကိလေသာအညစ်အကြေးကို ဆေးကြောသုတ်သင်လိုကြကုန်သည် ဖြစ်၍ ဘုရား, တရား,သံဃာ ရတနာမြတ်သုံးပါးတို့အား ကာယ ဝစီ,မနောခါျလျက်သုံးလီဒွါရသုံးပါးသောပဏာမတို့ဖြင့်ရှိသေစွာ

ရှိခိုးကြကုန်၏၊ ဤသို့ ရှိခိုးရသောပဏာမကုသိုလ်စေတနာကြောင့် ဒိဋ္ဌဓမ္မ အနိဋ္ဌဖလ ဒုက္ခဝေဒနာ ရန်ဘယာအသွယ်သွယ် အန္တရာယ် ဟူက မြူမခဘဲ ဣဋ္ဌဖလ သုခဝေနာ အဖြာဖြာ အသွယ်သွယ် ချမ်းသာဘွယ် ဟူသမျှ ပြည့်စုံကြ၍ ဆောက်တည် လတ္တံ့သော သီလတည်းဟူသော ရေဖြင့် ကိလေသာအညစ်အကြေးကို ဆေးကြောသုတ်သင်နိုင်ကြသည် ဖြစ်စေ....။

## အပူငြိမ်းစေ သီလရေ ဆုပေး

န တံ သဇလဇာ ဝါတာ၊
သမေန္တိ စန္ဒနာဒယော။
ယံ သမေတိ ပရိဠာဟံ၊
သီလံ အစ္စန္တ သီတလံ။
(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

(သတ္တာနံ၊ သတ္တဝါတို့၏။) ယံ ပရိဠာဟံ၊ အကြင်ကိလေသာ တည်းဟူသော အပူအအိုက်သည်။ အတ္ထိ၊ ရှိ၏။ တံပရိဠာဟံ၊ ထိုကိလေသာတည်းဟူသော အပူအအိုက်ကို။ သဇလဇာ၊ ဖြိုင်ဖြိုင် သွန်းရောက် မိုးဆီးရေမှိုင်းပေါက်နှင့်တကွဖြစ်ကုန်သော။ ဝါတာ၊ လေပြေလေညှင်းလေပြင်းတို့သည်၎င်း။ စန္ဒနာဒယော၊ အအေးလွန်ကြူး စန္ဒကူးစသည်တို့သည်၎င်း။ န သမေန္တိ၊ ကိုယ်မှာကျရောက် လွန်မြားမြောက်လည်း မငြိမ်းပျောက်စေနိုင်ကုန်။ အစ္စန္တသီတလံ၊ ပြိုင်ဘက်ကင်းဝေး အလွန်အေးသော။ သီလံ၊ သီလတည်းဟူသော ရေသည်ကား။ သမေတိ၊ ကိုယ်မှာချိုးသောက် အအေးရောက်၍ ငြိမ်းပျောက်စေ၏။

လောကမှာ အအေးလွန်တဲ့ မိုးသီးရေ,မိုးသီးပေါက်နှင့် တကွ ဖြစ်တဲ့ လေပြေ,လေညှင်း လေပြင်းတွေ စန္ဒကူးနံ့သာတွေ ရှိတယ်၊ ဒီလေပြေ,လေညှင်း စန္ဒကူးနံ့သာ စသည်တွေဟာ ရာသီဥတု တေဇော ဓာတ်စုကြောင့်ဖြစ်တဲ့ သတ္တဝါတို့၏ ပြကတေ့သော အပူအအိုက်ကိုသာ ငြိမ်းပျောက် စေနိုင်တယ်၊ ကိလေသာတည်း ဟူသော အပူအအိုက်ကိုကား မငြိမ်းပျောက်စေနိုင်ဘူး၊ သူတော်ကောင်းတွေ ချိုးသောက်တဲ့ သီလတည်းဟူသော ရေသည်ကား- ကိလေသာတည်းဟူသော အပူအအိုက်ကို ငြိမ်းပျောက်စေသည် ဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့မိန့်မှာ ဒေသနာနှင့်အညီ- ယခုအခါ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိမိတို့ခန္ဓာအစဉ်၌အဖန်ဖန်ကိန်းလျက်ရှိသော အနုသယဓာတ် ကိလေသာ အပူအအိုက်ကို သီလရေဖြင့် ငြိမ်း ပျောက်စေလိုကြ ကုန်သည်ဖြစ်၍ ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးပါးတို့အား မြတ်နိုး ကော်ရော် ပူဇော် ကန် တော့ ကြ ကုန်၏။ ဤသို့ ပူဇော် ကန်တော့ကြရသော ကုသိုလ် စေတနာ ကြောင့် ဘေးမချဉ်း ရန်မလာ နှစ်ဖြာသုခ ဒိဋ္ဌဓမ္မပင် ရကြ၍ သောက်ချိုးလတ္တံ့သော သီလတည်းဟူသောရေဖြင့် ကိလေသာ အပူအအိုက်ကို ပယ်ဖျောက်နိုင်ကြသည်ဖြစ်စေ....။

---

## သီလရနံ့ လှိုင်လှိုင်မျှ ဆုပေး

သီလဂန္ဓသမော ဂန္ဓော၊
ကုတော နာမ ဘဝိဿတိ။

ယော သမံ အနုဝါတေစ၊
ပဋိဝါတေစ ဝါယတိ။

(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ယောဂန္ဓော၊ အကြင် မွှေးကြိုင်သင်းပျံ့ သီလတည်း ဟူသော ပန်းနံ့သည်။ အတ္ထိ၊ ရှိ၏။ သောဂန္ဓော၊ ထိုမွှေးကြိုင် သင်းပျံ့ သီလတည်းဟူသော ပန်းနံ့သည်။ အနုဝါတေစ၊ လေစုန်လေကြော ၌ငှင်း။ ပဋိဝါတေစ၊ လေတင်လေဆန်၌ငှင်း။ သမံ၊ အညီအမျှ။ ဝါယတိ၊ မွှေးပျံ့သင်းနိုင် တကြိုင်ကြိုင်လှိုင်၏။ သီလဂန္ဓသမော၊ သီလဂုဏ်ကြောင့် ဆန်စုန်သင်းပျံ့ ပန်းအနံ့နှင့်တူသော။ ဂန္ဓော၊ ဆန်စုန်သင်းလှိုင် မွှေးကြိုင်နိုင်သောအနံ့သည်။ ကုတောဘဝိဿတိ နာမ၊ ဘယ်ရပ်ဌာန ဘယ်ဒေသ၌ ရှာမရလေ ရှိပါချေအံ့နည်း။

လောကမှာ မွှေးကြိုင်သင်းပျံ့တဲ့ အနံ့အမျိုးမျိုးတွေ ရှိတယ်၊ အဲဒီ အနံ့ အမျိုး မျိုး တွေ ဟာ လေ အောက် မှာ ရှိသော သူတို့ကိုသာ မွှေးကြိုင်စေနိုင်တယ်၊ သီလရှိသောသူတို့၏အနံ့သည်ကား လေအောက်, လေညာ နှစ်ဖြာလုံးမှာ ရှိတဲ့သူတို့ကို မွှေးကြိုင်စေနိုင်တယ်၊ သီလတည်းဟူသော ပန်းအနံ့နှင့် တူတဲ့ တစုံတခုသော အနံ့မည်သည် မရှိဟု ဒေသနာတော်မှာ အဓိပ္ပာယ်လာချေသည်။

ဤသို့ မိန့်မှာ ဒေသနာနှင့်အညီ— ယခုအခါ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ကုန်သော သူတော်ကောင်း အပေါင်းတို့သည် သီလတည်းဟူသောပန်းကို ပန်ဆင် လိုကြကုန်သည်ဖြစ်၍ ရတနာ သုံးရပ် အမြတ်ဇာတ်ကို ဆည်းကပ်မြတ်နိုး ရှိခိုးပူဇော်ကြကုန်၏။ ဤသို့ ပူဇော်ရသော ကုသိုလ်စေတနာကြောင့် အန္တရာယ်မငြိ

ဘေးမရှိဘဲ နှံ့သိထင်ပေါ် ပန်ဆင်လတ္တံ့သော သီလတည်းဟူသော ပန်းနံ့တော်ဖြင့် သုံးဖော်ဘုံတွင်း အကုန်သင်းလျက် မြိုက်ခင်းနိဗ္ဗူ ပန်းကြူကြူကို ရယူပန်ဆင်နိုင်ကြသည် ဖြစ်စေ....။

---

## ယုတ်-လတ်-မြတ်ကျိုး သုံးမျိုးသီလ ဆုပေး

ဟီနေန ဗြဟ္မစရိယေန၊
ခတ္တိယေ ဥပပဇ္ဇတိ။
မဇ္ဈိမေနစ ဒေဝတ္တံ၊
ဥတ္တမေန ဝိသုဇ္ဈတိ။
(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဟီနေန၊ ယုတ်ညံ့သော။ ဗြဟ္မစရိယေန၊ အဋ္ဌင်္ဂိက ဥပုသ်သီလဖြင့်။ ခတ္တိယေ၊ မင်းမျိုး၌။ ဥပပဇ္ဇတိ၊ ကပ်ရောက်တည်နေ ဖြစ်ရပေ၏။ မဇ္ဈိမေန၊ အလတ်ဖြစ်သော။ ဗြဟ္မစရိယေန၊ အဋ္ဌင်္ဂိဥပုသ်သီလဖြင့်။ ဒေဝတ္တံ၊ နတ်အဖြစ်သို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်ရ၏။ ဥတ္တမေန၊ မြင့်မြတ်သော။ ဗြဟ္မစရိယေန၊ အဋ္ဌင်္ဂိက ဥပုသ်သီလဖြင့်။ ဝိသုဇ္ဇတိ၊ ကိလေသာမှစင်ကြယ်ရ၏။

ယုတ်ညံ့တဲ့ အလို့, သို့လ, စိတ်, ဉာဏ်တို့ဖြင့် စောင့်သုံးအပ်တဲ့ ရှစ်ပါးသီလဖြင့် မင်းမျိုးမှာဖြစ်ရတယ်၊ အလတ်ဖြစ်တဲ့အလို့, လုံ့လ, စိတ်, ဉာဏ်တို့ဖြင့် စောင့်သုံးအပ်တဲ့ ရှစ်ပါးသီလဖြင့် နတ်ပြည်မှာဖြစ်ရတယ်၊ မြင့်မြတ်တဲ့ အလို့, လုံ့လ, စိတ်, ဉာဏ်တို့ဖြင့် စောင့်သုံးအပ်တဲ့ ရှစ်ပါးသီလဖြင့် ကိလေသာမှ စင်ကြယ်ရတယ်ဟု ဒေသနာတော်မှာ အစီပွာယ်လာချေသည်။

ဤသို့ ဒေသနာပါဠိလာရှိသည်နှင့်အညီ-သုံးလီသော ရတနာကို ရိုသေစွာဦးချ၍ ရှစ်ပါးသီလကို ခံယူစောင့်သုံး လိုကြသော သင်-ဒကာ,ဒကာမတို့အား လက်ငင်းမုချပစ္စက္ခ၌ပင် ဥပဒ်ဘေးဒဏ် ရန်အသွယ်သွယ် အန္တရာယ်အပေါင်း မကောင်းဟူသမျှ ကင်းစင်ပ၍ သုခအဖြာဖြာ မင်္ဂလာကြက်သရေ တက်နေပမာ ရက်ရှည်စွာ တိုးပွားလျက် ခံယူ စောင့်သုံး လတ္တံ့သော ရှစ် ပါး သီလ ဖြင့် လူ့ချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာဟု ဆိုအပ်သော ချမ်းသာသုံးပါးကို ခံစား,စံစားနိုင်ကြသည် ဖြစ်စေ....။

## ရတနာမြတ်လေး အန္တရာယ်ကင်း ဆုပေး

နိပစ္စကာရဿေတဿ၊
ကတဿ ရတနတ္တယေ။
အာနုဘာဝေန သောသေတ္ထာ၊
အန္တရာယေ အသေသတော။
(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ရတနတ္တယေ၊ ဘုရား, တရား, သံဃာ အားဖြင့် သုံးပါးသော ရတနာတို့၏အပေါင်း၌။ ကတဿ၊ပြုအပ်သော။ ဧတဿနိပစ္စကာရဿ၊ ဤ ရိုသေတုပ်ဝပ် ဆည်းကပ်မြတ်နိုး ရှိခိုးခြင်းပြု မြတ်ကောင်းမှု၏။ အာနုဘာဝေန၊ သတ္တိတေဇော် အာနုဘော်ဖြင့်။ အန္တရာယေ၊ ဥပဒ်ဘေးဒဏ် ရန်အသွယ်သွယ် ရောဂါ စသော အန္တရာယ်တို့ကို။ အသေသတော၊ ကြွင်းကျန်တစ် မရှိသောအားဖြင့်။ သောသေတ္ထာ၊ ကိုယ်သို့မရောက် ကင်းစင်ပျောက်အောင် ခြောက်ကပ်စေ၍—

ဤသို့ ကျမ်းဂန်ပါဠိလာရှိသည်နှင့်အညီ-သုံးလီသော ရတနာကို ရှိသေစွာရှိခိုးရသော ကာယပဏာမ, ဝစီပဏာမ, မနောပဏာမ ပူညအမှုး သတ္တိထူးဖြင့် ညစ်ညူးဆိုးသွမ်း နှိပ်စက်ရမ်းသည့် ဥပ ပီဠကကံကြမ်းနှင့် တခန်းသက်ခြွေ သက်ပြတ်ကြွေသည့် ဆိုးပေ ညစ်ညမ်း ဥပဃာတက ကံသရမ်းကို စွမ်းစွမ်းပယ်ဖျက် မကျန် ပျက်၍ ဆိုးကွက်မလာ ခန္ဓာသုခ ခုဘဝပင် ရ၍ ဒါန,သီလာ, ဘာဝနာကို မကွာနေ့ည ဖြည့်ကျင့်ရလျက် ဘဝဆက်တိုင်း ထက်ပိုင်းသံသရာ ကျင်လည်ကာဖြင့် ခေမာနိဗ္ဗူ ကျွန်းအငူသို့ ကူးယူပေါက်မြောက် တက်ရောက်နိုင်ကြသည် ဖြစ်စေ....။

---

## ဘုရားဟုကြား၍ နှစ်သက်က မင်းစည်းစိမ်ထက်မြတ် ဆုပေး

* ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊
ကာယေ ဘဝတိ ယာ ပီတိ။
ဝရမေဝ ဟိ သာ ပီတိ၊
ကသိဏေနာပိ ဇမ္ဗုဒီပဿ။

* ဓမ္မောတိ ကိတ္တယန္တဿ၊
ကာယေ ဘဝတိ ယာ ပီတိ။
ဝရမေဝ ဟိ သာ ပီတိ။
ကသိဏေနာပိ ဇမ္ဗုဒီပဿ။

* သံဃောတိ ကိတ္တယန္တဿ၊
ကာယေ ဘဝတိ ယာ ပီတိ။

ဝရမေဝ ဟိ သာ ပီတိ၊
ကာသိကေနာပိ ဇမ္ဗုဒီပဿ။
(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

* ဗုဒ္ဓေါတိ၊ ဘုရားဟူ၍။ ကိတ္တယန္တဿ၊ ဂုဏ်ကိုအောက်မေ့သည်၏ အစွမ်းဖြင့် ပြောကြားသောသူတော်ကောင်း၏။ကာယေ၊ ကိုယ်၌။ယာပီတိ၊ အကြင် နှစ်သက်ဝမ်းမြောက်ခြင်း ပီတိသည်။ ဘဝတိ၊ဖြစ်၏။ သာပီတိ၊ထိုနှစ်သက်ဝမ်းမြောက်ခြင်းပီတိသည်။ ဇမ္ဗုဒီပဿ၊ ဇမ္ဗူဒိပ်ကျွန်း၏။ ဝါ၊ ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော မင်း၏။ ကာသိကေနာပိ၊ အလုံးစုံသော စည်းစိမ်ထက်လည်း။ ဝရမေဝ၊ မြတ်လှတော့သည်သာ။

* ဓမ္မောတိ၊ တရားဟူ၍။(လ) ဝရမေဝ၊သာ။
* သံဃောတိ၊ သံဃာဟူ၍။(လ) ဝရမေဝ၊သာ။

ဒေသနာတော်လာ အဓိပ္ပာယ်သော်ကား-ဘုရား,ဘုရား ဟူ၍ရင်း၊ တရား,တရား ဟူ၍ရင်း၊ သံဃာ,သံဃာ ဟူ၍ရင်း ဂုဏ်ကို အောက်မေ့သည်၏အစွမ်းဖြင့် ပြောကြားသော သူတော်ကောင်း၏ကိုယ်၌ နှစ်သက်ဝမ်းမြောက်ခြင်းပီတိသည် ဖြစ်ပေါ်လာတယ်၊ ထိုပီတိသည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော မင်း စည်းစိမ်ထက်ပင် မြတ်သေးသည်ဟု ဆိုလိုသည်။

ဤသို့ ဒေသနာ၌ လာရှိသည်နှင့်အညီ-ယခုအခါ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် ဘုရား,ဘုရား ဟူ၍ ဂုဏ်ကို အောက်မေ့လျက် ပြောကြားကြကုန်၏၊ တရား,တရားဟူ၍ဂုဏ်ကို အောက်မေ့လျက် ပြောကြားကြ ကုန်၏၊ သံဃာ, သံဃာ ဟူ၍

ဂုဏ်ကိုအောက်မေ့လျက် ပြောကြားကြကုန်၏၊ ဤသို့ပြောကြားသော ဗုဒ္ဓဘာသာဝင်သူတော်စင် သင်တို့၏ကိုယ်၌ ဇမ္ဗူဒိပ်ကျွန်းမင်းစည်းစိမ်ထက် မြတ်သော နှစ်သက် ဝမ်းမြောက်ခြင်း ပီတိသမ္ပယုတ် ကုသိုလ်ဇော စိတ္တုပ္ပါဒ်သည် ဖြစ်၏၊ ထိုကုသိုလ်ဇောစိတ္တုပ္ပါဒ်၏အစွမ်းသတ္တိကြောင့် ဒိဋ္ဌဓမ္မ အနိဋ္ဌဖလ ဒုက္ခဝေဒနာ ရန်ဘယာအသွယ်သွယ် အန္တရာယ်ဟူသမျှတို့သည် ကိုယ်သို့မရောက်ကင်းစင်ပျောက်လျက် ကောင်းကျိုးချမ်းသာ မင်္ဂလာကြက်သရေအထွေထွေတို့ တက်နေအလား တိုးပွားကြ၍ အန္တိမဘဝ၌ သန္တိသုခဖြင့် ချမ်းသာကြသည် ဖြစ်စေ....။

## ကြည်ညိုသူနောက် ချမ်းသာရောက် ဆုပေး

မဓနာပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊
ဘာသတိဝါ ကရောတိဝါ။
တတော နံ သုခ မန္ဝေတိ၊
ဆာယာဝ အနုပါယိနီ။
(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဓမ္မာ'နာမက္ခန္ဓာ တရားသုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာပင်လျှင် ရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ၊ ဝိညာဏက္ခန္ဓာလျှင် အကြီးအမြတ်ရှိကုန်၏။ မနောမယာ၊ ဝိညာဏက္ခန္ဓာဖြင့်ပြီးကုန်၏။ ပသန္နေန၊ အနဘိဇ္ဈာ,အဗျာပါဒ အစရှိပြေား ကျေးဇူးတရားဖြင့် စိတ်ထားဖြူစင် ကြည်လင်လှသော။ မနသာ၊ ရှောင်ဝါ

ဖိတ်ဖိတ် တောက်ပြောင်သော စိတ်ဖြင့်။ (စတုဗ္ဗိမံ၊ လေးပါး အပြားရှိသော။ ဝစီသုစရိတံ၊ ဝစီသုစရိုက်ကို။) စေဘာသတိ ဝါ၊ အကယ်၍ မူလည်းဆိုအံ့။ (တိဝိမံ၊ သုံးပါးအပြားရှိသော၊ ကာယ သုစရိတံ၊ ကာယသုစရိုက်ကို။)စေကရောတိဝါ၊ အကယ်၍မူလည်း ပြုအံ့။ (တိဝိမံ၊ သုံးပါးအပြားရှိသော။ မနောသုစရိတံ၊ မနောသု စရိုက်ကို။ စေပူရေတိဝါ၊အကယ်၍မူလည်းပြည့်စေအံ့။) တတော၊ ထိုသုံးပါးအပြားရှိသောသုစရိုက်ကြောင့်။နံပုဂ္ဂလံ၊ ထိုသုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သို့။ သုခံ၊ ကာယိက, စေတသိက, ဝိပါက သုခသည်။ အန္ဒေတိ၊ အစဉ်တစိုက် အမြဲလိုက်၏။

(ကိမိဝ၊ လောကူပမာ ပုံတူရာဝယ် အဘယ်ကဲ့သို့နည်း ဟူမူ ကား။) ဆာယာ၊ အရိပ်သည်။ (ယာယန္တံ၊ သွားသောသူသို့။) အနုပါယိနီဣဝ၊ အစဉ်တစိုက် အမြဲလိုက်သကဲ့သို့တည်း။

လူတကိုယ်လုံးမှာ စိတ်သာ ပဓာန ဖြစ်တယ်၊ ကြည်လင်တဲ့ စိတ်မျိုးဖြင့် သူ့အသက်သတ်မှုမှ ရှောင်ကြဉ်တယ်၊ သူ့ဥစ္စာခိုးမှုမှ ရှောင်ကြဉ်တယ်၊ သူ့အိမ်ရာ မှားမှုမှ ရှောင်ကြဉ်တယ်၊ မုသား ပြောမှုမှ ရှောင်ကြဉ်တယ်၊ ကုန်းချောမှုမှ ရှောင်ကြဉ်တယ်၊ ကြမ်းကြုတ်စွာပြောမှုမှ ရှောင်ကြဉ်တယ်၊ သိမ်ဖျင်းစွာ ပြောမှုမှ ရှောင်ကြဉ်တယ်၊ သူ့စည်းစိမ်ကို မတရားကြံစည်မှုမှ ရှောင်ကြဉ် တယ်၊ သူပျက်စီးမှုကို ကြံစည်မှုမှ ရှောင်ကြဉ်တယ်၊ အယူဖြောင့် မှန်တယ်၊ ဒီ-ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တွေကို ပြုကျင့်တယ်၊ ဒီလို သုစရိုက်တရားတွေကို ပြုကျင့် ခြင်းကြောင့် ထိုပုဂ္ဂိုလ် သွားလေရာရာသို့ ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ချမ်း

သာခြင်း သုခတရားတို့သည် အရိပ်ပမာ တကောက်ကောက်ပါပြီး အကျိုးရအောင် ပြုကြသည် ဟု ဒေသနာတော်မှာ အဓိပ္ပာယ် လာချေသည်။

ဤသို့ ဒေသနာပါဠိ လာရှိသည်နှင့်အညီ- ယခုအခါ လှူရှာ ဌာန မနုဿတ္တ ဒုလ္လဘကို ပုဗ္ဗေစ ကတပုညတာ သမ္ပတ္တိ မင်္ဂလာကြောင့် သာသနာတော် ခေတ်မြတ် ဒုလ္လဘရပ်တွင် ရလတ်ကုန်သည်ဖြစ်၍ နောက်ထပ်တခါ သဒ္ဓါသမ္ပတ္တိဘာဝ ဒုလ္လဘ ဖြင့် ပြည့်ဝပြန်လေရကားဘုရား,တရား,သံဃာအားဖြင့်သုံးပါးရတနာ ဆရာ,မိဘ,ဂုဏဝုဍ္ဍ ဝယောဝုဍ္ဍ ဟူ သမျှကို ကာယဝစီ မနောချီ လျက်သုံးလီပဏာမ အာမိသပူဇာ,ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြသော သင်တို့အား လက်ငင်းမုချ အာယု, ဝဏ္ဏ, သုခ, ဗလ, လေးဝ အကျိုး နေ့တိုင်းတိုးလျက် အမျိုးမျိုး အသွယ်သွယ် အန္တရာယ် ကင်းကွာ သာသနာ၌ ကောင်းစွာနှစ်ခြိုက် ပုညသိုက်ကိုတူးလိုက် ရသည်ဖြစ်၍ ယခုဘဝအစ နိဗ္ဗာန်ရသည့်ဘဝ ပစ္ဆိမ စိတ္တ က္ခဏ ကျအောင် ဣဋ္ဌာရုံအဝဝ သုခအဖြာဖြာသည် အရိပ်ပမာ အစဉ် လိုက်သည်ဖြစ်၍ သိုက်မြိုက်သုခ အလှူ့နှပ်ပင် ချမ်းသာကြလျက် သုခအမြတ်နိဗ္ဗာနခေတ်သို့ လှမ်းကပ်နိုင်ကြသည်ဖြစ်စေ....။

---

## ဆွမ်းလှူသူအား ကျိုးငါးပါးရ ဆုပေး

ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ပဉ္စ ဌာနာနိ ဒေတိ။ကတမာနိ ပဉ္စ၊ အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ၊

ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ဌာနာနိ ပဉ္စဌာနာနိ ဒေတိ။
(ထိုထိုပါဠိ အဋ္ဌကထာ ဋီကာမှ)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘောဇနံ၊ ဆွမ်းမုန့်စသော ဘောဇဉ် ငါးပါးကို။ဒဒမာနော၊ပေးလှူသော။ဒါယကော၊ဒါယကာသည်၊ ပဋိဂ္ဂါဟကာနံ၊ အလှူခံပုဂ္ဂိုလ်တို့အား။ပဉ္စဌာနာနိ၊ ငါးမျိုးသော အလှူတို့ကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ပဉ္စ၊ အလှူ ငါးမျိုးတို့ ဟူကုန်သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။ အာယုံ၊ အသက် ရှည်ခြင်းအလှူကို။ဒေတိ၊ပေးလှူသည်မည်၏။ ဝဏ္ဏံ၊အဆင်းလှခြင်း အလှူကို။ ဒေတိ၊ ပေးလှူသည်မည်၏။ သုခံ၊ ကိုယ်,စိတ် နှစ်ဖြာ ချမ်း သာ ခြင်း အ လှူ ကို။ ဒေတိ၊ ပေး လှူ သည် မည် ၏။ ဗလံ၊ ခွန်အားဗလ ကြီးမားခြင်းအလှူကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ပဋိဘာနံ၊ ပဋိဘာန်ဉာဏ်ကြီးခြင်းအလှူကို။ ဒေတိ၊ ပေးလှူသည် မည်၏။ဘိက္ခဝေ၊တို့။ဘောဇနံ၊ကို။ဒဒမာနော၊သော။ဒါယကော၊ သည်။ ပဋိဂ္ဂါဟကာနံ၊ တို့အား။ ဌာနာနိပဉ္စဌာနာနိ၊ ဤငါးမျိုး သော အလှူတို့ကို။ ဒေတိ၊ ပေးလှူသည်မည်၏။

ဆွမ်း,မုန့်စတဲ့ ဘောဇဉ်ကို ပေးလှူတဲ့ ဒါယကာဟာ အလှူခံ ပုဂ္ဂိုလ်တို့အား အလှူငါးမျိုးကို ပေးလှူသည်မည်သတဲ့။

၁။ ပထမအမျိုးကား-အသက်ရှည်ခြင်း အလှူဖြစ်တယ်။
၂။ ဒုတိယအမျိုးကား-အဆင်းလှခြင်း အလှူဖြစ်တယ်။
၃။ တတိယအမျိုးကား-ကိုယ် စိတ် နှစ် ဖြာ ချမ်း သာ ခြင်း အလှူဖြစ်တယ်။

၄။ စတုတ္ထအမျိုးကား- ခွန်အားဗလ ကြီးမားခြင်း အလှူ ဖြစ်တယ်။

၅။ ပဥ္စမအမျိုးကား-ပဋိဘာန်ဉာဏ်ကြီးခြင်းအလှူဖြစ်တယ်။ ဒီအလှူငါးမျိုးကို ပေးလှူသည်မည်သတဲ့၊ ဟုတ်ထားပေါ့-

"သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ"
ထမင်းအသက် ခုနစ်ရက်။

သတ္တဝါတိုင်းပင် အစာအာဟာရကို အမှီပြုပြီး တည်နေကြရတယ်၊ဤလူ့ဘုံမှာ တကြိမ်စားသုံးတဲ့ အစာအာဟာရဟာ ခုနစ်ရက်ကြာမျှ မျှတနိုင်ပြီး နောက်ထပ် မစားသုံးလျှင် အသက်သေဆုံးသွားမည် ဖြစ်တယ်၊ ဒါ့ကြောင့် ဆွမ်း၊မုံ့ စတဲ့ ဘောဇဉ်အာဟာရကို ပေးလှူသူသည် အသက်ရှည်ခြင်း အလှူကို ပေးလှူသည် မည်တယ်လို့ ဟောတော်မူခဲ့တယ်။

ဆွမ်း၊မုံ့စတဲ့ ဘောဇဉ်အာဟာရများကို မစားရလျှင် အသားအရေ မကြည်မလင် အားအင်မဖြစ် ရုပ်သစ်မလှ နွမ်းလျှညှိုးမှိန် ရုပ်ရေတွေပိန်ပြီး ဣန္ဒြေငါးဝ အဆင်းရူပကာယ မလှမပ ရှိမည်။ ဘောဇဉ် အာဟာရများကို စားရမှသာလျှင် အသားအရေ ကြည်ကြည်လင်လင် အားအင်တွေဖြစ် ရုပ်သစ်တွေလှ ပြည့်ဝ ရွှန်းထိန် ရုပ်ရေမပိန်ဘဲ ဣန္ဒြေငါးဝ အဆင်းရူပကာယ လှလှပပ ရှိမည်။ ဒါကြောင့် ဆွမ်း၊ မုံ့စတဲ့ ဘောဇဉ် အာဟာရကို ပေးလှူသူသည် အဆင်းလှခြင်းအလှူကို ပေးလှူသည် မည်တယ်လို့ ဟောတော်မူခဲ့တယ်။

ဆွမ်း မုန့်စတဲ့ ဘောဇဉ် အာဟာရများကို မစားရလျှင် ဆာလောင် မွတ်သိပ်ခြင်းဒုက္ခဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်း သာ မှု ကို မရနိုင်ဘူးပေါ့၊ ဘောဇဉ် အာဟာရများကို စား ရမှ သာ လျှင် ဆာလောင်မွတ်သိပ်ခြင်း ဒုက္ခကင်းပြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကိုရနိုင်တယ်၊ ဒါ့ကြောင့် ဆွမ်း မုန့်စတဲ့ ဘောဇဉ်အာဟာရကို ပေးလှူသူသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအလှူကို ပေးလှူသည် မည်တယ်လို့ ဟောတော်မူခဲ့တယ်။

ဆွမ်း မုန့်စတဲ့ဘောဇဉ်အာဟာရများကို မစားရလျှင် အားအင်နည်းပါးပြီး ခွန်အားဗလ ကြီးမားမှု မရှိနိုင် ဘူးပေါ့၊ ဘောဇဉ်အာဟာရများကိုစားရမှသာလျှင် အားအင်ကြီးထွားပြီး ခွန်အားဗလကြီးမားခြင်း ရှိနိုင်တယ်၊ ဒါ့ကြောင့် ဆွမ်း မုန့်စတဲ့ ဘောဇဉ်အာဟာရကို ပေးလှူသူသည် ခွန်အားဗလ ကြီးမားခြင်းအလှူကို ပေးလှူသည် မည်တယ်လို့ ဟောတော်မူခဲ့တယ်။

ဆွမ်း မုန့်စတဲ့ ဘောဇဉ် အာဟာရများကို မစားရလျှင် ကာယိကသုခ၊ စေတသိကသုခကိုမရ၊ သမာဓိမဖြစ်၍ ဉာဏ်ပညာလည်း မဖြစ်နိုင်ဘူးပေါ့၊ ဘောဇဉ် အာဟာရများကို စားရမှသာလျှင် ကာယိကသုခ၊စေတသိကသုခကိုရပြီး သမာဓိဖြစ်ကာ ဉာဏ်ပညာလည်းဖြစ်နိုင်တယ်၊ ဒါ့ကြောင့် ဆွမ်း မုန့် စတဲ့ ဘောဇဉ်အာဟာရကို ပေးလှူသူသည် ပဋိဘာန် ဉာဏ်ကြီးခြင်းအလှူကို ပေးလှူသည် မည်တယ်လို့ ဟောတော်မူခဲ့တယ်။

အာယုံ ခေါ ပန ဒတွာ အာယုဿ ဘာဂီဟောတိ ဒိဗ္ဗဿ-ဝါ မာနုဿဿဝါ၊ ဝဏ္ဏံ ဒတွာ ဝဏ္ဏဿ ဘာဂီ ဟောတိ

ဒိဗ္ဗာသာဝ မာနုသာသာဝ၊ သုခံ ဒတွာ သုခဿ ဘာဂီ
ဟောတိ ဒိဗ္ဗာသာဝ မာနုသာသာဝ၊ ဗလံ ဒတွာ ဗလဿ
ဘာဂီ ဟောတိ ဒိဗ္ဗာသာဝ မာနုသာသာဝ၊ ပဋိဘာနံ ဒတွာ
ပဋိဘာနဿ ဘာဂီ ဟောတိ ဒိဗ္ဗာသာဝ မာနုသာသာဝ။

လို့ ဘောဇဉ်အကျိုးငါးပါးကို ဟောကြားတော် မူခဲ့တယ်။

အာယုံ၊အသက်ရှည်ခြင်းအလှူကို။ဒတွာ၊ပေးလှူသည်မည်သော ကြောင့်။ ဒိဗ္ဗာသာဝ၊ နတ်ဖြစ်သော သူအားငှင်း။ မာနုသာသာဝ၊ လူဖြစ်သောသူအားငှင်း။ အာယုဿ၊ အသက်ရှည်ခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝဏ္ဏံ၊ အဆင်းလှခြင်း အလှူကို။ ဒတွာ၊ကြောင့်။ ဒိဗ္ဗာသာဝ၊ငှင်း။ မာနုသာသာဝ၊ ငှင်း။ ဝဏ္ဏဿ၊ အဆင်းလှခြင်း၏။ ဘာဂီ၊ သည်။ဟောတိ ၏။ သုခံ၊ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းအလှူကို။ ဒတွာ၊ ကြောင့်။ ဒိဗ္ဗာသာဝ၊ငှင်း။ မာနုသာသာဝ၊ ငှင်း။သုခဿ၊ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၏။ ဘာဂီ၊ သည်။ ဟောတိ၊၏။ ဗလံ၊ ခွန်အားဗလ ကြီးမားခြင်း အလှူကို။ ဒတွာ၊ ကြောင့်။ ဒိဗ္ဗာသာဝ၊ငှင်း။ မာနုသာသာဝ၊ ငှင်း။ ဗလဿ၊ခွန်အားဗလကြီးမားခြင်း၏။ ဘာဂီ၊သည်။ ဟောတိ၊၏။ ပဋိဘာနံ၊ ပဋိဘာန်ဉာဏ် ကြီးခြင်း အလှူကို။ ဒတွာ၊ ကြောင့်။ ဒိဗ္ဗာသာဝ၊ ငှင်း။ မာနုသာသာဝ၊ ငှင်း။ ပဋိဘာနဿ၊ ပဋိဘာန် ဉာဏ်ကြီးခြင်း၏။ ဘာဂီ၊ သည်။ ဟောတိ၊၏။

အသက်ရှည်ခြင်း အလှူကို ပေးလှူသည် မည်ခြင်းကြောင့် လူ ဖြစ်လည်း အသက်ရှည်မည်၊ နတ်ဖြစ်လည်း အသက်ရှည်မည်။

အဆင်းလှခြင်းအလှူကိုပေးလှူသည်ဖြစ်ခြင်းကြောင့် လူဖြစ်လည်း အဆင်းလှမည်၊ နတ်ဖြစ်လည်း အဆင်းလှမည်၊ ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာခြင်းအလှူကို ပေးလှူသည်မည်ခြင်းကြောင့် လူဖြစ်လည်း ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာမည်၊ နတ်ဖြစ်လည်း ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာမည်။ ခွန်အားဗလ ကြီးမားခြင်းအလှူကို ပေးလှူသည် မည်ခြင်းကြောင့် လူဖြစ်လည်း ခွန်အားဗလ ကြီးမားမည်။ နတ်ဖြစ်လည်း ခွန်အားဗလကြီးမားမည်။ပဋိဘာန်ဉာဏ်ကြီးခြင်းအလှူကို ပေးလှူခြင်းမည်ခြင်းကြောင့် လူဖြစ်လည်း ပဋိဘာန်ဉာဏ်ကြီးမည်၊ နတ်ဖြစ်လည်း ပဋိဘာန်ဉာဏ်ကြီးမည်။ ဖြစ်တိုင်းဖြစ်တိုင်းသော လူ့ဘဝ,နတ်ဘဝတို့မှာ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာခြင်း,ခွန်အားကြီးခြင်း,ပညာကြီးခြင်း ဆိုတဲ့အကျိုးငါးပါးကို ရမည်ဟု ဟောကြားတော်မူတယ်။

ဒါကြောင့် ဒီကနေ့ ဘောဇဉ် အာဟာရ လှူဒါန်း ကြတဲ့ သူတော်ကောင်း အပေါင်းတို့အား....

၁။ အသက်ရှည်ခြင်း၊
၂။ အဆင်းလှခြင်း၊
၃။ ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာခြင်း၊
၄။ ခွန်အားကြီးခြင်း၊
၅။ ပညာကြီးခြင်း-

ဆိုတဲ့ အကျိုးငါးပါးကို ဘဝအခွေ့တိုင်အောင် ရကြပါလိမ့်မည်။

ဤကဲ့သို့ သံဃာတော်အရှင်သူမြတ်တို့အားဘောဇဉ်အာဟာရ လှူဒါန်းရသော ဒါနကုသိုလ် စေတနာ၊ ဆောက်တည် အပ်သော

သီလကုသိုလ် စေတနာ၊ ပွားများအပ်သော ဘာဝနာကုသိုလ် စေတနာ၊ ဤသို့ပေါင်းအပ်များမြတ်သော ကုသိုလ်စေတနာတို့ကြောင့် ယခုဘဝ, ယခုအချိန်မှ စ၍ နိဗ္ဗာန်ရသည့်ဘဝ ပစ္ဆိမစိတ္တက္ခဏ ကျအောင် ငါးပါးသောရန်, ဆယ်ပါးသောဒဏ်, တဆယ့်ခြောက်တန်သော ဥပဒ္ဒဝေါ်, နှစ်ဆယ့်ငါးပါးသောဘေး, သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ, ကိုးဆယ့်ခြောက်ဖြာသော အနာရောဂါတို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်းကြကုန်သည်သာဖြစ်၍၊ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း ဟူသော အကျိုးငါးပါးကိုရ၍ အဆုံးဘဝ၌ လွယ်သောအကျင့် လျင်သော အသိဉာဏ်ဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုနိုင်လွယ် ကြသည်ဖြစ်စေ....။

မြင်းခြံတရားဆုပေးများ ပြီး၏။

---

# မြင်းခြံဆုပေးကျမ်း

## နောက်ဆက်တွဲ

## ဘုရားရှိခိုး–ရေစက်ချနှင့် တရားစာ

## နောက်ဆက်တွဲ

# ဂုဏ်တော်ဘုရားရှိခိုး

ဩကာသ, ဩကာသ, ဩကာသ။

သုံးလူ့အောင်ချာ၊ စောသတ္တာသည်၊ စ-ကာသဗ္ဗဥ်၊ ဒီပင်္ကရာ၊ ထွဋ်ချာမှန်ကင်း၊၊ တရားမင်း၏၊ ထံရင်းတော်မှောက်၊ စက်တော်အောက်မှ၊ဗျာဒိတ်ရ၍၊ လေးဝသင်္ချေ၊ကပ်ရေတသိန်း၊ တွက်ကိန်းတော်ရှိ၊ ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်အောင်၊ ဆယ်ခိုင်ပါရမီ၊ ငါးလီစာဂ၊ စရိယသုံး၊ ကျင့်ထုံးအညီ၊ စုံစီပြည့်စွာ၊ အပရာဇိတာ၊ ပလ္လင်မ-၌၊ ဒေဝပုတ္တ၊ ကိလေသနှင့်၊ ခန္ဓမစ္စု၊ အဘိသင်္ခါ၊ မာရ်ငါးဖြာကို၊ သုံးခါဆယ်လီ၊ ပါရမီလက်နက်၊ မိုဃ်းကြိုးစက်ဖြင့်၊ ညက်ညက်ကြေကြေ၊ ဖြိုခွင်းလေ၍၊ ငါးတွေမာရ်အောင်၊ တုမဲ့ရှောင်သည်၊ အခေါင်ထွဋ်ဖျား၊ သဗ္ဗညုမြတ်စွာဘုရား....။

## (၁) အရဟံဂုဏ်တော်

(က) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား၊ သဗ္ဗညုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ သဝါသနာ ကိလေသာကို မဂ္ဂါလက်နက် အရဟတ္တမဂ်ဖြင့် ခွင်းဖျက်ပယ်သတ် ကိလေဇာတ်မှ ဝေးရပ် တည်တောင်း ဤအကြောင်း ကြောင့်လည်း။ အရဟံ၊ "အရဟံ"တွင်မည် ဘွဲ့ထူးခံတော်မူပါပေ၏။

(ခ) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ကိလေသာရန်

ကိုယ်တွင်းမာရ်ကို ပယ်လှန်ချိုးဖြတ် မဂ်ဉာဏ်မြတ်ဖြင့် ပယ်သတ်ပေတောင်း ဤ အကြောင်းကြောင့်လည်း။ အရဟံ၊ "အရဟံ" တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

(ဂ) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ဘဝတဏှာ အဝိဇ္ဇာဟူနှစ်ဖြာဖြင့်ပြီး ပုန်တောင်းကြီးမှာ ပုညာဒိစ သင်္ခါရဟု မည်ရထောက်ဆံ ဇရာမရဏံ ခေါ်ရန်အကွပ် တကူတပ်၍ တရပ်အင်္ဂါသဝဟု သမုဒယမျိုး ဝင်ရိုးမျှဖြင့် ထိုးတပ်ကြပြီး ဘဝသုံးပါးသုံးဘုံသွားသည့် ရထားကြီး၌ အပြီးယှဉ်တပ် မရပ်မတည် သွက်သွက်လည်သည့် ဘယ်သည်ကာလ ဘယ်ကစ-ဟု မရနိုင်စွ ကာလဖြစ်ချက် သံသရာစက်၏ အကွက်အတန့် အကန့်ထောက်ဆံ မကျန်ဉသုံ အလုံးစုံကို မာရ်ကုန်အောင်နိုင် မဏ္ဍိုင်ဗောဓိ အပရာဇိတ်တွင် ဝီရိယခြေ သီလမြေ၌ တည်လေမြဲစွာ သဒ္ဓါလက်ဖြင့် ကမ္မက္ခယံ ပြုရန်နိုင်းချိန် ဉာဏ်ပုဆိန်ကို ကိုင်ချိန်ဆွဲခတ် ပယ်ဖြတ်ပေတောင်း ဤအကြောင်းကြောင်းလည်း။ အရဟံ၊ "အရဟံ"တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

(ဃ) သောဘဂဝါ၊ ထို အခေါင်ထွဋ်ဖျား သဗ္ဗညုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဗြဟ္မာ, နတ်, လူသုံးဘုံသူတွင် တူသူကင်းပ အဂ္ဂဒက္ခိ ဂုဏ်ထူးရှိ၍ များဘိပူဇော်အထူးသော်ရ ပစ္စယလေးလီ ခံထိုက်သည်တောင်း ဤအကြောင်းကြောင့်လည်း။ အရဟံ၊ "အရဟံ" တွင်မည် ဘွဲ့ထူး ချီ တော်မူပါပေ၏။

(င) သောဘဂဝါ၊ ထို အခေါင်ထွဋ်ဖျား သဗ္ဗညုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ ပညာအန္ဓ လူဗာလတို့ ပါပကမှ ဆိတ်ကွယ်ရမူ ပြုသောဟူလည်း မတူ ထူးလှ ပါပ ညစ်ကျု မကောင်းမှုကို ပြုဘို့ရာဝယ် ဆိတ်ကွယ်ရာရပ် မရှိလတ်တောင်း ဤအကြောင်း ကြောင့်လည်း။ အရဟံ၊ "အရဟံ" တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

## (၂) သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

သောဘဂဝါ၊ ထို အခေါင်ထွဋ်ဖျား သဗ္ဗညုမြတ်စွာ ဘုရားသည်။ ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ အဘိညေယျ ပရိညာနှင့် ပဟာတဗ္ဗပ် သစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗာ သစ္စာဋေယျ ဓမ္မဉာဏ်ိ အလုံးစုံကို အကုန်စင်စွာ ဆရာမကူ သယမ္ဘူဖြင့် ဉာဏ်မူထိုးထွင်း သိမြင်ခြင်းကောင်းဤအကြောင်းကြောင့်လည်း။သမ္မာသမ္ဗုဒ္ဓေါ၊ "သမ္မာသမ္ဗုဒ္ဓ"တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

## (၃) ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်

သောဘဂဝါ၊ ထို အခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၁စ ကာရဏေန၊

(၁) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊
(၂) ဒိဗ္ဗစက္ခုဉာဏ်၊
(၃) အာသဝက္ခယဉာဏ်-

ဟု ဆိုအပ်သော "ဝိဇ္ဇာ"သုံးပါး။

(၁) ဝိပဿနာဉာဏ်၊
(၂) မနောမယိဒ္ဓိဉာဏ်၊
(၃) ဣဒ္ဓိဝိဓဉာဏ်၊
(၄) ဒိဗ္ဗသောတဉာဏ်၊
(၅) စေတောပရိယဉာဏ်၊
(၆) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊
(၇) ဒိဗ္ဗစက္ခုဉာဏ်၊
(၈) အာသဝက္ခယဉာဏ်—

ဟု ဆိုအပ်သော "ဝိဇ္ဇာ" ရှစ်ပါး။

(၁) သီလသံဝရ၊
(၂) ဣန္ဒြိယေသု ဂုတ္တဒွါရတာ၊
(၃) ဘောဇနေ မတ္တညုတာ၊
(၄) ဇာဂရိယာနုယောဂ၊
(၅) †သဒ္ဓါ
(၆) ဟိရီ၊
(၇) ဩတ္တပ္ပ၊
(၈) ဗဟုဿုတ၊
(၉) ဝီရိယ၊

---

† သူတော်တရား (၇) ပါး

သတ္တ သဒ္ဓမ္မာနာမ သဒ္ဓါ, ဟိရီ, ဩတ္တပ္ပံ, ဗာဟုသစ္စံ ဝီရိယံ, သတိ, ပညာ။ (သာရတ္ထ-ဋီ)

(၁၀) သတိ၊
(၁၁) ပညာ၊
(၁၂) ရူပါဝစရ ပဌမစျာန်၊
(၁၃) ရူပါဝစရ ဒုတိယစျာန်၊
(၁၄) ရူပါဝစရ တတိယစျာန်၊
(၁၅) ရူပါဝစရ စတုတ္ထစျာန်၊

ဟု ဆိုအပ်သော "စရဏ" တဆယ့်ငါးပါး။

ဤဝိဇ္ဇာသုံးပါး, ရှစ်ပါးဝိဇ္ဇာ, ဆယ့်ငါးပြားရ စရဏနှင့် ပြည့်စုံပေတော်မူပေ အကြောင်း ကြောင့်လည်း။ ဝိဇ္ဇာစရဏ သမ္ပန္နော၊ "ဝိဇ္ဇာစရဏသမ္ပန္န"တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

## (၄) သုဂတဂုဏ်တော်

(က) သောဘဂဝါ၊ ထို အခေါင်တွင်ရှဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ကွတိပိ-ကွမိနာဝ ကာရဏေန၊ ညစ်ကြေး မတင် အပြစ်စင်သည့် ရှစ်အင်မဂ္ဂ ခရီး-မဖြင့် ခေမဒိသံ ပြည်နိဗ္ဗာန်သို့ မပြန်မကပ် ဝဋ်ဇာတ်မတွယ် တင့်တယ်လှပြား ကြွသွားပေတောင်း ဤ အကြောင်းကြောင့်လည်း။ သုဂတော၊ "သုဂတ" တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

(ခ) သောဘဂဝါ၊ ထိုအခေါင်တွင်ရှဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ကွတိပိ-ကွမိနာဝ ကာရဏေန၊ သမုစ္ဆေဒ် မဂ်လေး တန်ဖြင့် ပယ်လှန်ကိလေ ခန္ဓေသန္တာန် တပန်မလာ ကောင်းမွန်စွာဖြင့် ချုပ်ကွာ သွားတောင်း ဤအကြောင်း ကြောင့်လည်း။ သုဂတော၊ "သုဂတ"တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

(ဂ) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ ဒီပင်္ကရာ ထွဋ်ချာမှန်ကင်း တရားမင်း၏ ထံရင်းတော်မှ ဗျာဒိတ်ရ၍ လေးဝသင်္ချေကပ်ရေတသိန်း တွက်ကိန်းတော်ရှိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်ခိုင်ပါရမီ ငါလီစာဂ စရိယသုံး ကျင့်ထုံးညီစွ သဗ္ဗလောက ဟိတသုခ လောကစ်ကို ကြိမ်ဖန်သည်ပိုး စွမ်းအားတိုးလျက် အကျိုးမမှန် သဿတ, ဥစ္ဆေ တထေ့ကာမ အတ္တကိလံစွမ်းနှစ်ဘန်ကို ပယ်လှန်ဖယ်ချ မဇ္ဈိမပဋိပဒါ သမ္မာပဋိပတ်အကျင့်မြတ်ဖြင့် လာတတ်ပေတောင်း ဤအကြောင်း ကြောင့်လည်း။ သုဂတော၊ "သုဂတ" တွင်မည် ဘွဲ့ထူး ချီတော်မူပါပေ၏။

(ဃ) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ စကားခြောက်ခွန်းနှစ်ခွန်းမျှသာ ဆိုလာပေတောင်း ဤအကြောင်း ကြောင့်လည်း။ သုဂတော၊ "သုဂတ"တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

## (၅) လောကဝိဒူ ဂုဏ်တော်

သောဘဂဝါ၊ ထိုအခေါင် ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ သတ္တောကာသ သင်္ခါရဟု လောကသုံးခွင် မကြွင်းစင်အောင် သိမြင်ပေတောင်း ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ "လောကဝိဒူ" တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

## (၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်

သောဘာဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ ၁စ ကာရဏေန၊ သီလ, သမာ, ပညာ, ဝိမုတ်, ဝိမုတ်ဉာဏ ဒဿနဟု ဂုဏအရာ တူလာနတ္ထိ တုမရှိ၍ မြတ်ဘိသောင်းတိုက် ဆုံးမထိုက်စွာ သတ္တဝါကို တဏှာဖရသ နှစ်ဝ တမျိုး, တန်ခိုး,ဒေသနာ နည်းစုံစွာဖြင့် သတ္တဝါအလိုက် ထိုက်လျော်အောင်ပ ဆုံးမပေတော်မူ ဤအကြောင်း ကြောင့်လည်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ "အနုတ္တရော ပုရိသ ဒမ္မသာရထိ" တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

## (၇) သတ္ထာ ဒေဝ မနုဿာန ဂုဏ်တော်

သောဘာဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ ၁စ ကာရဏေန၊ ဒိဋ္ဌ, သမ္ပရာ ပရမတ္ထာဖြင့် သတ္တဝါအလိုက် ထိုက်လျော်လျောက်ပတ် ဆုံးမတတ်၍ လူ,နတ်, ဗြဟ္မာ ဆရာဖြစ်တော်မူ ဤအကြောင်းကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ၊ "သတ္ထာဒေဝမနုဿာန" တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

## (၈) ဗုဒ္ဓ ဂုဏ်တော်

သောဘာဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ ၁စ ကာရဏေန၊ ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂ တဖြာ လေးသစ္စာကို ကိုယ်မှာလည်းသိ ကျွတ်မည့်ဝေနေ သိစေပေတော်မူ ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ "ဗုဒ္ဓ" တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

## (၉) ဘဂဝါ ဂုဏ်တော်

(က) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ လာရကေနုဗ၊

၁။ † မိမိစိတ်တော်ဝသီဘော်သို့ ပို့ဆောင်ချိုးမြှောက် ရောက်စေခြင်းဖြင့် အစိုးရတော်မူခြင်း တည်းဟူသော "ဣဿရိယ" ဘုန်းတော်၊

၁။ ရွှေကိုယ်တော်ကို ထုတ်ဖော်နိုင်းယှဉ် အဏုမြူမျှ သေးငယ်လှအောင် ပြုသဖန်ဆင်း ပြုတော် မူနိုင်ခြင်း တည်းဟူသော "အဏိမာ"ဘုန်းတော်၊၊

၂။ ခုန်ကျော်ပျံလွှား ကောင်းကင်သွားခြင်း စသည်များ၌ ပေါ့ပါး လျင်မြန်တော် မူခြင်း တည်းဟူသော "လဃိမာ"ဘုန်းတော်။

---

### † ဣဿရိယဘုန်း (၈) ပါး

အဏိမာလဃိမာဒိသဒ္ဒေန မဟိမာ, ပတ္တိ, ပါကမ္မံ, ဤသိတာ, ဝသိတာ, ယတ္ထ ကာမာဝသာယိတာကိ ဣမေ ဆပိ သင်္ဂဟိတာ။

၁။ တတ္ထ ကာယဿ အဏုဘာဝ ကရဏံ "အဏိမာ"။

၂။ အာကာသေ ပဒသာ ဂမနာဒီနံ အရဟာ ဘာဝေန လဟုဘာဝေါ "လဃိမာ"။

၃။ မဟတ္တံ "မဟိမာ" ကာယဿ မဟန္တတာ ပါဒနံ။

၄။ ဣဋ္ဌဒေသဿ ပါပုဏနံ ပတ္တိ။

၅။ အဓိဋ္ဌာနာဒိဝသေန ဣစ္ဆိတ နိပ္ဖါဒနံ "ပါကမ္မံ"။

၃။ ရွှေကိုယ်တော်ကို ထုတ်ဖော်ဥပမာ စကြဝဠာ မဆန့် သာမျှ ကြီးမားလှအောင် ပြသဖန်ဆင်း ပြုတော်မူ နိုင်ခြင်းတည်းဟူသော "မဟိမာ" ဘုန်းတော်။

၄။ အလိုရှိရာ နေရာထိုထို လိုကာခဏ အလိုကျမြောက် ကပ်ရောက်တော် မူနိုင်ခြင်း တည်းဟူသော "ပတ္တိ" ဘုန်းတော်။

၅။ မြေ၌ငုပ်လျှိုး စသည်မျိုးကို တန်ခိုးဖန်ဆင်းဆောက် တည်ခြင်း စသည်ဖြင့် အလိုရှိတိုင်း ပြီးစေနိုင်ခြင်း တည်းဟူသော "ပါကမ္မ" ဘုန်းတော်။

၆။ ဝသီဘော်သို့ ရောက်တော်မူတုံ လုံးစုံသဗ္ဗ အလိုကျ အောင် အစိုးရတော် မူနိုင် ခြင်း တည်းဟူသော "ဣသိတာ" ဘုန်းတော်။

၇။ ဆန်းပြား အမျိုးမျိုး တန်ခိုး၌တော် ဝသီဘော် မြောက် ရောက်တော်မူခြင်း တည်းဟူသော "ဝသိ တာ" ဘုန်းတော်။

---

၆။ သယံဝသိတာ ဣဿရဘာဝေါ "ဣသိတာ"။

၇။ ဣဒ္ဓိဝိဓေ ဝသီဘာဝေါ "ဝသိတာ"။

၈။ အာကာသေန ဝါ ဂစ္ဆတော အညံ ဝါ တိဋ္ဌကတော ယတ္ထ ကတ္ထစိ ဝေါသာနပတ္တိ "ယတ္ထကာမာဝ သာယိတာ"။

ကုမာရကရူပါဒိဒဿနန္တိပိ ဝဒန္တိ။ ဧဝမိဒံ အဋ္ဌဝိဓံ လောကိယ သမ္မတံ-ဣဿရိယံ"။(သာရတ္ထ-ဋီ)

၇။ ကောင်းကင်သွားတဲ့ တစုံတခု ပြုတော်မူလတ် ကိစ္စရပ်ကို အလိုတော်တိုင်း မဆိုင်းပြီးဆုံးခြင်းသို့ ရောက်စေတော်မူနိုင်ခြင်း တည်းဟူသော "ယတ္ထ ကာမာဝသာယိတာ" ဘုန်းတော်၊ တနည်းမှာကား သတို့သားသွင် စသည်ထင်အောင် စီရင်သမျှ ပြုတော်မူနိုင်ခြင်း တည်းဟူသော "ယတ္ထကာမာဝသာယိတာ" ဘုန်းတော်၊

၂။ မဂ္ဂဖလ နိဗ္ဗာနဟု ပေါင်းကကိုးရပ် အမြတ်ခေါင်ချုပ် လောကုတ်တရား ထင်ရှားစွာဘဲ ရှိတော်မူခြင်း တည်းဟူသော 'ဓမ္မ''ဘုန်းတော်။

၃။ လောကသုံးခွင် နှံ့ထင်မကျန် ဟုတ်မှန်စွာလတ် ကျေးဇူးမြတ်ကြောင့် ရအပ်လေတယ် စင်ကြယ်လေဘိ ကျော်စောခြင်း ရှိတော်မူခြင်း တည်းဟူသော "ယသ"ဘုန်းတော်။

၄။ ခပ်သိမ်းခြင်းရာ ပြည့်စုံစွာသား အင်္ဂါကြီးငယ် အသွယ်သွယ်တည့် တင့်တယ်ခြင်း ရှိတော်မူခြင်း တည်းဟူသော "သိရိ" ဘုန်းတော်။

၅။ အတ္တဟိတ ပရဟိတံ နှစ်တန်စီးပွား အကျိုးများကို လိုလားသည့်တိုင်း မဆိုင်းပြီးစေနိုင်ခြင်း တည်းဟူသော "ကာမ" ဘုန်းတော်။

၆။ ဘုရားအဖြစ်ပေ ပြီးစေကြောင်းပ သမ္မာဝါယာမ ဆိုအပ်လှသည့် လုံ့လချွန်မောင် ရှိတော်မူခြင်း တည်းဟူသော "ပယတ္တ" ဘုန်းတော်။

ဤ ဣဿရိယ,ဓမ္မ,ယသ, သိရိ,ကာမ,ပယတ္တမည် ဘုန်းခြောက်လီနှင့် စုံညီပေတောင်း အကြောင်း ကြောင့်လည်း။ ဘဂဝါ၊ "ဘဂဝါ"တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

(ခ) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ မဂ္ဂ,ဖလ အစရှိစွာ ဓမ္မရတနာကို ဆိတ်ငြိမ်ရာရပ် ကပ်ကာချမ်းမြေ့ မှီဝဲလေ့ရှိတောင်း ဤအကြောင်း ကြောင့်လည်း။ ဘဂဝါ၊ "ဘဂဝါ" တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

(ဂ) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ လေးပစ္စယ,အတ္ထရသ, ဓမ္မရသ, ဝိမုတ္တိရသ, အဓိသီလ စသည်များဘိ အဘို့ရှိတောင်း ဤအကြောင်း ကြောင့်လည်း။ ဘဂဝါ၊ "ဘဂဝါ" တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

(ဃ) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ တရားရတနာ မြိုက်သြဝါကို ဝေကာခွဲခြား ဟောကြားပေတောင်း ဤအကြောင်း ကြောင့်လည်း။ဘဂဝါ၊ "ဘဂဝါ"တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

(င) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ ရာဂစစွာ ကိလေသာကို ကောင်းစွာ ညက်ညက် ချိုးဖျက်ပေတောင်း ဤအကြောင်း

ကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ'' တွင်မည် ဘွဲ့ထူးချီတော် မူပါပေ၏။

(၈) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာဝ ကာရဏေန၊ အလေးအမြတ် ရှိသေအပ် သည့် လူ့၊ နတ်၊ ပြဟ္မာ ဆရာ ဖြစ်တော်မူတောင်း ဤအကြောင်းကြောင့်လည်း။ ဘဂဝါ၊ "ဘဂဝါ'' တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

(၉) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာဝ ကာရဏေန၊ လောကုတ်၊ လောကီနှစ်လီကျိုးတွေ့ ဖြစ်စေတတ်လှ ဒါန၊ သီလ စသည်အမြတ် အထွဋ်ရပ်သို့ ရောက်တတ်လေသိ ဘုန်းကံ ရှိတောင်း ဤအကြောင်းကြောင့်လည်း။ ဘဂဝါ၊ "ဘဂဝါ''တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

(၁၀) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာဝ ကာရဏေန၊ ကာယဘာဝနာ စသည်များဖြင့် ဘာဝနာ အစဉ်ဖြင့် ကောင်းမွန်စွာပေ ပွားစေအပ်ပြီး သဘောလည်းရှိတောင်း ဤအကြောင်း ကြောင့်လည်း။ ဘဂဝါ၊ "ဘဂဝါ''တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

(၁၁) သောဘဂဝါ၊ ထိုအခေါင်ထွဋ်ဖျား သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာဝ ကာရဏေန၊ ဝဋ်ဘဝသုံး အဆုံးနိဗ္ဗာန် ဘေးရန်မပြူ ရောက်တော်မူတောင်း ဤအကြောင်းကြောင့်လည်း။ ဘဂဝါ၊ "ဘဂဝါ''တွင်မည် ဘွဲ့ထူးချီတော်မူပါပေ၏။

ဣတိ၊ ဤသို့။ နဝဂုဏေဟိ၊ ဘဝဂ်မဆန့် ပြန့်နှံ့တက်ကြွား ဂုဏ်ကိုးပါး တို့နှင့်။ သမ္ဗန္ဓံ၊ လျှောက်ပတ်တင့်တယ် ခြယ်လှယ် မွမ်းထုံ ပြည့်ဝစုံသော။ဗုဒ္ဓံ၊လောကတခွင် ဘက်မမြင်သည့် သုံးခွင် ထွဋ်ထား မြတ်ဘုရားကို။ အဟံ၊ ပုဂ္ဂိုလ် သတ္တဝါ သူငါမဟုတ် နာမ် ရုပ်အစုတွင် ပညတ်တင်ခေါ် တပည့်တော်သည်။ ဝန္ဒာမိ၊ လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

---

## ဆုတောင်း

ကိုးဂုဏ်သခင်၊ ဘုရားရှင်ကို၊ ကြည်လင်မြတ်နိုး၊ ရှိခိုးပါရ၊ ဤပုညကြောင့်၊ ဘဝဤတွင်၊ မသေခင်၌၊ ကိုယ်တွင်အန္တရာယ်၊ ကျဘွယ်အမျိုးမျိုး၊ ရေဆိုးရေညစ်၊ရေပြစ်ရေဒဏ်၊ ရေရန်သူမျိုး၊ ဆိုးကျိုးဆိုးမွေ၊ ကင်းပါစေ။ ။မီးဆိုးမီးညစ်၊ မီးပြစ်မီးဒဏ်၊ မီးရန်သူမျိုး၊ ဆိုးကျိုးဆိုးမွေ၊ ကင်းပါစေ။ ။မင်းဆိုးမင်းညစ်၊ မင်းပြစ်မင်းဒဏ်၊ မင်းရန်သူမျိုး၊ ဆိုးကျိုးဆိုးမွေ၊ ကင်းပါစေ။ သူခိုးဓားပြ၊အဓမ္မမျိုး၊ခိုးဆိုးခိုးညစ်၊ ခိုးပြစ်ခိုးဒဏ်၊ ခိုးရန်သူမျိုး၊ ဆိုးကျိုးဆိုးမွေ၊ ကင်းပါစေ။ ။မုန်းထားရန်လို၊ မလိုစိတ်ထား၊ အဘိဇ္ဈာပွား၊ ဣဿာများရှိ၊မုန်းဆိုးမုန်းညစ်၊ မုန်းပြစ်မုန်းဒဏ်၊ မုန်းရန်သူမျိုး၊ ဆိုးကျိုးဆိုးမွေ၊ ကင်းပါစေ။ ။လက်နက်ဒုတ်၊ ဓား၊ သေနတ်များနှင့်၊ ရမ်းကားသတ်ဖြတ်၊ လက်နက်ကပ်လည်း၊ လှူရပ်တရိုး၊ မကောင်းကျိုးတွေ၊ ကပ်ဆိုးကပ်မွေ၊ ကင်းပါစေ။ ကိုးဆယ့်ခြောက်ဖြာ၊ ရောဂါအမျိုးမျိုး၊ သက်ဆိုးမရှည်၊ လှုပြည် လူမျိုး၊အသေဆိုးလတ်၊ရောဂါကပ်လည်း၊ လှူရပ်တရိုး၊မကောင်း ကျိုးတွေ၊ ကပ်ဆိုးကပ်မွေ၊ ကင်းပါစေ။ ။မိုးသည်းလည်းမမှန်၊ လေမမှန်နှင့်၊ ဖောက်ပြန်ဥတု၊ သစ်ဖုသစ်သီး၊ အချည်းနှီးပြတ်၊

တော်မှတ်ခေါင်းပါး၊ **အစာ**ရှားလတ်၊ တော်မှတ်ကပ်လည်း၊ လူ့ရပ်တရိုး၊မကောင်းကျိုးထွေ၊ကပ်ဆိုးကပ်မွေ၊ကင်းပါစေ။ ။ရန်လည်းငါးရပ်၊ကပ်လည်းသုံးတန်၊ ဒဏ်အမျိုးမျိုး၊ ဘေးဆိုးဥပဒ်၊ အရပ်ရပ်အန္တရာယ်၊ မတွယ်မကပ်၊ ဝေးရပ်ရှောင်ရှား၊ဖယ်သွားပါစေ။ မကောင်းအိပ်မက်၊ မကောင်းငှက်နှင့်၊ ဂြိုဟ်ပျက်ဂြိုဟ်ဆိုး၊ ပါပမျိုးလည်း၊ ဆိုးကျိုးမထွေ၊ ပျောက်ပါစေ။ ။တောနေတောင်ပြင်၊ လူ့ခွင်တလွှား၊ ဆိုးဝါးနှောင့်ရှက်၊ နှိပ်စက်ညှဉ်းဆဲ၊ သူရဲသူ့ဘက်၊နတ်ပျက်,မိစ္ဆာ၊ ယုတ်မာဆိုးတော၊စုန်း,ကဝေနှင့်၊တစ္ဆေ,မြေဘုတ်၊ ကြမ်းကြုတ်ရမ်းကား၊ သားရဲများနှင့်၊ သားစားဘီလူး၊ စွယ်ပြူးရက္ခိုက်၊ လူမိုက်လူရမ်း၊ လူသရမ်းလည်း၊ ဆိုးခန်းမထွေ၊ ဝေရပ်မြေသို့၊ဖယ်ပါစေ။ ။မိုးသည်းနတ်ပဇ္ဇုန်၊ အမှုန်မာန်တင်း၊ ရှင်မိုးမင်းလည်း၊ အခင်းညီစွ၊ ရွာချိန်ကျက၊ ရွာချပါစေ။ လူ့ရပ်ဌာနေ၊ ဤလူ့ပြည်၌၊ဆန်ရေစပါး၊ သီးနှံများလည်း၊ သုံးစားမကုန်၊တောင်ယာပုံသို့၊ ပြည့်စုံထွေထွေ၊ပေါပါစေ။ ။တိုင်းပြည်ပိုင်နင်း၊လူတို့မင်းလည်း၊ ဆယ်ခင်းညီစွာ၊ မင်းကျင့်ရာဖြင့်၊ ရင်မှာပေါက်ဖွား၊ ရင်သွေးသားသို့၊ တိုင်းသားပြည်သူ၊ကြည်ဖြူသနား၊ မေတ္တာထား၍၊ တရားမသွေ၊ စိုးပါစေ။ ။ဤကိုယ့်ကာယ၊ နိစ္စစောင့်ကြပ်၊ ကိုယ်စောင့်နတ်နှင့်၊ ဤရပ်ဌာန၊ ဤဂေဟာကို၊ နိစ္စစောင့်ကြပ်၊ အိမ်စောင့်နတ်ပြင်၊ ထက်ခွင်ဒေဝါ၊ သမာဒေဝ၊ မည်ရဟင်ရှား၊ နတ်အများလည်း၊ ဆိုးဝါးဒုက္ခ၊ အနိဋ္ဌအပေါင်း၊ မကောင်းဟူသမျှ၊ မတွေ့ရအောင်၊ စောင့်ကြပ်ပါစေ။ ။စီးပွားချမ်းသာ၊မင်္ဂလာကြက်သရေ၊ တက်နေအလား၊တိုးပွားချမ်းသာ၊ ဖြာဖြာသုခ၊ လိုတိုင်းရ၍၊ ဘဝနောင်ခါ၊ သံသရာ၌၊ လူ့ရွာ,

နတ်ပြည်၊ဂုဏ်ရည်ဖြိုးဖြိုး၊သမ္မာမျိုး၌၊အကျိုးစည်စည်၊အလီလီပ၊ ကျင်လည်ရ၍၊ ဒါနသီလာ၊ဘာဝနာကို၊ မကွာနေ့ညာ၊ အားထုတ်ရလျက်၊ခေမနိဗ္ဗူ၊အောင်ဆုယူရလိုပါ၏-အရှင်ဘုရား။

---

**အမျှဝေ**

ဤသို့ပြုရ၊မြတ်ပုည၏၊ဘာဂတော်ကို၊ဂုဏ်မိုအနန္တ၊စံမရသည့်၊ ကြီးလှကျေးဇူး၊ လက်ဦးဆရာ၊ ဗြဟ္မာလည်းခေါ်၊ ပူဇော်အပ်လှ၊ မိနှင့်ဖအား၊ အစဦးစွာ၊ ပေးဝေပါ၏။ ဆရာ့ဘိုးဘွား၊ဆွေကား ခုနစ်ဆက်၊ ချစ်ဘက်မိဘ်ဆွေ၊ အမျှဝေ၏။ ရဇေဘာဝ၊ ယမရာဇာ၊ ရှစ်ရွာပိုင်နင်း၊ ငရဲမင်းလည်း၊ မကင်းစေချ၊ပေးဝေငှ၏၊ နရဌာနီ၊ လူ့ပြည်ပိုင်နင်း၊ လူ့ဘုံမင်းလည်း၊ မကင်းစေငှာ၊ ပေးဝေ ပါ၏။ ခန္ဓာငါးဝ၊ ဤကာယကို၊ နိစ္စစောင့်ကြပ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။ ထိုမှတချို့၊ ဤမြို့ဤရွာ၊ ဤဂေဟာ၌၊ မြဲစွာစောင့်ကြပ်၊ နတ်မြတ်, နတ်ကောင်း၊ နတ်အပေါင်းလည်း၊ ရကြောင်းသာစေ၊ အမျှဝေ၏။ တထွေသို့ပြင်၊ နတ်ဘုရင်ဟု၊ နတ်တွင်ထင်ရှား၊ နတ်များသေဌ်နင်း၊ သိကြားမင်းလည်း၊ ရခြင်းရှိစေ၊အမျှဝေ၏။ တဇထွနိစ္စ၊ဤလောကကို၊နိစ္စစောင့်ကြပ်၊ ဓတရဋ္ဌ၊ဝိရူဠ္ဍက၊ ဝိရူပက္ခ၊ ကုဝေရဟု၊ လောကပါလ၊ ဒေဝရာဇာ၊ နတ်လေးဖြာလည်း၊ ရပါသောစေ၊ အမျှဝေ၏။ တထွေထိုပြင်၊ ချစ်ရှင်မြတ်စွာ၊ သာသနာကို၊ ရှည်ကြာလေးမြင့်၊ ငါးထောင်သင့်အောင်၊ တည်လင့်သောစေ၊ စောင့်ကြပ်နေသည့်၊ ချစ်ဆွေနွယ်ရင်း၊ နတ်တသင်းလည်း၊ ရခြင်းရှိစေ၊ အမျှဝေ၏။ တထွေထိုပြင်၊လူ့ခွင်ဌာန၊သူ့လောကတွင်၊ရှိကြမကြွင်း၊လူတသင်းလည်း၊

ရခြင်းရှိစေ၊ အမျှဝေ၏။ တောနေ တောင်အောင်း၊ သစ်ခေါင်း မကျန်၊ လူ့ချင်ထံ၌၊ ဆက်ဆံပျော်ပါး၊ နတ်အများနှင့်၊ သီးခြား နေကြ၊ ဘုမ္မဒေဝ၊ ရုက္ခဒေဝါ၊ အာကာသနတ်၊ အထူးမှတ်၍၊ ဖြစ်ရပ်များစွာ၊ စကြဝဠာ၊ တည်ရာဌာန၊ အနန္တတွင်၊ဖြစ်ကြများ စွာ၊ သတ္တဝါဝေနေ၊ အမျှဝေ သည်။ ဘာဂေပုည ရစေသော်။

## ပန်းကပ်

တရားဥဿုံ၊ အလုံးစုံကို၊ အကုန် သိငြား၊ မြတ်ဘုရားအား၊ ၀ပ်တွား၍ ယန့်၊ အနံ့လည်း သင်း၊ အဆင်းလည်းဆန်း၊ ဤသည့် ပန်းကို၊ ကြည်ရွှန်းသဒ္ဓါ၊ ပေးလှူပါ၏။ ဤဟာပုည၊ ပန်းဒါန ကြောင့်၊ ဘဝထိုထို၊ ဖြစ်တိုင်းကိုယ်၌၊ရှုလိုမခန်း၊ အသွင်ဆန်းဖြင့်၊ တောက်လျှမ်းဝေဝေ၊ ကြက်သရေ မင်္ဂလာ၊ ဆင်းလှာ ရုပ်သွင်၊ ချောယဉ်နုနု လူမျိုးစု၍၊ ရမူခန္ဓာ၊ ကိုယ်နံ့မှာလည်း၊ ကောင်းစွာ ထွက်ခြင်း၊ ပန်းသို့သင်းလျက်၊ ချစ်ခြင်းများစွာ၊ ချမ်းသာသုခ၊ စည်းစိမ်ရ၍၊ ဒါန သီလာ၊ ဘာဝနာကို၊ မကွာနေ့ညာ၊အားထုတ် ရလျက်၊ ခေမနိဗ္ဗူ ကျွတ်ဆုယူရပါလို၏ အရှင်ဘုရား။

ယခုပြုရ၊ ပန်းဒါန၏၊ရသမျှစု၊မြတ်ကောင်းမှုကို၊ တခုမကြွင်း၊ ခပင်းများစွာ၊ သတ္တဝါအား၊ ပေးဝေငြားသည်၊ အများသာခု ခေါ်စေသော် ...။

## ဆွမ်း၊ ရေကပ်

အရဟံဂုဏ်တော်, သမ္မာသမ္ဗုဒ္ဓဂုဏ်တော်, ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်, သုဂတဂုဏ်တော်, လောကဝိဒူဂုဏ်တော်, အနုတ္တရော

ပုရိသဒမ္မသာရထိ ဂုဏ်တော်, သတ္ထာဒေဝ မနုဿာန ဂုဏ်တော်, ဗုဒ္ဓဂုဏ်တော်, ဘဂဝါဂုဏ်တော်,ဂုဏ်တော်ကိုးတန်၊ ဘဝဂ်လျှံမျှ၊ တက်ပျံ့ကျော်ကြား၊ သုံးဘုံသားတို့၊ အားထားမှီဘွယ်၊ ဆင်းရဲပယ်၍၊ ဆောင်ဘွယ်ချမ်းသာ၊ ကိုးကွယ်ရာ အစစ်၊ ဖြစ်ကြီး ဖြစ်တော်မူသော၊သုံးလောကထွဋ်ထား၊သဗ္ဗညုမြတ်စွာဘုရားအား၊ ငါးပါးခန္ဓာ၊ နှစ်ဖြာနာမ်,ရုပ်၊ခေတ်ပေါင်းချုပ်ဟု၊ မဟုတ်သူငါ၊ နိသတ္တာနှင့်၊ ဇီဝါကင်းပ၊ သဘာဝဟုတ်၊ အကျွန်ုပ်သည်၊ သမုဒ် တူစွာ၊ သံသရာမှ၊ မြန်စွာလွှတ်ကြောင်း၊ စိတ်သားကောင်းဖြင့်၊ နှစ်ထောင်း ဝမ်းသာ၊ သဒ္ဓါများပြား၊ ဆွမ်းများ ကပ်လှူပါ၏၊ သောက်တော်ရေ, သုံးဆောင်တော်ရေများ ကပ်လှူပါ၏-အရှင် ဘုရား....။

ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု။

မေ၊တပည့်တော်၏။ ဣဒံဒါနံ၊ဤယခုပူဇော်ရ ဆွမ်းဒါန,ရေဒါန သည်။ အာသဝက္ခယံ၊ အာသဝေါလေးဖြာ ကုန်ရာဟုဆို အရဟတ္တ ဖိုလ်သို့။ အာဝဟံ၊ ရောက်အောင်ဆက်ဆက်ရွက်ဆောင်နိုင်သည်။ ဟောတု၊ မလွဲမသွေ ဖြစ်ပါစေသတည်း။

ယခုပူဇော်ရ၊ ဆွမ်းဒါနနှင့်၊ရေဒါန၏၊ရသမျှအစု၊ ကောင်းမှုပုည်၊ အဘိုမျှကို၊ မိဘ-ဆရာ၊ ဉာတကာနှင့်၊ချစ်စွာမိတ်များ၊ကိုယ်စောင့် နတ်ကို၊ အစထား၍၊ အများသတ္တဝါ၊ ပေးဝေပါသည်၊ ညီညာ သာဓု ခေါ်စေတော်။

မြင်းခြံ ဂုဏ်တော်ဘုရားရှိခိုးပြီး၏။

# ရေစက်ချ အမျိုးမျိုး

## ပဋ္ဌင်းလောင်းသာမဏေအား လှူဒါန်းသော ပရိက္ခရာဒါန၌ ရေစက်ချရန်

**ဒါန**

ဣမေ အဋ္ဌပရိက္ခာရေ ဥပသမ္ပဒါပေက္ခဿ ဥပသမ္ပဒ ကမ္မတ္ထာယ ဒေမ။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊တပည့်တော်တို့သည်။ ဣမေ၊ အဋ္ဌ ပရိက္ခာရေ၊ ဤရဟန်းတို့၏ အသုံးအဆောင် ဖြစ်သော ရှစ်ပါး သော ပရိက္ခရာတို့ကို။ ဥပသမ္ပဒါပေက္ခဿ၊ ပဋ္ဌင်းလောင်းသာမဏေ (ရှင်သုခ)အား။ ဥပသမ္ပဒကမ္မတ္ထာယ၊ ဥပသမ္ပဒကံ ဆောင်နှင်း ရဟန်းခံရခြင်းအကျိုးငှာ။ ဒေမ၊ စေတနာမကွက် ရက်ရောကြည် ဖြူ ပေးလှူပါကုန်၏။

**ပတ္တနာ**

ဣဒံ ပရိက္ခာရဒါနံ အနာဂတေ ဟေိဘိက္ခု ဘာဝါယ ပစ္စယော ဟောတု။ (သုတ်ရှိ)

ဘန္တေ၊ အရှင်ဘုရား။ နော၊ တပည့်တော်တို့၏။ ဣဒံပရိက္ခာရ ဒါနံ၊ ဤရဟန်းတို့၏ အသုံးအဆောင် ဖြစ်သော ရှစ်ပါးသော ပရိက္ခရာအလှူသည်။ အနာဂတေ၊ နောင်ဘုရားသာသနာ အနာ ဂတ်အခါ၌။ ဟေိဘိက္ခုဘာဝါယ၊ ဘုရားမြတ်စွာ ခေါ်သော ခဏ၌ လှူအသွင် ကွယ်ပျောက်၍ ကောင်းမှုတန်ခိုးဖြင့် ပြီးသော ပရိက္ခရာရှစ်ပါး ကိုယ်တွင် ရောက်လာသော ဟေိဘိက္ခု ရဟန်း

အဖြစ်၏။ ပစ္စယော၊ အထောက်အပံ့သည်။ ဝါ၊ ရဟန်းတော်တို့ရန် အကြောင်းသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသား။

**ပတ္တိဒါန**

ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ ဣမံပုည ဘာဂံ၊ ဤပရိက္ခရာအလှူကုသိုလ်စေတနာ၏အဘို့ကို။သဗ္ဗသတ္တာနံ၊ ကြွင်းသိသမျှ အလုံးစုံသော သတ္တဝါအနန္တတို့အား။ ဒေမ၊ ပတ္တိ ဒါနညီတူရစေ အမျှဝေပါကုန်၏။

## သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်အား လှူဒါန်းသော ပရိက္ခရာဒါန၌ ရေစက်ချရန်

**ဒါန**

ဣမေ အဋ္ဌပရိက္ခာရေ(သံဃဿ) (ဂဏဿ) (အာယသ္မတော) (အာယသ္မန္တာနံ) (ဓမ္မကထိကဿ) (တိပိဋကဓရဿ) (ဒွိပိဋကဓရဿ) (ကေပိဋကဓရဿ) ဒေမ။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ ဣမေအဋ္ဌ ပရိက္ခာရေ၊ ဤရဟန်းတို့၏ အသုံးအဆောင် ဖြစ်သော ရှစ်ပါး သောပရိက္ခရာတို့ကို။ (သံဃဿ၊ ရှင်သာရိပုတြာ, ရှင်မဟာ မောဂ္ဂလာန်, အဂ္ဂသာဝကနှစ်ပါး, ရှစ်ကျိပ်သော မဟာသာဝက ကိုအစထား၍ ယနေ့ကျအောင် အစဉ်မပျက် အဆက်ဆက်ဖြင့်

တည်ရှိလာသော သာသနာတော် တခုလုံးမှာရှိသည့် အရိယာ, ပုထုဇဉ်သံဃာတော်အား)

(ဂဏာသ၊သုတ္တန်ဆောင်ဂိုဏ်းအား။ဝိနည်းဆောင်ဂိုဏ်းအား။ အဘိဓမ္မာဆောင်ဂိုဏ်းအား။ ပခုက္ကူနိကာယဂိုဏ်းအား။ သုဓမ္မာဂိုဏ်းအား။)

(အာယသ္မတော၊ အရှင်ဘုရားအား။ ကျမ်းပြု အရှင်ဋ္ဌကာဘိဝံသအား။)

(အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား။)
(ဓမ္မကထိကဿ၊ တရားဟောပုဂ္ဂိုလ်အား။)
(တိပိဋကဓရေတ္ထေရဿ၊ ပိဋကသုံးပုံဆောင် မထေရ်အား။)
(ဒွိပိဋက ဓရေတ္ထေရဿ၊ ပိဋကနှစ်ပုံဆောင် မထေရ်အား။)
(ဧကပိဋကဓရေတ္ထေရဿ၊ ပိဋကတပုံဆောင်မထေရ်အား။)
"သင့်ရာထည့်ဆို"။ ဒေမ၊ လှူဒါန်းပါကုန်၏။
[ပတ္ထနာ+ပတ္တိဒါနမှာ အတူချဲဆို။]

## သပိတ်, သင်္ကန်းအလှူ၌ ရေစက်ချရန်

ဒါန

"ဣမာနိ ပတ္တစီဝရာနိ သံဃဿ ဒေမ"။ (သံဃိက)
"ဣမာနိ ပတ္တစီဝရာနိ ဂဏဿ ဒေမ"။ (ဂဏိက)
ဣမာနိ ပတ္တစီဝရာနိ အာယသ္မတော (အာယသ္မန္တာနံ ဒေမ။(ပုဂ္ဂလိက)

ဣမာနိပတ္တစီဝရာနိ၊ဤသပိတ်, သင်္ကန်းတို့ကို။(အကြွင်းတူ၏)

**ပတ္တနာ**

ဣဒံ ပတ္တစီဝရဒါနံ အနာဂတေ ဟောဘိက္ခုဘာဝါယ ပစ္စယော ဟောတု။

ဣဒံပတ္တစီဝရဒါနံ၊ ဤသပိတ်, သင်္ကန်းအလှူသည်။ (အကြွင်းတူ၏)

**ပတ္တိဒါန**

ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။

ဣမံပုညဘာဂံ၊ ဤသပိတ်, သင်္ကန်း အလှူ ကုသိုလ်စေတနာ၏ အဘို့ကို။ (အကြွင်းတူ၏)

ယော စီဝရာဒိကေ အဋ္ဌပရိက္ခာရေ ပတ္တာစီဝရမေဝ ဝါ သောတာပန္နာဒိအရိယာသ ပုထုဇ္ဇနဿေဝ ဝါ သီလ သမ္ပန္နဿ ဒတွာ "ဣဒံ ပရိက္ခာရဒါနံ အနာဂတေ ဟော ဘိက္ခုဘာဝါယ ပစ္စယော ဟောတု" တိ ပတ္ထနံ ပဋ္ဌပေသိ၊ တဿ စ သတိ အဓိကာရသမ္ပတ္တိယံ ဗုဒ္ဓါနံ သမ္မုခီဘာဝေ ဣဒ္ဓိ မယ ပရိက္ခာရ လာဘာယ သံဝတ္တ တီတိ ဝေဒိတဗ္ဗံ။ (သုတ်မဟာဝါဋ္ဌိ) ပရိက္ခာရာရှစ်ပါး၊ သို့မဟုတ် သပိတ်, သင်္ကန်းကို ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ၊ သို့မဟုတ် သီလ ရှိသော ပုထုဇဉ်ရဟန်းကိုလှူ၍ ဟောဘိက္ခုရဟန်းအဖြစ်ကို ဆုတောင်းပါလျှင် နောင် ဘုရားသာသနာ၌ တန်ခိုးဖြင့် ပြီးသော သင်္ကန်း, သပိတ်, ပရိက္ခာရာရှိသော ဟောဘိက္ခု ရဟန်းအဖြစ်ကို ရ၏။]

## ရှင်ပြုဒါနဥ္စ ရေစက်ချရန်

**ခမ္မာနုဂ္ဂဟ, ပစ္စယာနုဂ္ဂဟ**

အရှင်ဘုရား....တပည့်တော် တို့သည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ မခန်းပေါမျှား တိုးပွား စည်ပင်ပါစေခြင်း အကျိုးငှာ ၎င်း၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးဖြင့်မပင်မပန်း ချမ်းသာသည်ဖြစ်၍ ပရိယတ်လုပ်ငန်း, ပဋိပတ်လုပ်ငန်းကို ကြိုးပမ်းနိုင်စေရန် အကျိုးငှာ၎င်း၊ သာသနာတော်ကြီး အနှစ်ငါးထောင် ကာလပတ်လုံး တည်တံ့နိုင်စေရန် အကျိုးငှာ၎င်း ( ရင်ဝယ်ပေါက်ဖွားသားကို+သားတို့ကို)ဘုရားသာသနာတော်အတွင်းသို့ ရှင်သာမဏေအဖြစ်ဖြင့် သွတ်သွင်း၍ သာသနာ့အမွေကို ခံယူပါကုန်၏။

ထိုမှတပါး နံနက်ကာလ ဘုရား အမှူး ရှိသော သံဃာတော်ကို မွန်မြတ်သော ဆွမ်း, ခဲဘွယ် ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပါကုန်၏၊ ဘိတ်ကြားထားသော ဆွေမျိုး, မိတ်ဆွေအပေါင်း သူတော်ကောင်းတို့အားလည်း မွန်မြတ်သောထမင်း, ဟင်းတို့ဖြင့်ကျွေးမွေး ညှော်ခံပါကုန်၏။ ဤသင်္ကန်း, သပိတ်, ပရိက္ခရာ လှူဘွယ်ဝတ္ထုတို့ကို ရှေးဦးစွာ ဘုရားအားလှူဒါန်းပါကုန်၏။ ထိုနောက်တဖန် တရားတော်အားလည်း လှူဒါန်းပါကုန်၏၊ ထိုနောက်တဖန် ပင့်ဘိတ်သားသော အရှင်ဘုရားတို့အားလည်း လှူဒါန်းပါကုန်၏။

**ဆုတောင်း**

ဣဒံ ပတ္တစီဝရဒါနံ အနာဂတေ ဟေဘိက္ခုဘာဝါယ
ပစ္စယော ဟောတု။ (၃)

အရှင်ဘုရား....တပည့်တော်တို့၏ဤသပိတ်,သင်္ကန်းအလှူသည် နောင်ဘုရားသာသနာ အနာဂတ်အခါ၌ "ဟေတုကဥ္စ"ဟု ဘုရားခေါ်တော်မူလျှင် လူ့အသွင်ကွယ်ပျောက်၍ ကောင်းမှုတန်ခိုးဖြင့် ပြီးသော ပရိက္ခရာရှစ်ပါး ကိုယ်ကွင်ရောက်လာသော ရဟန်းအဖြစ်ကို ရဘို့ရာ အထောက်အပံ့ဖြစ်ပါစေသား။

**ဆုတောင်း**

ဣဒံ နော ပုညံ အာသဝက္ခယာဝဟံ ဟောတု။ (၃)

အရှင်ဘုရား....တပည့်တော် တို့ ၏ ဤ သာ သ နာ တော် ကို ပစ္စယာ နုဂ္ဂဟ,ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှင့်ထောက်ပံ့ရသော ကောင်းမှုသည် အာသဝေါလေးတန် ကုန်ရာမှန်သည့် အရဟတ္တမဂ်, အရဟတ္တဖိုလ်,နိဗ္ဗာန်ကို ရအောင်ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသား။

(ဆုတောင်း ၂-တွင် ကြိုက်ရာတခုခု။ ။အာသဝက္ခယံ+ အာဝဟံ ဖြစ်။)

**အမျှဝေ**

ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။ (၃)

အရှင် ဘုရား....တပည့်တော်တို့သည် ဤ သာသနာ တော် ကို ပစ္စယာနုဂ္ဂဟ,ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှင့် ထောက်ပံ့ရသော ကုသိုလ်၏ အဘို့ကို အမိအဘ, အဘိုးအဘွား,ဆွေမျိုးသစ်, ဆွေမျိုးဟောင်း စိတ်ကောင်းမိတ်ဆွေ, အတူနေပရိသတ်, ယမမင်း, လူမင်း, ကိုယ်စောင့်နတ်, အိမ်စောင့်နတ်,ရွာစောင့်နတ်,မြို့စောင့်နတ်, နတ်မင်းကြီး လေးပါး,သိကြားမင်းကိုအမှူးထား၍ ကြားသိသမျှ အလုံးစုံသော သတ္တဝါအနန္တတို့အား ညီတူညီမျှ ပေးဝေပါကုန်၏။

---

## ရဟန်းခံဒါန ရေစက်ချ

**ဓမ္မာနုဂ္ဂဟာ**

အရှင်ဘုရား....တပည့်တော်တို့သည် သာသနာ့ဝန်ထမ်းရဟန်းတော်များ တိုးပွားစည်ပင်ပါစေခြင်း အကျိုးငှာလည်း၊ သာသနာတော်ကြီး အနှစ်ငါးထောင် ရှည်မြင့်ကြာအောင် တည်တံ့နိုင်ပါစေခြင်း အကျိုးငှာလည်း၊ သာမဏေ ( ရှင်သုခ ) ကို ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် မြင့်မြတ်သော အသက်တန်းရဟန်း အဖြစ်သို့ သွတ်သွင်းချီးမြှင့်ရာ၌ ဒါယကာပြု၍ သာသနာ့အမွေကို ခံယူမှုကို ပြုပါကုန်၏။

**ပစ္စယာနုဂ္ဂဟာ**

အရှင်ဘုရား .... တပည့်တော်တို့သည် ဤသင်္ကန်း စသော လှူဘွယ်ဝတ္ထုတို့ကို ပင့်ဖိတ်ထားသော အရှင်ရဟန်းတို့အား အသီးအသီးလှူဒါန်းပါကုန်၏။

အရှင်ဘုရား .... တရားဟော ဓမ္မကထိက အားလည်း တရားပူဇော်သော အနေအားဖြင့် သင်္ကန်းစသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းပူဇော်ပါကုန်၏။

**ဆုတောင်း**

ဣဒံ နော ပုညံ အာသဝက္ခယာဝဟံ ဟောတု။ (၃)

ဘန္တေ၊ အရှင်ဘုရား။နော၊ တပည့်တော်တို့၏။ ဣဒံပုညံ၊ ဤသာမဏေ (ရှင်သုခ) ရဟန်းပြုရာ၌ ဒါယကာအဖြစ် ခံယူရသော ကောင်းမှု၊ အရှင်ဘုရားတို့အား သင်္ကန်းစသော လှူဘွယ်ဝတ္ထုတို့ကို

ပေးလှူရသော ကောင်းမှု, တရားပူဇော်ရသော ကောင်းမှုသည်။ အာသဝက္ခယံ၊အာသဝေ ါလေးတန် ကုန်ရာမှန်သည့်အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်ကို။ အာဝဟံ၊ ရောက်အောင် ဆက်ဆက် ရွက်ဆောင်နိုင်သည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

**အမျှဝေ**

ဣမံပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။ (၃)

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ ဣမံ ပုညဘာဂံ၊ဤသာသနာတော်ကို ခမ္မာနုဂ္ဂဟ, ပစ္စယာနုဂ္ဂဟနှစ်ပါး ဖြင့် ချီးမြှင့်ထောက်ပံ့ရသော ကုသိုလ်အဘို့ကို။ သဗ္ဗသတ္တာနံ၊ အလုံးစုံသော အမိ,အဘ အဘိုး,အဘွား ဆရာ,သမား ဆွေမျိုး မိတ်ဆွေများ, ယခုရောက်ရှိသောပရိသတ်, ငရဲသေဌ်နှင်းယမမင်း, ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, မြို့စောင့်နတ်, ရွာစောင့်နတ်, သာသနာတော်စောင့်နတ်, စတုမဟာရာဇ် နတ်မင်းကြီးလေးပါး, သိကြားမင်းကိုအမှူးထား၍ ကြားသိသမျှသတ္တဝါအနန္တတို့အား။ ဒေမ၊ပတ္တိဒါန ညီတူရစေ အမျှပေးဝေပါကုန်၏။

---

## ရှင်ပြု-ရဟန်းခံဒါနၷ ရေစက်ချရန်

**ဓမ္မာနုဂ္ဂဟ**

အရှင်ဘုရား .... တပည့်တော်တို့သည် သာသနာ့ ဝန်ထမ်း ရဟန်း-သာမဏေများ တိုးပွားစည်ပင်ပါစေခြင်း အကျိုးငှာရင်း၊ ပရိယတ္တိ သာသနာ, ပဋိပတ္တိ သာသနာ, ပဋိဝေဓ သာသနာ-ဟု ဆိုအပ်သောသုံးရပ်သောသာသနာတော်ကြီး မြင့်ရှည်မြားမြောင် ငါးထောင် ကြာအောင် တည်တွန်း နိုင်စေရန် အကျိုးငှာရင်း၊

(ရင်ဝယ်ပေါက်ဖွား ချစ်လှစွာသောသားတော်ကို) ဘုရားသာသနာ တော် အတွင်းသို့ ရှင်သာမဏေ အဖြစ်ဖြင့် သွတ်သွင်း ချီးမြှင့်ပါ ကုန်၏၊ သာမဏေ (ရှင်သုခ) ကို မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်ကို ချီးမြှင့်ရာ၌ ဒါယကာအဖြစ်ကို ခံယူပါကုန်၏။

**ပစ္စယာနုဂ္ဂဟ**

အရှင်ဘုရား .... တပည့်တော်တို့သည် ဤသက်န်း, သပိတ်- ပရိက္ခရာ လှူဘွယ်ဝတ္ထုပစ္စည်းတို့ကို အသီးသီးခွဲဝေ၍ ဘုရားအား လှူဒါန်း ပါကုန်၏။ တရားတော်အားလည်း လှူဒါန်းပါကုန်၏။ ပင့်ဘိတ်ထားသောရဟန်းတော်တို့အားလည်း လှူဒါန်းပါကုန်၏။ ထိုမှတပါး နံနက်ကာလ,က ဘုရား အမှူးရှိသော သံဃာတော် အရှင်သူမြတ် တို့အား မွန်မြတ်သော ဆွမ်း, ခဲဘွယ် ဘောဇဉ် အရသာတို့ဖြင့် လှူဒါန်းလုပ်ကျွေးပါကုန်၏။ ဘိတ်ကြားထားသော လူ-ဥပါသကာ,ဥပါသိကာမတို့အားလည်း ထမင်း,မုံ့,လဘက်ရည် တို့ဖြင့် ကျွေးမွေးဧည့်ခံပါကုန်၏။

**ပတ္ထနာ**

ဣဒံ နော ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

ဘန္တေ၊ အရှင်ဘုရား။ နော၊ တပည့်တော်တို့၏။ ဣဒံ ပုညံ၊ သာသနာတော်ကို ဓမ္မာနုဂ္ဂဟ, ပစ္စယာနုဂ္ဂဟ နှစ်ပါးဖြင့် ချီးမြှင့် ထောက်ပံ့ရသော ဤကောင်းမှုသည်။ နိဗ္ဗာနဿ၊ ဘဝလက်စ သတ်၍ ရုပ်,နာမ်နှစ်ရပ် အပြီးသတ်ချုပ်ငြိမ်း အေးမြသောနိဗ္ဗာန် ၏။ ပစ္စယော၊ ရဘို့-ရောက်ဘို့ရန် အထောက်အပံ့သည်။ ဟောတု၊ မလွဲမသွေ ဖြစ်ပါစေသား။

**ပတ္တိဒါန**

ဣမဿ ပုညဿ ပတ္တိံ သဗ္ဗသတ္တာနံ ဒေမ။

**ဘန္တေ**၊ အရှင်ဘုရား။ မယံ၊ တပည့်တော် တို့သည်။ ဣမဿ ပုညဿ၊ သာသနာတော်ကို ဓမ္မာနုဂ္ဂဟ,ပစ္စယာနုဂ္ဂဟ နှစ်ပါးဖြင့် ချီးမြှင့် ထောက်ပံ့ ရသော ဤကောင်းမှု၏။ ပတ္တိံ၊ **အဘို့ကို။** **သဗ္ဗသတ္တာနံ**၊ အမိ-အဘ, ဆရာသမား, အဘိုး-အဘွား, ဆွေမျိုး မိတ်ဆွေ, အတူနေပရိသတ်, ယမမင်း, လူမင်း, ကိုယ်စောင့်နတ်, အိမ်စောင့်နတ်,ရပ်ကွက်စောင့်နတ်, မြို့စောင့်နတ်, ရွာစောင့်နတ်, သာသနာတော်စောင့်နတ်, စတုမဟာရာဇ်နတ်မင်းကြီး လေးပါး, သိကြားမင်းကို အမှူး ထား၍ ကြားသိသမျှ အလုံး စုံသော သတ္တဝါအနန္တတို့**အား**။ ဒေမ၊ ပတ္တိဒါန ညီကူရစေ အမျှပေးဝေ ပါကုန်၏။

**ပတ္တာနုမောဒနာ**

သာဓု, သာဓု, သာဓု။

---

## အန္တရာယ်ကင်းဒါန၌ ရေစက်ချရန်

**ရည်ရွယ်ချက်နှင့် ပရိတ်တရားနာ**

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ **အန္တရာယ** ဝိဃာတနတ္ထာယ၊ ကိုယ်တွင်း-ကိုယ်ပ နှစ်ဌာန၌ ကျရောက်တတ် **သော** ကိုးဆယ့်ခြောက်သွယ် အနာရောဂါ အန္တရာယ်, ခဲ-ဒုတ်-ဓား-လှံ-သေနတ်စသော လက်နက်အန္တရာယ်,**စား**ဘွယ်-ခဲဘွယ်-

သောက်ဘွယ်-လျက်ဘွယ် ရှားပါး ငတ်မွတ်ခြင်း အန္တရာယ်, ရေ အန္တရာယ်, မီးအန္တရာယ်, မင်းအန္တရာယ်, သူခိုး-ခားပြ အန္တရာယ်, မုန်းထားရန်ငြိုး အမွေခံဆိုးအန္တရာယ်, စုန်းကဝေ, တစ္ဆေ, မြေဘုတ် သူရဲ-သူဘက် နတ်ပျက်မိစ္ဆာ အဖြာဖြာအသွယ်သွယ် အနန္တရာယ် ဘေးကို အမှန်တကယ် ပယ်သတ်နိုင်ရန် အကျိုးငှာဝင်း။ သဗ္ဗမင်္ဂလ ဝစုနတ္ထာယ၊ အလုံးစုံသော ကောင်းကျိုးချမ်းသာ ကြက်သရေ မင်္ဂလာတို့ တနေ့ တခြား တိုးပွားပါစေခြင်း အကျိုးငှာဝင်း။ ဘိက္ခူ၊ ဘုရားသားကျော် ရဟန်းတော် တို့ကို။ နိမန္တေတွာ၊ ပင့်ဘိတ်၍။ ဘိက္ခူဟိ၊ ဘုရားသားကျော် ရဟန်းတော်တို့သည်။ ဘဏိတံ၊ ရွတ်ဖတ် ဟောကြားတော် မူအပ်သော။ ပရိတ္တခမ္မံ၊ အန္တရာယ်ကင်းမြောင်း ကောင်းကျိုးချမ်းသာ မင်္ဂလာ တိုးပွား ကြောင်း ပရိတ်တရားတော်ကောင်းကို။ သက္ကစ္စံ၊ ကံ၏အကျိုး ပရိတ်တရားတော်၏တန်ခိုးကို ယုံကြည်တည်ကြည် မပျံ့လွင့်သော စိတ်ထားဖြင့် ရိုသေလေးစားစွာ။ သုဏောမ၊ နာကြားပါကုန်၏။

## သီလဆောက်တည်၍ ပေးလှူခြင်း

အဟံ၊ ထိုမှတပါး။ သရဏာနိစ၊ သရဏဂုံ တို့ကိုဝင်း။ ပဥ္စ သီလာနိစ၊ တို့ကိုဝင်း။ သမာဒိယာမ၊ ခံယူပါကုန်၏။ သီလေ၊ သရဏဂုံနှင့် တကွသော ငါးပါးသီလ၌။ ဌတွာ၊ တည်ပြီး၍။ ဣမာနိ ဒေယျဓမ္မာနိ၊ ဤလှူဘွယ်ပစ္စည်းတို့ကို။ ဘိက္ခူနံ၊ ပရိတ် တရား ရွတ်ဖတ်ဟောကြားသော ရဟန်းတော်တို့အား။ ဒေမ၊ လှူဒါန်းပါကုန်၏။

**ဆုတောင်းခြင်း**

ဘန္တေ၊ အရှင်ဘုရား။ ဣမိနာပုညဗလေန၊ ဤပရိတ်တရားနာကြားမှု, သရဏဂုံနှင့်တကွသော ငါးပါးသီလဆောက်တည်မှု, ပရိတ်ရွတ်သောရဟန်းတို့အား ပစ္စည်းဝတ္တုလှူဒါန်းမှု ကုသိုလ်စု၏ အစွမ်းအားကြောင့်။ အမှာကံ၊ တပည့်တော်တို့၏။ ကာယေဝါ၊ ကိုယ်၌၎င်း။ ဃရေဝါ၊ အိမ်၌၎င်း။ ပဒေသေဝါ၊ ရပ်ကွက်၌၎င်း။ ဂါမေဝါ၊ ရွာ၌၎င်း။ နဂရေဝါ၊ မြို့၌၎င်း။ သဗ္ဗန္တရာယာနိ၊ အလုံးစုံသော အနာရောဂါ အန္တရာယ်, လက်နက် အန္တရာယ်, ငတ်မွတ်ခြင်းအန္တရာယ်, ရေ-မီး-မင်း-ခိုးသူ, မုန်းထားရန်ငြိုးသူ, စုန်း,ကဝေ,တစ္ဆေ,မြေဘုတ်,သူရဲသူဘက်,နတ်ပျက်မိစ္ဆာအန္တရာယ် ဟူသမျှတို့သည်။ ဝိနဿန္တု၊ ရှိပြီးအန္တရာယ် ကင်းပျောက်ကွယ်၍ လာဘွယ်ရှိငြား အန္တရာယ်များလည်း လျင်လျား ပယ်ဖျောက် မရောက်,မလာ ပျောက်ပျက် ပါစေ သတည်း။ သဗ္ဗမင်္ဂလာနိ၊ အလုံးစုံသော ကောင်းကျိုးချမ်းသာ ကြက်သရေမင်္ဂလာတို့သည်။ ဝဍ္ဎန္တု၊ တနေ့တခြား တိုးပွားပါစေကုန်သတည်း။ အန္တိမဘဝေ၊ ၌။ မယံ၊ တပည့်တော်တို့သည်။ နိဗ္ဗာနံ၊ အန္တရာယ် ကင်းသော နိဗ္ဗာန်ကို။ လဘေယျာမ၊ ရရပါလိုကုန်၏။

**အမျှဝေခြင်း**

ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။

ဘန္တေ၊ ဘုရား၊ မယံ၊တို့သည်။ ဣမံပုညဘာဂံ၊ ဤယခု ပြုရသော ဒါန, သီလ, ဘာဝနာ ကုသိုလ်၏အဘို့ကို။ သဗ္ဗသတ္တာနံ၊ တို့အား။ ဒေမ၊ ကုန်၏။

---

## ဝါဆိုသင်္ကန်းအလှူ၌ ရေစက်ချရန်

**ဓါန**

ဝဿာဝါသိကံ ဒေမ။ (၃) (အဋ္ဌကထာ)

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော် တို့သည်။ ဝဿာဝါသိကံ၊ ဝါဆိုသင်္ကန်းကို။ ဒေမ၊ လှူဒါန်းပါကုန်၏။

**ပတ္တနာ**

ဣဒံ နော စီဝရဒါနံ အနာဂတေ ဟေတိဘိက္ခု ဘာဝါယ ပစ္စယော ဟောတု။ (၃)

ဘန္တေ၊ အရှင်ဘုရား။ နော၊ တပည့်တော်တို့၏။ ဣဒံ စီဝရဒါနံ၊ ဤ ဝါဆိုသင်္ကန်း အလှူသည်။ အနာဂတေ၊ နောင်သော အခါ ဘုရားသာသနာ၌။ ဟေတိဘိက္ခု ဘာဝါယ၊ ဟေတိဘိက္ခု ရဟန်း အဖြစ်၏။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသား။

**ပတ္တိဒါန**

ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ ဣမံ ပုညဘာဂံ၊ ဤဝါဆိုသင်္ကန်းအလှူ ကုသိုလ်၏ အဘို့ကို။ သဗ္ဗသတ္တာနံ၊ အလုံးစုံသော ကြားသိသမျှ သတ္တဝါအနန္တတို့အား။ ဒေမ၊ ညီတူ ညီမျှ ပေးဝေပါကုန်၏။

## ကထိန်သင်္ကန်း အလှူခံရေစက်ချရန်

**ဒါန**

ကထိနစီဝရံ ဒေမ။(၃) (အဋ္ဌကကာ)

ဘန္တေ၊အရှင်ဘုရား။မယံ၊ တပည့်တော်တို့သည်။ ကထိနစီဝရံ၊ ကထိန်သင်္ကန်းကို။ ဒေမ၊ လှူဒါန်းပါကုန်၏။

**ပတ္ထနာ**

ဣဒံ နော စီဝရဒါနံ အနာဂတေ ဟေတုဘိက္ခုဘာဝါယ
ပစ္စယော ဟောတု။ (၃)

ဘန္တေ၊အရှင်ဘုရား။ နော၊ တပည့်တော်တို့၏။ ဣဒံစီဝရဒါနံ၊ ဤကထိန်သင်္ကန်းအလှူသည်။ အနာဂတေ၊ အနာဂတ်ဖြစ်သော ဘုရားအထံ၌။ ဟေတုဘိက္ခုဘာဝါယ၊ ဟေတုဘိက္ခု ရဟန်းအဖြစ်၏။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသား။

**ပတ္တိဒါန**

ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ ဣမံပုညဘာဂံ၊ ဤကထိန်သင်္ကန်းအလှူ ကုသိုလ်၏အဘို့ကို။ သဗ္ဗသတ္တာနံ၊ ကြားသိသမျှ အလုံးစုံသော သတ္တဝါအနန္တတို့အား။ ဒေမ၊ ညီတူ ညီမျှ ပေးဝေပါကုန်၏။

### ဝါဆိုသင်္ကန်းအလှူခံ

ဣမံ ဝဿာဝါသိကစီဝရံ သံဃဿ ဒေမ။ (၃)

ဤ ဝါဆိုသင်္ကန်းကို သံဃာတော်အား ပေးလှူ ပါကုန်၏— ဟုရင်း။

## ကထိန် သင်္ကန်းအလှူ၌

အခြံအရံမပါသော သင်းပိုင်, ကိုယ်ဝတ်, ဒုကုဋ် တထည် ထည်ကို....

ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊ ဣမိနာ စီဝရေန ကထိနံ အတ္ထရထ။ (၃)

ဘန္တေ၊ဘုရား။မယံ၊တို့သည်။ဣမံ ကထိနစီဝရံ၊ဤကထိန်လျှာ သင်္ကန်းကို။ သံဃဿ၊ သံဃာတော်အား။ ဒေမ၊ လှူဒါန်းပါကုန် ၏။ ဣမိနာစီဝရေန၊ ဤကထိန်လျှာသင်္ကန်းဖြင့်။ တုမှေ၊ အရှင် ဘုရားတို့သည်။ ကထိနံ၊ ကထိန်ကို။ အတ္ထရထ၊ ခင်းတော် မူကြ ပါကုန်။

အခြံအရံပါသော သင်းပိုင်, ကိုယ်ဝတ်, ဒုကုဋ် တထည် ထည်ကို....

သပရိဝါရံ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊ ဣမိနာ စီဝရေန ကထိနံ အတ္ထရထ။ (၃)

သပရိဝါရံ၊ အခြံအရံပစ္စည်းနှင့် တကွသော။ (အကြွင်းတူ) ဤကဲ့သို့ အပြည့်အစုံချနိုင်သည်။

## ကထိန်ဟူက သံဃိက

(မှတ်ချက်)

[အချို့-ဥတ်သင်္ကန်း သံဃိက၊ အခြံ အရံ ပစ္စည်း ပုဂ္ဂလိက ချကြသည်၊ အချို့ကား-အခြံအရံ ပစ္စည်းရော ဥတ်သင်္ကန်းပါ သံဃိကချသည်၊ ဥတ်သင်္ကန်း ကိုကား

အခါခပ်သိမ်း သံဃိကရေစက် ချရမည်ကို သတိပြုပါ၊ အခြံအရံပစ္စည်း များကား သံဃိကပဓာန ,ပုဂ္ဂလိက အပ ဓာနဖြစ်သည်၊ သို့သော်လည်း "ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ" ဒါယကာလှူသလို အလှူခံရမြဲဖြစ်၍ အခြားကျောင်းတိုက် ဝါကျွတ်သော ဒါယကာ ပင့်လာ သော ဘုန်းတော်ကြီးများလည်း ဒါယကာသီးသန့်ခွဲဝေ လှူဒါန်းသော လာဘ်ကို အလှူခံနိုင်ပါသည်၊ ၎င်းဘုန်း တော်ကြီးများ လှူဒါန်းရန် ဝတ္ထုပစ္စည်းများကို သံဃိက ရေစက်ချရန်မလို။

ဝါဆိုသင်္ကန်း,ကထိန်သင်္ကန်းများသည် ကာလသင်္ကန်း များဖြစ်၍ ဝါဆိုခေတ်တူ ကျောင်းတိုက်ရှိ ရဟန်း, ရှင် သာမဏေ အားလုံးပင် ညီတူဝေဘန်ရမည်၊ အချို့ဒေသ၌ ရှင်သာမဏေ များကို ရဟန်းများ၏ ထက်ဝက် ဝေဘန် ကြသည်၊ မသင့်ပါချေ၊ အကျယ်ကို ဓမ္မကထိကဂုဏ်ရည် ရေစက်ချကျမ်းစာတွင် ရှုပါ။]

---

## "မသာ"ကွယ်လွန်သူကို ရည်ညွှန်းသော ဒါနဦး ရေစက် ချရန်

**မရဏာသတိ ဘာဝနာ**

ဘန္တေ၊ အရှင်ဘုရား။ အမှာကာ၊ တပည့်တော်တို့အား။ မရဏံ၊ နိဗ္ဗာန်မရသေးသမျှ ဖြစ်သမျှခန္ဓာ ချုပ်ကာပျက်ကြွေ သေရခြင်း သည်။ဘဝိဿတိ၊ဖြစ်ပါလတ္တံ့။ဇီဝိတံ၊ရုပ်,နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ

သည်။ ဥပရုဇ္ဈတိ၊ပစ္စုပ္ပန်ဘဝ အဆုံးကျရောက် ချုပ်ပျောက်၏။ မရဏံမရဏံ၊ အနမတဂ် သံသာစက်မှ ဖြစ်ပျက်ဖန်ခါ ဘဝတိုင်း သာ သေခဲ့လှရလေပြီ, သေခဲ့ရလှလေပြီ။ ဣတိ၊ ဤသို့။ မယှံ၊ တပည့်တော် တို့သည်။ မရဏာဿတိ ၊ အနာဂတ်ကာလ, ပစ္စုပ္ပန် ကာလ, အတိတ်ကာလဟူသော ကာလသုံးပါး၌ သေခြင်းတရား ကို အောက်မေ့ခြင်း မရဏာဿတိ ဘာဝနာကို။ဘာဝေမ၊ပွားများ ကြပါကုန်၏။

## သီလ

အထ၊ထို့မှတပါး။သရဏာဂမနံ၊ ဘုရား,တရား,သံဃာ ရတနာ သုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းကို။ ကရောမ၊ ပြုပါ ကုန်၏။ ပဥ္စသီလံ၊ ငါးပါးသီလကို။ သမာဒိယာမ၊ ကောင်းစွာ ခံယူဆောက်တည်ပါကုန်၏။

## ဒါန

သီလေ၊ သရဏဂုံနှင့်တကွသော ငါးပါးသီလ၌။ ဌတွာ၊တည် ပြီး၍၊ (*ကာလကတော၊ သေလွန်လေပြီးသော။ ဥပါသကဿ၊ ဒါယကာ ဦးသိန်းမောင်၏။) သုခါယစ၊ ရောက်ရာ ဘုံဘဝ၌ ချမ်းသာသုခ ရစေရန်အလို့ငှာလည်း။ အမှာကံ တပည့်တော်တို့၏။ သုခါယစ၊ မသေရာမှန် နိဗ္ဗာန် ချမ်းသာကို ရရန်အလို့ငှာလည်း။ (ဣမာနိ အကပ္ပိယဝတ္ထူနိ၊ဤအကပ္ပိယဝတ္ထုတို့ကို။)အာယသ္မန္တာ နံ၊ အရှင်ဘုရားတို့၏။ စတုပစ္စယတ္ထာယ၊ ဆွမ်း,သင်္ကန်း,ကျောင်း, ဆေး ပစ္စည်းလေးပါး အကျိုးငှာ။ ကပ္ပိယကာရကေ၊ ကျောင်း သား ကပ္ပိယတို့ကို။ နိယျာတေတွာ၊ အပ်နှင်း၍။ ဒေမ၊လှူဒါန်း

ပါကုန်၏။တုမ္ဗေ၊အရှင်ဘုရားတို့သည်။ ဣစ္ဆိတံ၊အလိုရှိအပ်သော။ ပစ္စယံ၊ပစ္စည်းကို။ ပရိဘုဥ္ဇထ၊ သုံးဆောင်တော်မူကြပါကုန်။

**ပတ္တနာ**

ဣဒံ နော ဒါနံ အမတာယ ပစ္စယော ဟောတု။

ဘန္တေ၊အရှင်ဘုရား။နော၊ တပည့်တော်တို့၏။ ဣဒံဒါနံ၊ ဤဆွမ်း,သင်္ကန်း, ကျောင်း,ဆေး ပစ္စည်းလေးပါး အလှူသည်။ အမတာယ၊ မသေရာမှန် မြတ်နိဗ္ဗာန်၏။ ပစ္စယော၊ အထောက်အပံ့သည်။ ဝါ၊ရဘို့,ရောက်ဘို့ရန် အကြောင်းသည်။ဟောတု၊ ဖြစ်ပါစေသား။

**ပတ္တိဒါန**

ဘန္တေ၊ အရှင်ဘုရား။ အမှေဟိ၊တပည့်တော်တို့သည်။ ဒါနေ၊ အရှင်ဘုရားတို့အား ပစ္စည်းလေးပါးကို ပေးလှူရာ၌။ ယံပုညံ ဝါ၊ အကြင်ပုဗ္ဗစေတနာ,မုဥ္စစေတနာကိုရင်း။ ယံပုညမဟိဝါ၊ အကြင်အပရစေတနာကိုရင်း။ လဒ္ဓံ၊ ရအပ်ပါပြီ။ တံပုညံဝါ၊ ထိုပုဗ္ဗစေတနာ, မုဥ္စစေတနာ သည်ရင်း။ တံပုညမဟိဝါ၊ ထိုအပရစေတနာသည်ရင်း။ ( *ကာလကတာယ၊ သေလွန်လေပြီးသော။ ဥပါသကာယ၊ ဒါယကာဦးသိန်းမောင်အား။)ပါပုဏာတု၊ရောက်ပါစေသတည်း။ (*ကာလကတော၊သေလွန်လေပြီးသော။ ဥပါသကော။ ဒါယကာ ဦးသိန်းမောင်သည်။) ဣမဿဒါနဿ၊ ဤပစ္စည်း လေးပါး အလှူ၏။ ပတ္တိံ၊ ရရှိ,ရောက်ရှိသော ကုသိုလ်၏အဘို့ကို။ အနုမောဒိတွာ၊ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ပြီး၍။ ဣဒံဒါနဖလံ၊ဤပစ္စည်းလေးပါးအလှူ၏အကျိုး

ကို အနုဘဝတု၊သုံးဆောင်းခံစားရပါစေသတည်း။သုခီ၊ကိုယ်ရော စိတ်ပါချမ်းသာခြင်းရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ သဗ္ဗ သတ္တာနုဥ၊ ကြွားသိသမျှ သတ္တဝါ-အနန္တတို့အားလည်း။ ဒေမ၊ ပတ္တိဒါနညီတူရစေ အမျှဝေပါကုန်၏။

**ပတ္တာနုမောဒနာ**

သာဓု, သာဓု, သာဓု။

မှတ်ချက်။ ။ [လက်သည်းကွင်း နေရာများ၌ သင့်ရာပြောင်းလဲရန် ပထမခရေပွင့်ပြနေရာတွင် မိန်းမဖြစ်လျှင် (ကာလကတာယ၊ သေလွန်လေပြီးသော။ ဥပါသိကာယ၊ ဒါယိကာမ ဒေါ်လှကြင်၏။)

ဒုတိယခရေပွင့်ပြ နေရာတွင် (ကာလကတာယ၊ သေလွန်လေပြီးသော။ ဥပါသိကာယ၊ ဒါယိကာမ ဒေါ်လှကြင်အား။)

တတိယ ခရေပွင့်ပြနေရာတွင် (ကာလကတာ၊သေလွန်လေပြီးသော။ ဥပါသိကာ၊ ဒါယိကာမ ဒေါ်လှကြင်သည်။) သင့်ရာနာမည်ကိုဆိုပါ။

သူငယ်ဖြစ်လျှင်-ကာလကတဿ၊ သော။ ဒါရကဿ၊ သူငယ်၏+အား။ကာလကတော၊သော။ဒါရကော၊သူငယ်သည်။

သူငယ်မ ဖြစ်လျှင် - ကာလကတာယ၊ သော။ ဒါရိကာယ၊ သူငယ်မ၏+အား။ကာလကတာ၊သော။ ဒါရိကာ၊သူငယ်မသည်။

ပုတ္တဿ၊ သား၏+သားအား။ပုတ္တော၊သားသည်။
ဓီတာယ၊သမီး၏+သမီးအား။ဓီတာ၊သမီးသည်။
ပိတုဿ၊အဖ၏+အဖအား။ပိတာ၊အဖသည်။
မာတုဿ၊အမိ၏+အမိအား။မာတာ၊အမိသည်။]

## ဆွမ်းစဉ် ကွယ်လွန်သူ ဆွေမျိုးပြိတ္တာများကို ရည်ညွှန်းသောဒါန၌ ရေစက်ချရန်

**ဝိပဿနာကမ္မဋ္ဌာန်း**

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ သဗ္ဗေ၊ ခပ်သိမ်းကုန်းခြုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ရုပ်သင်္ခါရ, နာမ် သင်္ခါရ, ရုပ်,နာမ် သင်္ခါရတို့သည်။ ခယဋ္ဌေန၊ ကုန်ခန်းပျက်စီး တတ်သော အနက်သဘောသတ္တိကြောင့်။အနိစ္စာ၊ အမြဲမရှိသော အနိစ္စတရားတို့ပါတကား။ ဘယဋ္ဌေန၊ ကြောက်ဖွယ်တုံဟေး ဘေး ဟူသော အနက်သဘောသတ္တိကြောင့်။ ဒုက္ခာ၊ ဆင်းရဲသော ဒုက္ခ တရားတို့ ပါတကား။ အသာရကဋ္ဌေန၊ အတ္တဟု ဆိုအပ်သော အနှစ်သာရ၏ မရှိခြင်းကြောင့်။အနတ္တာ၊အလိုသို့မလိုက် အကြိုက် သို့မကျ အစိုးမရသော အနတ္တတရားတို့ပါတကား။ ဣတိ၊ဤသို့။ ဝိပဿနာကမ္မဋ္ဌာနံ၊ ဝိပဿနာကမ္မဋ္ဌာန်းကို။ ဘာဝေမ၊ ပွားများ ပါကုန်၏။

**ဒါန**

အထ၊ ထိုမှတပါး။ သီလေ၊ သရဏဂုံနှင့်တကွသော ငါးပါး သီလ၌။ဌတွာ၊တည်ပြီး၍။ဉာတိပေတာနံ၊အစမထင်သော သံသရာ

ဘဝမှစ၍ ယနေ့ကျအောင်ဆွေမျိုးတော်စပ်ခဲ့ပြီးပြိတ္တာဘုံဘဝသို့ လားရောက်၍ နေကြကုန်သော ဆွေမျိုးပြိတ္တာတို့၏။ သုခါယစ၊ ထမင်းအစာ, အဝတ်တန်ဆာ,နေရာဗိမာန်,ရေ,ဉယျာဉ် များဖြင့် သောင်းပြောင်း ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ ချမ်းသာခြင်း စသော ချမ်းသာ အပေါင်းကို ရပါစေခြင်း အကျိုး ငှာငှင်း။ အမှာကာံ၊ တပည့်တော် တို့၏။ နိဗ္ဗာနသာ၊ ရုပ်, နာမ် ချုပ်ငြိမ်း ဝဋ္ဋဇာတ်သိမ်း၍ ငြိမ်းအေးခြင်းမျှ နိဗ္ဗာနကို။ လဘနတ္ထာယစ၊ ရပါစေခြင်း အကျိုးငှာငှင်း။ ပဌမံ၊ ရှေးဦးစွာ။ ဗုဒ္ဓံသာ၊ သဗ္ဗညု ဘုရားအား။ ဥဒ္ဒိဿ၊ ရည်စူး၍။ ပဏီတာနိ၊ မွန်မြတ် ကုန်သော။ ပိဏ္ဍပါတခါဒနီယ ဘောဇနီယ ဒေယျဓမ္မာနိ၊ ဆွမ်း, ခဲဘွယ်, ဘောဇဉ်, လှူဘွယ်ဝတ္ထု အစုစုတို့ကို။ ဒေမ၊ လှူဒါန်းပါကုန်၏။ (သုခဏ္ဍပဋလံ၊ ရွှေဆိုင်းကို။ ကဟာပဏာနိ၊ အသပြာငွေတို့ကို။ ပါရာထည့်ဆို) သုဝဏ္ဏစိဝရတ္ထာယ၊ ရွှေသင်္ကန်းအကျိုးငှာ။စေတိယဿ၊စေတီတော်မြတ်အား၊ ဒေမ၊ လှူဒါန်းပါကုန်၏။

အထ၊ ထိုမှတပါး။ နိမန္တိတာနံ၊ ပင့်ဘိတ် အပ်ကုန်သော။ အာယသ္မန္တာနံ၊အရှင်ကောင်းအရှင်မြတ်တို့အား။ဣမာနိပိဏ္ဍပါတ ခါဒနီယ ဘောဇနီယ ဒေယျဓမ္မာနိ၊ ဤဆွမ်း, ခဲဘွယ်, ဘောဇဉ်, လှူဘွယ်ဝတ္ထု အစုစုတို့ကို။ ဒေမ၊ လှူဒါန်းပါကုန်၏။ အထ၊ထိုမှ တပါး။ ဓမ္မဿပိ၊ တရားတော်အားလည်း။ ယထာဥဒ္ဒိဋ္ဌံ၊ ရည်ရွယ် ထားသည့် အတိုင်း။ ဒေယျဓမ္မာနိ၊ လှူဘွယ်ဝတ္ထု အစုစု တို့ကို။ ဒေမ၊ လှူဒါန်းပါကုန်၏။

**ပတ္တနာ**

ဣဒံ မေ ဒါနံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်တို့၏။ဣဒံဒါနံ၊ ဤဆွမ်း ပြိတ္တာတို့ကို ရည်စူး၍ ကြည်နူးသောသဒ္ဓါဖြင့် ပေးလှူအပ်သော ဤဒါနသည်။ နိဗ္ဗာနဿ၊ ရုပ်၊နာမ် သင်္ခါရချုပ်ငြိမ်းအေးမြသော နိဗ္ဗာန်၏။ပစ္စယော၊ အထောက်အပံ့သည်။ဟောတု၊ မုချမသွေ ဖြစ်ပါစေသား။

**ပတ္တိဒါန**

ဣဒံဒါနံ၊ဤအလှူသည်။ပေတ္တိဝိသယေ၊ပြိတ္တာဘုံ၌။ဥပပန္နာနံ၊ ဖြစ်ကုန်သော။ ဉာတကာနံ၊ ဆွေမျိုးဟောင်း ပြိတ္တာ တို့အား။ ဟောတု ဖြစ်ပါစေသတည်း။ ပေတ္တိဝိသယူပပန္နာ၊ ပြိတ္တာဘုံ၌ဖြစ်ကုန်သော။ ဉာတယော၊ဆွေမျိုးဟောင်းပြိတ္တာတို့သည်။ ဣဒံဒါနံ၊ ဤဒါနကို။ ပစ္စနုဘဝန္တာ၊ သုံးဆောင်ခံစားကြကုန်လျက်။ သုခိတာ၊ ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ဖြစ်ကြစေကုန်သတည်း။သဗ္ဗသတ္တာနဉ္စ၊ ယမမင်း,လူမင်း,ကိုယ်စောင့်နတ် အိမ်စောင့်နတ်,ရပ်ကွက်စောင့်နတ်,ဘုမ္မစိုး, ရုက္ခစိုး, နတ်မင်းကြီးလေးပါး, သိကြားမင်းကို အမှူးထား၍ အလုံးစုံသော သတ္တဝါတို့အားလည်း။ ဒေမ၊ ပတ္တိ ဒါန ညီတူရစေ အမျှ ပေးဝေပါကုန်၏။

**ပတ္တာနုမောဒနာ**

သာဓု, သာဓု, သာဓု။

## လိုရာဒါနဥ္စ ထည့်သွင်း ရေစက်ချရန်

* ဣမံ (ဒေယျဓမ္မံ) အာယသ္မတော၊ တုမှာကံ၊ ဂဏဿ၊ သံဃဿ ဒေမ။

(*တခု-ကေဝုစ်။ *နှစ်ခုမှစ၍ အများဗဟုဝုစ်။)

(၁) ဣမံ အန္တရဝါသကံ၊ ဤသင်းပိုင်ကို။
ဣမေအန္တရဝါသကေ၊ တို့ကို။
(၂) ဣမံဥတ္တရာသင်္ဂံ၊ ဤကိုယ်ဝတ်ကေသီကို။
ဣမေဥတ္တရာသင်္ဂေ၊ တို့ကို။
(၃) ဣမံ သံဃာဋိံ၊ ဤဒုကုဋ်"နှစ်ထပ်သင်္ကန်းကြီး"ကို။
ဣမာ သံဃာဋိယော၊ တို့ကို။
(၄) ဣမံ သန္တရုတ္တရံ၊ ဤသင်းပိုင်,ကေသီ,သင်္ကန်းတစုံကို။
ဣမာနိ သန္တရုတ္တရာနိ၊ တို့ကို။
(၅) ဣမံ တိစီဝရံ၊ ဤတိစီဝရိက်သင်္ကန်းသုံးထည်ကို။
ဣမာနိ တိစီဝရာနိ၊ တို့ကို။
(၆) ဣမံ စီဝရံ၊ ဤသင်္ကန်းကို။
ဣမာနိ စီဝရာနိ၊ တို့ကို။
(၇) ဣမံပတ္တံ၊ ဤသပိတ်ကို။
ဣမာနိ ပတ္တာနိ၊ တို့ကို။
(၈) ဣမံဝါသိံ၊ ဤသင်ဓုန်းဓားကို။
ဣမာဝါသိယော၊ တို့ကို။
(၉) ဣမံ သူစိံ၊ ဤအပ်ကို။
ဣမာသူစိယော၊ တို့ကို။

(၁၀) ဣမံ ကာယဗန္ဓနံ၊ ဤခါးပန်းကြိုးကို။
ဣမာနိကာယဗန္ဓနာနိ၊တို့ကို။
(၁၁) ဣမံပရိဿာဝနံ၊ ဤရေစစ်ကို။
ဣမာနိပရိဿာဝနာနိ၊ တို့ကို။
(၁၂) ဣမံ မုခပုဉ္ဆနစောဠံ၊ ဤမျက်နှာသုတ်တဘက်ကို။
ဣမေမုခပုဉ္ဆနစောဠေ၊တို့ကို။
(၁၃) ဣမံ ဟတ္ထပုဉ္ဆနစောဠံ၊ ဤလက်သုတ်ပုဝါကို။
ဣမေဟတ္ထပုဉ္ဆနစောဠေ၊ တို့ကို။
(၁၄) ဣမံပစ္စတ္ထရဏံ၊ ဤအပေါ်လွှမ်းအိပ်ရာခင်းကို။
ဣမာနိပစ္စတ္ထရဏာနိ၊ တို့ကို။
(၁၅) ဣမံ နိသီဒနံ၊ ဤနိသီဒိုင်နေကထိုင်ကို။
ဣမာနိ နိသီဒနာနိ၊ တို့ကို။
(၁၆) ဣမံ ပရိက္ခာရစောဠံ၊ ဤပရိက္ခရာအဝတ်ကို။
ဣမေပရိက္ခာရစောဠေ၊ တို့ကို။
(၁၇) ဣမံ ဥဏ္ဏာမယတ္ထရဏံ၊ဤသားမွေးအခင်းကို။
ဣမာနိ ဥဏ္ဏာမယတ္ထရဏာနိ၊ တို့ကို။
(၁၈) ဣမံ ကမ္ဗလံ၊ဤသက္ကလပ် စောင်,သက်န်းကို။
ဣမာနိကမ္ဗလာနိ၊ တို့ကို။
(၁၉) ဣမံ ကောသေယျစီဝရံ၊ ဤပိုးချည်သက်န်းကို။
ဣမံနိကောသေယျစီဝရာနိ၊တို့ကို။
(၂၀) ဣမံ ကောဇဝံ၊ ဤကော်ဇောကို။
ဣမေ ကောဇဝေ၊ တို့ကို။

(၂၁) ဣလ္လမံ ကပ္ပါသိကဝတ္ထံ၊ ဤဝွမ်းစောင်ကို။
ဣလ္လမာနိ ကပ္ပါသိကဝတ္ထာနိ၊ တို့ကို။

(၂၂) ဣလ္လမံ ဗိမ္ဗောဟနံ၊ ဤခေါင်းအုံးကို။
ဣလ္လမာနိဗိမ္ဗောဟနာနိ၊ တို့ကို။

(၂၃) ဣလ္လမံ မကာသကုဋ္ဌိံ၊ ဤခြင်ထောင်ကို။
ဣလ္လမာ မကာသကုဋ္ဌိယော၊ တို့ကို။

(၂၄) ဣလ္လမံ တိရောကရဏိံ၊ ဤကန့်လန့်ကာကို။
ဣလ္လမာ တိရောကရဏိယော၊ တို့ကို။

(၂၅) ဣလ္လမံ ဝတ္ထံ၊ ဤအဝတ်အထည်ကို။
ဣလ္လမာနိ ဝတ္ထာနိ၊ တို့ကို။

(၂၆) ဣလ္လမံ အတ္ထရဏံ၊ ဤအခင်းကို။
ဣလ္လမာနိ အတ္ထရဏာနိ၊ တို့ကို။

(၂၇) ဣလ္လမံ မဉ္စံ၊ ဤညောင်စောင်းခုတင်ကို။
ဣလ္လမေ မဉ္စေ၊ တို့ကို။

(၂၈) ဣလ္လမံ ပီဌံ၊ ဤ အင်းပျဉ်ထိုင်ခုံ ကုလားထိုင်ကို။
ဣလ္လမာနိ ပီဌာနိ၊ တို့ကို။

(၂၉) ဣလ္လမံ သေနာသနံ၊ ဤကျောင်းကို။
ဣလ္လမာနိသေနာသနာနိ၊ တို့ကို။

(၃၀) ဣလ္လမံ မာဠံ၊ ဤတန်ဆောင်းကို။
ဣလ္လမေမာဠေ၊ တို့ကို။

(၃၁) ဣလ္လမံ ပါကာရံ၊ ဤတံတိုင်းကို။
ဣလ္လမေပါကာရေ၊ တို့ကို။

(၃၂) ဣမံ ပေါတ္ထကံ၊ ဤစာအုပ်ကို။
ဣမာနိ ပေါတ္ထကာနိ၊ တို့ကို။

(၃၃) ဣမံ ဓမ္မက္ခန္ဓံ၊ ဤဘုရားဒေသနာဓမ္မက္ခန္ဓာကို။
ဣမေဓမ္မက္ခန္ဓေ၊ တို့ကို။

(၃၄) ဣမံ ဆတ္တံ၊ ဤထီးကို။
ဣမာနိ ဆတ္တာနိ၊ တို့ကို။

(၃၅) ဣမံ ဥပါဟနံ၊ ဤဘိနပ်ကို။
ဣမေဥပါဟနေ၊ တို့ကို။

(၃၆) ဣမံ ဘတ္တံ၊ ဤဆွမ်းကို။
ဣမာနိ ဘတ္တာနိ၊ တို့ကို။

(၃၇) ဣမံ ပူဝဘတ္တံ၊ ဤမုံ့ဆွမ်းကို။
ဣမာနိ ပူဝဘတ္တာနိ၊ တို့ကို။
* မုံ့ဟောဒ္ဓ 'ပူပ' လည်းရှိ၏။

(၃၈) ဣမံ ဘောဇနံ၊ ဤဘောဇဉ်ကို။
ဣမာနိ ဘောဇနာနိ၊ တို့ကို။

(၃၉) ဣမံ ခါဒနီယံ၊ ဤခဲဘွယ်ကို။
ဣမာနိ ခါဒနီယာနိ၊ တို့ကို။

(၄၀) ဣမံ အာမကတဏ္ဍုလံ၊ ဤဆွမ်းဆန်စိမ်းကို။
ဣမေ အာမကတဏ္ဍုလေ၊ တို့ကို။

(၄၁) ဣမံ ထာလံ၊ ဤလင်ပန်း, ပန်းခံပြား, ဒယ်အိုးကို။
ဣမာနိ ထာလာနိ၊ တို့ကို။

(၄၂) ဣမံ ထာလိံ၊ ဤထမင်းအိုးကို။
ဣမာ ထာလိယော၊ တို့ကို။
(၄၃) ဣမံ ဘောဇနသာလံ၊ ဤဆွမ်းစားကျောင်းကို။
ဣမာ ဘောဇနသာလာယော၊ တို့ကို။
(၄၄) ဣမံ ဘာဇနံ၊ ဤခွက်ကို။
ဣမာနိ ဘာဇနာနိ၊ တို့ကို။
(၄၅) ဣမံ ဥဒကစာဋိံ၊ ဤရေအိုးကို။
ဣမာ ဥဒကစာဋိယော၊ တို့ကို။
(၄၆) ဣမံ ပါနံ၊ ဤအဖျော်ယမကာကို။
ဣမာနိ ပါနာနိ၊ တို့ကို။
(၄၇) ဣမာ သိပ္ပသာလံ၊ ဤစာသင်ကျောင်းကို။
ဣမံ သိပ္ပသာလာယော၊ တို့ကို။
(၄၈) ဣမံ ဂိလာနသာလံ၊ ဤဆေးရုံကို။
ဣမာ ဂိလာနသာလာယော၊ တို့ကို။
(၄၉) ဣမံ ဘေသဇ္ဇံ၊ ဤဆေးကို။
ဣမာနိ ဘေသဇ္ဇာနိ၊ တို့ကို။
(၅၀) ဣမံ ဒေယျဓမ္မံ၊ ဤလှူဘွယ်ဝတ္ထုကို။
ဣမာနိ ဒေယျဓမ္မာနိ၊ တို့ကို။

ဆုတောင်း

ဣဒံ နော ပုညံ အာသဝက္ခယာဝဟံ ဟောတု။

အမျှဝေ

ဣဒံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။

## ရေစက်ချရာ၌ မှတ်သားရန်

ရေစက်ချဟူသည် ပေးလှူသူ ဒါယကာ, ဒါယိကာမ ပြုလုပ်ရမည့် ကိစ္စပင် ဖြစ်၏။ ပေးလှူသူ ဒါယကာ, ဒါယိကာမများ ကိုယ်တိုင်ရေစက်ချပါစေ၊မှန်ပါသည်၊ ကရားဖြင့်ရေကိုအောက်သို့ သွန်ချပြီး ဒါယကာ, ဒါယိကာမကိုယ်တိုင် ကျွလှူဘွယ် ပစ္စည်းများကို အရှင် ဘုရားတို့အား ပေးလှူပါ၏ဟု နှုတ်မြွက်လှူဒါန်းခြင်း၊ ဤပေးလှူရသော ကောင်းမှုကြောင့် တပည့်တော်, တပည့်တော်မတို့သည် နိဗ္ဗာန် ချမ်း သာ ကို ရ,ရ ပါလို၏ ဟု နှုတ်မြွက် ဆုတောင်းခြင်း၊ ဤကုသိုလ်၏ အဘို့ကို အများ သတ္တဝါအား ပေးဝေပါ၏ ဟု နှုတ်မြွက်အမျှဝေခြင်းသည် အလှူဒကာ, အလှူအမများ ပြုရမည့် တာဝန် သာ ဖြစ်သည်။ ယင်းသို့ မလှူတတ်, ဆုမတောင်းတတ်, အမျှမဝေတတ်တဲ့ ဒကာ,ဒကာမများအတွက် ဘုန်းတော်ကြီးများက ကိုယ်စားပြု၍ လှူပေးရသည်၊ ဆုတောင်းပေးရသည်၊ အမျှဝေပေးရလေသည်၊အလှူဒါယကာ, ဒါယိကာမများကို နောက်က နှုတ်ဖြင့် လိုက်၍ဆိုပါစေ၊ ရှေ့က ဘုန်းကြီး ဆိုသွားသည်ကို နားထောင်ပြီး ရေကို သွန်နေရုံမျှ စကားမပြောတတ်တဲ့ လူအ,ကြီးပမာ နှုတ်ကလိုက်မဆိုလျှင် သဘာဝမကျပါ၊ ရေစက်ချဟူသည် ပေးလှူခြင်း, ဆုတောင်းခြင်း, အမျှဝေခြင်း, သုံးမျိုးပင်၊ တတ်သိလိမ္မာသူဖြစ်ပါလျှင် ရေစက်ချကို လေ့လာ၍ ကိုယ်တိုင် ရေစက်ချပါ၊ သီလ ပေး မှု, တရား ဟော မှု ကို ကား- ဘုန်းကြီးတာဝန်ရှိပါစေ။

ရေစက်ချအမျိုးမျိုး ပြီး၏။

# ဒါနတရား ၃-ပုဒ်

## ၁-ဒါနကထာ

[ဒီ-ဋ္ဌ၊ မ-ဋ္ဌ၊ အင်-ဋ္ဌ တို့၌လာသည်။ အလှူဒါနပွဲတိုင်း ဟောကြားနိုင်သည်။]

(၁) ဣဒံ ဒါနံ နာမ သုခါနံ နိဒါနံ၊ သမ္ပတ္တီနံ မူလံ၊ ဘောဂါနံ ပတိဋ္ဌာ၊ ဝိသမဂတဿ တာဏံ လေဏံ ဂတိ ပရာယဏံ၊ ဣဓလောက ပရလောကေသု ဒါနသဒိသော အဝဿယော ပတိဋ္ဌာ အာရမ္မဏံ တာဏံ လေဏံ ဂတိ ပရာယဏံ နတ္ထိ။

ဣဒဉှိ အဝဿယဋ္ဌေန ရတနမယသီဟာသနသဒိသံ၊ ပတိဋ္ဌာနဋ္ဌေန မဟာပထဝီသဒိသံ၊ အာလမ္ဗနဋ္ဌေန အာလမ္ဗနရဇ္ဇုသဒိသံ။ ဣဒဉှိ ဒုက္ခနိတ္ထရဏဋ္ဌေန နာဝါ၊ သမဿာသနဋ္ဌေန သင်္ဂါမသူရော၊ ဘယပရိတ္တာဏဋ္ဌေန သုသင်္ခတနဂရံ၊ မစ္ဆေရမလာဒီဟိ အနုပလိတ္တဋ္ဌေန ပဒုမံ၊ တေသံနိဒဟနဋ္ဌေန အဂ္ဂိ၊ ဒုရာသဒဋ္ဌေန အာသီဝိသော၊ အသန္တာသနဋ္ဌေန သီဟော၊ ဗလဝန္တဋ္ဌေန ဟတ္ထီ၊ အဘိမင်္ဂလသမ္မတဋ္ဌေန သေတဝသဘော၊ ခေမန္တဘူမိသမ္ပာပနဋ္ဌေန ဝလာဟကအဿရာဇာ။ ဒါနံဟိ လောကေ သက္ကသမ္ပတ္တိံ ဒေထိ၊ မာရသမ္ပတ္တိံ ဒေတိ၊ ဗြဟ္မသမ္ပတ္တိံ ဒေတိ၊ စက္ကဝတ္တိသမ္ပတ္တိံ ဒေတိ၊ သာဝက-ပါရမိဉာဏံ ပစ္စေကဗောဓိဉာဏံ အဘိသမ္ဗောဓိဉာဏံ ဒေတိ။

(၂) ဣဒံဒါနံနာမ၊ ဤ အလှူပေးခြင်း မည်သည် ကား။ သုခါနံ၊ ပစ္စုပ္ပန် သံသရာ၊ နိဗ္ဗာန် ချမ်းသာအပေါင်းတို့၏။ နိဒါနံ၊ အကြောင်းရင်းဖြစ်၏။ သမ္ပတ္တီနံ၊ လူပြည်၊ နတ်ရွာ၊ ဗြဟ္မာဟူသော ဘဝသုံးသွယ်မှတ္တာ၊ လူ၌ဖြစ်သောစည်းစိမ်ဥစ္စာ၊ နတ်၌ဖြစ်သော စည်းစိမ်ဥစ္စာ၊ ဗြဟ္မာ၌ဖြစ်သော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း ဟူသော ဘောဂသမ္ပတ္တိ၊ ဘဝလက်စသတ်ပြီး ရုပ်၊နာမ် နှစ်ရပ် အပြီးသတ် ချုပ်ငြိမ်း အေးမြခြင်း ဟူသော နိဗ္ဗာန သမ္ပတ္တိ တို့၏။ မူလံ၊ အကြောင်းရင်း မူလဖြစ်၏။ ဘောဂါနံ၊ သုံးဆောင် ခံစားအပ် ကုန်သော ရူပါရုံ စသည် တို့၏။ ပတိဋ္ဌာ၊ တည်ရာဖြစ်၏။ ဝိသမဂတဿ၊ ပင်ပန်းပျက်စီးခြင်းသို့ ရောက်သောသူကို။ တာဏံ၊ စောင့်ရှောက်တတ်၏။ ဝိသမဂတဿ၊ ပင်ပန်း ပျက်စီး ခြင်းသို့ ရောက်သောသူ၏။ လေဏံ၊ ပုန်းအောင်းရာဖြစ်၏။ ဂတိ၊လားရာ ဖြစ်၏။ ပရာယဏံ၊ကိုးကွယ်လည်းလျောင်းရာဖြစ်၏။ ဣဓလောက ပရလောကေသု၊ ဤပစ္စုပ္ပန်လောက၊တမလွန်လောကတို့၌။ ဒါန-သဒိသော၊ အလှူဒါနနှင့် တူသော။ အဝဿယော၊ မှီရာသည်။ ပတိဋ္ဌာ၊ တည်ရာသည်။ အာရမ္မဏံ၊ ထောက်ရာ၊စွဲလမ်းရာသည်။ တာဏံ၊ စောင့်ရှောက် တတ်သော တရားသည်။ လေဏံ၊ ပုန်း အောင်းရာသည်၊ ဂတိ၊ လားရာသည်။ ပရာယဏံ၊ ကိုးကွယ် လည်းလျောင်းရာသည်။ နတ္ထိ၊ မရှိ။

ဣဒံဒါနံ၊ ဤအလှူဒါနသည်။ အဝဿယဋ္ဌေန၊ မှီရာဖြစ်သော အနက်သဘောကြောင့်။ ရတနမယသီဟာသနသဒိသံ၊ ရတနာမျိုး အပေါင်းဖြင့်ပြီးသော ခြင်္သေ့ခံသောနေရာပလ္လင်နှင့်တူ၏။ပတိဋ္ဌာ နဋ္ဌေန၊ တည်ရာဟူသော အနက်သဘောကြောင့်။ မဟာပထဝီ

သဒိသံ၊ မြေကြီးနှင့်တူ၏။ အာလမ္ဗနဋ္ဌေန၊ ကိုင်ဆွဲရာ ဟူသော အနက်သဘောကြောင့်။အာလမ္ဗနရဇ္ဇုသဒိသံ ကိုင်ဆွဲရာဖြစ်သော ကြိုးနှင့် တူ၏။ ဣဒံဒါနံ၊ ဤအလှူဒါနသည်။ ဒုက္ခနိတ္ထရဏဋ္ဌေန၊ အပါယ် ဆင်းရဲမှ ထုတ်ဟတ်သော အနက် သဘောကြောင့်။ နာဝါ၊ လှေနှင့်တူ၏။ သမဿာသနဋ္ဌေန၊ သက်သာရာကို ရစေတတ်သော အနက်သဘောကြောင့်။သင်္ဂါမသူရော၊စစ်မြေအရပ်၌ ရဲရင့်သောသူနှင့်တူ၏။ ဘယပရိတ္တာဏဋ္ဌေန၊ ဆင်းရဲမွဲတေသော အမျိုး၌ ဖြစ်ခြင်း တည်းဟူသော ဘေးကို တားမြစ် တတ်သော အနက်သဘောကြောင့်။ သုသင်္ခတနဂရံ၊ ကောင်းစွာပြုပြင်စီရင် အပ်သော မြို့နှင့် တူ၏။ မစ္ဆေရမလာဒီဟိ ဝန်တိုခြင်း စသော အညစ်အကြေးတို့သည်။ အနုပလိတ္တဋ္ဌေန၊ မလိမ်းကျံအပ်သော အနက်သဘောကြောင့်။ ပဒုမံ၊ ပဒုမ္မာကြာနှင့် တူ၏။ တေသံ၊ ထိုဝန်တိုခြင်းစသော အညစ်အကြေးတည်းဟူသောအမှိုက်တို့ကို။ နိဒဟနဋ္ဌေန၊ လောင်မြိုက်တတ်သော အနက်သဘောကြောင့်။ အဂ္ဂိ၊ မီးနှင့်တူ၏။ တေဟိ၊ ထိုဝန်တိုခြင်းစသော အညစ်အကြေး တို့မှ။ ဒုရာသနဋ္ဌေန၊ ဝေးသော နေရာရှိသော အနက်သဘော ကြောင့်။ အာသီဝိသော၊ အဆိပ်လျင်မြန်သော မြွေဟောက်နှင့် တူ၏။ အသန္တာသနဋ္ဌေန၊ ထိတ်လန့်ခြင်းမရှိသော အနက်သဘော ကြောင့်။ သီဟော၊ ခြင်္သေ့မင်းနှင့်တူ၏။

ဗလဝန္တဋ္ဌေန၊ အားကြီးသော အနက်သဘောကြောင့်။ ဟတ္ထိ၊ ဆင်ကြီးနှင့် တူ၏။ အဘိမင်္ဂလသမ္မတဋ္ဌေန၊ စည်းပွားချမ်းသာ များကြောင်းမင်္ဂလာဟု လွန်စွာသမုတ်အပ်သော အနက်သဘော ကြောင့်။ သေတဝသဘော၊ ကိုယ်လုံးဖြူသော နွားလားဥသဘနှင့်

တူ၏။ ခေမန္တဘူမိသမ္ပာပနင္ဝေနေ၊ ဘေးမရှိရာ သုဂတိဘုံနိဗ္ဗာန်သို့ ရောက်စေတတ်သော အနက်သဘောကြောင့်။ ဝလာဟကအဿ ရာဇာ၊ ကောင်းကင်ပျံသွားနိုင်သော မြင်းအာဇာနည်နှင့် တူ၏။ ဒါနံ၊ အလှူဒါနသည်။ လောကေ၊ လောက၌။ သဂ္ဂသမ္ပတ္တိံ၊ သိကြားမင်း၏ စည်းစိမ်ကို။ ဒေတိ၊ ပေးနိုင်၏။ မာရသမ္ပတ္တိံ၊ မာရ်နတ်မင်း၏ စည်းစိမ်ကို။ ဒေတိ၊ ပေးနိုင်၏။ ဗြဟ္မသမ္ပတ္တိံ၊ ဗြဟ္မာမင်း၏ စည်းစိမ်ကို။ ဒေတိ၊ ပေးနိုင်၏။ စက္ကဝတ္တိသမ္ပတ္တိံ၊ စကြာဝတေးမင်း၏ စည်းစိမ်ကို။ ဒေတိ၊ ပေးနိုင်၏။ သာဝက ပါရမိဉာဏံ၊ သာဝကပါရမီဉာဏ်ကို။ ဒေတိ၊ ပေးနိုင်၏။ ပစ္စေက ဗောဓိဉာဏံ၊ ပစ္စေကဗောဓိဉာဏ်ကို။ ဒေတိ၊ ပေးနိုင်၏။ အဘိ သမ္ဗောဓိဉာဏံ၊ သဗ္ဗညုတဉာဏ်ကို။ ဒေတိ၊ ပေးနိုင်၏။

## ဒါန

(၃) ဒါနဥ္စနာမ ဒက္ခိဏေဃျသုဟိ တဏ္ဍာသယေန ပူဇနဏ္ဍာ သယေန ဝါ အတ္တနော သန္တကဿ ပရေသံ ပရိစ္စဇနံ။ (အင်္ဂုဒ္ဒီ)

ဘုရားဂုဏ်ကျေးဇူး, တရားဂုဏ်ကျေးဇူး, သံဃာဂုဏ်ကျေးဇူး, ပစ္စုပ္ပန်လောက,တမလွန်လောက,ကံ-ကံ၏အကျိုးတွေကို တကယ် ယုံကြည်ပြီး ဤဒါနဖြင့် လူပြည်,နတ်ရွာ,ဗြဟ္မာဟူဘိ ဘဝသမ္ပတ္တိ၊ လူ၌ ဖြစ်သော စည်းစိမ်ဥစ္စာ, နတ်၌ ဖြစ်သော စည်းစိမ်ဥစ္စာ, ဗြဟ္မာ၌ ဖြစ်သော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းဟူသော ဘောဂ သမ္ပတ္တိ၊ ဘဝလက်စသတ်ပြီး ရုပ်,နာမ်နှစ်ရပ် အပြီးသတ်ချုပ်ငြိမ်း အေးမြခြင်းဟူသော နိဗ္ဗာနသမ္ပတ္တိ၊ဒီသမ္ပတ္တိသုံးပါးကို မချွတ်မုချ

ကျေန်ရမှာဘဲဟု မြော်လင့်မှန်းဆ တောင့်တလိုလားလျက် အလှူခံပုဂ္ဂိုလ်၏အစီးအပွားကို လိုလားတဲ့အနေအထား အလှူခံပုဂ္ဂိုလ်ကို ပူဇော်လို့ ချီးမြှောက်လိုတဲ့ စိတ်ထားမျိုးဖြင့် မိမိပစ္စည်းဥစ္စာကို အလှူခံပုဂ္ဂိုလ်တို့အား စွန့်ကြဲခြင်း, ပေးကမ်းခြင်း, လှူဒါန်းခြင်းကို "ဒါန"လို့ ဆိုသည်။

## ဝတ္ထုဒါန

အဲဒီဒါနမှာ ဝတ္ထုဒါန, စေတနာဒါနလို့ နှစ်မျိုးရှိရာ ဝတ္ထုဒါနမှာ "ဒီယတိတိ ဒါနံ" (အင်ဠ္ဌီ)

ယောဒေယျမေ့ွာ၊ အကြင်လှူဘွယ်ဝတ္ထုကို။ ဒီယတိ၊ပေးလှူအပ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုလှူဘွယ်ဝတ္ထုသည်။ ဒါနံ၊ ဒါနမည်၏။

ဝိနည်းဒေသနာမှာလာတဲ့ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး လှူဘွယ်ဝတ္ထု လေးပါး၊ အဘိဓမ္မာ ဒေသနာမှာလာတဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ လှူဘွယ်ဝတ္ထု ခြောက်ပါး၊ သုတ္တန်ဒေသနာမှာလာတဲ့ ထမင်း,အဖျော်,အဝတ်, ယာဉ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာနေရာ, ခုတင် ညောင်စောင်း, ကျောင်းဇရပ်, မီးအလင်းရောင်, လှူဘွယ်ဝတ္ထု ဆယ်ပါး၊ အဲဒီဝိနည်း,အဘိဓမ္မာ,သုတ္တန်, ဒေသနာသုံးရပ်မှာလာတဲ့ လှူဘွယ်ဝတ္ထု(၂၀)နှစ်ဆယ်သည်ပင်ပေးလှူအပ်သောကြောင့် ဒါနအမည်ရသည်။

## စေတနာဒါန

စေတနာဒါနမှာ—

ဣယတိ စေတနာတိ ဒါနံ။ (အင်ဋ္ဌ)

စေတေန၊ ထိုစေတနာဖြင့်။ ဒေယျဓမ္မာ၊ လှူဘွယ်ဝတ္ထုကို။ ဣယတိ၊ ပေးလှူအပ်၏။ ဣတိ၊ ထိုကြောင့်။ သာစေတနာ၊ ထို စေတနာသည်။ ဒါနံ၊ ဒါနမည်၏။

ဝိနည်း အဘိဓမ္မာ သုတ္တန် ဒေသနာသုံးရပ်မှာလာတဲ့ လှူဘွယ်ဝတ္ထု(၂၀)နှစ်ဆယ်ကို စေတနာဖြင့်သာ ပေးလှူရသောကြောင့် အလှူပေးမည်လို့ ကြံစည်စိတ်ကူး အလှူ၏ အဆောက်အဦတွေကို ရှာဖွေဆည်းပူးရာ၊ရှေးအခါမှာဖြစ်ပေါ်လာတဲ့ ပုဗ္ဗစေတနာတွေ၊ လှူဘွယ်ဝတ္ထု ပစ္စည်းတွေကို အလှူခံ ပုဂ္ဂိုလ်တွေ လက်ရောက် ပေးလှူနေဆဲ အချိန်အခါမှာ ဖြစ်ပေါ်လာတဲ့ မုဉ္စစေတနာတွေ၊ ပေးလှူပြီး နောက် အခါမှာ ဝမ်းမြောက်သော စိတ်ထားဖြင့် မိမိ၏ အလှူဒါနကို ပြန်လည်အမှတ်ရ အောက်မေ့မိတဲ့ အခါမှာ ဖြစ်ပေါ်လာတဲ့ အပရ စေတနာတွေ၊ ဒီစေတနာ သုံးရပ်လုံးပင် ဒါနအမည်ရသည်။

## စေတနာကံ

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။

(အင်-ပါ၊ ဆက္က-နိဗ္ဗေဓိကသုတ်မှ)

ဘိက္ခဝေ၊ ရဟန်းတို့။ စေတနံ၊ စေတနာကို။ ကမ္မံ၊ ကံဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားပါ၏။

စေတနာကို "ကံ"လို့ ဘုရားဟောကြားခဲ့ခြင်းကြောင့် ပုဗ္ဗ၊ မုဥ္စ၊ အပရ သုံးကာလမှာ ဖြစ်ပေါ်လာတဲ့ ဒါနစေတနာတွေကို "ကံ"လို့ မှတ်ရမည်။

## ဒါနဂုဏ်ကျေးဇူး

ထို ဒါနစေတနာ ကုသိုလ်ကံဖြင့် ယခုဘဝ ပစ္စုပ္ပန်လောက၊ နောက်နောင်ဘဝ တမလွန်လောကတွေမှာ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်း၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်းမှ စ၍ ချမ်းသာသုခ အမျိုးမျိုးကို ရနိုင်သည်။ လောကမှာ ရှိရှိသမျှ သုံးဆောင် ခံစားဘွယ်ရာ ချမ်းသာ ဟူသမျှသည် ဒါနစေတနာ ကုသိုလ်ကံနှင့်သာစပ်၍ဖြစ်၏။ ဈာန်ချမ်းသာ၊ ဝိပဿနာချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ တွေကိုလည်း ဒါနကပင် ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည်။

လူ့ပြည်မှာ ဖြစ်တဲ့ ပဒေသရာဇ်မင်း စည်းစိမ်၊ ဧကရာဇ်မင်း စည်းစိမ်၊ စကြာမင်း စည်းစိမ်၊ နတ်ပြည်-ဗြဟ္မာ့ပြည်မှာ ဖြစ်တဲ့ သိကြားမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်တွေကိုလည်း ဒါနစေတနာကုသိုလ်ကံဖြင့်သာရနိုင်သည်၊ ထိုဒါနစေတနာ ကုသိုလ်ကံသည်ကား သုံးဆောင်ခံစားအပ်၊ ချစ်ခင်နှစ်သက်အပ်၊ စိတ်နှလုံးကိုပွားစေတတ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတို့၏ မတုန်မလှုပ် တည်ရာလည်းဖြစ်၏။ သံသရာခရီးကြမ်းမှာ ဆင်းရဲအမျိုးမျိုးဖြင့် ပျက်စီး ပင်ပန်းနေသူကို ချမ်းသာအောင် စောင့်ရှောက်ကာယ်မ တတ်၏၊ သံသရာခရီးမှာ ပျက်စီးပင်ပန်းနေသောသူ၏ ကိုးကွယ်

လည်းလျော်ခြင်း ပုန်းအောင်း မှီခိုရာလည်း ဖြစ်၏၊ ဤ ယခုဘဝ ပစ္စုပ္ပန် လောက, နောက်နောင်ဘဝ တမလွန် လောကတွေမှာ အလှူဒါနနှင့်တူသော ချမ်းသာအောင် စောင့်ရှောက်ကယ်မတတ်သော တရားမည်သည်မရှိ၊ ကိုးကွယ်လည်းလျော်ခြင်း ပုန်းအောင်း မှီခိုရာသည်မရှိ။

ထိုဒါနစေတနာ ကုသိုလ်ကံသည်ကား အလှူ့ရှင်ကို အပါယ်လေးပါးသို့ ကျခြင်းငှာမပေးဘတ်၊ အလှူ့ရှင်၏ မှီရာဖြစ်လတ်၍ အဘိုးများစွာ ထိုက်တန်သော ရတနာမျိုးအပေါင်းဖြင့် ပြီးသော ခြယ်သခံသောပလ္လင်နှင့်တူ၏၊ရောက်ရာ-ရောက်ရာဘဝ ဘုံဌာနမှာ အလှူရှင်ကို ထောက်တည်ရာကို ရစေတတ်သောကြောင့် မြေကြီးနှင့်လည်း တူ၏၊ အားနည်းသော ယောကျ်ားအား ဆွဲကိုင်ရာ ကြိုးသည် ရပ်စဉ် - တည်စဉ် တို့၌ အထောက်အပံ့ ဖြစ်သကဲ့သို့၊ ထို့အတူ အလှူဒါနသည် သတ္တဝါတို့၏ လူပြည်, နတ်ရွာ, ဗြဟ္မာ ဟူဘိ သမ္ပတ္တိဘဝ ဖြစ်ခြင်း-တည်ခြင်း၌ အထောက်အပံ့ဖြစ်သောကြောင့် ဆွဲကိုင်ရာ ကြိုးနှင့်လည်း တူ၏၊ အလှူ့ရှင်ကို အပါယ် ဆင်းရဲမှ ထုတ်တတ်သောကြောင့် လှေကြီးနှင့်လည်း တူ၏။

လောဘ, မစ္ဆရိယ အစရှိတဲ့ ဆန့်ကျင်ဘက် ရန်သူတို့နှိပ်စက်ခြင်းမှ သက်သာရာကို ရစေတတ်သောကြောင့် စစ်မြေပြင်မှာ ရဲရင့်သောသူနှင့်လည်းတူ၏။ ဆင်းရဲမွဲတေသော အမျိုး၌ဖြစ်ခြင်း တည်းဟူသောဘေးကို တားမြစ်တတ်သောကြောင့် ကောင်းစွာ ပြုပြင်စီရင်အပ်သော မြို့နှင့်လည်းတူ၏၊ ဝန်တိုခြင်း, လိုချင်ခြင်း စိတ်ဆိုးခြင်း, မာန်ရစ်ခြင်း,ငြူစူခြင်း, အယူမှားခြင်း, ယုံမှားခြင်း အစရှိတဲ့ အညစ်အကြေးတို့သည် မလိမ်းမကျံ အပ်သောကြောင့်

ပဒုမ္မာကြာနှင့်လည်းတူ၏။ ထိုဝန်တိုခြင်းအစရှိတဲ့ အညစ်အကြေး တည်းဟူသော အမှိုက်တို့ကို လောင်မြိုက်တတ် သော ကြောင့် မီးနှင့်လည်းတူ၏၊ ထို ဝန်တိုခြင်းစသော အညစ် အ ကြေး တို့မှ ပေးသောနေရာရှိသောကြောင့် အဆိပ်လျင်မြန်သောမြွေဟောက် နှင့်လည်းတူ၏၊ အလှူပေးတဲ့ အလှူရှင်သည် ယခုဘဝ မှာလည်း တစုံတခုထိဘ်လန့်မှုမရှိ၊ နောင်သံသရာ ဘဝမှာလည်း တစုံတခု သောအကြောင်းဖြင့် ထိတ်လန့်မှုမရှိခြင်းကြောင့် ခြင်္သေ့မင်းကြီး နှင့်လည်းတူ၏။

အလှူပေးတဲ့အလှူ့ရှင်သည် ယခုဘဝမှာလည်းအသင်းအပင်း အားဖြင့် အားကြီး၏၊ နောင် တမလွန် ဘဝမှာလည်း ခွန်အား ကြီးမားသောကြောင့် ဆင်ပြောင်ကြီးနှင့်လည်း တူ၏၊ စည်းပွား ချမ်းသာ များ ကြောင်း မင်္ဂလာ ဟု လွန်စွာ သမုတ် အပ် သော ကြောင့်လည်း တကိုယ်လုံး ဖွေးဖွေးဖြူသော နွားလားဥသဘကြီး နှင့်လည်းတူ၏၊ အလှူဒါနသည်အလှူရှင်ကို အပါယ်ဟူသော ဝိပတ္တိ ဘဝမှ လူ့,နတ်,နိဗ္ဗာန်ဟူသောသမ္ပတ္တိဘဝသို့ ပို့ဆောင်တတ်သော ကြောင့် ကောင်းကင် ပျံသွားနိုင်သော မြင်းအာဇာနည်နှင့်လည်း တူ၏။

ဤ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ ဒါနသည် ရှေးရှေး ဘုရားအလောင်း သူတော်ကောင်း ကြီး တွေ့ရဲ့ သွား ရာ လမ်း ကြောင်း, လမ်းကောင်းကြီးပင်ဖြစ်၏။ ရှေးရှေး ဘုရားအလောင်း သူတော်ကောင်း ကြီးတွေ့ရဲ့ အဆက်အနွယ်ပင် ဖြစ်၏၊ သာဝက ဗောဓိအကြောင်း, ပစ္စေက ဗောဓိအလောင်း, သမ္မာ သမ္ဗောဓိ အလောင်းဆိုတဲ့ ရှေးရှေးအလောင်း သူတော်ကောင်း ကြီးတွေ

လည်း ပါရမီ ဆယ်ပါးကို အယုတ်, အလတ်, အမြတ် ကာလ အတို,အရှည် ဖြည့်ကျင့်တော် မူကြပြီးမှ နိဗ္ဗာန်ချမ်းသာကြီးကို ရတော်မူကြတယ်၊ အဲဒီပါရမီဆယ်ပါးမှာ ဒါန ပါရမီ ဟာ အစ ဦးလာတယ်၊ မပေးလှူဘဲနေလျှင် ဒါန ပါရမီကို မဖြည့်လျှင် ပါရမီဆယ်ပါး မပြည့်ခြင်းကြောင့် နိဗ္ဗာန်မရနိုင်၊ ပါရမီဆယ်ပါး နှင့်လွတ်ပြီး နိဗ္ဗာန်ရသူရယ်လို့လည်း မရှိ၊ ဒါကြောင့် ရှေးရှေး အလောင်း သူတော်ကောင်း ကြီး တွေ ဟာ ဒါန ပါရမီ ကြီးကို အားရပါးရဖြည့်ကျင့်တယ်။

ငါတို့၏ ဂေါတမဘုရားအလောင်းတော်ကြီးလည်း ဝေလာမ ပုဏ္ဏားဖြစ်စဉ်အခါက ဂင်္ဂါမြစ်ကမ်းနားမှာ တဆယ့် နှစ်ယူဇနာ ရှိတဲ့ ဗိုခနောက် အစဉ်ကို ပြု ပြီး ဇမ္ဗူဒိပ်တကျွန်းလုံး ထမင်းရေ ချောင်းစီး ကြီးကျယ်ခမ်းနားတဲ့အလှူကြီးကို ပေးလှူခဲ့တယ်၊ ထိုမှ တပါးလည်း ဝေဿန္တရာမင်းအဖြစ်ရှိတဲ့ ဘဝတွေမှာ သား,မယား နှင့်တကွ သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာတွေကို ကြီးကျယ်ခမ်းနားစွာ ပေးလှူခဲ့သည်၊ ယုန်မင်းဖြစ်စဉ် အခါကလည်း ရဲရဲပြောင်ပြောင် တောက်လောင်နေတဲ့ မီးပုံကြီးထဲ အသက်ကိုစွန့်ပြီး ခုန်ဆင်းကာ ပုဏ္ဏားယောင်ဆောင်တဲ့ သိကြားမင်းအား မိမိအသားကိုအပ်နှင်း လှူဒါန်းခဲ့လေသည်။

ဒါနစေတနာ ကုသိုလ်ကံသည် သိကြားမင်းစည်းစိမ်ကိုလည်း ပေးစွမ်းနိုင်သည်၊ မာရ်နတ်မင်း စည်းစိမ်ကိုလည်း ပေးစွမ်းနိုင် သည်၊ ဗြဟ္မာမင်းစည်းစိမ်ကိုလည်း ပေးစွမ်းနိုင်သည်၊ စကြာမင်း စည်းစိမ်ကိုလည်း ပေးစွမ်းနိုင်သည်၊ ဝဋ်အတွင်းမှ လွတ်ကင်းရာ အမှန် မြတ်နိဗ္ဗာန်ကို လိုလား တောင့်တပြီးပြုတဲ့ ပါရမီဒါနဖြစ်ခဲ့

ပေါလျှင် ကမ္ဘာငါးရာ,ကမ္ဘာတထောင်စသည် ဖြည့်ကျင့်မှုရနိုင်တဲ့ ပကတိ သာဝက ဉာဏ်ကိုလည်း ရစေနိုင်သည်၊ ကမ္ဘာတသိန်း ဖြည့်ကျင့်မှုရနိုင်တဲ့ မဟာသာဝကဉာဏ်ကိုလည်း ရစေနိုင်သည်၊ တသင်္ချေနှင့်ကမ္ဘာတသိန်း ဖြည့်ကျင့်မှုရနိုင်တဲ့ အဂ္ဂသာဝကဉာဏ်ကိုလည်း ရစေနိုင်သည်၊ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့်မှုရနိုင်တဲ့ ပစ္စေကဗောဓိဉာဏ်ကိုလည်း ရစေနိုင်သည်၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း, ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း,တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့်မှုရနိုင်တဲ့ သဗ္ဗညုတ ဉာဏ်ကိုလည်း ရစေနိုင်သည်။

ဤကဲ့သို့ ဒါနသည် လောကီ,လောကုတ္တရာ ချမ်းသာ အမျိုးမျိုးကို ပေးစွမ်းနိုင် သောကြောင့် ချမ်းသာအမျိုးမျိုးကို လိုလားတောင့်တကြတဲ့ အမျိုးသား,အမျိုးသမီးတိုင်းပင် စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဆိုတဲ့ဒါနကို ကြိုးစားပြီး ပြုကြကုန်ရာသတည်း။

မှတ်ရန်။ ။ပါဠိသက်သက်ကို နှစ်သက်သော အရှင်တို့သည် (၁)ကိုဟောပါ၊ ပါဠိမြန်မာကို နှစ်သက်သော အရှင်တို့သည်(၂)ကိုဟောပါ၊ ပါဠိစကားပြေကို နှစ်သက်သော အရှင်တို့သည် (၃) ကို ဟောပါ၊ ကြိုက်နှစ်သက်သလိုတမျိုးကိုဖြစ်စေ,နှစ်မျိုးကိုဖြစ်စေ, သုံးမျိုးလုံးကိုဖြစ်စေ ဟောကြားနိုင်ပါသည်။

## ၂-ဒါနတရားတော်

(အလှူပွဲများ၌ ဟောကြားရန်)

**အင်္ဂါသုံးပါးစုံမှ ဒါနအကျိုးကြီး**

အလှူဒါနမှာ အင်္ဂါသုံးချက်နှင့်ပြည့်စုံပါမှ အကျိုးကြီးသည်။ အင်္ဂါသုံးချက်က....

(၁) ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ, အနာဂါမ်, သကဒါဂါမ် သောတာပန်ဆိုတဲ့အရိယာ၊ သို့မဟုတ် သီလ, သမာဓိ, ပညာ ကျေးဇူးရှိတဲ့ပုထုဇဉ်အလှူခံပုဂ္ဂိုလ်မျိုးဖြစ်ခြင်း ဆိုတဲ့ အင်္ဂါတချက်။

(၂) ပေးလှူမည့် ပစ္စည်းကလည်း တရားနှင့်အညီ ဈေးရောင်းခြင်း, ကုန်သွယ်ခြင်း, တောင်သူ လုပ် ခြင်း, အခြား အကုသိုလ်အပြစ်ကင်းတဲ့ အတတ်ပညာများဖြင့် ရရှိထားတဲ့ စင်ကြယ်တဲ့ ပစ္စည်း ဖြစ် ခြင်း ဆိုတဲ့ အင်္ဂါတချက်။

(၃) အလှူပေးဒါယကာလည်း သီလမှာတည်ပြီး ပုဗ္ဗ, မုဥ္စ, အပရစေတနာသုံးဖြာမတွန့် လွတ်လွတ်စွန့်ပြီးလှူဒါန်း ခြင်း ဆိုတဲ့ အင်္ဂါတချက်။

ဒီအင်္ဂါသုံးချက်နှင့် ပြည့်စုံတဲ့ဒါနကို အကျိုးကြီးလှသည် ဟု ဆိုသည်။

## အင်္ဂါသုံးပါးမစုံတဲ့ဒါန အကျိုးမကြီး

**အလှူခံသီလကင်းလို့ ဒါနအကျိုးညံ့ဖျင်း**

အပြန်အားဖြင့် အင်္ဂါသုံးချက်နှင့် မပြည့်စုံတဲ့ အလှူဒါနကို အကျိုးမကြီးဟု မှတ်ရမည်။

(၁) အလှူခံပုဂ္ဂိုလ်က ကိုယ်ကျင့်သီလ မပြည့်စုံတဲ့ အယုတ်အားဖြင့် ငါးပါးသီလမျှပင်မလုံခြုံတဲ့ ဒုဿီလ အလှူခံပုဂ္ဂိုလ်ဖြစ်ခဲ့ပါလျှင် ငါးဆယ်တန်, တရာတန်ကို မဆိုထားနှင့် တထောင်တန်, တသောင်းတန်, တသိန်းတန် ဘယ်လောက်ပင် အကုန်အကျခံပြီး လှူဒါန်းပါသော်လည်း အလှူခံသီလကင်းလို့ အကျိုးပေးညံ့ဖျင်းလေသည်။ အကျိုးမကြီးဘူးလို့ ဆိုသည်။

ဘုရားကိုယ်တော်မြတ်ကြီးကလဲ—

ယေသံ ခေါ ပန သော ပဋိဂ္ဂဏှာတိ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပ္ပစ္စယဘေသဇ္ဇ ပရိက္ခာရံ၊ တေသံ တံ န မဟပ္ဖလံ ဟောတိ န မဟာနိသံသံ။

ဟု လျှော်ချည်ပုဆိုး အဘိုးမတန် ဆိုသလို ထို ဒုဿီလအလှူခံကို လှူဒါန်းတဲ့ဒါနဟာလဲ အဘိုးမတန် အကျိုးနည်းသည် အမှန်ဟု ဟောကြားတော်မူခဲ့သည်။

**အလှူခံမှာ လယ်မြေပမာ—**

အလှူခံပုဂ္ဂိုလ်ဟာ လယ်ယာမြေနှင့်တူသည်၊ လယ်ယာမြေမှာ ကောင်းတဲ့ လယ်ယာမြေ၊ မကောင်းဘဲ့ လယ်ယာမြေ - လို့ နှစ်မျိုး ရှိသည်။ ဒါတော့ တောင်သူလယ်သမားတိုင်း အသိပါဘဲ၊ အထူး

ပြောစရာ မလိုဘူးပေါ့၊ အလှူခံပုဂ္ဂိုလ်မှာလဲ သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်, သီလမရှိတဲ့အလှူခံပုဂ္ဂိုလ်လို့ နှစ်မျိုးဘဲရှိသည်၊ သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်က ကောင်းတဲ့ လယ်ယာမြေနှင့်တူသည်၊ သီလမရှိတဲ့ အလှူခံပုဂ္ဂိုလ်က မကောင်းတဲ့ လယ်ယာမြေနှင့်တူသည်။ ကောင်းတဲ့လယ်ယာမြေ တကေလောက်မှာ စိုက်ပျိုးတဲ့ နည်းနည်းပါးပါး မျိုးစေ့များပင် ဖြစ်သော်လဲ မြေက ကောင်းတော့ စိုက်ပျိုးတဲ့ တောင်သူလယ်သမားမှာ ဖွံ့ဖြိုးချားပြားတဲ့ အသီးအနှံ များကို သုံးဆောင်ခံစားရတယ်။

မကောင်းတဲ့ လယ်ယာမြေ ကေတရာလောက်မှာ စိုက်ပျိုးတဲ့ အလွန်များတဲ့ မျိုးစေ့များပင် ဖြစ်သော်လည်း မြေကညံ့တော့ စိုက်ပျိုးတဲ့ တောင်သူလယ်သမားမှာ အသီးအနှံ မစားရတဲ့အပြင် စိုက်ပျိုးစရိတ်နှင့် စိုက်ပျိုးတဲ့ မျိုးစေ့များပါ ဆုံး ရှုံး နစ် နာရလေသည်။

**အလှူခံသီလရှိမှ ဒါနအကျိုးကြီး**

ထို့အတူပင် လယ်ယာ မြေကောင်းနှင့်တူတဲ့ သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်အား လှူဒါန်းရတဲ့ အနည်းအပါး ဒါနကလေးများပင် အလှူပေးဒါယကာမှာ ဖွံ့ဖြိုးတဲ့အကျိုးစီးပွားကို သုံးဆောင်ခံစားရသည်။

## ဘုရားကိုယ်တော်မြတ်ကြီးကလည်း

ယေသံ ခေါ ပန သော ပဋိဂ္ဂဏှာတိ စီဝရပိဏ္ဍပါတ သေနာသန ဂိလာနပ္ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ တေသံ တံ မဟပ္ဖလံ ဟောတိ မဟာနိသံသံ။

ဟု ကာသိတိုင်းဖြစ် အဝတ်ပုဆိုး အဘိုးတန်သလို ထိုသီလရှိတဲ့ အလှူခံကိုလှူဒါန်းတဲ့ဒါနဟာလဲ အဘိုးတန်အကျိုးကြီးသည့်အမှန်ဟု ဟောတော်မူခဲ့သည်။

## မြေညံ့နှင့်တူစွ ဒုဿီလ

မကောင်းတဲ့ လယ်ယာမြေညံ့နှင့်တူတဲ့ သီလမရှိတဲ့ ဒုဿီလအလှူခံ ပုဂ္ဂိုလ်အား လှူဒါန်းတဲ့ အလွန်များတဲ့ ဒါနပင် ဖြစ်ပါသော်လည်း အလှူပေးဒါယကာမှာ အကျိုးစီးပွား အရနည်းပါးပြီး မသုံးဆောင်မခံစားရ၊ ဒါ့ကြောင့် အလှူပေးတဲ့အခါမှာ မိမိဒါနကို အကျိုးများများရအောင် သီလရှိတဲ့အလှူခံ, သမာဓိရှိတဲ့အလှူခံ,ပညာတတ်တဲ့အလှူခံ ပုဂ္ဂိုလ်တွေကို ရွေးချယ်ပင့်ဘိတ်ပြီး ပေလှူးရမည်။

## စင်ကြယ်ပစ္စည်း အကျိုးကြီး

(၂) လှူဒါန်းတဲ့ ပစ္စည်းကလည်း စင်ကြယ်ဘို့ အရေးကြီးသည်၊ သတ္တဝါများကို ညှဉ်းဆဲနှိပ်စက်ပြီး ရရှိထားတဲ့ပစ္စည်းမျိုး၊ အနိုင်အထက် လုယက်တိုက်ခိုက် သူခိုး, ခါးပြ လုပ်ငန်းများဖြင့် ရရှိတဲ့ပစ္စည်းမျိုး၊ အကုသိုလ်အပြစ်မကင်းဘဲ ရရှိထားတဲ့ပစ္စည်းမျိုး၊ ဒီလိုမစင်ကြယ်တဲ့ ဝတ္ထုပစ္စည်းများကို လှူဒါန်းပြန်လျှင်လဲ အကျိုးမကြီးဘူးတဲ့။

ဒါ့ကြောင့် အလှူပေးတဲ့အခါ မိမိဒါနကို အကျိုးများများ ရအောင်"ဓမ္မိယလဒ္ဓ"တရားနှင့်အညီ ရရှိစင်ကြယ်တဲ့ဝတ္ထုပစ္စည်းများကို ရွေးချယ်စိစစ်ပြီး ပေးလှူရမည်။

### သီလဖြင့်တည်ပြီး မုတ္တစာဂဖြစ်အောင်လှူ

(၃) "သီလေ ဌတွာ ဒိန္နဒါနံ မဟပ္ဖလံ"။ သီလမှာတည်ပြီး လှူဒါန်းတဲ့ ဒါနသည်သာလျှင် အကျိုးပိုမိုကြီးမြတ်သောကြောင့် အလှူပေးဒါယကာဟာ အနည်းဆုံး ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းပြီး အလှူပေးမည်လို့ ကြံစည်ပြီးအလှူ၏ ကိစ္စအရပ်ရပ်ကို စတင်ဆောင်ရွက်ရာ အချိန်အခါမှအစပြုပြီး ပေးလှူမည့် ဒါနကို အာရုံပြုပြီး တဖွားဖွား ဖြစ်ပေါ်လာတဲ့ ပုဗ္ဗစေတနာအခိုက်, လှူဘွယ်ဝတ္ထုပစ္စည်းတွေကို အလှူခံပုဂ္ဂိုလ်တွေရဲ့ လက်ရောက်ပေးလှူနေဆဲ အချိန်အခါမှာ ဖြစ်ပေါ်လာတဲ့ မုဉ္စစေတနာအခိုက်, အလှူပေးပြီးနောက် သေသည်အထိ ပြုပြီးဒါနကို အမှတ်ရတိုင်း ဖြစ်ပေါ်လာတဲ့ အပရစေတနာအခိုက်၊ ဒီစေတနာသုံးချက်မှာ မကွက်မကျန် လွတ်လွတ်စွန့်ပြီး မုတ္တစာဂဖြစ်အောင် လှူဒါန်းဖို့ အရေးကြီးသည်။

### သီလမတည် မုတ္တစာဂ မဖြစ်လျှင် အကျိုးမကြီး

အလှူ့ဒါယကာဟာ ငါးပါးသီလမျှ မလုံခြုံသူလည်းဖြစ်ပြန်၊ မလှူမီရှေးအဘို့, ပေးလှူနေဆဲအချိန်အခါ, ပေးလှူပြီးနောက်ခါ၊ ဒီစေတနာသုံးချက်မှာလည်း ဒါနကိုအာရုံပြုပြီး နှလုံးမသာယာမှုဖြင့် ပျက်ကွက်၊ "ငါ့အလှူကြေးတွေပုံငွေကုကမလာ၊ လှူမိတာမှား" ဒီလိုစိတ်ထားဖြင့် အလှူတကာ လွဲမှားသွားလျှင် အကျိုးမများဘူးတဲ့၊ ဒါကြောင့် အလှူပေးတဲ့အခါ အကျိုးများများရအောင် သီလဆောက်တည်ပြီး ပုဗ္ဗ,မုဉ္စ,အပရ စေတနာအခိုက်တွေမှာ ဒါနနှင့်ပတ်သက်ပြီး စိတ်ပျက်နှလုံးမသာယာမှု မဖြစ်ပွား

စေတဲ ဝမ်းမြောက်ဝမ်းသာ စေတနာမတွန့် လွှတ်လွှတ်စွန့်ပြီး ပေးလှူရမည်။

(၁) အန္နံ ပါနံ ခါဒနီယံ၊
ဝတ္ထသေနာသနာနိစ။
ဒဒေယျ ဥဇုဘူတေသု၊
ဝိပ္ပသန္နေန စေတသာ။
(သံ-၁၊ ဇရာသုတ်)

(၁) ဥဇုဘူတေသု၊ ကိုယ်,နှုတ်,စိတ်ထား သုံးပါးဖြောင့်မတ်ကောင်းမြတ်သောအကျင့်သီလရှိသော အလှူခံအပေါင်း သူတော်ကောင်းတို့၌။ဝါ၊တို့အား။ ဝိပ္ပသန္နေန၊ သဒ္ဓါအစစ်အမှန်အလှူခံ၏ဂုဏ်ကို အလွန်ကြည်ညိုသော။ စေတသာ၊ စိတ်ကောင်းစိတ်မြတ်ဖြင့်။ အန္နံစ၊ စားသုံးဘွယ်မှန်း မှန်မြတ်သောဆွမ်းကိုရင်း။ပါနံစ၊ သောက်သုံးဘွယ်ရာ မှန်မြတ်သော အဖျော်ယမကာကိုရင်း။ခါဒနီယံစ၊ ကိုက်ခဲမျိုပါး မှန်မြတ်သော ခဲဘွယ်များကိုရင်း။ ဝတ္ထသေနာသနာနိစ၊ အဝတ် သင်္ကန်း, ကျောင်းဆောင်, ခုတင်, အင်းပျဉ်, ကုလားထိုင်, အိပ်ရာနေရာတို့ကိုရင်း။ ဒဒေယျ၊ လေးလေးစားစား အရေးထားကာ ပေးလှူရာ၏။

"ကိုယ်လည်းဖြောင့်မတ်, နှုတ်လည်းဖြောင့်မတ်, စိတ်လည်းဖြောင့်မတ်တဲ့ အကျင့်သီလပြည့်ဝတော်မူကြတဲ့ အလှူခံအပေါင်း သူတော်ကောင်းတို့အား အလွန်ကြည်ညိုတဲ့ စိတ်ထားဖြင့် ဆွမ်း, အဖျော်ယမကာ,ခဲဘွယ်ဘောဇဉ်,အဝတ်သင်္ကန်း,ကျောင်းဆောင်,

ခုတင်၊ အင်းပျဉ်၊ ကုလားထိုင်၊ အိပ်ရာနေရာတို့ကို ရိုသေစွာ ပေးလှူရမည်”။

(၂) ပုနပ္ပုနံ ယာစကာ ယာစယန္တိ၊
ပုနပ္ပုနံ ဒါနပတီ ဒဒန္တိ။
ပုနပ္ပုနံ ဒါနပတီ ဒဒိတွာ။
ပုနပ္ပုနံ သဂ္ဂ မုပေန္တိ ဌာနံ။
(သံ-၁၊ ဥဒယသုတ်)

(၂) ယာစကာ၊ အလှူခံအပေါင်း ဘုန်းတောင်းယာစကာတို့သည်။ ပုနပ္ပုနံ၊ မပြတ်မစဲ အဖန်တလဲလဲ။ ယာစယန္တိ၊ ကာယဝိညတ်၊ ဝစီဝိညတ် နည်းနှစ်ရပ်ဖြင့် တောင်းကုန်၏။ ဒါနပတီ၊ လှူဒါန်းပေးကမ်း ဒါနခန်း၌ ရဲစွမ်းစိတ်ဝင် အလှူရှင် တို့သည်။ ပုနပ္ပုနံ၊ မပြတ်မစဲ အဖန်တလဲလဲ။ ဒဒန္တိ၊တတ်အားသမျှ ပေးလှူကြကုန်၏။ ဒါနပတီ၊ လှူဒါန်းပေးကမ်း ဒါနခန်း၌ ရဲစွမ်းစိတ်ဝင် အလှူရှင်တို့သည်။ ပုနပ္ပုနံ၊ မပြတ်မစဲ အဖန်တလဲလဲ။ ဒဒိတွာ၊ တတ်အားသမျှ ပေးလှူကြပြီး၍။ သဂ္ဂံ၊ ရူပ,သဒ္ဒ စသည်အာရုံ ကာမဂုဏ် တို့ဖြင့် ပြည့်စုံလွန်မြတ်သော။ ဌာနံ၊ ပျော်မွေ့ဘွယ် ကောင်းလတ် နတ်ပြည်ရပ်သို့။ ပုနပ္ပုနံ၊ မပြတ်မစဲ အဖန်တလဲလဲ။ ဥပေန္တိ၊ ကေန်မုချ ကပ်ရောက်ကြရလေ ကုန်၏။

အလှူခံ ပုဂ္ဂိုလ်တွေကလည်း ထပ်ကာထပ်ကာအလှူခံကြသည်။ အလှူဒါယကာတွေ ကလည်း ထပ်ကာထပ်ကာလှူကြသည်၊ အလှူဒကာတွေ ထပ်ကာ ထပ်ကာလှူပြီး ထပ်ကာထပ်ကာ နတ်ပြည်ရောက်ကြသည်။

(၃) သဒ္ဓါ ဟိရိယံ ကုသလဉ္စ ဒါနံ၊
ဓမ္မာ ဧတေ သပ္ပုရိသာ နုယာတာ။
ဧတံ ဟိ မဂ္ဂံ ဒိဝိယံ ဝဒန္တိ၊
ဧတေန ဟိ ဂစ္ဆတိ ဒေဝလောကံ။

(အင်-၃၊ဒုတိယဒါနသုတ်)

(၃) သဒ္ဓါ၊ စွန့်ကြဲပေးကမ်း လှူဒါန်းတတ်ကြောင်း သဒ္ဓါတရား လည်းကောင်း။ ဟိရိယံစ၊ စွန့်ကြဲပေးကမ်း လှူဒါန်းတတ်ကြောင်း ဟိရိတရားလည်းကောင်း။ ကုသလံ၊အပြစ်မရှိ ကောင်းကျိုး ချမ်းသာကို ပေးခြင်းလက္ခဏာရှိသော။ ဒါနဉ္စ၊ စွန့်ကြဲပေးကမ်း လှူဒါန်းတတ်ကြောင်း စေတနာ တရား လည်းကောင်း။ ဣတိ၊ ဤသို့။ ဧတေဓမ္မာ၊ ထိုသဒ္ဓါ, ဟိရိ, အပြစ်မရှိသော ဒါနစေတနာဟု ဆိုအပ်သော သုံးပါးသောတရားတို့သည်။ သပ္ပုရိသာနုယာတာ၊ စိတ်ထားပျော့ပျောင်း သူတော်ကောင်းတို့ကို အစဉ်တစိုက် လိုက်ကုန်၏။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ဧတေန၊ ထိုသဒ္ဓါ,ဟိရိ,အပြစ်မရှိသော ဒါနစေတနာဟု ဆိုအပ်သော တရားသုံးပါးဖြင့်။ ဒေဝလောကံ၊ အာရုံငါးလီ ထွန်းတောက်စည်သည့် နတ်ပြည်သို့။ ဂစ္ဆတိ၊ကောန်မုချ သွားရောက်ရ၏။ (တသ္မာ၊ ထိုသို့ အာရုံငါးလီ ထွန်းတောက်စည်သည့် နတ်ပြည်သို့ သွားရောက်ကြောင်းဖြစ်သောကြောင့်။)ဧတံ၊ ထိုသဒ္ဓါ, ဟိရိ, အပြစ်မရှိသော ဒါနစေတနာဟု ဆိုအပ်သော တရားသုံးပါးကို။ ဒိဝိယံ၊ အာရုံငါးလီ ထွန်းတောက်စည်သည့် နတ်ပြည်သို့ သွားရောက်ကြောင်းဖြစ်သော။ မဂ္ဂံ၊ လမ်းမှန်လမ်းကောင်း, လမ်းကြောင်းကြီး ဟူ၍။

ဝဒန္တိ၊ ဘုရား,ပစ္စေကဗုဒ္ဓါ, သာဝကအပေါင်း သူတော်ကောင်းတို့ ထုံးဟောင်းညွှန်ပြ ဟောတော်မူကြကုန်၏။

စိတ်ထားကောင်းတဲ့ သူတော်ကောင်းတွေ သန္တာန်မှာပေးလှူတတ်တဲ့ သဒ္ဓါတရား, ဟိရိတရား, စေတနာတရား၊ ဒီသုံးပါးဟာ အမြဲတည်လျက်ရှိပါသည်၊ ဒီသဒ္ဓါ, ဟိရိ, စေတနာတရားသုံးပါးဖြင့် သတ္တဝါတွေ နတ်ပြည်သို့ သွားကြရလေသည်၊ ဒါကြောင့် ဒီတရားသုံးပါးကို နတ်ပြည်သွားကြောင်း လမ်းရိုးလမ်းဟောင်း, လမ်းကောင်းကြီးဟုပင် ဟောတော်မူခဲ့လေသည်။

---

## ၃-ဆွမ်းစဉ် ကွယ်လွန်သူ ဆွေမျိုးပြိတ္တာများကို ရည်ညွှန်းသောဒါနဥ္စ ဟောကြားရန်

**ဂတိငါးပါး**

ပုထုဇဉ်သတ္တဝါတဦး သေဆုံး ကွယ်လွန် လျှင် လားရောက်နိုင်တဲ့ ဘုံဌာနငါးခုရှိတယ်။

(၁) ငရဲဘုံဌာန၊

(၂) တိရစ္ဆာန်ဘုံဌာန၊

(၃) လူ့ဘုံဌာန၊

(၄) နတ်,ဗြဟ္မာဘုံဌာန၊

(၅) ပြိတ္တာဘုံဌာန၊

အဲဒီ ဘုံဌာနငါးခုတွင် တခုခုမှာ လားရောက် ရတယ်။

အင်္ဂါ(၄)ပါး၊ ဂါ(၁)ပါး

ဘုံဂွာနငါးခုရှိရာတွင် ကျန်ရစ်သူ အဆွေခင်ပွန်း, ဆွေမျိုးသားချင်းတို့က ရည်ညွှန်းတဲ့ဒါနကို သုံးဆောင်ခွင့်မရတဲ့ ဘုံဂွာနက လေးခုရှိတယ်၊ သုံးဆောင်ခွင့်ရတဲ့ ဘုံဂွာနက တခုရှိတယ်။

အင်္ဂါ(၄)ပါး

ဤလူ့ပြည်မှာ အချို့သောပုဂ္ဂိုလ်တွေဟာ....

(၁) သူ့အသက်သတ်ခြင်း၊

(၂) သူ့ဥစ္စာကိုခိုးယူခြင်း၊

(၃) သူ့မယားကိုမှားယွင်းခြင်း-

ဆိုတဲ့ ကာယဒုစရိုက်မှုတွေကို ပြုတယ်။

(၁) မုသားပြောခြင်း၊

(၂) ကုန်းချောခြင်း၊

(၃) ကြမ်းကြုတ်စွာ ဆဲရေးပြောကြားခြင်း၊

(၄) အကျိုးမရှိ သိမ်ဖျင်းသောစကားကို ပြောကြားခြင်း-

ဆိုတဲ့ ဝစီဒုစရိုက်မှုတွေကို ပြုတယ်။

(၁) သူ့စည်းစိမ်ကို မတရားလိုချင်ခြင်း၊

(၂) သူတပါး သေကြေပျက်စီးမှုကို ကြံစည်ခြင်း၊

(၃) အယူလွဲမှားခြင်း-

ဆိုတဲ့ မနောဒုစရိုက်မှုတွေကို ပြုတယ်။

အဲဒီလို ကာယ ဒုစရိုက်မှု, ဝစီ ဒုစရိုက်မှု, မနော ဒုစရိုက်မှု, တွေကိုပြုပြီး သေသည်၏အခြားမဲ့မှာ ငရဲဘုံဂွာနမှာဖြစ်ကြတယ်။

အဲဒီငရဲမှာဖြစ်တဲ့ သတ္တဝါတို့အား ကံ-ဟူသော အာဟာရဖြင့် ငရဲမှာ မျှတကြရတယ်။ ဒီလူ့ပြည်က ကျန်ရစ်သူ အဆွေခင်ပွန်း, ဆွေမျိုးသားချင်းတို့ ရည်ညွှန်းတဲ့ဒါနကို ငရဲမှာဖြစ်တဲ့ ဆွေမျိုးတို့ မသုံးဆောင်ရ။

ဤလူ့ပြည်မှာ အချို့သော ပုဂ္ဂိုလ်တွေဟာ ကာယဒုစရိုက်မှု, ဝစီဒုစရိုက်မှု, မနောဒုစရိုက်မှုတွေပြုပြီး သေသည်၏ အခြားမဲ့မှာ တိရစ္ဆာန်ဘုံဌာနမှာ ဖြစ်ကြတယ်၊ အဲဒီ တိရစ္ဆာန်မျိုးမှာဖြစ်တဲ့ သတ္တဝါတို့အား မြက်သစ်ရွက်စတဲ့ အစာ အာဟာရများဖြင့် တိရစ္ဆာန်ဘဝမှာ မျှတကြရတယ်၊ ဒီလူ့ပြည်က ကျန်ရစ်သူ အဆွေခင်ပွန်း,ဆွေမျိုးသားချင်းတို့ ရည်ညွှန်းတဲ့ဒါနကိုတိရစ္ဆာန်မျိုးမှာ ဖြစ်တဲ့ ဆွေမျိုးတို့ မသုံးဆောင်ရ။

ဤ လူ့ပြည်မှာ အချို့သောပုဂ္ဂိုလ်တွေဟာ....

(၁) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၂) သူ့ဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၃) သူ့မယားကို မှားယွင်းခြင်းမှ ရှောင်ကြဉ်ခြင်း....

ဆိုတဲ့ ကာယသုစရိုက်မှုတွေကို ပြုတယ်။

(၁) မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၂) ကုန်းချောခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၃) ကြမ်းကြုတ်စွာဆဲရေးပြောကြားခြင်းမှရှောင်ကြဉ်ခြင်း၊
(၄) အကျိုးမရှိ သိမ်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း....

ဆိုတဲ့ ဝစီသုစရိုက်မှုတွေကိုပြုတယ်။

(၁) သူ့စည်းစိမ်ကို မတရားလိုချင်ခြင်းမှရှောင်ကြဉ်ခြင်း၊
(၂) သူတပါး သေကြေပျက်စီးမှုကို ကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၃) မှန်သောအယူရှိခြင်း....

ဆိုတဲ့ မနောသုစရိုက်မှုတွေကိုပြုတယ်။

အဲဒါလို ကာယသုစရိုက်မှု, ဝစီသုစရိုက်မှု, မနောသုစရိုက်မှုတွေကိုပြုပြီး သေသည်၏အခြားမဲ့မှာ လူ့ဘုံဌာနမှာ လူပြန်ဖြစ်ကြတယ်၊ အဲဒီလူ့ဘုံမှာဖြစ်တဲ့ သတ္တဝါတို့အား ထမင်း, မုံ့, ငါး စတဲ့ အစာအာဟာရများဖြင့် လူ့ဘဝမှာ မျှတကြရတယ်၊ ဒီလူ့ပြည်က ကျန်ရစ်သူ အဆွေခင်ပွန်း, ဆွေမျိုးသားချင်းတို့ ရည်ညွှန်းတဲ့ဒါနကို လူ့ဘုံဌာနမှာဖြစ်တဲ့ ဆွေမျိုးတို့ မသုံးဆောင်ရ။

ဤလူ့ပြည်မှာ အချို့သော ပုဂ္ဂိုလ်တွေဟာ ကာယသုစရိုက်မှု, ဝစီသုစရိုက်မှု, မနောသုစရိုက်မှုတွေကိုပြုပြီး သေသည်၏ အခြားမဲ့မှာ နတ်,ဗြဟ္မာဘုံဌာနမှာ ဖြစ်ကြတယ်၊ အဲဒီ နတ်, ဗြဟ္မာဘုံဌာနမှာဖြစ်ကြတဲ့ နတ်ဗြဟ္မာတို့အား သုဓာဘုတ်,ဈာန်ပီတိ အစာအာဟာရများဖြင့် မျှတကြရတယ်၊ဒီလူ့ပြည်ကကျန်ရစ်သူ အဆွေခင်ပွန်း, ဆွေမျိုးသားချင်းတို့ ရည်ညွှန်းတဲ့ဒါနကို နတ်ဗြဟ္မာဘုံဌာနမှာဖြစ်ကြတဲ့ ဆွေမျိုးတို့ မသုံးဆောင်ရ။

ဌာန(၁)ပါး

ဤလူ့ပြည်မှာ အချို့သော ပုဂ္ဂိုလ်တွေဟာ ကာယဒုစရိုက်မှု, ဝစီဒုစရိုက်မှု, မနောဒုစရိုက်မှုတွေကိုပြုပြီး သေသည်၏ အခြားမဲ့မှာ ပြိတ္တာဘုံဌာနမှာဖြစ်ကြတယ်၊ အဲဒီပြိတ္တာဘုံမှာဖြစ်တဲ့ပြိတ္တာ

တို့အား နှပ်, တံထွေး, အံဖတ် စတဲ့ အာ ဟာ ရ များဖြင့် ပြိတ္တာဘဝမှာ မျှတကြရတယ်၊ ဒီလူ့ပြည်က အဆွေခင်ပွန်း, ဆွေမျိုးသားချင်းတို့ ရည်ညွှန်းတဲ့ဒါနဖြင့်လည်း ပြိတ္တာဘဝမှာ မျှတကြရတယ်၊ ဒီပြိတ္တာဘုံဌာနဟာဖြင့်လူ့ပြည်ကအဆွေခင်ပွန်း, ဆွေမျိုးသားချင်းတို့ ရည်ညွှန်းတဲ့ဒါနကို သုံးဆောင်ခွင့်ရတဲ့ ဘုံ ဌာနဖြစ်တယ်။

## ရည်ညွှန်းဒါန ဆွမ်းစဉ်ကြ

ကွယ်လွန်သူသည် ဂတိမှောက်မှားပြီး အကယ်၍များ ပြိတ္တာဘုံဌာနသို့ လားခဲ့ပါမူ ယခု ရည်ညွှန်းသော ဒါနဖြင့် ပြိတ္တာဘဝမှာ ချမ်းသာသုခရစေတော့၊ ပြိတ္တာဘုံဌာနသို့ မလားစေကာမူ ဟို-အစမထင် သံသရာတခွင်မှ ယနေ့ကျအောင် ဆွေမျိုးတော်စပ်ခဲ့ပြီး ပြိတ္တာဘုံဘဝသို့ လားရောက်၍ နေကြကုန်သော ဆွေမျိုးဟောင်းပြိတ္တာတို့ ချမ်းသာသုခ ရစေတော့၊ မိမိတို့မှာလည်း ဤဒါနဖြင့် ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ, နိဗ္ဗာနသမ္ပတ္တိတို့ကို ရစေတော့ဟု ရည်ရွယ်ချက်တွေနှင့် ရှေးထုံးမပျက်ပင် ဆွမ်းစဉ်ကြတယ်၊ ဒါနပြုကြတယ်။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ....

(၁) ဌာနေ ခေါ်ပြာဟ္မဏ ဥပကပ္ပတိ၊ နောအဋ္ဌာနေ။

(၂) ယံ ဝါ ပနဿ ဉာတော အနုပ္ပဝေစ္ဆန္တိ မိတ္တာ မစ္စာ ဝါ ဉာတိသာလောဟိတာ ဝါ၊ တေန သော တတ္ထ ယာပေတိ၊ တေန သော တတ္ထ တိဋ္ဌတိ။

(၃) အညေပိယာ ဗြာဟ္မဏာ ပေတာ ဉာတိ သာလောဟိတာ
တံ ဌာနံ ဥပပန္နာ ဟောန္တိ၊ တေ တံ ဒါနံ ပရိဘုဥ္ဇန္တိ။
(၄) အပိစ ဗြာဟ္မဏ ဒါယကောပိ အနိပ္ဖလော။
(ဒသကနိပါတ် အင်၊ ဇာဏုဿောဏိသုတ်)

ဟု ဟောတော်မူသည်။

အနက်

(၁) ဗြာဟ္မဏ၊ ဇာဏုဿောဏိပုဏ္ဏား။ ဌာနေ၊ အကျိုးပေးနိုင်ခွင့်ရှိသော ပြိတ္တာဘုံဌာနၨ၌။ (ဥပပန္နာနံ၊ ဖြစ်ကုန်သော။ ပေတာနံ၊ ဘဝတပါး ပြောင်းသွား ကွယ်လွန်ကုန်သော။ ဉာတိ သာလောဟိတာနံ၊ ဆွေမျိုးသားချင်းတို့အား။ တံဒါနံ၊ ထိုရည်ညွှန်းသောအလှူသည်။)ဥပကပ္ပတိ၊ ရောက်၏။ အဌာနေ၊ အကျိုးပေးနိုင်ခွင့်မရှိသော ငရဲဘုံဌာန, တိရစ္ဆာန်ဘုံဌာန, လူ့ဘုံဌာန, နတ်,ဗြဟ္မာဘုံဌာနၨ၌။ (ဥပပန္နာနံ၊ ဖြစ်ကုန်သော။ ပေတာနံ၊ ဘဝတပါး ပြောင်းသွား ကွယ် လွန် ကုန် သော။ ဉာတိ သာ လောဟိတာနံ၊ ဆွေမျိုးသားချင်းတို့အား။ တံဒါနံ၊ ထို ရည်ညွှန်းသောအလှူသည်။) နေဝ ဥပကပ္ပတိ၊ မရောက်။

(၂) အဿ၊ ထို ဘဝတပါး ပြောင်းသွား ကွယ်လွန်သောသူ၏။ မိတ္တာဝါ၊ အဆွေခင်ပွန်း တို့သည်၎င်း။ မစ္စာဝါ၊ အတူတကွ ဆင်းရဲချမ်းသာဘက် ဖြစ်သူတို့သည်၎င်း။ ဉာတိသာလောဟိတာဝါ၊ ဆွေမျိုး သာချင်း တို့သည်၎င်း။ ဣတော၊ ဤလူ့ပြည်မှ။ ယံဝါ၊ အကြင် ဒါနကိုမူလည်း။ အနုပ္ပဝေစ္ဆန္တိ၊ ပေးလှူကြကုန်၏။ သော၊ ထိုပြိတ္တာဘုံ၌ ဖြစ်သောသူသည်။ တေနဝါ၊

ထိုလှူပြည့်မှ အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ ရည်ညွှန်းသော ဒါနဖြင့်လည်း။ တတ္ထ၊ ထိုပြိတ္တာဘုံ၌။ ယာပေတိ၊ မျှတရ၏။ သော၊ ထိုပြိတ္တာဘုံ၌ ဖြစ်သောသူသည်။ တေန၀၊ ထိုလှူပြည့်မှ အဆွေခင်ပွန်း, ဆွေမျိုးသားချင်းတို့ ရည်ညွှန်းသော ဒါနဖြင့် လည်း။ တတ္ထ၊ ထိုပြိတ္တာဘုံ၌။ တိဋ္ဌတိ၊ တည်နေရ၏။

(၃) ဗြာဟ္မဏ၊ ဇာဏုဿောဏိပုဏ္ဏား။ အဿ၊ ထို ပေးလှူသော ဒါယကာ၏။အဉ္ဇေပိ၊ တပါးလည်းဖြစ်ကုန်သော။ပေတာ၊ ဘ၀တပါး ပြောင်းသွား ကွယ်လွန်ကုန်သော။ ဉာတိသာလောဟိတာ၊ ဆွေမျိုးသားချင်းတို့သည်။ တံဌာနံ၊ ထိုပြိတ္တာဘုံသို့။ ဥပပန္နာ၊ ကပ်၍ဖြစ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထို ဆွေမျိုးဟောင်း ပြိတ္တာတို့သည်။ တံဒါနံ၊ ထိုရည်ညွှန်းသော ဒါနကို။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ရကုန်၏။

(၄) ဗြာဟ္မဏ၊ ဇာဏုဿောဏိပုဏ္ဏား။အပိစ၊ စင်စစ်သော်ကား။ ဒါယကောပိ၊ ပေးလှူသောဒါယကာသည်လည်း။ အနိပ္ဖလော၊ဘ၀သမ္ပတ္တိ, ဘောဂသမ္ပတ္တိ,နိဗ္ဗာနသမ္ပတ္တိ အကျိုးရှိသည်။ ဟောတိ၊ဖြစ်၏။

**အင်္ဂါသုံးပါးစုံက လက်ငင်းအကျိုးရ**

ပေတာနံ အတ္တနော အနုမောဒနေန ဒါယကာနံ ဥဒ္ဒိသေန ဒက္ခိဏေယျသမ္ပဒါယစာတိ တီဟိအင်္ဂေဟိ ဒက္ခိဏာ သမိဇ္ဈတိ။တင်္ခဏေ ဖလနိဗ္ဗတ္တိကာ ဟောတိ။

(ခုဒ္ဒကပါဌ-ပေတ၀တ္ထု အဋ္ဌကထာ)

**အနက်**

ပေတာနံ၊ပြိတ္တာတို့အား။ ဝါ၊ ပြိတ္တာဘို့၏။အတ္တနော၊ မိမိ၏။ အနုမောဒနေနစ၊ဝမ်းမြောက်ဝမ်းသာသာဓုအနုမောဒနာပြုခြင်း ဖြင့်လည်းကောင်း။ဒါယကာနံ၊ပေးလှူသောဒါယကာတို့၏။ ဥဒ္ဒေ သေနစ၊ ရည်ညွှန်းခြင်းဖြင့်၎င်း။ ဒက္ခိဏေယျသမ္ပဒါယစ၊ ဘုရား, ရဟန္တာ, အရိယာ, သီလရှိသော ပုထုဇဉ်ဟူသော အလှူခံ ပုဂ္ဂိုလ် ၏ ပြည့်စုံခြင်းဖြင့်၎င်း။ ဣတိ၊ ဤသို့။ တီဟိ၊ သုံးပါးကုန်သော။ အင်္ဂေဟိ၊အင်္ဂါတို့ဖြင့်။ဒက္ခိဏာ၊အလှူသည်၊ သမိဇ္ဈတိ၊ ပြည့်စုံ၏။ တင်္ခဏေ၊ ထိုခဏ၌။ ဖလနိပ္ဖတ္တိကာ၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသည်။ ဟောတိ၊ဖြစ်၏။

ကွယ်လွန်သူဆွေမျိုးပြိတ္တာတို့အတွက် ပေးလှူသောဒါနသည်–

(၁) အလှူခံပုဂ္ဂိုလ်၏ ဘုရား,ရဟန္တာ,အရိယာ,သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(၂) ပေးလှူသောဒါယကာတို့၏ မိမိ၏ ဆွေမျိုးပြိတ္တာတို့ကို ရည်ညွှန်းပေးလှူခြင်း။

(၃) ဆွေမျိုးပြိတ္တာတို့ ဝမ်းမြောက် ဝမ်းသာ သာဓုအနု မောဒနာပြုခြင်း။

ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံလျှင် ထိုတခဏမှာပင် အကျိုးကို ဖြစ်စေသည်။

**အင်္ဂါမစုံလျှင် အကျိုးမရ**

ပြိတ္တာဒါနမှာ သီလရှိတဲ့ ပုထုဇဉ်,သောတာပန်,သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, ဘုရား ဆိုတဲ့ ဂုဏ်ကျေးဇူးနှင့်

ပြည့်စုံတဲ့ အလှူခံ ပုဂ္ဂိုလ်များကို လှူဒါန်းပြီး ကုသိုလ်၏အဘို့ကို ရည်ညွှန်းပေးဝေပါမှအနုမောဒနာပြုပြီး ဆွေမျိုးပြိတ္တာတို့အကျိုး ရသည်၊ ထိုဒါနကို သုံးဆောင်ခံစားရသည်။

သီလမရှိတဲ့ ဒုဿီလအလှူခံပုဂ္ဂိုလ်များကို လှူဒါန်းပြီးကုသိုလ်၏အဘို့ကို ရည်ညွှန်းပေးဝေသော်လည်း ဆွေမျိုးပြိတ္တာတို့အကျိုး မရ၊ ထိုဒါနကို မသုံးဆောင်မခံစားရ။

---

## ရှုဥ္စသေဒ္ဒိ ပေတဝတ္ထု၊

ဝတ္ထုသက်သေကို အကျဉ်းပြရလျှင် ဗာရာဏသီမြို့မှ သူကြွယ်တဦးသေလွန်၍ ပြိတ္တာဖြစ်ရာ အန္ဓကဝိန္ဒမြို့၌နေသောသမီး ဖြစ်သူသည် ဖခင်ကိုရည်စူး၍ ဒါနပြုမည်ရှိရာ ထိုပြိတ္တာကြားသိ၍ ဒါနကို အနုမောဒနာပြုပြီး သုံးဆောင်ရန် အန္ဓကဝိန္ဒမြို့သို့ ကောင်းကင် ခရီးဖြင့် အလာ ရာဇဂြိုဟ်မြို့ အဇာတသတ်မင်း၏ ပြာသာဒ်အနီးသို့အရောက်တွင် အဇာတသတ်မင်းမြင်၍ မေးမြန်းရာ ပြိတ္တာကြီးက အကျွန်ုပ်သည် လွန်ဘဝတုန်းက ဗာရာဏသီပြည်မှာ သူဌေးတဦးဖြစ်ပါတယ်၊ နှမြောစေးနှဲ သဒ္ဓါမဲ့ပြီး မပေးလှူခဲ့ပါ၊ ဒါနမပြုခဲ့ပါ၊ မကောင်းသောအကျင့်ဖြင့် သေလွန်ပြီး ပြိတ္တာဖြစ်ခဲ့ရပါသည်၊ သမီးဖြစ်သူ၏ အလှူဒါနကို အနုမောဒနာပြုပြီး ဒါနကို သုံးဆောင်ခံစားရန် အန္ဓကဝိန္ဒမြို့ သမီးထံသွားမည့်အကြောင်းကို ပြောကြားလျှင် အဇာတသတ် မင်းလည်း အပြန် ဝင်ခဲ့ရန် မှာကြား၏။

သမီးဖြစ်သူလည်း သီလမရှိသော အလှူခံ ပုဏ္ဏားများ ဘိတ်၍ အလှူပေးပါသော်လည်း ထိုပြိတ္တာမှာအလှူခံပုဂ္ဂိုလ် သီလမရှိခြင်း

ကြောင့် ဒါနကို မသုံးဆောင်ရ၊ အပြန်ခရီးတွင် အဇာတသတ်မင်းထံဝင်၍ ထိုအကြောင်းကို ပြောကြားရာ အဇာတသတ်မင်းလည်း ဘုရားအမှူးရှိသော သံဃာတော်ကို ပင့်ဘိတ်ပြီး အဖျော်၊ ထမင်း၊ အဝတ် သင်္ကန်းများကို ပေးလှူ၍ ကုသိုလ်၏အဘို့ကို ထိုပြိတ္တာအား ရည်ညွှန်းပေးဝေရာ အနုမောဒနာပြုပြီး ချမ်းသာသုခကို သုံးဆောင်ခံစားရသည်။

[ဤဝတ္ထုကို ထောက်၍ ကွယ်လွန်သူအတွက် ပြုလုပ်သော ဆွမ်းစဉ်၊ ဆွမ်းသွတ် ဒါန၌ သီလရှိသော သူမြတ်များကို ရွေးချယ်လှူဒါန်းရန် သတိပြုသင့်သည်။]

သီလ၊ သမာဓိ၊ ပညာ ကျေးဇူးနှင့် ပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ်များကို ပင့်ဘိတ် ပေးလှူပါသော်လည်း အလှူပေး ဒါယကာက ထိုကုသိုလ်၏အဘို့ကို ဆွေမျိုးပြိတ္တာတို့အားရည်ညွှန်း ပေးဝေခြင်း မပြုက ထိုဒါနကို ဆွေမျိုးပြိတ္တာတို့ မသုံးဆောင်ရ။

## တိရောကုဋ္ဋ ပေတဝတ္ထု

(ခုဒ္ဒကပါဌ၊ ပေတဝတ္ထု အဋ္ဌကထာတို့၌ လာသည်။)

ဝတ္ထုသက်သေပြရလျှင်—

ဤဘဒ္ဒကမ္ဘာမှ နောက်ပြန်ရေတွက်လျှင် ကိုးဆယ့်နှစ်ကမ္ဘာထက်တွင် ကာသိမည်သောမြို့သည် ရှိသတတ်၊ထိုမြို့၌ ဇယသေနမည်သော မင်းသည် မင်းပြု၏၊ ထိုဇယသေနမင်းအား သိရိမာမည်သော မိဖုရားကြီးသည် ရှိ၏၊ ထိုမိဖုရားကြီး၏ ဝမ်းဘိုက်မှာ "ဖုဿ" အမည်ရှိသော ဘုရားအလောင်းတော်သည် ပဋိသန္ဓေ

နေ၍ ဖွားမြင်ပြီး ကြီးပြင်း၍ တောထွက်ကာ ဘုရားအဖြစ်သို့ ရောက်၏၊ ဇေယသေနမင်းသည် "ငါ၏သားသည် တောထွက်၍ ဘုရားဖြစ်ပြီ၊ ဒါ့ကြောင့် ငါ့သားဘုရားဘဲ၊ ငါ့သားဘုရား ဟော ကြားတဲ့ တရားလဲ ငါ့တရားဘဲ၊ ငါ့သားဘုရားရဲ့ တပည့်သံဃာ များလဲ ငါ့သံဃာဘဲဖြစ်တယ်"ဟု ရတနာသုံးပါးကို ကိုယ်ပိုင် ဥစ္စာပြုပြီး အမြတ်တနိုး ပစ္စည်းလေးပါးဖြင့် ကိုယ်တိုင်သာလျှင် အမြဲလုပ်ကျွေးတယ်၊ တပါးသူတို့အား ကုသိုလ်ဒါနပြုခွင့် မပေး ဘူးတဲ့။

ဒီအခါမှာ မြတ်ဘုရား၏ အမိဝမ်းကွဲ (မိထွေး၏သား)ဖြစ်တဲ့ ညီနောင်သုံးယောက်တို့ အကြံအစည်ဖြစ်ပေါ်လာကြတယ်ဆိုဘဲ၊ "ဘုရားရှင်တို့မည်သည် သတ္တဝါအားလုံးရဲ့ စီးပွားချမ်းသာအလို့ ငှာ ပွင့်တော်မူလာကြတာ ဖြစ်တယ်၊တဦးတယောက်ရဲ့ အကျိုး စီးပွားအလို့ငှာ ပွင့်တော် မူလာကြတာမဟုတ်၊ ငါတို့ရဲ့ ဖခမည်း တော်ဟာလဲ တပါးသူတို့အား ကုသိုလ်ဒါနပြုခွင့်မပေး၊ ဘယ်လို လုပ်ပြီး ဘုရားရှင်ကို ဆည်းကပ်လုပ်ကျွေးခွင့် ရပါ့မလဲ"အဲဒါလို ကြံစည်ပြီး ယခုငါတို့ဥပါယ်တခုကိုပြုကြစို့ဟုတိုင်ပင်ကာ ပစ္စန္တရစ် ကို ထကြွပုန်ကန်သလို ပြုကြတယ်၊ဇေယသေနမင်းလည်း ပစ္စန္တရစ် အရပ်သည် ထကြွ ပုန်ကန်၏ဟု ကြားသိတော်မူ၍ သားတော် သုံးယောက်ကို ပစ္စန္တရစ်အရပ် ငြိမ်သက်စေရန် စေလွှတ်တော်မူ လိုက်တယ်၊မင်းသုံးယောက်တို့သည် ပစ္စန္တရစ်အရပ်ကို သွားရောက် ငြိမ်သက်စေပြီး ပြန်လာကြတယ်၊ဖခင်ဘုရင်လည်း နှစ်သက်အားရ သဘောကျတော်မူ၍ "ငါ့သားတို့....သင်တို့အလိုရှိရာဆုကိုယူကြ ဟဲ့"လို့ဆုပေးတော်မူတယ်၊သားတော်တို့က ခမည်းတော်မင်းကြီး-

မြတ်ဘုရားကိုဆည်းကပ်လုပ်ကျွေးခွင့်ကိုဘဲ လိုချင်သည်ဟု ဆိုလျှင် ချစ်သားတို့....ဤဆုကိုထား၍ တပါးဆုကိုယူကြပါ။ ခမည်းတော် မင်းကြီး....ကျွန်တော်တို့ တပါးဆုဖြင့် အလိုမရှိပါ၊ မြတ်ဘုရားကို ဆည်းကပ်လုပ်ကျွေးခွင့်ဆုကိုဘဲ အလိုရှိကြပါတယ်။ ချစ်သားတို့-မြတ်ဘုရားကို ဆည်းကပ်လုပ်ကျွေးခွင့်ဆုကိုဘဲအလိုရှိလျှင် အပိုင်းခြားပြု၍ ယူကြပါ၊ ကဲ မြတ်ဘုရားကို ဆည်းကပ်လုပ်ကျွေးခွင့် ဆုကို ခမည်းတော် ပေးခဲ့ပြီ။ ကျွန်တော်တို့ ခုနစ်နှစ် ဆည်းကပ်လုပ်ကျွေးမည်။ ချစ်သား....ခုနစ်နှစ်တော့ များလွန်းတယ် မပေးနိုင်၊ ခြောက်နှစ်, ငါးနှစ်, လေးနှစ်, သုံးနှစ်, နှစ်နှစ်, တနှစ်, ခုနစ်လ, ခြောက်လ, ငါးလ, လေးလ, တဖြေးဖြေး လျှော့တောင်းသော်လဲ မပေး၊ နောက်ဆုံး သုံးလတောင်းဆိုရာ မင်းကြီးလည်း ယူကြဟု ပေးလိုက်သတဲ့။

မင်းသားတို့သည် ဖခင်ထံမှမြတ်ဘုရားကို ဆည်းကပ်လုပ်ကျွေးခွင့်ဆုရသို့ အလွန်ပင်နှစ်သက်ဝမ်းသာကြကာ ဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား....တပည့်တော်တို့သည် ဝါတွင်းသုံးလပတ်လုံး မြတ်ဘုရားကို လုပ်ကျွေးခြင်းငှာ အလိုရှိပါကုန်၏၊ မြတ်ဘုရားသည် ဝါတွင်းသုံးလပတ်လုံး ဇနပုဒ်၌ဝါဆိုခြင်းကို လက်ခံတော်မူပါ ဘုရား"ဟု လျှောက်ထားကြ ကုန်၏၊ ဘုရားရှင်လည်း ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏၊ မင်းသားညီနောင် သုံးယောက်တို့သည် ဘုရားလက်ခံတော်မူသည်ကိုသိ၍ မိမိတို့၏ဇနပုဒ်၌ ကိစ္စအထွေထွေစီရင်သော လူကြီးမင်း ဇနပုဒ်ဦးစီးထံ စာအမြန် ရေးသားသည်မှာ-

"နယ်ဦးစီး လူကြီးမင်း....ဤဝါတွင်း သုံးလပတ်လုံး ငါတို့သည်

မြတ်ဘုရားကိုဆည်းကပ် လုပ်ကျွေးကြမည်ဖြစ်ပါ၍ ကျောင်းကို အစပြု၍ မြတ်ဘုရားနှင့် သင့်တော်တဲ့အလုပ်အကျွေး,အဆောက် အဦအားလုံးကို ပြည့်စုံအောင် စီရင်ပါလော့”။ ဤကဲ့သို့ရေးသား မှာကြားလျှင် ဇနပုဒ်နယ်ဦးစီးလည်းအလုံးစုံမှာကြားတိုင်း ပြည့်စုံ အောင် စီရင်၍ မင်းသားများထံ အကြောင်းကို ပြန်ကြား၏၊ မင်းသားတို့သည် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ပြီးလျှင် ယောကျ်ားပေါင်း နှစ်ထောင့်ငါးရာ အလုပ်အကျွေးတို့ဖြင့် မြတ် ဘုရားကို ရိုသေစွာလုပ်ကျွေးလိုကြ၍ ဇနပုဒ်သို့ ပင့်ဆောင်ကာ ကျောင်းကို အပ်နှင်းလှူဒါန်း၍ ဝါဆိုစေကုန်၏။

ထို မင်းသား ညီနောင် သုံးဦးတို့၏ ဘဏ္ဍာစိုးဖြစ်တဲ့ သူကြွယ် သားတဦး သည်ကား ဇနီးနှင့်တကွ ရတနာသုံးပါးကို အလွန် ကြည်ညို၏၊ ဘုရားအမှူးရှိတဲ့ သံဃာတော်အား အလှူပေး၏၊ ဇနပုဒ် နယ်ဦးစီး ယောကျ်ားလည်း ထိုသူကြွယ်သားကို ခေါ်၍ တသောင်းတထောင်သော ဇနပုဒ်သားတို့နှင့်အတူ ရိုသေစွာလျှင် အလှူပေး၏၊ ထိုဇနပုဒ်သား တို့တွင် အချို့ ဇနပုဒ်သား တို့သည် ထိပါးပုတ်ခတ် ဆန့်ကျင်သော စိတ်ဓာတ် ရှိလတ်၍ အလှူ၏ အန္တရာယ်ကို ပြုကြကုန်၏၊ လှူဘွယ်ဝတ္ထုပစ္စည်းတို့ကို စားပစ်ကြ ကုန်၏၊ အလှူမဏ္ဍပ် ကိုလည်း မီးရှို့ပစ်ကြကုန်၏၊ ဝါကျွတ်၍ ပဝါရဏာပြုပြီးသော် မင်းသားတို့သည် မြတ်ဘုရားအား ကြီးစွာ သောပူဇော်သက္ကာရကိုပြု၍ ဘုရားရှင်ကိုခြံရံလျက် ခမည်းတော်ထံ ပြန်ကြကုန်၏၊ နောက်ကာလ၌ ဖုဿဘုရားရှင်လည်း ပရိနိဗ္ဗာန် စံဝင်တော်မူ၏၊မင်းသားသုံးဦး,ဇနပုဒ်ဦးစီး,ဘဏ္ဍာစိုးယောကျ်ား တို့လည်း အစဉ်အားဖြင့်သေ၍ ပရိသတ်နှင့်တကွ နတ်ပြည်၌ဖြစ်

ကြ၏၊ အလှူကိုဆန့်ကျင်ပြီး အန္တရာယ်ပြုကြတဲ့ ဇနပုဒ်သားတစု တို့မှာ သေသည်၏အခြားမဲ့မှာ ငရဲမှာ ဖြစ်ကြတယ်၊ ယင်းသို့လျှင် နတ်ပြည်၌ ဖြစ်သူတို့သည် သုဂတိဘဝ အဆင့်ဆင့်ဖြင့် ကျင်လည် တာ ငရဲမှာဖြစ်သူတို့သည် အပါယ်ငရဲ အဆင့်ဆင့်ဖြင့် ကျင်လည် တာ ကိုးဆယ့်နှစ်ကမ္ဘာပင် လွန်ခဲ့သည်။

ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူလာရာအခါ မှာ အလှူကိုဖျက်ဆီးခဲ့သူ တစုတို့မှာ ငရဲမှလွတ်၍ ပြိတ္တာဖြစ်ကြ ကုန်၏၊ ထိုအခါ လူတို့သည် မိမိ မိမိတို့၏ ဆွေမျိုးပြိတ္တာတို့အကျိုး ငှာ အလှူပေး၍ "ဣဒံ အမှာကံ ဉာတီနံ ဟောတု" ဤအလှူ သည် ငါတို့၏ဆွေမျိုးပြိတ္တာတို့အား ဖြစ်စေသတည်းဟု ရည်ညွှန်း အမျှ ပေးဝေကြကုန်၏၊ ထိုပြိတ္တာတို့သည် အနုမောဒနာ ပြု၍ စည်းစိမ်ချမ်းသာကို ရကြကုန်၏၊ ထိုအခြင်းအရာကို ကိုးဆယ့်နှစ် ကမ္ဘာထက်က အလှူကို ဖျက်ဆီးခဲ့တဲ့ ပြိတ္တာတို့မြင်လျှင် ကဿပ ဘုရားရှင်ထံချဉ်းကပ်ပြီး "ဘုန်းတော် ကြီးတော်မူတဲ့ မြတ်ဘုရား.... တပည့်တော်တို့အား ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာကို ရပါအံ့လော" ဟုမေးမြန်းကြကုန်သည်။ကဿပဘုရားရှင်က "သင် တို့ယခုမရနိုင်၊နောင်သောအခါဂေါတမဘုရားပွင့်လတ္တံ့၊ထိုဘုရား လက်ထက်တွင် ဗိမ္ဗိသာရမည်သောမင်းသည် ဖြစ်လတ္တံ့၊ ထိုမင်း သည် သင်တို့၏ ကိုးဆယ့်နှစ်ကမ္ဘာထက်က ဆွေးမျိုးပင် ဖြစ်၏၊ ထိုသင်တို့၏ဆွေမျိုးဟောင်းမင်းသည် ဂေါတမဘုရားအား အလှူ ပေး၍ သင်တို့အား ရည်ညွှန်းအမျှပေးဝေလတ္တံ့၊ထိုအခါစည်းစိမ် ချမ်းသာကို သင် တို့ ရကုန် လတ္တံ့" ဟု မိန့်ကြားတော် မူလျှင်

ထိုပြိတ္တာတို့အား မနက်ဖန်ရကုန် လတ္တံ့-ဟု ဆိုသကဲ့သို့ အလှန် ဝမ်းမြောက်မှုသည် ဖြစ်ကြ၏။

ထို့နောက် ဂေါတမဘုရား ပွင့်တော်မူလာ ရာ မင်းသား ညီနောင်သုံးယောက် တို့သည် တထောင်သောယောက်ျား တို့နှင့် အတူ နတ်ပြည်မှ စုတေခဲ့၍ မဂဓတိုင်း ပုဏ္ဏားမျိုး၌ ဖြစ်ကာ ကြီးပြင်းလတ်သော် ရသေ့ပြု၍ ဂယာသီသ၌ ရသေ့ သုံးဦးတို့ နေကြကုန်၏၊ ဇနပုဒ်ဦးစီး ယောက်ျားသည်ကား ဗိမ္ဗိသာရမင်း ဖြစ်လာ၏၊ ဘဏ္ဍာစိုး ယောက်ျားသည်ကား ဝိသာခါမည်သော သူကြွယ်ဖြစ်လာ၏၊ ၎င်း၏ မယားသည်ကား ဓမ္မဒိန္နာမည်သော သူဌေးသမီး ဖြစ်လာ၏၊ ကြွင်းကျန်သော ပရိသတ် သည်ကား မင်း၏ပရိသတ်တို့သာ ဖြစ်လာကြ၏။

ငါတို့၏ ဂေါတမဘုရားသည် လောက၌ပွင့်တော်မူ၍ ဗောဓိ ပင်အနီးတွင် သတ္တ သတ္တာဟကို လွန်စေပြီး အစဉ်အားဖြင့် ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောသို့ကြွ၍ ပဉ္စဝဂ္ဂီငါးဦးအမှူး ပြုတဲ့ နတ်,ဗြဟ္မာတွေကို ဓမ္မစက္ကပ္ပဝတ္တနသုတ်ကို ဟောတော်မူ ပြီးနောက် တထောင် အခြံအရံရှိသော ရသေ့သုံးဦးတို့ကို ဆုံးမပြီး လျှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏၊ ထိုရာဇဂြိုဟ်ပြည်၌ ဆည်းကပ် ခါစသာလျှင် ဖြစ်သော ဗိမ္ဗိသာရမင်းကြီးကို တသိန်းတသောင်း ကုန်သော မဂဓတိုင်းသား ပုဏ္ဏားသူကြွယ်တို့နှင့်အတူ သောတာ ပတ္တိဖိုလ်၌ တည်စေ၏၊ ဗိမ္ဗိသာရမင်းသည် နက်ဖြန်အလို့ငှာ ဆွမ်း ဘိတ်ကြားရာ လက်ခံတော်မူသဖြင့် ဒုတိယနေ့၌ သိကြားမင်းသည် လုလင်အသွင်ဖြင့် ရှေ့မှသွား၍-

ဒန္တော ဒန္တေဟိ သဟ ပုရာဏဇဋိလေဟိ၊
ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီ နိက္ခသဝဏ္ဏော၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ။

ဤသို့ အစရှိတဲ့ ဂါထာများဖြင့်ရွတ်ဆိုချီးကျူးကာ ရာဇဂြိုဟ်ပြည်သို့ ကြွဝင်တော်မူလာပြီးလျှင် မင်းနန်းတော်၌အလှူကြီးပေးသည်ကို ခံယူတော်မူ၏၊ ဒီအခါမှာ ကိုးဆယ့်နှစ်ကမ္ဘာ ထက်ကဆွေမျိုးဟောင်းပြိတ္တာတွေလဲ “ဗိမ္ဗိသာရမင်းသည် ငါတို့အတွက်အလှူပေး၏၊ယခုပင် ကုသိုလ်၏အဘို့ကို ငါတို့အား ရည်ညွှန်းပေးဝေလတ္တံ့၊ ယခုပင် ကုသိုလ်၏အဘို့ကို ငါတို့အား ရည်ညွှန်းပေးဝေလတ္တံ့”ဟု စောင့်မြော်၍ နေကြကုန်၏။

ဗိမ္ဗိသာရမင်းကြီးသည် အလှူကြီးပေး၍အဘယ်အရပ်၌ ဘုရားရှင်သည် သီတင်း သုံးတော် မူအံ့နည်းဟု ကျောင်း နေရာကိုသာလျှင် ကြံစည်၏၊ထိုအလှူကုသိုလ်၏အဘို့ကို တစုံတယောက်သောသူကိုမျှ ရည်ညွှန်းပေးဝေခြင်းခပြုမိ၊ ဆွေမျိုးဟောင်း ပြိတ္တာတို့သည် အလှူ၏အဘို့ကို မရကြလျှင် မြော်လင့်ချက် ကင်းမဲ့ကြ၍ ညဉ့်အချိန်မှာ မင်းနန်းတော်သို့ဝင်ပြီးလျှင် အလွန်ကြောက်ခက်ဘွယ်ကောင်းတဲ့ ဖောက်ပြန်တဲ့အသံကို ပြုကြကုန်၏၊ ဗိမ္ဗိသာရမင်းသည် အလွန်ပင် ကြောက်ရွံ့ထိတ်လန့်တော် မူသဖြင့် နံနက်မိုးသောက် အလင်းရောက်လျှင် မြတ်စွာဘုရားအား “ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား . မနေ့ညက နန်းတွင်းမှာ ကြောက်မက်ဘွယ်အသံတွေ ကြားရပါတယ်၊ ဘယ်သို့ဘယ်ပုံ ဖြစ်လတ္တံ့

ပါလဲဘုရား”ဟု လျှောက်ထားမေးမြန်းရာ၊ မြတ်ဘုရားက “မင်းကြီး-မကြောက်ပါနှင့်၊သင်မင်းကြီးအား တစုံတခု ယုတ်မာမှုသည် မဖြစ် လတ္တံ့ ၊ အမှန် အားဖြင့် သင်မင်းကြီး၏ ဘဝဟောင်းက ဆွေမျိုးတွေ ပြိတ္တာဖြစ်လျက် ရှိကြတယ်၊ အဲဒီ ဆွေမျိုးဟောင်း ပြိတ္တာတွေဟာ ကဿပဘုရားမှ ငါဘုရားတိုင်အောင် ဘုရားနှစ်ဆူ အကြား မြှော်လင့်ခြင်းကြီးစွာဖြင့် “မြတ်စွာဘုရားအား အလှူကို ပေး၍ ကုသိုလ်၏အဘို့ကို ငါတို့အား ရည်ညွှန်းပေးဝေလတ္တံ့” ဟု လှည့်လည်ကြပါကုန်သော်လည်း သင်မင်းကြီးသည် မနေ့ကအလှူ ပေး၍ ကုသိုလ်၏အဘို့ကို ရည်ညွှန်းပေးဝေခြင်း မပြုသည့်အတွက် ကြောင့် မြှော်လင့်ချက် ကင်းပြတ်ကာ ညဥ့်အခါ နန်းတွင်းမှာ ဖောက်ပြန်တဲ့ ကြောက်ဘွယ်ကောင်းတဲ့ အသံကိုပြုကြကုန်၏”ဟု မိန့်တော်မူလျှင် ဗိမ္ဗိသာရမင်းလည်း “မြတ်စွာဘုရား....ယခုအခါ အလှူပေးလျှင် ထိုဆွေမျိုးဟောင်း ပြိတ္တာတို့ ရကုန်အံ့လော”ဟု မေးလျှောက်၏၊ မင်းကြီး ...ရနိုင်ပါ၏။ “မြတ်စွာဘုရား....ရနိုင်လျှင် တပည့်တော်သည် မြတ်ဘုရားအား ယနေ့ အလှူ ပေးပြီး ကုသိုလ်၏အဘို့ကို ဆွေမျိုးဟောင်း ပြိတ္တာတို့အား ရည်ညွှန်းပေး ဝေပါအံ့”ဟု လျှောက်ထား၏၊ မြတ်ဘုရားရှင်လည်း ဆိတ်ဆိတ် နေ၍ လက်ခံတော်မူ၏။

ဗိမ္ဗိသာရမင်းကြီးသည် နန်းတော်သို့ပြန်သွားပြီး ကြီးစွာသော အလှူကိုစီရင်ကာ မြတ်စွာဘုရားအား အချိန်ကိုလျှောက်ကြား၏၊ ဂေါတမဘုရားရှင်လည်း မင်းနန်းတော်သို့ကြွတော်မူ၍ ခင်းထား အပ်သော နေရာ၌ ရဟန်းသံဃာတော်များနှင့်အတူ ထိုင်တော် မူ၏၊ ဗိမ္ဗိသာရမင်း၏ ဆွေမျိုးဟောင်း ပြိတ္တာတို့သည် “ဒီကနေ့

အလှူ၏ အဘိုကို ရချင်ရလိမ့်မည်”ဟု မြွက်လင့်ချက်ဖြင့် လာ၍ တံတိုင်းတဖက်, နံရံတဖက်တို့၌ တည်နေ ကြကုန်၏၊ ထိုအခါ ဂေါတမဘုရားက ထိုပြိတ္တာ အားလုံးကို မင်းကြီး မြင်အောင် တန်ခိုးဖြင့်ပြတော်မူ၏၊ ဗိမ္ဗိသာရမင်းသည် ရေစက်သွန်းချ အလှူ ပေးကာ “ဣဒံ မေ ဉာတီနံ ဟောတု” ဤအလှူသည် ငါ၏ ဆွေမျိုးဟောင်း ပြိတ္တာတို့အား ဖြစ်စေသတည်း-ဟု ကုသိုလ်၏ အဘိုကို ရည်သွန်း ပေးဝေ၏၊ ထိုခဏမှာပင် ဆွေမျိုးဟောင်း ပြိတ္တာတို့အား ကြာနီ, ကြာညို ပန်းတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်း အပ်သော ရေကန်တို့သည် ဖြစ်ကုန်၏။

ထိုပြိတ္တာတို့သည် ထိုရေကန်၌ရေချိုး-ရေသောက်၍ ပူပန်ခြင်း, မွတ်သိပ်ဆာလောင်ခြင်းပျောက်ကင်းကာ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏၊ တဖန် ယာဂု, ခဲဘွယ်, ဘောဇဉ်တို့ကို ပေးလှူ၍ ကုသိုလ်၏အဘိုကို ရည်သွန်းပေးဝေပြန်၏၊ထိုခဏမှာပင် ဆွေမျိုး ဟောင်း ပြိတ္တာတို့အား နတ်၌ဖြစ်သော ယာဂု,ခဲဘွယ်,ဘောဇဉ် တို့သည် ဖြစ်ကုန်၏၊ ထိုပြိတ္တာတို့သည် ထိုယာဂု,ခဲဘွယ်,ဘောဇဉ် တို့ကို စားသောက်၍ ပြည့်ဖြိုးသော ဣန္ဒြေရှိကုန်၏၊ ထိုနောက် တဖန် အဝတ်ပုဆိုး,အိပ်ရာနေရာတို့ကိုပေးလှူ၍ ကုသိုလ်၏အဘိုကို ရည်သွန်းပေးဝေပြန်၏၊ ထိုပြိတ္တာတို့အား နတ်၌ဖြစ်သောအဝတ် ပုဆိုး, ပြာသာဒ်, အခင်း, အရုံ, အိပ်ရာ နေရာ, တန်ဆာ တို့သည် ဖြစ်ကုန်၏၊ ဖြစ်ပေါ်လာတိုင်းသောအခြင်းအရာများကို မင်းကြီး မြင်အောင် ဘုရားရှင်သည် အဓိဋ္ဌာန် ပြသတော်မူ၏၊ ဗိမ္ဗိသာရ မင်းလည်း ထိုအခြင်းအရာ အားလုံးကို မြင်၍ အလွန်ပင် ဝမ်း မြောက်တော်မူ၏၊ ထိုနောက် ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်း

ကိစ္စပြီးဆုံးလျှင် ဗိမ္ဗိသာရ မင်းကြီးအား တိရောကုဋ္ဋ သုတ်ကို ဟောကြား အနုမောဒနာ ပြုတော်မူ၏။

## တိရောကုဋ္ဋသုတ်

(၁) တိရောကုဋ္ဋေသု တိဋ္ဌန္တိ၊
သန္ဓိသိင်္ဃာဋကေသု စ။
ဒွါရဗာဟာသု တိဋ္ဌန္တိ၊
အာဂန္တွာန သကံဃရံ။

(၁) ပေတာ၊ပြိတ္တာတို့သည်။ သကံဃရံ၊ရှေးဘဝဟောင်းက ဆွေမျိုးအိမ်, ရှေးဘဝဟောင်းက မိမိပိုင်နေအိမ်သို့။ အာဂန္တွာန၊ ဒါနအကျိုး စားလိုသော စိတ်မျိုးဖြင့် မြှော်ကိုးကာ လာကြ၍။ တိရောကုဋ္ဋေသု၊ တံတိုင်းနံရံ, ဝင်းတားရံပြင်ဘက်တို့၌။ တိဋ္ဌန္တိ၊ ရပ်တည်နေကြကုန်၏။ သန္ဓိသိင်္ဃာဋကေသု စ၊ အိမ်ခြံစပ်, နံရံစပ်, ပြူတင်းပေါက်, လမ်းဆုံ-လမ်းခွ တို့၌လည်း။ တိဋ္ဌန္တိ၊ ရပ်တည်၍ နေကြကုန်၏။ ဒွါရဗာဟာသု စ၊ မြို့တံခါးပေါင်,ရွာတံခါးပေါင်, အိမ်တံခါးပေါင် တို့၌လည်း။ တိဋ္ဌန္တိ၊ ကိုင်မှီရပ်တည်၍ နေကြကုန်၏။

"လူ့ဘဝတုန်းက ဆွေမျိုး တော်စပ် ခဲ့ပြီး သေလွန်တဲ့အခါ ပြိတ္တာဘုံဘဝ လားရောက်ပြီးနေကြတဲ့ ဆွေမျိုးဟောင်း ပြိတ္တာတွေဟာ မိမိတို့ရဲ့ အမိအဖ, သားသမီး, လင်မယား, ညီအစ်ကို, မောင်နှမ, ဆွေမျိုးသားချင်းတို့ ဒါနပြုတဲ့အခါ ငါတို့ဆွေမျိုး, ငါတို့အကျိုးအတွက် ဒါနပြုပြီး ငါတို့ ထိုဒါနကို အနုမောဒနာ

ပြုပြီး သုံးဆောင်ခံစားမည်ဆိုတဲ့ မြော်လင့်ချက်ဖြင့် ကြားသိရာ အရပ်မှ ဒါနပြုတဲ့ ဆွေမျိုး အိမ်သို့ လာကြပြီး တံတိုင်း, နံရံ, ဝင်းတားရံပြင်ဘက်, အိမ်ခြံစပ်, နံရံစပ်, အိမ်ဝတံခါးပေါင် စသည် တို့ကိုမှီပြီး ရပ်တည်စောင့်မြော်ပြီး နေကြတယ်"။

(၂) ပဟူတေ အန္နပါနမှိ၊
ခဇ္ဇဘောဇ္ဇေ ဥပဋ္ဌိတေ။
န တေသံ ကောစိ သရတိ၊
သတ္တာနံ ကမ္မပစ္စယာ။

(၂) ပဟူတေ၊ အလိုရှိတိုင်း သုံးဆောင် နိုင်အောင် များ မြောင်သော။ အန္နပါနမှိ၊ စားသောက်ဘွယ်ရာ ထမင်းအဖျော် ယမကာကိုင်း။ ခဇ္ဇဘောဇ္ဇေ၊ ခဲလျက်ဘွယ်ရာ ခဲဘွယ်ဘောဇဉ် အရသာကိုင်း။ ဥပဋ္ဌိတေ၊ လှူဒါန်းရန် စီရင် ပြီးလတ်သော်။ သတ္တာနံ၊ ထို ပြိတ္တာ သတ္တဝါတို့၏။ ကမ္မပစ္စယာ၊ မပေးလှူလို ဝန်တိုသောအား ဒါနကိုမြစ်တား နှမြောစေးနှဲသော ကံဟူသော အကြောင်းကြောင့်။ တေသံ၊ ထိုပြိတ္တာ သတ္တဝါတို့ကို။ ကောစိ၊ အဖ, အမိ အစရှိသော တစုံတယောက်သော ဆွေမျိုးဉာတိသည်။ နသရတိ၊ ဒါနကိုရည်ညွှန်းရန် အမှတ်မရပါချေ။

"ဆွေမျိုးဟောင်းပြိတ္တာတွေဟာ လူ့ဘဝတုန်းကဆွေမျိုးတွေ အစာအာဟာရ, အဝတ်အထည် စသည်များကို ပေးလှူတဲ့အခါ ဒါနပြုရာ ဆွေမျိုးအိမ်သို့ လာရောက်ကြပြီး ထိုဒါနကို သုံးဆောင် ခံစားရန် စောင့်မြော်နေကြပါသော်လည်း ထိုပြိတ္တာတို့၏ လူ့ ဘဝတုန်းက ပြုခဲ့ဘဲ့ "မိမိကိုယ်တိုင်လည်း မပေးလှူ, သူတပါးတို့

ပေးလှူသည်ကိုလည်း ဖျက်ဆီး တားမြစ်မှု ဆိုတဲ့ ဝန်တိုစေးနဲ့တဲ့ ကဒရိယ”အကုသိုလ်ကံကြောင့် ထိုဒါနကို ဆွေမျိုးပြိတ္တာတို့အား ရည်ညွှန်းပေးဝေရန် အမှတ်မရကြ”။

[အတ္တနာ ကတဿ အဒါန ဒါနပ္ပဋိသေဓနာဒိ ဘေဒဿ ကဒရိယကမ္မဿ ပစ္စယာ-ဌ။]

(၃) ဧဝံ ဒဒန္တိ ဉာတီနံ၊
ယေ ဟောန္တိ အနုကမ္ပကာ။
သုစိံ ပဏီတံ ကာလေန၊
ကပ္ပိယံ ပါနဘောဇနံ။

(၄) ဣဒံ ဝေါ ဉာတီနံ ဟောတု၊
သုခိတာ ဟောန္တု ဉာတယော။
တေစ တတ္ထ သမာဂန္တွာ၊
ဉာတိပေတာ သမာဂတာ။
ပဟူတေ အန္နပါနမှိ၊
သက္ကစ္စံ အနုမောဒရေ။

(၃-၄) မဟာရာဇ၊ ဒကာတော် ဗိမ္ဗိသာရမင်းကြီး။ တယာ၊ သင်မင်းကြီးသည်။ ဒိန္နံယထာ၊ဆွေမျိုးပြိတ္တာတို့အတွက် ရည်ညွှန်း ပေးလှူသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ယေ၊ အကြင် သား,သမီး, ညီ,အကို, မောင်,နှမ စသော သူတို့သည်။ အနုကမ္ပကာ၊ အစဉ် သနား အကျိုးစီးပွားကို လိုလား ရှာမှီးတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထို သား, သမီး စသည်တို့သည်။ ကာလေန၊ ဆွေမျိုးပြိတ္တာတို့ အိမ်သို့ ကပ်ရောက်လာသော အချိန်အခါ၌။

သုစိံ၊ တရားနှင့်အညီ ရသည့်ဖြစ်၍ စင်ကြယ်စွာသော။ ပဏီတံ၊ မွန်မြတ်သော။ ကပ္ပိယံ၊ အရိယာ သူတော်ကောင်းတို့ သုံးဆောင်ထိုက်၍ လျောက်ပတ်သော။ ပါနဘောဇနံ၊ အဖျော်, ဘောဇဉ် လှူဘွယ်ဝတ္ထု အားလုံးကို။ ဣဓ၊ ဤအလှူဝတ္ထုသည်။ ဉာတီနံ၊ ပြိတ္တာဘုံ၌ ဖြစ်ကုန်သော ဆွေမျိုးတို့အား။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဉာတယော၊ ဆွေမျိုးပြိတ္တာတို့သည်။ သုခိတာ၊ ဤဒါနကို သုံးဆောင်ရ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်း သာ ကြ ကုန် သ ည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဧဝံ၊ ဤသို့သောအခြင်းအရာဖြင့်။ ဉာတီနံ၊ ဆွေမျိုးပြိတ္တာတို့အား။ ဒဒန္တိ၊ ရည်ညွှန်းပေးလှူကြကုန်၏။ တေဉာတိပေတာ၊ ထို ဆွေမျိုး ပြိတ္တာတို့သည်။ (ယတ္ထ၊ အကြင်အရပ်၌။ တံဒါနံ၊ ထိုအလှူကို။ ဒီယတိ၊ ပေးလှူအပ်၏။) တတ္ထ၊ ထိုအလှူပေးရာအရပ်သို့။ သမာဂန္တွာ၊ စုဝေးပေါင်းဆုံ ထက်ဝန်းကျင်မှ လာကြကုန်၍။ သမာဂတာ၊ ဤသူတို့ကား- ငါတို့၏ဆွေမျိုးတို့တည်း၊ ငါတို့အကျိုးငှာ အလှူကို ရည်ညွှန်းကုန်လတ္တံ့-ဟု မြော်လင့်ချက်ဖြင့် ကောင်းစွာလာကြကုန်သည်ဖြစ်၍။ ပဟူတေ၊ များစွာသော။ အန္နပါနမှိ၊ ထမင်း, အဖျော် လှူဘွယ်ဝတ္ထုကို။ ဥဒ္ဒိဿမာနေ၊ ပေးလှူပြီး မိမိတို့အားရည်ညွှန်းအပ်သည် ရှိသော်။ သက္ကစ္စံ၊ ကံ၏အကျိုးကို ယုံကြည် တည် ကြည် သော စိတ်ထား ရှိသေလေးစားစွာဖြင့်။ အနုမောဒရေ-အနုမောဒန္တိ၊ ဤအလှူသည် ငါတို့၏စီးပွားချမ်းသာအလို့ငှာ ဖြစ်စေသတည်းဟု ဝမ်းမြောက်ဝမ်းသာပီတိသောမနဿဖြစ်ကာ သာဓု-သာဓု-သာဓု ဟု အနုမောဒနာပြုကြကုန်၏။

[ဝေတ္ထိ ဥပမာဝစနံ၊ အာကာရတ္ထေန ဝေံသဒ္ဒေန။ အဋ္ဌကထာဆို၍ ဝေံကို ဥပမာ, အာကာရ နှစ်မျိုးထပ်၍ အနက် ပေးလိုက်သည်။ ဝေါတိ နိပါတမတ္တံ။ ဝေါကို အနက်မဲ့ပေးသည်။ အဋ္ဌကထာဖွင့်အတိုင်း အနက်များကို ဆွဲငင်ယူထည့်ပေးခဲ့သည်။]

"ဒကာတော်မင်းကြီး....၊ သင်မင်းကြီးသည် ဘဝဟောင်းက ဆွေမျိုးပြိတ္တာတွေကို ရည်စူးပြီး အလှူပေးကာ ကုသိုလ်၏အဘို့ကို ပေးဝေသကဲ့သို့ သနားကြင်နာတတ်တဲ့ ဆွေမျိုးသားချင်းတို့သည် ဆွေမျိုးပြိတ္တာတို့ အိမ်သို့ ကပ်ရောက်လာတဲ့အခါ စင်ကြယ် မွန်မြတ်လျောက်ပတ်တဲ့ အစာအာဟာရ, အဝတ်,သက်နိုး စသည် များကို သီလ, သမာဓိ, ပညာ, ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတဲ့ သူမွန် သူမြတ်များကို ပေးလှူပြီး "ဤအလှူသည် ပြိတ္တာဘုံ၌ဖြစ်ကုန်သော ဆွေမျိုးတို့အားဖြစ်စေသတည်း၊ဆွေမျိုးပြိတ္တာတို့သည် ဤဒါနကို သုံးဆောင်ရ၍ ကိုယ်,စိတ် နှစ်ဖြာ ချမ်းသာကြစေကုန်သတည်း" ဟု ဆွေမျိုးပြိတ္တာတို့အား အလှူ၏အဘို့ကို ရည်ညွှန်း ပေးဝေကြ ကုန်၏။ဆွေမျိုးပြိတ္တာတို့သည်အလှူပေးတဲ့ဆွေမျိုးအိမ်၌ ပေါင်းစု ညီညာ မိမိတို့အား ရည်ညွှန်းပေးဝေတဲ့ ကုသိုလ်၏အဘို့ကို ဝမ်း မြောက်ဝမ်းသာ ပီတိသောမနဿဖြစ်ကာ သာဓု, သာဓု, သာဓု, ဟု အနုမောဒနာပြုကြကုန်၏။

(၅) စိရံ ဇီဝန္တု နော ဉာတီ၊
ယေသံ ဟေတု လဘာမသေ။
အမှာကဉ္စ ကတာ ပူဇာ၊
ဒါယကာစ အနိပ္ဖလာ။

(၅) ယေသံ၊ အကြင်ဆွေမျိုးတို့၏။ ဟေတု' ပေးလှူခြင်းဟူသော အကြောင်းကြောင့်။ (မယံ၊ပြိတ္တာဖြစ်သော ငါတို့သည်။ သမ္ပတ္တိံ၊ ဒါနအကျိုးဖြင့်ပြီးသော စည်းစိမ်ချမ်းသာကို။) လဘာမသေ၊ ပက်ပင်းထင်ထင် လက်ငင်းပင်ရကြပါကုန်၏။ အမှာကဥ္၊ ပြိတ္တာဖြစ်သော ငါတို့အားလည်း။ ပူဇာ၊ အလှူ၏ အဘို့ကို ရည်ညွှန်းပေးဝေခြင်းဖြင့် ပူဇော်ခြင်းကို။ ကတာ၊ ပြုအပ်ပါ၏။ ဒါယကာစ၊ အလှူပေးဆွေမျိုးတို့ သည်လည်း။ အနိပ္ဖလာ၊ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ, နိဗ္ဗာနသမ္ပတ္တိ အကျိုး ရှိကြပါကုန်၏။ နော၊ ငါတို့၏။ ဉာတိ၊ အလှူပေး ဆွေမျိုးတို့ သည်။ စိရံ၊ ယခုတည်မှန်း အသက်တမ်းတိုင် မြင့်ခိုင်ရှည်ကြာ။ ဇီဝန္တု၊ ရှင်, နာမ်နှစ်တွေ ဇီဝိတိန္ဒြေတည် အသက်ရှည်ကြ စေကုန်သတည်း။

"ပြိတ္တာတို့သည် ဘဝဟောင်းက ဆွေမျိုးတွေ အလှူပေးပြီး ကုသိုလ်၏အဘို့ကို ငါတို့အား ရည်ညွှန်း ပေးဝေ ခြင်းကြောင့် ငါတို့မှာ နတ်စည်းစိမ်ချမ်းသာများကို သုံးဆောင် ခံစားရသည်၊ ထိုဒါနကို ရည်ညွှန်းခြင်းဖြင့် ငါတို့အားလည်း ပူဇော်ရာရောက်၏၊ အလှူပေးတဲ့ ငါတို့၏ ဆွေမျိုးသားချင်းတို့မှာလည်း ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ,နိဗ္ဗာနသမ္ပတ္တိ အကျိုးရှိကြပါကုန်၏။ အလှူပေးတဲ့ ငါတို့ ဆွေမျိုးတို့သည် အသက် ရှည်ကြ ပါစေ-လို့ ဆုပေးမေတ္တာ အခါခါပြုကြသတဲ့"။

(၆) န ဟိ တတ္ထ ကသီ အတ္ထိ၊
ဂေါရက္ခေတ္ထ န ဝိဇ္ဇတိ။
ဝဏိဇ္ဇာ တာဒိသီ နတ္ထိ၊
ဟိရညေန ကယာကယံ။

ဣတော ဒိန္နေန ယာပေန္တိ၊
ပေတာ ကာလဂတာ တဟိံ။

(၆) မဟာရာဇ၊ ဒကာတော် ဗိမ္ဗိသာရမင်းမြတ်။တတ္ထ၊ ထို ပြိတ္တာတို့ဘုံ၌။ကသိ၊စည်းစိမ်ချမ်းသာ ရကြောင်းဖြစ်သော လယ်ထွန်ခြင်းသည်။ နအတ္ထိ၊အမှန်တိတိမရှိပါ။ ဧတ္ထ၊ထိုပြိတ္တာတို့ဘုံ၌။ ဂေါရက္ခာ၊ စည်းစိမ်ချမ်းသာ ရကြောင်းဖြစ်သော နွားကျောင်းခြင်းသည်။ နဝိဇ္ဇတိ၊အမှန်ပင်တည့်မရှိပါ။ တာဒိသီ၊ထိုကဲ့သို့ရှုအပ်သော။ ဝဏိဇ္ဇာပိ၊စည်းစိမ် ဥစ္စာရကြောင်းဖြစ်သော ကုန်သွယ်မှုသည်လည်း။နတ္ထိ၊စင်စစ်ကေန်အမှန်မရှိပါ။ဟိရညေန၊ရွှေ့ငွေဖြင့်။ ကယာကယံ၊ဝယ်ခြင်း,ရောင်းခြင်းသည်။ နတ္ထိ၊အမှန်တိတိမရှိပါ။ ကာလဂတာ၊ ခန္ဓာပျက်ကြွေ သေလွန်ကုန်သည်ဖြစ်၍။ ပေတာ၊ ပြိတ္တာဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်။ တဟိံ၊ ထိုပြိတ္တာဘဝ၌။ဣတော၊ ဤလူ့ပြည်မှ။ ဒိန္နေန၊ ဆွေမျိုး,မိတ်ဆွေတို့သည် ပေးဝေအပ်သော ဒါနကုသိုလ်၏အဘို့ဖြင့်။ယာပေန္တိ၊အတ္တဘော ကိုဖြစ်စေ မျှတရလေကုန်၏။

"ဒကာတော် ဗိမ္ဗိသာရမင်းမြတ်....ပြိတ္တာဘုံမှာ စည်းစိမ် ဥစ္စာ ရကြောင်းဖြစ်တဲ့ ထွန်ယက်စိုက်ပျိုးမှုလည်းမရှိ၊ ကျွဲ,နွား စသည် မွေးမြူရေးလုပ်ငန်းများလည်းမရှိ၊ဖောက်ကားလဲလှယ် ကုန်သွယ်မှုလည်းမရှိ၊ ရွှေ,ငွေဖြင့်ရောင်းခြင်း, ဝယ်ခြင်းလည်းမရှိ၊ သေလွန်၍ ပြိတ္တာဘုံ၌ဖြစ်ကုန်သော ပြိတ္တာတို့အား ဤလူ့ပြည်မှ ဆွေမျိုးသားချင်းတို့ အလှူပေးပြီး ရည်ညွှန်းပေးဝေတဲ့ ကုသိုလ်၏အဘို့ကို အနုမောဒနာပြုပြီး ပြိတ္တာဘဝမှာ မျှတကြရလေသည်"။

(၇) ဥန္နမေ ဥဒကံ ဝုဋ္ဌံ၊
ယထာ နိန္နံ ပဝတ္တတိ။
ဧဝမေဝ ဣတော ဒိန္နံ၊
ပေတာနံ ဥပကပ္ပတိ။

(၇) ဥန္နမေ၊ မြင့်မောက်ရာ ကုန်းမြေအရပ်၌။ ဝုဋ္ဌံ၊ ဖြိုင်ဖြိုင်ရွှန်း ရွှန်းရွာသွန်းအပ်သော။ဥဒကံ၊မိုးသည်းရေသည်။နိန္နံ၊ချိုင့်ဝှမ်းရာမြေအရပ်သို့။ ပဝတ္တတိယထာ၊ စီးဆင်းကျရောက် သကဲ့သို့။ ဧဝမေဝ၊ဥပမာပုံယူ ဤအတူသာလျှင်။ ဣတော၊ဤလူ့ပြည်မှ။ ဒိန္နံ၊ အဆွေခင်ပွန်း, ဆွေမျိုးသားချင်းတို့ ရည်ညွှန်းပေးလှူ အပ်သော အလှူသည်။ပေတာနံ၊ ပြိတ္တာတို့အား။ ဥပကပ္ပတိ၊ အကျိုးတရား ထင်ရှားပေါ်ပေါက်ရောက်၏။

"မြင့်မောက်သော ကုန်းမြေအရပ်၌ ရွာချသော မိုးသည်းရေသည် ချိုင့်ရာ,နိမ့်ရာ,ဝှမ်းရာမြေအရပ်သို့စီးဆင်းကျရောက်သကဲ့သို့ ထို့အတူ မြင့်မောက်ရာမြေအရပ်နှင့်တူတဲ့ ဤလူ့ပြည်၌ ရွာချသော မိုးသည်းရေနှင့်တူတဲ့ အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ ရည်ညွှန်း ပေးလှူတဲ့ အလှူသည် နိမ့်ဝှမ်းရာ အရပ်နှင့်တူတဲ့ ပြိတ္တာဘုံဌာန ဆွေမျိုးပြိတ္တာတို့အထံသို့ ရောက်၏။

(၈) ယထာ ဝါရိဝဟာ ပူရာ၊
ပရိပူရေန္တိ သာဂရံ။
ဧဝမေဝ ဣတော ဒိန္နံ၊
ပေတာနံ ဥပကပ္ပတိ။

(ဂ) ဝါရိဝဟာ၊ မြစ်ကြီးတို့သည်။ ပူရာ၊ ရေဖြင့်ပြည့်ကုန်သည်။ (ဟုတွာ ဖြစ်ကုန်၍။) သာဂရံ၊ သမုဒ္ဒရာကို။ ပရိပူရေန္တိ ယထာ၊ ရေအလျှင်စီးဝင်၍ ပြည့်စေကုန်သကဲ့သို့။ ဧဝမေဝ၊ ပမာပုံယူ ဤအတူသာလျှင်။ ဣတော၊ဤလူ့ပြည်မှ။ ဒိန္နံ၊အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ ရည်ညွှန်း ပေးလှူ အပ်သော အလှူသည်။ ပေတာနံ၊ ပြိတ္တာဘုံ၌ဖြစ်သောပြိတ္တာတို့အား။ ဥပကပ္ပတိ၊အကျိုးတရား ထင်ရှားပေါ်ပေါက်ရောက်၏။

"တောင်,ချောက်, ပတ်ကြားကွဲ, မြောင်းငယ်,အိုင်ငယ်,အိုင်ကြီးတို့မှ ပေါင်းစုစီးဆင်း ကျရောက်လာတဲ့ မိုးဿရေ အလျဉ်ဖြင့် မြစ်ကြီးတွေ ပြည့်လျှံလာတဲ့အခါမှာ ထိုမြစ်ကြီးတွေက တဖန်စီးဆင်းပြီး သမုဒ္ဒရာကို ပြည့်စေသကဲ့သို့ ထို့အတူ ဤလူ့ပြည်၌ အဆွေခင်ပွန်း,ဆွေမျိုးသားချင်းတို့ရည်ညွှန်းပေးလှူတဲ့အလှူသည် ပြိတ္တာဘုံမှာဖြစ်တဲ့ ဆွေမျိုးပြိတ္တာတို့ အထံသို့ ရောက်ပါ၏"။

(၉) အဒါသိ မေ အကာသိ မေ၊
ဉာတိမိတ္တာ သခါ စ မေ။
ပေတာနံ ဒက္ခိဏံ ဒဇ္ဇာ၊
ပုဗ္ဗေ ကတ မနုဿရံ။

(၉) ဣဒံနာမ၊ ဤမည်သောသူသည်ကား။ မေ၊ ငါ့အား။ ဓနံ၊ဥစ္စာကို။ အဒါသိ၊ ပေးဘူးပြီ။ မေ၊ ငါ၏။ ကိစ္စံ၊ ပြုဘွယ်ကိစ္စကို။ အကာသိ၊ ငိုင်းဝန်းကူညီ ပြုဘူးပြီ။ ဉာတိစ၊ ဤသို့ရင်း။ ပုဗ္ဗေ ရှေးလူဖြစ်စဉ် အခါ၌။ ကတံစ၊ ပြုဘူးသည်ကိုရင်း။ အမုံ၊ ဤမည်သော သူသည်ကား။ မေ၊ ငါ၏။ ဉာတိ၊ အမိဘက်မှ

ဆွေမျိုးပါတည်း, အဖဘက်မှဆွေမျိုးပါတည်း။မေ၊ငါ၏။ မိတ္တာ၊ မိတ်ဆွေပါတည်း။ မေ၊ ငါ၏။ သခါ၊ ခင်ပွန်းပါတည်း။ ဣတိစ၊ ဤသို့ရင်း။ ( သဗ္ဗံ၊ အလုံးစုံကို။ ) အနုဿရံ - အနုဿရန္တော၊ အမှတ်ရ အောက်မေ့မိသောသူသည်။ ပေတာနံ၊ ပြိတ္တာတို့အား။ ဒက္ခိဏံ၊ အလှူကို။ ဒဇ္ဇာ၊ ရည်ညွှန်းပေးလှူရာ၏။

"ဤကွယ်လွန်သူသည်ကား-ငါ့ကို ပစ္စည်းဥစ္စာ ပေးဘူးသည်။ ငါ၏ အမှုကိစ္စကို ကူညီ ဆောင်ရွက် ဘူးသည်ဟု ရှေး အသက် ထင်ရှားရှိစဉ်က ပြုဘူးသောကျေးဇူးကို အမှတ်ရ အောက်မေ့မိ၍ရင်း၊ ဤကွယ်လွန်သူကား ငါ၏ အမိဘက်မှ ဆွေမျိုးတည်း၊ အဖဘက်မှ ဆွေမျိုးတည်း၊ မိတ်ဆွေတည်း၊ ခင်ပွန်းတည်း-ဟု အမှတ်ရ အောက်မေ့မိ၍ရင်း ကွယ်လွန်သူအတွက် အလှူပေးပြီး ကုသိုလ်၏အဘို့ကို ရည်ညွှန်းပေးဝေရာ၏"။

(၁၀) န ဟိ ရုဏ္ဏံ ဝါ သောကော ဝါ၊
ယာ စ ညာ ပရိဒေဝနာ။
န တံ ပေတာန မတ္ထာယ၊
ဧဝံ တိဋ္ဌန္တိ ဉာတယော။

(၁၀) ရုဏ္ဏံဝါ၊ ကိုယ်ပင်ပန်းအောင် ကျဲမျက်ရည် ယိုစီးပြီး "တအီးအီး" နှင့် ငိုကြွေးနေခြင်းသည်ရင်း။ သောကောဝါ၊ စိတ်ပင်ပန်းအောင် စိုးရိမ်ပူဆွေး၍ နေခြင်းသည်ရင်း။ အညာ၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမှ တပါးသော။ ယာပရိဒေဝနာ၊ အကြင် နှုတ်ပင်ပန်းအောင် ဂုဏ်ကို ထုတ်ဖော်ပြောကြား မြည်တမ်း၍ နေခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော စိုးရိမ်

ပူဆော်း ငိုကြွေး မြည် တမ်း ခြင်း သည်။ ပေတာနံ၊ ပြိတ္တာ တို့၏။ အတ္တာသယ၊ အကျိုးငှာ။ နဟောတိ၊ မဖြစ်။ ပေတာနံ၊ ပြိတ္တာ တို့အား။ ကိဉ္စိအတ္ထံ၊ တစုံတခုသော အကျိုး ကို။ နနိပ္ဖာဒေတိ၊ မပြီးစေ။ ကေဝလံ၊ စင်စစ်။ အတ္တ ပရိတာပန မေဝ၊ ခန္ဓာကိုယ် ပူပန်ဆင်းရဲရုံမျှသည်သာလျှင်။ (ဟောတိ၊ ဖြစ်၏။ ) ဧဝံ၊ ဤသို့ အကျိုးမပြီး အချည်းနှီး ပင်ပန်းရုံမျှ ဖြစ် သည် မှန် သော် လည်း။ ဉာတယော၊ ဆွေမျိုးတို့သည်။ တိဋ္ဌန္တိ၊ စိုးရိမ်ပူဆော်း ငိုကြွေး၍သာ တည်နေကြကုန်၏။

"အချို့ပုဂ္ဂိုလ်တွေ သားသေလို့, သမီးသေလို့, အဖေသေလို့, အမေသေလို့ ဆွေမျိုးထဲက တစုံတယောက်သေလို့ ငိုကြွေး မြည် တမ်း စိုးရိမ် ပူဆွေးကြတယ်။ ငိုကြွေးခြင်းကြောင့် ကိုယ်ပင်ပန်း ရုံဘဲရှိတယ်။ စိုးရိမ်ပူဆွေးခြင်းကြောင့် စိတ်ပင်ပန်းရုံဘဲ ရှိတယ်။ မြည်တမ်းနေခြင်းကြောင့် နှုတ် ပင် ပန်းရုံဘဲ ရှိတယ်။ ကွယ်လွန် သူမှာ ဘာအကျိုးမျှမရှိ၊ စင်စစ်မှာတော့ ငိုကြွေးသူသာ ပင်ပန်း ဆင်းရဲတယ်"။

(၁၁) အယဉ္စ ခေါ ဒက္ခိဏာ ဒိန္နာ၊
သံဃမှိ သုပ္ပတိဋ္ဌိတာ။
ဒီဃရတ္တံ ဟိတာယဿ၊
ဌာနသော ဥပကပ္ပတိ။

(၁၁) မဟာရာဇာ၊ ဒကာတော် ဗိမ္ဗိသာရမင်းမြတ်။ တဃာ၊ သင်သည်။ အဇ္ဇ၊ ယနေ့။ အတ္တနော၊မိမိ၏။ ဉာတိဂဏံ၊ ဆွေမျိုး ဟောင်း ပြိတ္တာအပေါင်းကို။ ဥဒ္ဒိဿ၊ ရည်စူး၍။ အယံဒက္ခိဏာ၊

ဤအလှူကို။ ဒိန္နာ၊ ပေးလှူအပ်၏။ သာဒက္ခိဏာ၊ ထိုအလှူသည်။ သံဃမှို၊ ဘုရားအမှူးရှိသော သံဃာတော်၌။ သုပ္ပတိဋ္ဌိတာ၊ ကောင်းစွာတည်၏။ အဿ ပေတဇနဿ၊ ထိုဆွေမျိုးပြိတ္တာ အပေါင်းအား။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ဟိတာယ၊ စီးပွားချမ်းသာ ဖြစ်ခြင်း အကျိုးငှာ။ ဌာနသော၊ တခဏချင်း။ ဥပကပ္ပတိ၊ ကပ်ရောက်၏။ (အဋ္ဌကထာနည်း။) တနည်း-(ပေတံ၊ ဘဝတပါးပြောင်းသွားကွယ်လွန်သူကို။ ဥဒ္ဒိဿ၊ ရည်စူး၍။) သံဃမှို၊ သံဃာတော်၌။ သုပ္ပတိဋ္ဌိတာ၊ ကောင်းစွာ တည်၍။ ဒိန္နာ၊ ပေးလှူအပ်သော။ အယံဒက္ခိဏာ၊ ဤအလှူသည်။ အဿ၊ထိုဆွေမျိုးပြိတ္တာ၏။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ဟိတာယ၊ စီးပွား ချမ်းသာ ဖြစ်ခြင်း အကျိုးငှာ။ ဌာနသော၊ တခဏချင်း။ဥပကပ္ပတိ၊ကပ်ရောက်၏။ (ဆရာနည်း။)

"ဒကာတော်ဗိမ္ဗိသာရမင်းမြတ်....၊ သင်မင်းမြတ်သည် ဒီကနေ့ ဆွေမျိုးဟောင်း ပြိတ္တာတွေကိုရည်စူးပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ပင့်ဘိတ်အလှူပေးကာ ဆွေမျိုးပြိတ္တာတွေကို အမျှပေးဝေတယ်၊ ဒါ့ကြောင့် ဆွေမျိုး ပြိတ္တာတွေ နတ်စည်းစိမ်နှင့် တူတဲ့ ချမ်းသာသုခကို ခဏချင်းရကြတယ်"။

**တနည်း**—"ဘဝတပါး ပြောင်းသွား ကွယ်လွန်သူကို ရည်စူး၍ ကြည်နူးသောသဒ္ဓါဖြင့် သံဃာတော် အား ပေးလှူပူဇော်၍ ဆွေမျိုးပြိတ္တာတို့အား ကုသိုလ်၏အဘို့ကို ပေးဝေခြင်း သည် ဆွေမျိုးပြိတ္တာတို့၏ စီးပွား ချမ်းသာ အကျိုးငှာ တခဏချင်း ဖြစ်၏"။

(၁၂) သော ဉာတိဓမ္မော စ အယံ နိဒဿိတော၊
ပေတာန ပူဇာ စ ကတာ ဥဠာရာ၊
ဗလဥ္စ ဘိက္ခူန မနုပ္ပဒိန္နံ၊
တုမ္မေဟိ ပုညံ ပသုတံ အနပ္ပကန္တိ။

(၁၂) သောအယံဓမ္မော၊ တမလွန်ဘဝသို့ ပြောင်းသွားကွယ်လွန်သူကို ရည်စူး၍ ပေးလှူခြင်းဟူသော ထိုသဘောကို။ ဉာတိဓမ္မော၊ ဆွေမျိုးတို့သည် ပြုကျင့်ထိုက်သော ကျင့်ဝတ်တရားဟူ၍။ နိဒဿိတော၊ ညွှန်ပြအပ်၏။ ပေတာနံ၊ ဆွေမျိုးပြိတ္တာတို့အား။ ဥဠာရာ၊ မွန်မြတ်သော။ ပူဇာစ၊ ပူဇော်ခြင်းကိုလည်း။ ကတာ၊ ပြုအပ်၏။ ဘိက္ခူနံ၊ ဘုရားသားကျော် ရဟန်းတော်တို့အား။ ဗလဥ္စ၊ ခွန်အားဗလကိုလည်း။ အနုပ္ပဒိန္နံ၊ ပေးလှူအပ်၏။ တုမ္မေဟိ၊ သင်တို့သည်။ အနပ္ပကံ၊ များစွာသော။ ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ပသုတံ၊ ဆည်းပူးအပ်၏။ (ဣတိ၊ဤသို့။ အဝေါစ၊ ဟောတော်မူ၏။)

"တမလွန်ဘဝသို့ ပြောင်းသွားကွယ်လွန်သူကိုရည်စူး၍ အလှူပေးကာ အမျှပေးဝေခြင်းကို ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ဟု ဆိုသည်။ လူတိုင်း လူတိုင်းပင် ထိုကျင့်ဝတ်တရားကို ပြည့်စုံအောင် ပြုကြရမည်။ ဒီလိုဆွမ်းသွတ် အမျှဝေခြင်းဖြင့် ဆွေမျိုးပြိတ္တာတို့ အားလည်း ပူဇော်ရာရောက်သည်။ ရဟန်းတော်တို့အားလည်း ခွန်အားစသည့်အလှူကို ပေးလှူ ပူဇော်ရာ ရောက်သည်။ ပေးလှူတဲ့ ဒကာ-ဒကာမတို့ မှာလည်း အများကြီး ကုသိုလ်ဖြစ်ပွားသည်"။

ဒါနတရား ၃-ပုဒ်ပြီး၏။

# နိဂမကထာ

(၁) နဂရံ အတ္ထိ ရာမညေ၊
မြောင်းမြနာမ ဥပန္တိကေ။
ကံချောင်တိ လဒ္ဓဝေါဟာရေ၊
တဿ ကိရာတဂါမကေ။

(၂) ဦးကြည်-ဒေါ်ပန်းရင် ငှယေဟိ၊
ပိတရေဟိ မဓိက္ခကေ။
ဇေဋ္ဌမာသေ ဇုဏှပက္ခေ၊
ရဝိဝါရေ စ ပဉ္စမေ။

(၃) စတုတ္ထောဟံ သုဇာတောမှိ၊
ပုတ္တော ရာမညရဋ္ဌတော။
ဥဒ္ဓံ ဂန္တွာ ဗာလကာလေ၊
မြမ္မရဋ္ဌဿ မဇ္ဈိမေ။

(၄) ရေစကြိုမဏ္ဍလေ ဒေသေ၊
ဂါမေ နတ်ညွန်းတိ ပါကဋေ။
ရောဝတီနဒိယာ စ၊
သလ္လာဝတိ စ အန္တရေ။

(၅) ဌိတွာ တေရသေ ဝဿေ၊
ပဗ္ဗဇိတွာ စ သာသနေ။
ပရိယတ္တိံ ပဋိပတ္တိံ၊
ကရောမိ ဝိရိယံ တတော။

(၆) ပုရတ္ထိမေ ရောဝတီ၊
နဒိယာ စ ဥပန္တိကေ။
ဘူမိခေနာဒိသမ္ပန္နံ၊
ဝဏ္ဏိတ္ဌာနဉ္စ ဂေါစရံ။

(၇) ဇိနသာသနုဝိဋ္ဌောတံ၊
ထူပမာဠာဒိမဏ္ဍိတံ။
ဣဒ္ဓံ ဖိတံ မနောရမ္မံ၊
မြင်းခြံနဂရ မုတ္တမံ။

(၈) တသ္မိံ ပုရေ မဟာရာမေ၊
ကိုးဆောင်ဝှယေ ဝိဟာရိကံ။
ဘဒ္ဒန္တသောဘိတအဂ္ဂ၊
မဟာပဏ္ဍိတလဉ္ဆနံ။

(၉) ဂုရုံ နိဿာယ လဒ္ဓါန၊
ဓမ္မာစရိယလဉ္ဆနံ။
လိခါမိ ဟံ ဗဟူ ဂန္ထေ၊
ပဋ္ဌာယ ဒသဝဿိကာ။

(၁၀) သာသနာ ဇောတတ္ထာယ၊
ဝေပုလ္လတ္ထာယ ဝုဒ္ဓိယာ။
ဓမ္မကထိကဂုဏ်ရည်နာ၊
မာယံ ဂန္ထော ကတော မယာ။

(၁၁) ဓမ္မကထိကာနဉ္စေဝ၊
ဓမ္မပ္ပဋိဂ္ဂါဟကာန စ။

ပိဋိတံဝစနကော သော၊
ဘယာဘာဝေန နိဋ္ဌိတော။

(၁၂) ဇိနစက္ကေ ဂုပဏ္ဏကေ္ခ၊
သက္ကရာဇေ ကဗျဂ္ဂိဒ္ဓေ။
ကတ္တိကေ ဌမေ သရဒေ၊
ဗျဂ္ဂဝါရေ စ နိဋ္ဌိတော။

(၁၃) ဣမိနာ ပုညကမ္မေန၊
အညေန ကုသလေန စ။
သတ္တာနံ သုခနိမိတ္တံ၊
လဘေယျံ ဗောဓိမုတ္တမံ။

(၁၄) ရာဇိမံ ပါလေတု ရဋ္ဌံ၊
စိရံ ဇောတေတု သာသနံ။
ယာဝ စ သာသနဋ္ဌိတိ၊
တာဝ ဌာတု အယမ္ပိ စ။

(၁၅) သီဃံ သိဇ္ဈန္တု သင်္ကပ္ပါ၊
ဝစန္တု သဗ္ဗမင်္ဂလာ။
သဗ္ဗေ သတ္တာ သုခါ ဟောန္တု၊
လဘန္တု အမတံ ပဒံ။

(၁) ရာမညေ၊ မွန် လူမျိုးတို့ သမိုင်းပျံ့ကာ စံရာ ဌာန ရာမညဌ်။ မြောင်းမြနာမ၊ မြောင်းမြအမည်ရှိသော။ နဂရံ၊ ဆန်ရေ စပါး အလွန် ပေါများသည့် မြို့သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထို မြောင်းမြမြို့၏။ ဥပန္တိကေ၊ ယူဇနာဝက်ခရီး အနီးဖြစ်သော။

ကံချောင်တိ၊ကံချောင်ဟူ၍။ လဒ္ဓဝေါဟာရေ၊ ခေါ်ဝေါ်ပညတ် သမုတ်လတ်၍ ရအပ်သော အမည်ရှိသော။ ကိရာတဂါမကေ၊ ကရင်များစွာ လယ်ယာလုပ်ငန်း အသက်မွေးဝမ်းဖြင့် မှီငြမ်းနေရာ သာယာချမ်းအေး ကရင်ရွာငယ်ကလေး၌။

ဤကျမ်းစာရှင် မွေးဖွားရာ "ကံချောင်" ခေါ်တဲ့ ကရင်ရွာငယ်ကလေးကား မြောင်းမြမြို့အနီး ယူဇနာဝက်ခရီးတွင် တည်ရှိ၍ လူနေအိမ်ခြေ (၂၀)ခန့်မျှ၊ ထိုစဉ်အခါက အများစုအားဖြင့် မွန်,ကရင်များ နေထိုင်ပြီး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးမှု ပြုကြသတတ်။

(၂) ဦးကြည်-ဒေါ်ပန်းရင်ဝှယေဟိ၊ ဦးကြည်-ဒေါ်ပန်းရင် အမည် ရှိကုန်သော။ ပိတရေဟိ၊ ဖ·ခမည်းတော်, မယ်တော်တို့မှ။ မဓိက္ခကေ၊ တထောင့် နှစ်ရာပေါ် ကိုးဆယ်ကျော်၍ ငါးသော် စွန်းကျ နှစ်ကာလ၌။ ဝါ၊ (၁၂၉၅) ခုနှစ်၌။ ဇေဋ္ဌမာသေ၊ ဇေဋ္ဌနက္ခတ် ထွန်းလတ်ခါကြုံ လနယုန်၌။ ဇုဏှပက္ခေ၊ စန္ဒာလမင်း ရောင်ခြည် အလင်းပြ ဆန်း ပက္ခ၌။ ပဉ္စမေ၊ ငါး ရက် မြောက် ဖြစ်သော။ ရဝိဝါရေ၊လက်ပံပျော်မွေ့ ဂဠုန်တွေ့သည့် တနင်္ဂနွေ နေ့၌။

ဖ-ခမည်းတော်ကား မြင်းခြံမြို့အနီး သုံးမိုင်ကွာ ခရီးတွင် တည်ရှိသည့် တန်ဆောင်းရွာ ဇာတိပင်ဖြစ်၏၊ မယ်တော်ကား မြင်းခြံမြို့ အနောက်ဘက် လေးမိုင်ခန့် အကွာ ရေစကြို အရှေ့တောင် လက်နယ် အဝင်အပေါ် ဆင်တဲ ကျွန်းညိုရွာ ဇာတိပင်ဖြစ်၏၊ ကံချောင်ရွာ၌ ခြောက်နှစ် ခန့်မျှ နေဘူးကြ၏။

(၃) အဟံ၊ "ဣန္ဒကာဘိဝံသ" မည် ငါသည်။ သုဇာတော၊ မီးရှူးသန့်စင် ကောင်းစွာဖွားမြင်သော။ စတုတ္ထော၊ လေးယောက်မြောက် ဖြစ်သော။ ပုတ္တော၊ လှိုလညာဏ်ထက် ဂုဏ်ရည်သွက်စွာ သားရတနာသည်။ အမှိ၊ ဖြစ်၏။ ဗာလကာလေ၊ ကလေးအရွယ် လူမမယ်အခါ၌။ ရာမညရဋ္ဌတော၊ မွန်လူမျိုးတို့ သမိုင်းပျိုးကာ စံရာဌာန တိုင်းရာမညမှ။ ဥဒ္ဓံ၊ အထက်အညာသို့။ ဂန္တွာ၊ ပြန်လာဆက်ဆက် ဆန်ကာတက်ခဲ့၍။ မြမ္မရဋ္ဌသ္မိ၊ ဗုဒ္ဓဘာသာ သမ္မာကိုင်းရှိုင်း မြန်မာတိုင်း၏။ မဇ္ဈိမေ၊ အလယ်ပိုင်းဖြစ်သော။

ဤ ကျမ်းစာရှင်ကား မွေးချင်း (၁၀) ယောက် အနက် စတုတ္ထမြောက် သားရတနာပင် ဖြစ်၏၊ နို့စို့အရွယ်မှာပင် မိဘများ အထက် အညာသို့ ပြန်လာ၍ အောက်မွေး အညာကြီးပင် ဖြစ်၏။

(၄) ရေစကြိုမဏ္ဍလေ၊ ရေစကြိုမြို့၏ အရှေ့တောင်လက်နယ် အဝင်အပါ ဖြစ်သော။ ရောဝတီ နဒိယာစ ရောဝတီ အမည် ကျော်ဟီး မြစ်ကြီး၏ လည်းကောင်း။ သလ္လာဝတီ နဒိယာစ၊ သလ္လာဝတီ ရွှေးမည်ရင်းဖြစ် ချင်းတွင်းမြစ်၏ လည်းကောင်း။ အန္တရေ၊ ရှေ့-နောက်နှစ်သွယ် အလယ်အကြားဖြစ်သော။ ဒေသေ၊ အရပ်၌။ နတ်ညွှန်းတိ၊ နတ်ညွှန်းဟူ၍။ ပါကဋ္ဌေ၊ သမုတိသစ္စာ သညာအားဖြင့် ထင်ရှားသော။ ဂါမေ၊ စည်ပင်သာယာ ဝပြောစွာသည့် ကျွန်းရွာ၌။

နတ်ညွှန်းရွာကား ရေစကြို အရှေ့တောင်လက် ရောဝတီမြစ်, ချင်းတွင်းမြစ် တို့၏ အလယ်အကြား၌ တည်ရှိ၏၊

ရှေးအခါက စာတတ်အကျော်အမော်များ ထွန်းကားရာ ပခန်းနယ် အဝင်အပါပင်ဖြစ်၏၊ လူနေအိမ်ခြေ လေးရာခန့်မျှ အေးချမ်းသာယာ ဆူဖြိုးသောရွာတရွာပင်။

(၅) ဓေတ္တာ၊နေထိုင်မှုတင်း ကြီးပြင်း၍။ တေရသေဝဿေ၊ တဆယ့်သုံးနှစ် အရွယ်၌။ သာသနေ၊ ဘုရားမြတ်စွာ သာသနာတော်၌။ ပဗ္ဗဇိတွာ၊သိက္ခာဆယ်ထွေ ရှင်သာမဏေပြု၍။ပရိယတ္တိံ၊ သင်ယူအပ်လှ ပရိယတ္တိဓမ္မ ကိုရင်း။ ပဋိပတ္တိံ၊ ဖြည့်ကျင့်အပ်လှ ပဋိပတ္တိဓမ္မကိုရင်း။ ဝီရိယံ၊ နေ့ညမယုတ် အားထုတ်ခြင်းလုံ့လကို။ ကရောမိ၊ မြဲမြံစွာလေ ပြုခဲ့ပေ၏။ တတောပစ္ဆာ၊ ထိုမှနောက်၌။

နတ်ညွှန်း ရွာ တွင် မိဖများ နေထိုင်စဉ် ထိုကျေးရွာရှိ အလယ်တန်းကျောင်းတွင် ငါးတန်းအထိ ပညာသင်ကြားခဲ့ပြီး၊တဆယ့်သုံးနှစ်အရွယ်တွင် နတ်ညွှန်း ရွာဦးကျောင်းတွင် ရှင်သာမဏေပြု၍ စာပေပရိယတ်ကို မပြတ် အားထုတ်ခြင်း, သာမဏေတို့ဆိုင်ရာ ကျင့်ဝတ် အဖြာဖြာနှင့် ပဋိပတ်ကို အားထုတ်ဖြည့်ကျင့်ခြင်းများကို ပြုခဲ့၏။

(၆) ရောပတိနဒိယာ၊ ရောဝတီ အမည်ကျော်ဟီး မြစ်ကြီး၏။ ဥပန္တိကေ၊ အနီးဖြစ်သော။ ပုရတ္ထိမေ၊ ကျွားမင်းစံရာ အရှေ့မျက်နှာအရပ်၌။ ဘူမိဓနာဒိသမ္ပန္နံ၊ ဆေး, ပဲ, နှမ်း, ဝါ, ငရုတ်, ကြက်သွန်စသော မြေထွက်ပစ္စည်း စသည်တို့နှင့် ပြည့်စုံထသော။ ဝဏိဇ္ဇာနံ၊ ထက်-အောက် မြို့ရွာ သွားလာရောင်းဝယ် ကုန်သည်ပွဲစား လူလယ်များတို့၏။ ဂေါစရံ၊ ပျော်မွေ့ရှင်ကြည် ကျင်လည်ကျက်စားရာလည်း ဖြစ်ထသော။

(၇) ဇိနသာသနဝိဇ္ဇောတာ၊ အံ့ဘွယ်ရှစ်ဖြာ ဘုရားသာသနာ တော် မြတ်ကြီး၏ နေဝန်း လဝန်း ထွန်းလင်းတောက်ပရာလည်း ဖြစ်ထသော။ ထူပမာဠာဒိမဏ္ဍိတာ၊ စေတီ, တန်ဆောင်း, ကျောင်း စသည် တို့ဖြင့်လည်း တန်ဆာဆင်အပ်ထသော။ ဝါ၊ တဆယ့် နှစ်မုခ် ကိုးဆောင် မာန်အောင်ရတနာ, နှစ်ကျိပ်ရှစ်ဆူ စသော စေတီတော်ကြီးများ, တန်ဆောင်းတော်ကြီးများ, ပရိယတ္တိ ကျောင်းတိုက်ကြီးများ, ပဋိပတ္တိ ကျောင်းတိုက်ကြီးများ တို့ဖြင့် လည်း တန်ဆာ ဆင်အပ် ထသော။ ဣဒ္ဓ၊ ကြွယ်ဝကုံလုံ ပြည့်စုံ သည်လည်းဖြစ်ထသော။ဖီတာ၊သာယာဝေစည် ဝပြောသည်လည်း ဖြစ်ထသော။ မနောရမ္မံ၊ ချမ်းသာကိုမူ လိုလားသူတို့ ကြည်ဖြူ ရွှင်ပြုံး နှလုံးမွေ့လျော်ရာလည်း ဖြစ်ထသော။ ဥတ္တမံ၊ ဘုန်းရှင်, ကံရှင်,သမ္ဘာရှင်တို့ ခင်မင်ပျော်လတ်၍မြတ်ထသော။မြင်းခြံနဂရံ၊ (မျဉ်းကျန်) မြင်းခြံမြို့တော်သည်။ အတ္ထိ၊ ရှိ၏။

မြင်းခြံမြို့ကား သာသနာ အလွန်ထွန်းလင်းသော မြို့တမြို့ ပင် ဖြစ်၏၊ ဘုရား, တရား, သံဃာကို အလွန် ကြည်ညို လေးစား ကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော် သူမြတ်တွေ နေ့ညမစဲ ကုသိုလ်ကို အားခဲကြသည်မှာလည်း အားရ စရာပင်၊အရောင်း,အဝယ် သွက်လက်ပြီး စီးပွားရေးစိုပြေ လူနေအိမ်ခြေ စည်ကားသပ်ရပ်တဲ့ ပဋိရူပဒေသအရပ်ပင် ဖြစ်၏၊ ဒုတိယ ကမ္ဘာစစ်ပြီး ခေတ်တွင် ဖ-ခမည်းတော်, မယ်တော်များ ဖြစ်သော မဟာမိတ် ဆေးရိုးစက်ပိုင်ရှင် ဦးကြည် - ဒေါ်ပန်းရင် တို့ နတ်ညွှန်းရွာမှ မြင်းခြံမြို့

(၁၉)လမ်း နွားကူးတန်း အိမ်အမှတ်(၅၈)၌ ပြောင်းရွှေ့
နေထိုင်ခဲ့ကြသည်၊ကျမ်းစာရှင်ကိုလည်း ထိုမြို့ ကိုးဆောင်
တိုက်သို့ ပြောင်းရွှေ့အပ်နှံ၍ ပညာသင်ကြားစေသည်။

(ဂ) တသိမ့်ပုရေ၊ ထိုမြင်းခြံမြို့တော်၌။ ကိုးဆောင် ဝှယေ၊ စွင့်စွင့်မြင့်ခေါင် အဆောင်ကိုးရပ် ဗျူပွတ်နှင့်အညီ ကိုးဆောင် အမည်ရှိသော။ မဟာရာမေ၊ ထက်-အောက် မြို့ရွာ ပညာသင် ကြား စာသင်သားတို့ ကျက်စားပျော်မှီး ကျောင်းတိုက်ကြီး၌။ ဝိဟာရိကံ၊ ဠာရိယာပထ စက်လေးဝဖြင့် မျှတရှင်ပြုံး သီတင်း သုံးတော် မူထသော။ ဘဒ္ဒန္တသောဘိတအဂ္ဂမဟာပဏ္ဍိတလဉ္ဆနံ၊ "ဘဒ္ဒန္တသောဘိတအဂ္ဂမဟာပဏ္ဍိတ"ဟူ၍ ရအပ်သော ဘွဲ့တံဆိပ် တော်ရှိသော။

(ဃ) ဂုရုံ၊ အနန္တဂိုဏ်းဝင် ဆရာထေရ်ရှင်ကို။ နိဿာယ၊ ပရိယတ္တိပန်း အထက်တန်းသို့ တက်လှမ်းဆွတ်မူ မှီငြမ်းပြု၍။ ဓမ္မာစရိယလဉ္ဆနံ၊ "ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို။ လဒ္ဒါန၊ ရပြီး၍။ ဒသဝဿိကာ၊ ဆယ်ဝါ ရသည်မှ။ ပဋ္ဌာယ၊ စ၍။ ဗဟူ၊ ထွေထွေရာရာ များစွာကုန်သော။ ဂန္ထေ၊ ကျမ်းဂန်တို့ကို။ အဟံ၊ ငါသည်။ လိခါမိ၊ ကြိုးကြိုးစားစား ရေးသားခဲ့၏။

ဤကျမ်းစာရှင်ကား ပခုက္ကူနိကာယကြီးမှ ပေါက်ဖွား ခဲ့သူပင်၊ ကျမ်းစာရှင်၏ ဆရာ့ဆရာများမှာ သာသနာ တော်တွင် နေအသွင်, လအသွင် အလွန်ပင် ထင်ရှား ကျော်ကြား၍ ပရိယတ်,ပဋိပတ် ဓုရနှစ်ပါးကို နေ့မအား, ညမအား အလွန်ကြိုးစားတော်မူခဲ့ကြသည့်—

(၁) ဆရာတော် ဦးဂန္ထသာရ (နိကာယပါရဂူ)
(၂) ဆရာတော် ဦးပညာ (အဂ္ဂမဟာပဏ္ဍိတ)
(၃) ဆရာတော် ဦးသုန္ဒရ (အဘိဓဇမဟာရဋ္ဌဂုရု)
(၄) ဆရာတော် ဦးနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)
(၅) ဆရာတော် ဦးသောဘိတ (အဂ္ဂမဟာပဏ္ဍိတ)

ကျေးဇူးရှင် - ဆရာတော်ဘုရားကြီးတို့အား ဤကျမ်းစာ ရေးသားမှုဖြင့် ဂုဏ်ပြုပူဇော်ပါ၏။

(၁၀) သာသနဿ၊ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာဟု ဆိုအပ်သော သုံးရပ်သော သာသနာတော် မြတ်ကြီး၏။ ဇောတတ္ထာယ၊ နေဝန်း,လဝန်းအလား ထွန်းလင်း တောက်ပပါစေခြင်း အကျိုးငှာရင်း။ ဝေပုလ္လတ္ထာယ၊ ဝေဝေ ဆာဆာ ပြန့်ပြောပါစေခြင်း အကျိုးငှာရင်း။ ဝုဒ္ဓိယာ၊ တနေ့ တခြား တိုးပွားပါစေခြင်း အကျိုးငှာရင်း။ ဓမ္မကထိကဂုဏ်ရည် နာမ၊ ဓမ္မကထိကဂုဏ်ရည် အမည်ရှိသော။ အယံဂန္ထော၊ ဤ မြင်းခြံဆုပေးကျမ်းကို။ မယာ၊ငါသည်။ကတော၊ရေးသားတီထွင် ပြုစီရင်အပ်ပေပြီ။

(၁၁) ဓမ္မကထိကာနဉ္စ၀၊ တရားဟောပြ ပုဂ္ဂလဇာနည် ဉာဏ်ရည်ကွန့်မြူး အံ့ထူးစွာပ ကထိက အကျော် ပုဂ္ဂိုလ်မော်တို့ အားရင်း။ဓမ္မပဋိဂ္ဂါဟကာနဉ္စ၊တရားနာခံကျင့်ကြံသောင်းပြောင်း တရားနာပုဂ္ဂိုလ် အပေါင်းတို့အားရင်း။ ပီဘိဝဍ္ဎနကော၊ လွန်စွာ ဝမ်းမြောက်ခြင်း ပီတိကို ဖြစ်ပွားစေတတ်သော။ သောဂန္ထော၊ ဤဓမ္မကထိကဂုဏ်ရည် အမည်တင့်ဆန်း မြင်းခြံဆုပေးကျမ်းသည်။

ဘဃာဘာဝေန၊ အန္တရာယ်မငြိ ဘေးမရှိသဖြင့်။ နိဋ္ဌိတော၊ နိဂုံး တရပ် လက်စသတ်၍ အပြီးအဆုံးသို့ ရောက်လတ်ပြီ။

(၁၂) စ၊ ကျမ်းစာပြီးရာ အချိန်အခါကို ပြဦးအံ့။ ဇိနစက္ကေ၊ ဘုရားမြတ်စွာ စက်အာဏာသည်။ ဝါ၊ သာသနာသက္ကရာဇ်သည်။ ဂုပဏ္ဏက္ခေ၊ (၂၅၁၃) နှစ်ထောင့် ငါးရာ တဆယ့် သုံးခုနှစ်သို့။ သက္ကရာဇေ၊ မြန်မာဝေါဟာ ကောဇာသက္ကရာဇ်သည်။ ကဗျဂ္ဂိဋ္ဌေ၊ (၁၃၃၁) တထောင့်သုံးရာသုံးဆယ့်တခုနှစ်သို့။ (ပတ္တေ၊ ရောက် လတ်သော်။) သရဒေ၊ သရဒ ဥတုဖြစ်သော။ ကတ္တိကေ၊ ကြတ္တိကာ နက္ခတ် မှန်းတည့်လတ်သည့် လမြတ်သာစွ တန်ဆောင်မုန်းလ၌။ အဠမေ၊ ရှစ်ရက်မြောက်ဖြစ်သော။ ဗျဋ္ဌဝါရေ၊ ကျားမင်းကြိမ်ပေ့ တနင်္လာနေ့၌။ နိဋ္ဌိတော၊ ပြီးပြီ။

ဤကျမ်းစာရှင် သာမဏေ ရှစ်ဝါရလျှင် ခမည်းတော်၊ မယ်တော်တို့ကပင် သာသနာ့အမွေကိုခံယူ၍ ရဟန်းအဖြစ် ကိုရပြီး ဆက်လက် ကြိုးစားခဲ့ရာ၊ အထွေထွေ ပရိယတ္တိ စာမေးပွဲ များ ကို အောင်မြင်ခဲ့ပြီး၊ ကိုး ဝါ အ လွန် တွင် "ဂဏဝါစက" အမည်ဖြင့် စာပို့ချရင်း အထွေထွေ ကျမ်း စာများကို ရေးသားခဲ့၏၊ ယင်းသို့ ပို့ချ ရေးသားရင်း နဂိုကလည်း ကျန်းမာရေး အားနည်းသောကြောင့်ရင်း၊ အားထုတ်အပ်သော ဝီရိယ ဓာတ်ကြောင့်ရင်း ကျန်းမာ ရေး ချို့တဲ့လာကာ ခန္ဓာကိုယ် ပြိုလဲ မတတ်ပင် ဖြစ်၏၊ ဖ-ခမည်းတော်, မယ်တော် နှင့် အကိုကြီး-ဦးဘမောင်၊ ညီ - မောင်ခင်မောင် တို့သည် ကျန်းမာရေး ဆေးဘိုးကို

ကူညီလှူဒါန်းကြသည်။ သို့နှင့် ကျွန်းမာရေးကို ပြုပြင်ရာ ခန္ဓာကိုယ် ပြန်လည် ကျန်းမာလာသည်နှင့် ဆက်လက် ရေးသားခဲ့ရာ အပြီးအဆုံးသို့ ရောက်သတည်း။

(၁၃) အဟံ၊ "ဣန္ဒကာဘိဝံသ"ဟု သမုတိသစ္စာ သညာဘွဲ့ချီငါသည်။ ဣမိနာပုညကမ္မေနစ၊ ဤစာကျမ်းကို ကြိုးပမ်းပြုစု မြတ်ကောင်းမှုကြောင့်ရှင်း။ အညေန၊ ဤမှတပါးသော။ ကုသလေနစ၊ အနမတဂ္ဂ် သံသာစက်မှ ယနေ့ကျအောင် ပြုရ,စုရ မြတ်ပုညကြောင့်ရှင်း။ သတ္တာနံ၊ ဝဋ္ဋတွင်းရှည်ကြာ သတ္တဝါတို့၏။ သုခနိမိတ္တံ၊ လောကုတ်,လောကီ နှစ်လီဣဋ္ဌ သုခ၏အကြောင်းဖြစ်သော။ ဗောဓိမုတ္တမံ၊ ထူးကဲမြောက်ချွန် အမွန်ဟုမှတ် ဗောဓိဉာဏ်မြတ်ကို။ လဘေယျံ၊ မချွတ်မုချ ရရပါလို၏။

(၁၄) ရာဇာ၊ မြန်မာတိုင်းငူ သမိုင်းထူသည့် ပြိုင်သူဘက်ကင်း တော်လှန်ရေး အစိုးရမင်းသည်။ ဣမံရဋ္ဌံ၊ ဤဗုဒ္ဓဘာသာ မြန်မာပြည်တိုင်းကို။ ပါလေတု၊ မင်းတို့ကျင့်ရာ ဆယ်သိက္ခာနှင့် လေးဖြာသင်္ဂဟ ညီစွာမသေ့ စောင့်ပါစေသတည်း။ သာသနံ၊ ဘုရားမြတ်စွာ သာသနာတော်သည်။ စိရံ၊ မြင့်ရှည်မြားမြောင် ငါး ထောင်ရှည်ကြာ။ ဇောတေတု၊ နေဝန်း,လဝန်း ထွန်းလင်း တောက်ပပါစေသတည်း။ ယာဝစ၊ အကြင်မျှ လောက်လည်း။ သာသနဋ္ဌိတိ၊ သာသနာတော်၏ တည်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှ လောက်။ အယမ္ပိဂန္ထော၊ ဤမမ္မကထိကဂုဏ်ရည် အမည်တင့်ဆန်းမြင်းခြံဆုပေးကျမ်းသည်လည်း။ ဌာတု၊ မပျောက်မပျက် သူတော်လက်တွင် ဆက်ဆက်မသေ့ တည်ပါစေသတည်း။

တိုင်းပြုပြည်ပြု တော်လှန်ရေး အစိုးရမင်းများ လက်ထက်တွင် ဤကျမ်းစာကား ထွက်ပေါ်ခဲ့သည်။ ထိုမင်းများ လက်ထက်တွင် အမျိုး, ဘာသာ, သာသနာ ကိုလည်း ပြန်လည်ပြုပြင်ခဲ့ကြသည်။

(၁၅) သက်ပွါ၊ သတ္တဝါအမျိုးမျိုး ချမ်းသာ တိုးဘို့ ကောင်းကျိုးအလီလီ ကောင်းသောအကြံအစည်ဟူသမျှတို့သည်။ သိဿံ၊ မကြာမဘင်ဆောလျင်လျင်။ သိဇ္ဈန္တု၊ လိုအင်ပြည့်လောက် ချမ်းသာရောက်အောင် ပြီးမြောက် ပါစေ ကုန် သတည်း။ သဗ္ဗ မင်္ဂလာ၊ လယ်,ယာ,မိုး,မြေ ဆန်,ရေ,စပါး ကျွဲ,နွား, ဆင်,မြင်း သင်းပင်းခြွေရံ ကုံတံရုပ်ငြိမ် စည်းစိမ်ဥစ္စာ ပုညာသမ္ဘာရ နိဗ္ဗာန တိုင် များပြိုင်ချမ်းသာ အလုံးစုံသော လောကီမင်္ဂလာ, လောကုတ္တရာမင်္ဂလာတို့သည်။ ဝဍ္ဎန္တု၊တနေ့တခြား အကျိုးများအောင် တိုးပွားကြစေကုန်သတည်း။ သဗ္ဗေ၊ ခပ်သိမ်းကြုံးခြုံ အလုံးစုံ ကုန်သော။ သတ္တာ၊ ရှိရှိသမျှ အနန္တစကြဝဠာ တည်ရာဌာန သတ္တဝါ ဟူသမျှတို့သည်။ သုခါ၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာဘေးပ ချမ်းသာ ကြကုန်သည်။ ဟောန္တု၊ ယခုချက်ချင်း လက်ငင်းမသွေ ဖြစ်ကြပါစေကုန်သတည်း။ အမတံ၊ ဥပါဒ်, ဌီ, ဘင် ဖြစ်ပျက်လျှင်ရှင်း သေခြင်းကင်းသော။ ပဒံ၊ အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်ကို။ လဘန္တု၊ ကိုယ်စီကိုယ်င ရကြပါစေကုန်သတည်း။

နိဂမကထာ ပြီး၏။

**မြင်းခြံဆုပေးကျမ်း ပြီးပြီ။**